www.burmeseclassic.com

မိုး:စ၁၄



# မြပုလဲသွယ်

ချစ်သူရွှေစင် သူရုပ်သွင်ကို

www.burmeseclassic.com

www.burmeseclassic.com


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၁၂၆၃၀၆၁၀ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၁၃၄၇၀၆၁၁ |
| ပုံနှိပ်ခြင်း | - | ၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာလ ပထမအကြိမ်။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀ ကျပ် |
| အဖုံးဒီဇိုင်း | - | ဘိုဘိုထွန်း |
| ပုံနှိပ်သူ | - | ဦးမြင့်သန်း (မြ-၀၄၉၀၂) စံပယ်အော့ဖ်ဆက် ၁၃၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်။ |
| ထုတ်ဝေသူ | - | ဒေါ်မိုးသီတာ (စိုးမိုးစာပေ) (မြ-၀၃၈၅၁) အမှတ် ၁၃၊ ၁၀၇ လမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။ |


# မြုပုလဲသွယ်

ချစ်သူရွှေဝင်းသူ့ရုပ်သွင်ကို



စိုးမိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

"စိတ်ညစ်တယ်...စိတ်ညစ်တယ်"

"ဒီလိုချုပ်ချယ်နေပုံမျိုးနဲ့ မြန်မြန်သေသွားတာကမှ ကောင်းဦးမယ် သိလား"

"အိး...ဟီး...ဟီး"

ပါးစပ်ကတင် ပြောတာမဟုတ်။ အာခေါင်ခြစ်၍ အော်ကြီးဟစ်ကျယ် စိတ်ပျက်လက်ပျက် ငိုချလိုက်ပုံကြောင့် ဒေါ်ငြိမ်းကိုယ်တိုင်လည်း မျှော်သခင်နှင့်အတူ ရောပြီးငိုလိုက်ချင်သည့်အဖြစ်ပါ။

"မပြောကောင်းမဆိုကောင်းတွေ မေ့လေးရယ်၊ ဘာလို့ ဒီလောက်ငိုနေရတာလဲကွယ်၊ ဘွားက မေ့ကို ချစ်လို့ပါ"

"မချစ်နဲ့...မချစ်နဲ့၊ မေ့ကို ဘယ်သူမှမချစ်တာ အကောင်း



www.burmeseclassic.com

www.burmeseclassic.com



ဆုံးပဲ''

မေ့ခများ အရူးမလေးလို ဆိုလိုက်မိသည်။ လူးလိမ့်ငိုယို ထားသော မျက်ရည်များကြောင့် ပြင်ဆင်ထားသမျှ အလှတွေအား လုံး ပျက်ကုန်ပြီဖြစ်သည်။ စိတ်မှာ မွန်းကျပ်နေရသမျှ ဘယ်နေရာ မှာ ရင်ဖွင့်ဖောက်ခွဲပစ်ရမှန်းမသိတော့ အခန်းထဲက ပစ္စည်းတွေကိုပဲ ဒေါသဖြစ်ဖြစ်နှင့် မေ့သခင် ဖျက်ဆီးပေါက်ခွဲပစ်လိုက်သည်။

''ကဲဟာ...ကဲ...''

''ဝုန်း''

''ခွမ်း''

''ခွမ်း''

ပစ္စည်းများ ကျကွဲသံ အဆက်မပြတ်နှင့်အတူ လှပသန့် ရှင်းသော မေ့သခင် အခန်းလေးမှာလည်း တစ်ခဏအတွင်းမှာပင် မှန်ကွဲစများ၊ ပန်းအိုး၊ ပေါင်ဒါဗူး၊ ရေမွှေး၊ နှုတ်ခမ်းနီ၊ လက်သည်း ဆိုးဆေးဗူးတွေ ပြန့်ကျဲသွားကာ အရုပ်ဆိုးအကျည်းတန်သွားသည်။

ဒေါ်ငြိမ်းက မေ့သခင်လုပ်သမျှကို တစ်ခုမတားမြစ်ဘဲ လှပသော မေ့မျက်နှာလေးကိုသာ သနားချစ်ခင်စွာ ငေးကြည့်နေ သည်။ မေ့ဘဝလေးက ဘာတစ်ခုမှ မလွတ်လပ်။

ဘယ်သွားသွား၊ ဘာလုပ်လုပ် မေ့အနားမှာ အစောင့် အရှောက် ဘော်ဒီဂတ်တွေအပြည့်။ ကျောင်းသွားကျောင်းပြန် အိမ်က လူတွေလိုက်တာကို မေ့ မပြောလိုပါ။

အခုတော့ ဘွားက မေ့ဈေးသွားလည်း လိုက်ချင်သည်။





အားကစားကွင်းသွားလည်း ပါလာသည်။ နောက်ဆုံး ကုန်ကုန်ပြော ရလျှင် မေ့ဘယ်သွားသွား ဘွားကလိုက်ရ၏။

ကလေးဘဝတုန်းက ဘွား ဘယ်လိုလိုက်လိုက် မေ့ အတွက် ပြဿနာမရှိပါ။ တစ်ဦးတည်းသော အမွေဆက်ခံရမည့် မြေးမလေးကို သိပ်ချစ်လို့ မျက်စိအောက်က အပျောက်မခံနိုင်အောင် ချစ်ရတာကို အပြစ်လို့လည်း မမြင်ခဲ့ပါ။

မေ့ကို ဘွားက သိပ်ချစ်သလို မေ့ကလည်း ဘွားကို သိပ်ချစ်ပါသည်။ အခုလည်း ချစ်ပါသည်။ နောင်ကိုလည်း ဘွား ကို မုချချစ်နေမှာ သေချာပါသည်။

သို့သော်လည်း ချစ်တာက ချစ်တာသာခြား၊ စိတ်ကျဉ်း ကြပ်၊ စိတ်ရှုပ်အနေခက်ရသည်က တခြားမို့ မေ့ခများ အခုလို အော်ဟစ်ငိုယို ပေါက်ကွဲရခြင်းဖြစ်သည်။

မေ့အဖြစ်က ဘယ်သူနှင့်မှမတူ။

မေ့လိုအဖြစ်မျိုးလည်း တခြားသူတွေမှာ ရှိနိုင်မည်မထင်။

ပြဿနာမှာ တက္ကသိုလ်ကျောင်းသူ အပျိုမလှလှလေးဖြစ် နေပြီဖြစ်သော မေ့သွားရာနောက်ကို ဘွားက အမြဲလို ကန့်လန့်လိုက် ပါလာတတ်ခြင်းက မေ့အတွက် လူအများ လှောင်ပြောင်စရာ၊ ရယ်မောစရာ ဖြစ်လာခဲ့ရခြင်းတည်း။

ကားတစ်စီးနှင့် ဘွား အပါအဝင် ဒေါ်ငြိမ်း၊ အသိန်းနှင့် ဦးမြိုင်တို့က မေ့နှင့် မခွဲအမြဲ တစ်တွဲတည်းဖြစ်နေရုံမက ရေသနိုးမှ သည် ချိုချိုချဉ်ချဉ် စားစရာအားလုံး ချိုင့်ကြီးချိုင့်ငယ် ခြင်းအသွယ်



www.burmeseclassic.com

www.burmeseclassic.com



သွယ်၊ အိတ်အမျိုးမျိုးဖြင့် ရေပူရေအေး ကမ်းလှမ်းမည့်သူ အဆင်သင့်နေရသည့်ဘဝကို မေ့သခင်မှာ စိတ်ပျက်ငြီးငွေ့လှပါပြီ။

ဘာလိုချင်လိုက်တာဟု မေ့မှာ တမ်းတစရာမလိုအောင်ပင် မေ့အတွက် ပြည့်စုံရုံမက ပိုလျှံနေသည့်ဘဝ။ ထမင်းဟင်း ဘယ်လိုဖြစ်လာသည်ကို မေ့ မသိရ။

မီးဖိုချောင်ဆိုတာ မေ့နှင့် မည်သို့မှ မသက်ဆိုင်သလို၊ ငွေကိုပင် ဘယ်လိုသုံးစွဲရမှန်း မသိသည့် မေ့ ဖြစ်လာရအောင် ဘွားက မေ့အတွက် ပြည့်စုံခမ်းနားစွာ လိုတရဖြစ်အောင် ဘက်စုံထောင့်စုံ ဖြည့်ဆီးပေးနိုင်ခဲ့သူဖြစ်သည်။

မေ့အတွက် အသုံးအဆောင်ပစ္စည်းများအားလုံး အမြဲလိုလှပဆန်းသစ်နေရုံမက အဖိုးထိုက်အဖိုးတန် ပစ္စည်းများချည်းဖြစ်ကာ အခုအသက်အရွယ်အထိ မေ့ကိုယ်တိုင် မေ့လက်နှင့် ထိကိုင်ဝယ်ယူဘူးသော ပစ္စည်း ဘာတစ်ခုမှမရှိပါဟုဆိုလျှင် လွန်သည်ဟု ထင်ကြပေလိမ့်မည်။

အရင်တုန်းကတော့ မေ့သခင် ကိုယ်တိုင်လည်း ထိုဘဝထဲမှာ အလိုက်သင့် ပျော်ရွှင်ကျေနပ်စွာ နေနိုင်ခဲ့ပါသေးသည်။ အခုတော့ မေ့သခင်ဆိုတာ ရွှေလှောင်အိမ်ထဲက ငှက်ကလေးလို မနေလိုတော့ပြီ။

လွှငယ်ပီပီ လွတ်လပ်မှုကို လိုချင်လာသည်။ ပျော်ရွှင်မှုကို တမ်းတလာသည်။ အထူးသဖြင့် မေ့သခင်နောက်ကို ဘွားအပါအဝင် မည်သူ့ကိုမှ လိုက်မလာစေချင်တော့သည့် စိတ်ဆန္





မှာ အပြင်းထန်ဆုံးဖြစ်သည်။

မေ့ကို တော်ဝင်မင်းသမီးလေးတစ်ပါးလို အပူအအေးပေးထီးမိုးပေးမည့်သူ၊ ကားတံခါးအသင့် ဖွင့်ပေးမည့်သူ၊ ထမင်းကိုပင် ယူစားစရာမလို အသင့်ခူးကျွေးမည့်သူများနှင့် ကင်းဝေးလိုလာသည်။

မေ့သွားရာနောက်သို့ ဘွားလိုက်ပါ၍ မသင့်တော်တော့ပြီဖြစ်ကြောင်း လေသံအေးအေးနှင့် မေ့ကိုယ်တိုင် ဘွားကို နှစ်သိမ့်ဖျောင်းဖျသောစကားကို ဘွားက လုံးဝလက်မခံခဲ့ပါ။

သိပ်လှသည့် မေ့ကို လုံးဝစိတ်မချနိုင်သဖြင့် အခုမှ ပို၍ပင် မေ့သခင်နောက်ကို အတူလိုက်ပါသင့်သည်ဟု ဆိုလာခြင်းက မေ့သခင်အတွက် ရယ်ရခက်၊ ငိုရခက်နှင့် ဖြစ်ခဲ့သည်အထိ။

"မြေးလေးကို သိပ်ချစ်လွန်းလို့ စိတ်မချလို့ပါကွယ်"

"မေ့ကိုချစ်ရင် မေ့ဆန္ဒကိုလည်း လိုက်လျောပေးသင့်ပါတယ် ဘွားရဲ့၊ ဘွားပဲ မေ့ကို ချစ်တယ်ဆို"

"ချစ်လို့ကို စိတ်မချနိုင်တာပေါ့ကွဲ့"

ဒီတစ်ခါ ဘွား၏ မေ့ကိုချစ်လို့ပါဆိုသည့် စကားက မေ့နားထဲမှာ မချိုမြိန်တော့ပါ။ ငယ်ငယ်တုန်းက မေ့ကိုချစ်လို့၊ စိတ်မချလို့ပါဆိုသည့် စကားတွေကို မေ့ ပျော်ရွှင်ကျေနပ်စွာ လိုက်နာကျင့်သုံးခဲ့ပြီးပါပြီ။

အခု မေ့က အရင်တုန်းက ကလေးမပေါက်စလေး မေ့သခင် မဟုတ်တော့။ တက္ကသိုလ်ကို အလှသရဖူမလေး မေ့ဖြစ်၍လာခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မေ့သခင်နောက်ကို ဘွားနှင့်အတူ လိုက်ပါလာကြသူများကို မေ့ စိတ်ရှုပ်ငြီးငွေ့လာသည်။ ကိုယ်နှင့် သက်တူရွယ်တူ မိန်းကလေး ယောကျ်ားလေးတွေ လျှောင်ပြောင်သရော်ခံရတာကို မေ့ ရှက်လာသည်။

မေ့ကိုချစ်သည်ဟု မမြင်တော့။ မေ့ကို ဘာတစ်ခုမှ လွတ်လပ်ခွင့်မပေးတော့ဘဲ တင်းကြပ်လွန်းသော အနှောင်အဖွဲ့တွေနှင့် မလှုပ်နိုင်အောင် ချုပ်ချယ်ကန့်သတ်ထားသည်ဟု ခံစားလာရသည်။

တကယ်လည်း ထိုအတိုင်း ဖြစ်နေသည်ဟု မေ့ ခံစားလာရပြီးသည့်နောက်မှာ ဘွားနှင့် မေ့ကြားမှာ အခုလို ထိပ်တိုက်ရင်ဆိုင်မှု ပေါက်ကွဲမှုလေးများ ဖြစ်ပေါ်လာရခြင်းတည်း။

"မေ့ သေချင်တယ် ခေါင်ငြိမ်းရယ်၊ ဒါမှ မေ့လည်း အခုလို အချုစ်ခံရတဲ့ဘဝက ကျွတ်မှာ"

"အိုကွယ်...ဘွားကြားရင် စိတ်ဆင်းရဲနေပါဦးမယ် မေ့လေးရယ်"

"ဩော်...မေ့ကတော့ သိပ်ပျော်နေတယ်ထင်လို့လား"

"အဲဒီလို မပြောပါဘူးကွယ်၊ တစ်သက်လုံး ဒီလိုပဲ နေလာခဲ့ပြီးမှဆိုတော့ ရုတ်တရက် အပြောင်းအလဲကို ဘွားက လက်မခံနိုင်ဘဲ ဖြစ်နေရှာတာပါ မေ့ရယ်"

စိတ်ညစ်ညျုးရှုပ်ထွေးနေရှာသော မေ့သခင်၏ မျက်နှာလှလှလေးကိုကြည့်ရင်း မြေးအဘွားနှစ်ယောက်ကြားက ဖြေရှင်းရခက်လှသော အနေအထားကို ပြေလည်ငြိမ်းချမ်းသွားအောင်





တတ်သမျှ မှတ်သမျှ ကြိုးစားနှစ်သိမ့်နေမိခြင်းဖြစ်သည်။

"မေ့က ကလေးမဟုတ်တော့ဘူးဆိုတာ ဘွား သိသင့်တာပေါ့လို့"

"အေးပါကွယ်...အေးပါ၊ ဘွား နားလည်အောင် ခေါင်ငြိမ်း ပြောပါဦးမယ်၊ မေ့လည်း စိတ်ကိုလျှော့ပါနော်"

"မေ့...သိပ်စိတ်ညစ်နေပြီ ခေါင်ငြိမ်းရယ်"

ငိုသံလေးဖြင့် တုန်ရီစွာ မေ့ဆိုလိုက်သည်။ တကယ်လည်း မေ့ စိတ်ညစ်သည်။ ဘွားကိုလည်း သနား၊ ကိုယ့်ကိုယ်ကိုလည်း သနားနှင့်။ မျက်ရည်ပေါက်ပေါက်ကျအောင် အော်ဟစ်ပေါက်ကွဲရသည်ကလည်း အကြိမ်ကြိမ်ပင်။

"နောက်တော့ ပြေလည်သွားမှာပါ ကလေးရယ်၊ ကဲ...ကဲ မျက်ရည်တွေသုတ်လိုက်ပါဦး၊ ခေါင်ငြိမ်း ဒီအခန်းထဲက ပစ္စည်းတွေကို အမြန်ရှင်းလိုက်မယ်ဟုတ်လား"

မေ့ထံမှ ဘာသံမှထွက်မလာတော့ပါ။ ခုတင်ထက်မှာ မှောက်ခုံလေးအိပ်ရင်း သူမနှင့်ဘွားကြားက များယွင်းနေသော လွဲမှားနေမှုကြီးကို ဘယ်ပုံဘယ်နည်း ဖြေရှင်းရမှန်းမသိဘဲ ဖြစ်နေသည်။

ပြဿနာက ရိုးရိုးပြဿနာမဟုတ်။

အချစ်လွန်ကဲနေသည့် ပြဿနာဖြစ်သည်။ ဘွားကို မေ့ချစ်ပါသည်။ အခုလိုပြောနေရသည်ကိုလည်း စိတ်မကောင်းပါ။

မေ့ကိုယ်တိုင်လည်း လွတ်လပ်ပျော်ရွှင်စွာ နေချင်ပြီတော့



www.burmeseclassic.com

www.burmeseclassic.com



ခက်နေသည်။ အခုလို ပြဿနာတွေ ဖြစ်လာတော့ ဘွား စိတ်ဆင်းရဲရသလို မေ့လည်း မပျော်ရွှင်ပါ။

"ဒေါ်ငြိမ်း"

"ပြောပါ ကလေး"

"ဘွားကို မေ့နောက်ကိုမလိုက်သင့်တဲ့အကြောင်း သေချာ ပြောပြပေးပါနော်"

"စိတ်ချပါကွယ်...မေ့ စိတ်ဆင်းရဲနေတာကို ဘွားလည်း ကြည့်ရက်မှာ မဟုတ်ပါဘူး"

"မေ့ကို ဘွားက သိပ်ချစ်တာမဟုတ်လား၊ ဖြစ်စေချင်တဲ့အတိုင်း ဖြစ်လာမှာပါ"

မေ့သခင် ကျေနပ်သွားအောင် ပြောလိုက်ရသော်လည်း ဘွားစိတ်ကို သိထားသော ဒေါ်ငြိမ်းမှာ ဟင်းခနဲ သက်ပြင်းကျိတ် ချလိုက်တာကို မေ့မသိရှာ။ အခုပင်လျှင် ဘွားတစ်ယောက်တည်း သူ့ရင်ထဲက ခံစားချက်များကို အနားမှာ ဘယ်သူရှိရှိမရှိရှိ စိတ်ရှိတိုင်း တတွတ်တွတ်ရွတ်နေပေတော့မည်။

"မေ့ အနားယူလိုက်ပါဦးကွယ်၊ အောက်မှာကလည်း ဘွားတစ်ယောက်ထဲ၊ ဒေါ်ငြိမ်း အောက်ကိုဆင်းလိုက်ဦးမယ်နော် ကလေး"

"ဟုတ်ကဲ့"

လိမ္မာယဉ်ကျေးရှာသော မေ့မှာ ဘွားနှင့်သူမတို့ အချစ်လွန်ကဲနေသည့် ပြဿနာမှလွဲ၍ ကျန်သည့်အချိန်တွေမှာ ပကတိ





ငြိမ်းချမ်းစွာ နေလိုသူလေးသာဖြစ်ရာ အခုလည်း စောစောတုန်းက မေ့ မဟုတ်တော့သလို နူးညံ့သိမ်မွေ့လို့ နေပြန်ပါသည်။

မေ့သခင်၏ အိမ်ခန်းတံခါးကို ဒေါ်ငြိမ်းကိုယ်တိုင် ညင်သာစွာ ဆွဲပိတ်ပေးခဲ့ပြီးနောက် အောက်ဘပ်မှာ ဒေါ်ငြိမ်းဆင်း အလာကို စောင့်နေမည့် ဘွားရှိရာ ရောက်ခဲ့ရသည်။

"မေ့လေးရော"

"အိပ်သွားပါပြီ မမကြီး"

ကြားထဲကပဲ ဒေါ်ငြိမ်း ညာလိုက်ရသည်။

ထိုအခါမှပင် စိတ်သက်သာရသွားသလို ဘွားထံမှ သက်ပြင်းချသံကြီး ဟင်းခနဲ ထွက်ပေါ်လာ၏။

"တစ်သက်လုံး ချစ်လွန်းလို့ ငုံထားတော့မတတ် အလိုလိုက် အကြိုက်ဆောင်ထားခဲ့သမျှ အခုလို အရွယ်လေးရလာတာနဲ့ ဘွားအကြေးရဲ့ ရင်ကို ခြေစုံကန်ဖို့ ကြိုးစားတော့တာပါပဲလား မငြိမ်းရယ်"

"ငါ ရင်နာတယ်ဟဲ့၊ ရင်နာတယ်"

ပြောရင်း ရင်ဘတ်ကို လက်သီးဆုပ်နှင့် ထုနက်နေသဖြင့် ဒေါ်ငြိမ်းမှာ ဘွားလက်ကို အပြေးဆွဲရင်း မျက်လုံးပြူး မျက်ဆံပြာ နှင့် တားမြစ်ရပါသည်။

"မလုပ်ပါနဲ့ မမကြီးရယ်၊ ကိုယ့်ကိုယ်ကို မနှိပ်စက်ပါနဲ့၊ မေ့လေးက မမကြီးပြောသလို မဟုတ်ရရှာပါဘူး၊ သူ့ခမျာလည်း"

"ညည်းမသိပါဘူး မငြိမ်းရယ်၊ သူသွားတဲ့နောက်ကို



www.burmeseclassic.com

www.burmeseclassic.com

ငါမလိုက်ရဘူးဆိုကတည်းက အဖြေက ရှင်းနေတာပဲ၊ သူမှာ ငါ့ထက်အားကိုးအားထား ပြုရမယ့်သူရှိနေလို့ပေါ့''

''ညည်း ဒီလောက်မှ မစဉ်းစားမိဘူးလားဟင်''

''မဟုတ်နိုင်ပါဘူး မမကြီးရဲ့၊ မဖြစ်နိုင်ပါဘူး၊ မေ့လေးကို အထင်မလွဲပါနဲ့''

''အထင်လွဲနေတာ မဟုတ်ပါဘူးနော်၊ ငါ စိတ်ထဲကကို သူ့အလိုလိုသိနေတာပါ၊ သူ အဲဒီလိုပြောရက်တာကို တွေးမိတိုင်း ငါ့အသည်းနှလုံးတွေ နာကျင်လွန်းလို့ပါ''

ငိုသံပါကြီးနှင့် တုန်တုန်ရီရီ ပြောနေရှာပုံကလည်း မြင်ရသူအတွက် တကယ့်ကို စိတ်မသက်သာစရာ ကောင်းလှသလို အပေါ်ထပ်မှာ ဝုန်းဝုန်းဒိုင်းဒိုင်း စိတ်ထင်တိုင်း ငိုယိုပေါက်ကွဲရှာသော မေ့အဖြစ်ကြပြန်တော့ စိတ်သက်သာစရာ တစ်ကွက်မှ မရှိသည့်အတွက် သည်အတွားနှင့် သည်မြေးကြား ခေါ်ငြိမ်းကိုယ်တိုင်လည်း ဘာတစ်ခုမှ ဟုတ္တိပတ်တိ မဖြေရှင်းနိုင်သည့်အတူ ဟစ်၍သာ ငိုလိုက်ချင်မိသည်။

အိမ်ရှေ့ပူ အိမ့်နောက်မချမ်းသာ။ အိမ်ကြီးရှင်တွေ စိတ်ဆင်းရဲနေမှတော့ ခေါ်ငြိမ်းတို့ အလုပ်သမားတွေလည်း ဘယ်မှာ စိတ်ချမ်းသာနိုင်ပါမည်နည်း။

''အခု ဘယ်နှယ်လုပ်ကြမတုန်း မငြိမ်းရယ်၊ ငါ့မှာ အိုကြီးအိုမနဲ့ စိတ်ဆင်းရဲလှပြီအေ၊ စိတ်ဆင်းရဲလှပြီ''

''မေ့လေး သဘောကိုသာ လိုက်ပေးလိုက်ပါတော့လား





မမကြီးရယ်''

လေသံပျော့လေးနဲ့ မေ့သခင်ဘက်က ရပ်တည်ပေးမိသည်။

''အိုအေ…အပျိုရွယ်လေး၊ သူ့စိတ်နဲ့ သူ့သဘော လွှတ်ပေးလို့ဖြစ်မလား''

''အခုခေတ်က လူလိမ်လူညာတွေကလည်း ပေါပါဘိနဲ့ မေ့လေးက လူတွေအကြောင်း၊ လောကကြီးအကြောင်း ဘာမှသိရှာတာမဟုတ်ဘူး မငြိမ်းရဲ့''

''သူ့ရှေ့မှာ ဒီဘွားအေကြီးတစ်ယောက်လုံး ရှိနေလို့ ဒင်းလေးခမျာ ဒီအသက်အရွယ်အထိ ခလုတ်မထိ ဆူးမငြိ လိုတရနေနိုင်တာ အမိုက်မလေး မသိရှာဘူး''

''ငါသာ သူ့ရှေ့မှာမရှိရင် အမလေး မတွေးရဲပါဘူး မငြိမ်းရယ်၊ သူ့အဖြစ်ကို စိတ်ကူးနဲ့တောင် မတွေးရဲပါဘူး''

သြော်…ဖြစ်မှဖြစ်ရလေ။

မေ့သခင်အတွက် ဘွားက သူမရှိလို့မဖြစ်ဘူးဟု ထင်မြင်ယူဆနေချိန် မေ့သခင်ကလည်း တစ်သက်လုံး အကျဉ်းစံရွှေမင်းသမီးလေးလို နေထိုင်လာခဲ့ရသော သူ့ဘဝကို စိတ်မျက်ငြီးငွေ့လာနေသည့်အဖြစ်က ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေသည်။

''ဒါလည်းဒါပေါ့ မမကြီးရယ်၊ မေ့ဘဝမှာ မမကြီးမရှိမဖြစ် လိုအပ်တာလည်း အမှန်ပါပဲ''

''အေးလေ…ညည်းတွေးသလို မေ့ခမျာ မတွေးမိတာကို



www.burmeseclassic.com

www.burmeseclassic.com

ကာ ဘုန်းစရာဖြစ်နေပြီ"

"ဒါပေမယ့်...မေ့လေးဘက်ကလည်း ပြန်ကြည့်ပေးရမှာပေါ့ မမကြီးရဲ့၊ သူ့ခမျာမှာလည်း နေရာတကာ ဘွားအေကြီးက တစ်ပူးပူးတစ်တွဲတွဲ လိုက်လာနေမှတော့ ကလေးလည်း အနေရခက် စိတ်ရှုပ်ရှာမှာပေါ့"

"အလိုတော်...ဒါက အခုမှလိုက်နေတာမှ မဟုတ်ဘဲ၊ သူ့စိတ်ရှုပ်ရအောင် အနေရခက်ရအောင် ကျုပ်တို့က သူ့ကို ဘာများလုပ်နေလို့လည်း"

ဒေါ်ငြိမ်းစကားကို ချက်ချင်းတုံ့ပြန်လိုက်ပုံက ကဲကဲဆတ်ဆတ်လှသည်ဖြစ်ရာ ဒီပုံအတိုင်းဆို ဘွားနှင့်မြေးကြားက ပြဿနာမှာ အလွယ်တကူ ငြိမ်းအေးနိုင်မည်မဟုတ်ဟု တွေးပြီး ကြားထဲက ရင်လေးသွားသည်။

"ဟွန်း...အခုမှ ကြီးကြီးကျယ်ကျယ် တစ်သက်လုံး ဘွားအေရင်ခွင်အောက်မှာ နေလာခဲ့တဲ့ကလေးက သူစိမ်းစိတ်ဝင်ပြီး အချိုးအချိုတ်တွေ ပြောင်းလွဲလာလိုက်တာ"

ကိုယ့်အပြစ်ကိုယ် ပြန်လည်မစဉ်းစား။ အခြေအနေ အချိန်အခါတွေလည်း မထည့်တွက်မိဘဲ မြေးဖြစ်သူ သူ့အပေါ်မှာ ဤမျှပြစ်ပြစ်ခါခါ ရက်စက်ရပါမည်လားဆိုသည့် တွေးလုံးဖြင့် ရင်နာပြီး ရင်နာနေရှာသော ဘွားမှာ သူချစ်သော မြေးမလေး၏ အပြောင်းအလဲပေါ်မှာ တကယ်ကို မကျေမချမ်း စိတ်ဝမ်းကွဲရက်လေခြင်းဟု မှတ်ယူဝမ်းနည်းကာ ယူကျုံးမရ ဖြစ်နေပါသည်။





"သေချာပါတယ် မိငြိမ်းရယ်၊ သူ့မှာ ငါတို့ ဒီလောက်ကရစိုက်နေတဲ့ကြားက ချစ်သူရည်းစားရှိနေပြီ"

"အို...မမကြီးကလည်း မဟုတ်တာ ပြောရော့မယ်"

အစတုန်းကတော့ ထင်ရုံ။ အခုတော့ အသေအချာ အတိအကျကြီး စွပ်စွဲနေပြီဆိုတော့ မေ့သခင် တောင်းဆိုနေသလို လွတ်လပ်ရေးရဖို့မမြင်ဘဲ ပို၍တင်းကျပ်ဖို့က သေချာလျက်ရှိနေသဖြင့် ဒေါ်ငြိမ်းမှ မေ့အတွက် ကာကွယ်စကား ပြောလိုက်ပါသည်။

"ဟုတ်ကိုဟုတ်ပါတယ်အေ...ဒါကြောင့် ဒီလိုစကားတွေ ကလေးပါးစပ်က ပြောထွက်ရက်တာပေါ့"

"ချစ်သူရည်းစားထားတာ မပြောပါဘူး၊ အခုလို ဘွားနဲ့မြေးကြားမှာ သွေးခွဲအောင် ပြောတဲ့စကားတွေ ရှိလာတာကိုတော့ လုံးဝခွင့်မလွှတ်နိုင်ဘူး"

"မေ့ချစ်သူ ဘယ်သူလဲဆိုတာ အမြန်စုံစမ်းကြစမ်း"

သူ့ဘာသာသူ စွဲချက်တင်ပြီး သူကိုယ်တိုင် အမိန့်ချသော ဘွားကြောင့် မေ့ကိုယ်စား သက်ပြင်းကြိတ်ချမိသည်။

"ဘာတွေလုပ်ဦးမလို့လဲ မမကြီးရယ်"

"တွေ့ရင်...မြေးအဘွားနှစ်ယောက်တည်းရှိတာကို သွေးခွဲအောင်ပြောတဲ့ သင်းကို ငါ့မြေးနဲ့ ဘယ်လိုမှ သဘောမတူနိုင်ဘူးလို့ အပြတ်ပြောမလို့ပေါ့"

"ဘယ်နှယ့်တော်...မြေးကိုချစ်ရင် ဘွားအေကြီးကို တည့်အောင်ပေါင်းရမှာပေါ့၊ အခုတော့ မြေးကို သူတစ်ယောက်ထဲ


www.burmeseclassic.com

www.burmeseclassic.com



"ဒရိုင်ဘာ"

"လာပြီဗျို့…လာပြီ"

အသံကို အရင်ဦးအောင် ကြားလိုက်ရသည်။ နောက်အ
အိမ်လေးထဲက လူတစ်ယောက် ထွက်လာသည်။ အသားဖြူ
မျက်ခုံးထူထူ၊ အရပ်မြင့်မြင့် လူပုံချောချောနှင့်လူက မေ့ရှေ့
မားခံနဲ့ရပ်လာသဖြင့် မေ့မှာ အံ့ဩသွားသည်။

"ရှင်က ဒရိုင်ဘာလား"

"ဟုတ်တယ်၊ ခင်ဗျားကရော"

"ကျွန်မက အိမ်ဖော်ပါ"

"ဗျာ"

အိမ်ဖော်နဲ့ဒရိုင်ဘာ တစ်ယောက်မျက်နှာကို တစ်ယော





ကြည့်ရင်း နေညီရင်ထဲ ကျလိကျလိဖြစ်လာကာ ဘက်ခနဲ တစ်ချက်
ရယ်လိုက်မိသည်။

"ရှင်က ဘာရယ်တာလဲ"

"သဘောကျလို့"

"ဘာ"

"ကျုပ်က ဒရိုင်ဘာ၊ ခင်ဗျားက အိမ်ဖော်၊ အဲဒါကို
ကျုပ်က သဘောကျတာ"

"ဟင်"

"ရှင်…ရှင် ဘာစကားတွေပြောတာလဲ"

သူ့ကိုယ်သူ ရုပ်ကလေးချောတယ်ဆိုပြီး မေ့သခင်ကို
အိမ်ဖော်မလေးဟုထင်ပြီး တွေ့တွေ့ခြင်း ထိကပါးရိကပါး စကား
ပြောရကောင်းလားဟု မေ့သခင် စိတ်ဆိုးဒေါသဖြစ်နေချိန်မှာ နေညီ
ရင်ထဲမှာလည်း အခံရခက် မခံချိမခံသာဖြစ်နေတာကို မည်သူမျှ
မသိ။ သူ့ရှေ့မှာရှိနေသည့် အိမ်ဖော်ဆိုသည့် မချောလေး ဒေါသဖြစ်
နေတာကိုသာ စေ့စေ့စူးစူးလေး စိုက်ကြည့်ပြစ်ပိုက်သည်။

ကြည့်စမ်း…။

အိမ်ဖော်ဆိုသည့် အမည်ဆိုးကြီးနဲ့ မလိုက်အောင် ဖြူဖွေး
နုအိနေသည့် မချောလေးက တကယ့်သူဌေးသမီးလေးလို လှပဲလှ
ရက်နိုင်လွန်းလှချည်လား။

မေ့သခင်ဆိုတဲ့ မိန်းကလေးသာ သူမလောက်လှရင် နေညီ
ဆိုသည့်သူကလည်း လက်ထပ်ဖို့အရေးကိစ္စကို ငြင်းချင်မှ ငြင်းမိ



www.burmeseclassic.com

www.burmeseclassic.com



ဆွေရယ်လို့လည်း မရှိ။ လှပလွန်းသော မေ့ကို ခင်မင်ချင်သူများစွာ ရှိသော်လည်း ဘွားအမိန့်ဖြင့် မည်သူ့ကိုမှ အပေါင်းအသင်း မလုပ်ခဲ့။

စိတ်လည်းမဝင်စား၊ ကျောင်းနှင့်အိမ်၊ အိမ်နှင့်ကျောင်း နေလာခဲ့ရာမှ အခုလို တက္ကသိုလ်ကျောင်းသူ ဖြစ်လာသည့်အချိန်မှာ ဘွားကိုယ်တိုင် မေ့နှင့်အတူ လိုက်ပါမည်ဆိုလာခြင်းကြောင့် မျက်ရည်အရွှဲသားနှင့် ပြင်ဆင်ထားသမျှ ပျက်စီးရကာ အိပ်ရာထက်မှာ လူးလိမ့်ငိုပွဲဆင်ရခြင်းဖြစ်သည်။

ဘွားကလည်း မေ့နောက်ကို မလိုက်ရသဖြင့် ခံစားကြေကွဲနေရသလို မေ့ကလည်း ဘွားကို သူမနောက် မလိုက်သင့်ကြောင်း ပြောဆိုရင်း စိတ်ရှုပ်ဝမ်းနည်းနေရသူဖြစ်သည်။

"မဖြစ်ဘူး…မဖြစ်ဘူး၊ မေ့ကို မတော်တရော်တွေနဲ့ အဖြစ်မခံနိုင်ဘူး၊ ကိုယ်သဘောကျတဲ့လူနဲ့ ရွေးပြီး ယူခိုင်းမှဖြစ်မှာပါ၊ ဒါမှ ငါချစ်တဲ့ မြေးလေးနဲ့ မခွဲမခွာ အတူတူနေရမှာ"

ထိုအတွေးများက ဘွားရဲ့အတွေးဖြစ်သလို မေ့ရဲ့ အတွေးများကတော့ ဘွားနှင့်ဆန့်ကျင်ဘက် သူမနှင့်ဘွားတို့ကြားက မှားယွင်းလွဲချော်နေမှုများကို ဘယ်သို့ဘယ်ပုံ ဖြေရှင်းရမှန်းမသိဘဲ ဖြစ်နေရှာပါတော့သတည်း။





## အခန်း (၂)

"ဟော…လာကြပြန်ပြီ"

အသိန်းစကားကြောင့် ပန်းပင်များကို ရေလောင်းနေရာမှ မေ့သခင် လှမ်းကြည့်လိုက်တော့ အိမ်ရှေ့တည့်တည့်မှာ ရပ်တန့်သွားသည့် ကားတစ်စီးကို တွေ့လိုက်ရသည်၊

ကားပေါ်မှ ဆင်းလာသူများက မေ့သခင် တစ်ခါမှ မမြင်ဘူးမတွေ့ဘူးသော မျက်နှာစိမ်းဧည့်သည် အမျိုးသားကြီးတစ်ဦးနှင့် အမျိုးသမီးကြီးတစ်ဦးတို့ ဖြစ်သည်။

မေ့ ကြည့်နေဆဲမှာပင် ဘွားက ဧည့်သည်များကို ပြုံးရွှင်စွာ ကြိုဆိုပြီး အိမ်ထဲကို ဦးဆောင်ခေါ်ယူသွားတာကို မြင်လိုက်ရသည်။

"အခုတလော…အိမ်ကို ဧည့်သည်တွေ ခဏခဏ



www.burmeseclassic.com

www.burmeseclassic.com



လာနေကြတယ်နော် မမမေ့"

"အင်း"

"ဘွားတော့…မမမေ့ကို အံ့သြအောင် တစ်ခုခုလုပ်ပေးဦးမယ်ထင်တယ်၊ ဟိုတစ်ခါက မမမေ့မွေးနေ့တုန်းကလိုလေ"

"သိပါဘူးဟယ်…ဘွားက မေ့နောက်ကို မလိုက်ရတော့ ပျင်းလို့နေမှာပေါ့"

"ဟုတ်တယ်…ဟုတ်တယ်၊ အခုဆို ဘွားမှာ အိမ်ကိုလာတဲ့ ဧည့်သည်တွေကို စကားပြော ဧည့်ခံရလွန်းလို့ မမမေ့နောက်ကို လိုက်ဖို့မပြောနဲ့ သတိတောင်ရပုံ မပေါ်ဘူးသိလား"

အသိန်းက သူ့ထင်မြင်ယူဆချက်ကို မေ့သိအောင် အားပါးတရ ပြောနေပေမယ့် မေ့တော့ အသိန်းစကားကို လက်မခံပါ။ မေ့နောက်ကို လိုက်ဖို့ သတိမရတာမဟုတ်။ တမင်သတိမရချင်ဟန်ဆောင်နေမှန်း အသိန်း မသိပေမယ့် မေ့ကတော့ သိနေပါသည်။

"ဘွားတစ်ယောက်ထဲ ဒီလိုနေတာထက်စာရင် ဧည့်သည်တွေ ဘွားဆီကို အခုလိုလာနေတော့ ဘွားအတွက် ပိုကောင်းတာပေါ့ အသိန်းရဲ့၊ နို့မို့ဆို ဘွားတစ်ယောက်တည်း ဘယ်လောက်သနားစရာကောင်းလဲ"

"ဘွားတစ်ယောက်ထဲ မဟုတ်ပါဘူး မမမေ့ကလည်း အိမ်မှာ အသိန်းရော ဒေါ်ငြိမ်းတို့ရော အတူရှိနေတာပဲဥစ္စာ"

"အေးပါ…မမမေ့လည်း ဘွားစိတ်ညစ်အောင် ဘယ်လုပ်ချင်ပါ့မလဲဟယ်၊ မတတ်သာလွန်းလို့သာ ပြောရတာပါ၊ မေ့





လည်း ဘွားကိုချစ်ပါတယ်"

မေ့ကျောင်းသွားရာနောက်ကို ဘွား မ ဂါတော့ပါဟု ကတိစကားရပြီးသည့်နောက် မေ့သခင်တစ်ယော က် သူ့ငယ်ချင်းအပေါင်းအသင်းများကြားမှာ အရင်တုန်းကလို ေ ာင်ပြောင်ခြင်း မခံရတော့သလို ပြုံးစိစိအကြည့်များဘေးကလည်း ဂင်းဝေးခဲ့ရပြီမို့ မေ့စိတ်မှာ သူများတွေနှင့်တန်းတူရည်တူ လွ ဘ်ပေပ်ပျော်ရွှင်မှုရရှိခဲ့ပါသော်လည်း မေ့ကျောင်းသွားတိုင်း အိမ်ပေ က်ဘအထိ လိုက်ပို့ပေးပြီး မေ့ကားလေး ပျောက်သွားသည့်အထိ ပ မ်းလွမ်းဆွေးဆွေးကြီး ရပ်ပွတန့်ငေးမောကျန်ရစ်ခဲ့ရှာသော ဘွ းအဖြစ်ကိုလည်း မေ့စိတ်မှာ ကျိတ်ပြီး သနားလှပါသည်။

မေ့ကို ချစ်လွန်း၍ မေ့စိတ်ဆင်းရဲမည့်ဒ ဖြ ကို မလုပ်ချင်သော ဘွားခမျာ သူ့စိတ်ချမ်းသာမှုထက် မေ့ ဝ ါ်ချမ်းသာမှုကို ပို၍အလေးပေးခဲ့မှန်း မေ့နားလည်သဘောပေါက် သ းသည့်အတိုင်း နောက်နောင် မေ့ကြောင့် ဘွားကို ဘယ်တော့မှ စိ က်မဆင်းရဲစေရဟုလည်း ဆုံးဖြတ်ထားမိသည်။

မေ့သခင်အတွက် အရေးပေါ် ဘွားစိ ကြံချက် သတို့သားလောင်း ရှာဖွေပွဲကြီး ကိုတ်ပြီး ကျင်းပနေသည် ၇ မေ့ခမျာ မရိပ်မိရှာ။ မေ့နောက်ကို အရင်လိုမလိုက်ရသဖြင့် မိတ် ဆွေအပေါင်းအသင်းတွေ အိမ်ကို အလည်အပတ်ခေါ်ယူကာ စိတ်အ ပြ င်းအလဲသဘောမျိုးဖြစ်အောင် ကြိုးစားနေရှာသည်ဟု ထင်ေ သ ည်။

ဘွားစိတ်ထဲမှာ မေ့တွင် ချစ်သူရည်းစား ရှိနေသည်ဟု

www.burmeseclassic.com



တရားသေ ယုံကြည်မှတ်ထင်ထားနေသည့်အဖြစ်ကို မေ့လည်းမသိ။ မေ့၏ ထိုချစ်သူကပင် မေ့သခင်နှင့် ဘွားတို့အချစ်ကို ရက်စက်စွာ ဖြိုခွင်းဖျက်ဆီးသူအဖြစ် အနိုင်အမာ စွပ်စွဲပြောဆိုလျက် မေ့ကို သူ သဘောတူယုံကြည်စိတ်ချရမည့်သူနှင့်သာ လက်ထပ်ရမည်ဟု ဆိုကာ အခုလို သတို့သားလောင်း ရှာဖွေပွဲကြီးကို ဘွားစိတ်၊ ဘွားဆန္ဒ၊ ဘွားသဘောအတိုင်း ကျင်းပဆင်နွှဲနေခြင်းဖြစ်သည်။

ခေါ်ငြိမ်းမှာ မေ့ဘက်က ဝင်ရောက်ရပ်တည် ဖြေရှင်းပါသော်လည်း မရသည့်အဆုံး ဘွားနှင့်အတူ သတို့သားလောင်း ရှာဖွေပွဲမှာ ဝင်ရောက်နေရသူဖြစ်သည်။

မေ့ကတော့ ထိုအဖြစ်အပျက်များကိုလည်း မသိ။ စိတ်လည်းမဝင်စား။ ဧည့်သည်များဖြင့် ပြုံးကာရယ်ကာ စကားဆိုနေသော ဘွားအတွက်သာ ကျေနပ်နေပါသည်။

ထိုဧည့်သည်များကို ဘွား၏ ဧည့်သည်များဟုသာ သိထား၏။ ဘွားအပြင် မေ့သခင်ဆိုသည့် သူမနှင့် တိုက်ရိုက်သက်ဆိုင် ပတ်သက်နေတာသာ မေ့သိမည်ဆိုလျှင် အခုလို အေးဆေးသက်သာစွာ ပြုံးရယ်ကြည်နူး နှစ်သိမ့်နေနိုင်မည် မဟုတ်တာလည်း သေချာပါသည်။

ဧည့်သည်များ ပြန်သွားသည်နှင့် ဘွားမျက်နှာပေါ်က အပြုံးများသည်လည်း ကွယ်ပျောက်သွားရပါပြီ။

"ဒီတစ်ယောက်ပုံကလည်း မဟန်သေးပါဘူး၊ ငါ့စိတ်ကြိုက်လည်း တစ်ယောက်မှ မတွေ့ပါလား မငြိမ်းရဲ့"





ဘွားထံမှ စိတ်ပျက်လက်ပျက် ညည်းညူသံဖြစ်ပါသည်။

"ဖြည်းဖြည်းတော့ မမစိတ်ကြိုက် ပြုလာမှာပေါ့ မမရဲ့၊ တစ်ယောက်မကောင်း တစ်ယောက်ပေါ့"

ခေါ်ငြိမ်းက ဘွားမင်းခင် ကျေနပ်စေသော လေပြေကလေးနှင့် ချော့သော်လည်း ဘွားက မျက်နှာမကြည်မသာနှင့် ဦးခေါင်းကိုသာ တွင်တွင်ခါယမ်းပါသည်။

ဒါကလည်း…အခုမှမဟုတ်။ မေ့သခင်အတွက် သတို့သားလောင်း ရှာဖွေပွဲကြီး စတင်ကျင်းပသည့်အချိန်ထဲက ဖြစ်ပြီး လာသမျှလူအားလုံး 'ဘွားတွေ့မြင်ရသမျှ မျက်စိနှင့်မတွေ့သလို စိတ်နှင့်လည်း သဘောမကျနိုင် ဖြစ်နေ၏။

အချစ်ဆုံးမြေးမလေးအတွက် အကောင်းဆုံး၊ အတော်ဆုံး၊ မေ့လေးကို အမြတ်နိုးဆုံး ချစ်နိုင်မည့် သတို့သားလောင်းအတွက် ဘွားလိုချင်သည့် အရည်အချင်းတွေက များပြားလှန်းလှသည်ဖြစ်ရာ ဘွား၏ သတ်မှတ်ချက်စံနှင့် ကိုက်ညီမည့်သူကိုဖြင့် ဒီကမ္ဘာလောကမှာ ရှာဖွေ၍ပင် တွေ့နိုင်ပါဦးမလားဟု ထင်ရသည့်အထိ ဖြစ်သည်။

"မဖြစ်ဘူး…မဖြစ်ဘူး၊ ဒီကိစ္စ ဒီလိုနဲ့ပြီးနေလို့ ဘွားအဖေကြီးဖြစ်တဲ့ ငါ့ဝဲ နောက်ကောက်ကျကျန်ရစ်ခဲ့မှာ တစ်ခုခုတော့ စဉ်းစားဦးမှပါပဲ"

အခန်းထဲမှာ ဘွားတစ်ယောက်တည်း ခေါက်တုန့်ခေါက်ပြန် လမ်းလျှောက်ရင်း နှုတ်ကလည်း တတွတ်တွတ် ရေရွတ်နေသည့် အခိုက်မှာ ဖုန်းသံမြည်လာခြင်းဖြစ်သည်။

www.burmeseclassic.com



"တူ…တူ…တူ"

"ဟဲလို"

"ဟုတ်ကဲ့…ဟုတ်ကဲ့၊ မမနဲ့ပြောချင်လို့တဲ့"

ဘွားကိုယ်စား ဒေါ်ငြိမ်းက ဖုန်းခွက်ကို ကောက်ယူနားထောင်ပြီး ဘွားလက်ထဲကို တရိုတသေ ကမ်းပေးလိုက်ခြင်းဖြစ်သည်။

"ဘယ်သူတဲ့လဲ"

"တင်တင်လို့ ပြောပါတယ် မမ"

"ပေး…ပေး တင့်တင်နဲ့ အခုချိန်တွေ့ရတာ အတော်ပဲ မငြိမ်းရေ"

"ဟဲလို…တင်တင်လား"

လိုလားစွာ ဘွားက တစ်ဖက်ကို ရယ်ရယ်မောမော ဖုန်းပြောနေရာ ဘွား၏မျက်နှာ ခန့်ခန့်ကြီးမှာ တင်တင်ဆိုသူကြောင့် အထူးပင် ကျေနပ်နှစ်သိမ့်လျက်ရှိကြောင်း တွေ့မြင်နေရရုံမက တစ်ပြုံးပြုံးနှင့် စကားဆိုနေတာကိုကြည့်ပြီး ဒေါ်ငြိမ်းလည်း နေရာမှ အသာလစ်ထွက်ခဲ့သည်။

"ဒေါ်ငြိမ်း"

"ဩော်…မေ့ ဒီမှာတစ်ယောက်တည်း ဘာလုပ်နေတာလဲ ကလေးရဲ့"

ထမင်းစားခန်းထဲမှာ ကော်ဖီတစ်ခွက်ဖြင့် ထိုင်နေသော မေ့ကို တွေ့လိုက်ရသဖြင့် ရေအေးအေးတစ်ခွက်ကို မော့သောက်ရင်း





ဒေါ်ငြိမ်း မေးလိုက်ခြင်းဖြစ်သည်။

"မေ့က ဒေါ်ငြိမ်းကို ပြောစရာရှိလို့ပါ"

"ဘာပြောမှာလဲ မေ့ရဲ့"

မေ့မျက်နှာလေးကို ကြည့်ရင်း ဒေါ်ငြိမ်း ရင်ထိတ်စွာ ဆိုလိုက်မိသည်။ ဘွားစီစဉ်နေတဲ့ ကိစ္စတွေကိုများ ဒီကလေးမလေး သိသွားပြီလားဟုလည်း လိပ်ပြာမလုံစွာတွေးရင်း မေ့များ တစ်ခုခု ပေါက်ကွဲလေမည်လားဟု ထိတ်နေ၏။

ဒါပေမယ့် ဒီကိစ္စဟာ ဘွားနဲ့ဒေါ်ငြိမ်းသာ သိတာပါလေဟု ပြန်တွေးလိုက်မှ ဖြေသာသွားကာ ခပ်အမ်းအမ်း အမူအရာလေးနှင့် တစ်စုံတစ်ခုကို ပြောထွက်ရခက်နေပုံ ရသော မေ့ကြောင့် ဒေါ်ငြိမ်းမှာ မေ့ တစ်ခုခုပြောချင်နေပုံ သိလိုက်၏။

"ပြောလေကလေး…မေ့အတွက် ဒေါ်ငြိမ်း ဘာလုပ်ပေးရမလဲ"

"ဟို…ဟိုလေ မေ့သူငယ်ချင်းတွေနဲ့ ခုပြီး ပဲခူးဘက်ကို သွားမလားလို့၊ အဲဒါ ဒေါ်ငြိမ်းက ဘွားကို ပြောပေးမလားလို့ပါ"

"အမယ်လေး…မေ့ရယ် ဒီစကားကို ဒေါ်ငြိမ်းကိုပြောလို့သာပေါ့၊ မမကိုသာ သွားပြောမိလို့ကတော့ ဘယ်လောက်များ ရင်ဘတ်စည်တီးဖြစ်လိုက်မယ် မသိဘူး"

"ဘွားမပါဘဲနဲ့ မေ့ကို ဘယ်နေရာများ တစ်ယောက်တည်း လွှတ်ဘူးလို့လည်း ကလေးရဲ့၊ အခုလို အခွင့်အရေးလေး ရအောင်တောင် ဒေါ်ငြိမ်းတို့မှာ မနည်းပြောသွားရတယ် မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



လား''

ဒေါ်ငြိမ်းစကားကြောင့် မေ့သခင် နှုတ်ခမ်းစူချင်သွားသည်။

''ဒေါ်ငြိမ်းကလည်း မေ့မှ ဒီလိုတစ်ခါမှ မသွားဘူးတာကို တစ်ခါလောက်တော့ အခွင့်အရေးပေးသင့်တာပေါ့လို့''

''အလိုလေးတော်...မမအကြောင်းလည်း သိရဲ့သားနဲ့ မေ့ရယ်၊ မဖြစ်ပါဘူးမေ့ရယ်၊ ဒီကိစ္စကို ဒေါ်ငြိမ်းလည်း မပြောရဲဘူး၊ မေ့လည်း မမကိုသွားမပြောနဲ့ သိလား''

''ဘာဖြစ်လို့လဲ ဒေါ်ငြိမ်းရဲ့၊ မေ့က...''

''မငြိမ်းရေ''

''ဟော...ဟိုမှာ မမခေါ်နေပြီ''

''လာပါပြီ မမ၊ လာပါပြီ''

ဒေါ်ငြိမ်းမှာ မေ့ကို ဘာမှမပြောနိုင်ဘဲ ဘွားရှိရာကို အမြေးထွက်သွားရာ နေရာမှာ မေ့တစ်ယောက်တည်း နှုတ်ခမ်းစူလျက် ကျန်ရစ်ခဲ့သည်။

''မေ့ရော မငြိမ်း''

''ရှိပါတယ် မမ''

''ဒါဖြင့် ခေါ်လိုက်''

''ဟုတ်ကဲ့ မမ''

ဒေါ်ငြိမ်း လှစ်ခနဲ ပျောက်သွားသည်။

ကျေနပ်နှစ်သိမ့်ခြင်းများစွာဖြင့် ဘွားမျက်နှာခန့်ခန့်ကြီးမှာ





ပြုံးနေပါသည်။

''မေ့ရောက်ပါပြီ ဘွား''

မြေးအဘွားနှစ်ယောက် တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်လိုက်ကြသည်။ မြေးနှင့်အဘွား တွဲရေးခွဲရေးကိစ္စပြီးကတည်းက ဘွားက မေ့သခင်ကို စကားကောင်းကောင်း မပြောဘဲ စိတ်ကောက်နေခြင်းကြောင့် မေ့ကို အခုမှ မျက်နှာချင်းဆိုင် စကားပြောခြင်းဖြစ်သည်။

''မေ့ ဖြစ်စေချင်တဲ့အတိုင်း ဘွားက မေ့စိတ်ချမ်းသာအောင် လိုက်လျောခဲ့ပြီးပြီနော်၊ ဟုတ်ရဲ့လား မေ့''

''ဟုတ်ပါတယ် ဘွား''

''မေ့ကို စိတ်ချမ်းသာစေသလို ဘွားကိုလည်း စိတ်ချမ်းသာစေရပါမယ်၊ ဘွားစကားကို နားထောင်ပါမယ်၊ ဘွားစိတ်ဆင်းရဲအောင် မလုပ်ပါဘူးဆိုတဲ့ မေ့ကတိစကားကိုရော သတိရသေးရဲ့လား''

''သတိရပါတယ် ဘွား''

''ကောင်းပြီ၊ ဒါဆို မေ့ကတိစကားကို ဘွားယုံတယ်၊ ဘွားမသိဘဲနဲ့ ချစ်သူရည်းစား လုံးဝမထားပါနဲ့၊ ထားခဲ့လို့ ဘွားသိရင်လည်း ဘွား အပြစ်မဟုတ်ဘူးဆိုတာ နားလည်တယ်နော်''

''ဟုတ်ကဲ့ပါ၊ မေ့နားလည်ပါတယ်''

''ကဲ...ကဲ မေ့သွားတော့၊ မငြိမ်းနေခဲ့ဦး''

ဘွားအခန်းထဲက မေ့သခင် ပြန်ထွက်လာခဲ့သည်။ ဘွား



www.burmeseclassic.com

www.burmeseclassic.com



ပုံစံက မေ့အပေါ်မှာ အရင်တုန်းကလိုမဟုတ်ဘဲ ခပ်စိမ်းစိမ်းဆိုတော့ ဘွားလုပ်ပုံကို မေ့စိတ်ထဲမှာ ဝမ်းတော့အနည်းသားပင်။

အေးလေ..ဘွားလည်း မေ့လိုပဲ ရှိရှာမည်ပေါ့။ မေ့နောက်ကို ဘွားမလိုက်ရပါဟု ဆိုချိန်တုန်းက ဘွားခမျာ အဘယ်မျှ ခံစားကြေကွဲရရှာမည်လည်း။

မေ့လည်း ကိုယ့်အဖြစ်နဲ့ကိုယ်မို့ ရင်ထဲက ဝမ်းနည်းစိတ်ကို ကျိတ်မှိတ်မျိုသိပ်လိုက်ရပါသည်။

ဩော်...ဘွား...ဘွား။

မေ့ကို ဘွားသိပ်ချစ်သလို ဘွားကိုလည်း မေ့ သိပ်ချစ်ပါတယ် ဘွားရယ်။

ဒါပေမယ့် မေ့သခင်ဆိုတာ ဟိုတုန်းကလို ကလေးမ ပေါက်စလေး မဟုတ်တော့ဘူးဆိုတာသိရင် မေ့အပေါ်မှာ စိတ်ဆိုးနေရင် ပြေပါတော့ဘွားရယ်။

"မငြိမ်း"

"ရှင်...မမ"

"မေ့အတွက် ...မေနဲ့သင့်တော်မယ်ထင်တဲ့ လူတစ်ယောက်တော့ တွေ့ပြီ၊ အဲဒါ မေ့ကို အထူးဂရုစိုက်ပါ၊ ချစ်သူရည်းစားထားတာ လုံးဝခွင့်မပြုနိုင်ဘူး၊ ဒီတော့ အခုချိန်ကစပြီး မေ့နောက်ကို လိုက်ရလိမ့်မယ်"

"ရှင်"

ဒေါ်ငြိမ်း ဘွားကို ကိန်းကွက်တားမြစ်ချင်စွာ မော့ကြည့်





လိုက်မိသည်။ ဘယ်နှယ်ဖြစ်ရတာပါလိမ့်လေနော်။ မေ့လေးခမျာ အခုမှ လွတ်လပ်စွာ သွားလာခွင့်ရတာ တစ်လတ်ပင် မပြည့်သေး။ ဘွားက သူပေးထားသည့် အခွင့်အရေးတွေကို ပြန်ရုပ်သိမ်းတော့မယ်ထင်ရဲ့။

မေ့ကိုယ်စား ဒေါ်ငြိမ်းဝင် စိတ်ညစ်သွားမိသည်။ ဒီလိုဆိုရင်တော့ဖြင့် မေ့ခမျာ သနားစရာ။

"မေ့သိအောင် လိုက်ရမှာမဟုတ်ဘူး၊ မေ့မသိအောင် မေ့ကားနောက်က လိုက်ပြီး မေ့သွားရာနောက်ကို လိုက်ရမှာ"

"ဖြစ်ပါ့မလား မမရယ်၊ ကျွန်မကိုကို မြင်တာနဲ့ မေ့က သိမှာပေါ့"

"ဒါလည်း ဟုတ်တာပဲ၊ ဒါပေမဲ့ နေ့ကိုလည်း ဒီအတိုင်း ယုံကြည်စိတ်ချပြီး လွှတ်ထားလို့မရဘူး၊ တစ်ခုခုတော့ စီစဉ်ရမှာပဲ၊ ဘာလုပ်ရင် ကောင်းမလဲဆိုတာ ညည်းလည်း ကူညီပြီး စဉ်းစားစမ်းပါဦးလား"

ဒေါ်သဖြင့်ဆိုလာတော့ ဒေါ်ငြိမ်းခမျာလည်း ဘွားကိုကြောက်ရသူဖြစ်သည့်အတိုင်း ငြိမ်ကုတ်၍ သာ ရပြန်သည်။ စိတ်ထဲရှိသည့်အတိုင်း ပြောရမှဖြင့် မေ့ကို သူ့ဘာသာသူ လွတ်လပ်ခွင့်ပြုလိုက်ပါလို့ ဆိုမိမှာဖြစ်ပေမယ့် ဘွား၏ သူ့သဘောထားကို ရှင်းရှင်းကြီးပြောထားပြီမို့ ဒေါ်ငြိမ်းလည်း နောက်က လိုက်မပြောရဲပါ။

"ခက်တာပဲ...မေ့သော် တစ်ခုခုဖြစ်လို့ကတော့ ဒီက ဘွား



www.burmeseclassic.com

www.burmeseclassic.com



အကြီးပဲ ရင်ကျိုးရမှာ''

ညည်းညည်းညူညူ ဆိုလာတာကိုမြင့် ခေါင်ငြိမ်းလည်း မငြင်းလိုပါ။ ဒါကတော့ အမှန်တရားကိုး။ ဒီမြေနဲ့ ဒီအဘွား နှစ်ယောက်ထဲရှိကြတာဆိုတော့လည်း စိတ်ပူစရာ၊ စိုးရိမ်စိတ်မချ စရာတွေချည်း ဖြစ်နေရသည်မှာလည်း အပြစ်ဟုဆို၍မဖြစ်။

''ကဲပါလေ…ဘယ်လိုပဲဖြစ်ဖြစ် မေ့မသိအောင် သူ့ နောက်ကို လိုက်တာတော့ လိုက်ရမှာပဲ၊ နောက်မှသိသွားလည်း တစ်မျိုးကြီးကြီးသေးတာပေါ့၊ အခုလောလောဆယ် ဘွား မျက်စေ့ အောက်မှာ မေ့ရှိရင် ပြီးတာပဲ''

အခုလည်း မေ့က ဘွားမျက်စိအောက်မှာပါဟု စိတ်ထဲ က ဆိုလိုက်မိပေမယ့် အပြင်ကတော့ ဘွားကျေနပ်အောင် ခေါင်း ညိတ်လိုက်ရပါသည်။

သားအချစ်၊ မြေးအနှစ်ဆိုမှကိုး။ မချစ်ပါနဲ့လို့လည်း ပြောလို့ရတာလည်းမဟုတ်။ ချစ်လွန်းလို့ ဖြစ်နေရသည့် ပြဿနာ မို့ မေ့ပဲ ပြန်ပြီး စိတ်ရှုပ်ရဦးတော့မည်ဟု တွေးကာ မေ့ကိုယ်စား ဟင်းခနဲ သက်ပြင်းချလိုက်မိသည်။

✽ ✽ ✽





အခန်း (၃)

''ဟဲ့…ဟဲ့ ကားကိုရပ်တော့လေ၊ တော်ကြာ မေ့မြင်သွား မှာပေါ့ မောင်စိန်ရဲ့''

''ဟုတ်ကဲ့ပါဘွား''

''ကျွိုး''

ပါးစပ်ကအပြောနှင့် ကားရပ်သည့်က တစ်ထပ်တည်း ကျသွားလျှင် ခေါင်ငြိမ်းမှာ ဘွားမသိအောင် သက်ပြင်းကျိတ်ရှိုက် လိုက်ရပါသည်။

ဘွားဘက်ကိုလည်း မျက်နှာရဲရဲမကြည့်ရဲသလို ကိုယ့် ကိုယ်ကိုလည်း လိပ်ပြာမလုံဘဲ ဘာလုပ်၍လုပ်ရမှန်းမသိ ယောင် အမ်းအမ်းကြီးဖြစ်လျက် ရူးရူးမှုမှုကြီး ဖြစ်နေ၏။

''ဟဲ့…မငြိမ်း၊ ဒါက ဘာရှာနေတာတုန်း၊ ဟိုမှာ မေ့



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား၊ အမယ်လေး…လေး မိန်းကလေးတဲ့ ကြည့်ပါဦး။ အော်ကြီးဟစ်ကျယ် ရယ်နေလိုက်တာ၊ ဒီလိုမျိုး ဘယ်တုန်းကများ ဘွားအကြီးရှေ့မှာ ရယ်ဘူးလို့လဲ"

"အို…ဘွားကလည်း မေ့တစ်ယောက်ထဲ ရယ်တာမှ မဟုတ်ဘဲ၊ သေးက မေ့သူငယ်ချင်းတွေရယ်တာ အသံကျယ်လို့ပါ"

"ဘာ…ညည်းက မေ့ဘက်တော်သားလား"

"မမကလည်း"

မငြိမ်းမှာ ဘွားစကားကြောင့် စိတ်ညစ်သွားသည်။ ဘယ်နှယ့် ဒီမြေးနဲ့ ဒီအဘွား အတူတူပဲဟာ ဘယ်သူ့ဘက်တော်သားရယ်လို့များ ခွဲခြားနေရဦးမည်လား။

ဘွားပျော်တော့ မေ့သခင်လည်း ပျော်သလို မေ့စိတ်ညစ်တော့ ဘွားပဲ စိတ်ညစ်ကြတာခြင်းအတူတူ ဘယ်သူ့မှ ပိုပြီး စိတ်ချမ်းသာနိုင်ကြတာလည်းမဟုတ်ဘဲနှင့် ကြားထဲက မငြိမ်းတို့ပဲ အနေခက်စိတ်ညစ်အောင် ဘွားက မေးလာတော့ ဒါထက်ပိုပြီး ဘာမှအတွန့်မတက်ရဲဘဲ အသာငြိမ်ကုတ်နေလိုက်ရသည်။

ပြီးတော့ မငြိမ်းသေးနားက ဘွားပုံစံကိုကြည့်ပြီး စိတ်ညစ်ရသည့်ကြားမှ ကျိတ်ပြီး ရယ်ချင်နေမိသလို ကိုယ့်ကိုယ်ကိုလည်း ဘယ်လိုပုံစံပေါက်နေမလည်း သိချင်နေမိသည်။

အခုချိန်မှာ ဘွားကို တွေ့မြင်နေကြရသူတိုင်း မင်းရဟန်းက ဘွားမင်းခင်ရယ်လို့ပင် သိကြမည်မဟုတ်။ နေကာမျက်မှန်မည်း





ကြီးနဲ့ ဦးထုပ်ကြီးဆောင်းထားပြီး မိုးကာအင်္ကျီပွပွကြီးထဲ လူတစ်ကိုယ်လုံး မြုပ်ဝင်နေပုံကဖြင့် တကယ့်ကို ဘွားမင်းခင် ရုပ်ပျောက်နေပြီး မငြိမ်းကိုယ်တိုင်ကလည်း ဘွားစိတ်တိုင်းကျ ဆင်ပေးထားသည့် ဦးထုပ်နက်၊ ရှပ်အင်္ကျီမျက်မှန်မည်းတစ်လက်နှင့်ပါ။

မျက်မှန်ကို တစ်ခါမှ မတတ်ဖူးရသည့်အထဲ မျက်မှန်ကိုင်းက ချောင်ကျပြီး နှာသီးများမှာ လာလာချိတ်နေတာကို ပြန်ပြန်ဆွဲတင်ရင်း ကိုယ့်အဖြစ်ကို ရယ်လည်းရယ်ချင် စိတ်လည်းပျက်နှင့် ဘွားက သူ့မြေးအချောအလှကို မျက်မှန်ကိုကျော်ကြည့်၊ ပင့်ကြည့်လိုက်နှင့် မေ့လှပ်ရှားမှုတိုင်းကို ရင်တမမ အသည်းတယားယားဖြစ်နေပုံဖြင့် ခုန်ဆွခုန်ဆွနှင့် ပါးစပ်ကလည်း မပြတ်ဆီမန်းမန်းလျက်ရှိနေပါသည်။

"မငြိမ်း…မေ့သေးနားက မေ့လက်ကို ဆွဲလားရမ်းလား လုပ်နေတာ ယောကျ်ားလား၊ မိန်းမလား သေချာကြည့်စမ်းပါဦး"

"မိန်းကလေးပါ ဘွားရဲ့၊ သီဟာသူနဲ့တဲ့"

"ဘယ်နှယ့်…သီဟာသူ ဟုတ်လား၊ ပေါက်ပေါက်ရှာရှာ အေး ဝတ်တာစားတာကလည်း ယောကျ်ားလိုလို မိန်းမလိုလို နာမည်ကြပြန်တော့လည်း ယောကျ်ားလိုလို မိန်းမလိုလို ဘယ်လို ဖားတစ်ပိုင်း ငါးတစ်ပိုင်း သတ္တဝါလည်း မသိပါဘူး"

"ကြည့်လေ…ငါ့မြေးလက်ကို အသားကိုင်ပြီး ဆွဲထားလိုက်တာ လွှတ်ကိုမလွှတ်တော့ဘူး"

ဘွားထံမှ မကျေမနပ်သံ ထွက်လာ၍ ဘွားမမြင်အောင်



www.burmeseclassic.com

www.burmeseclassic.com



ကျိတ်ပြုံးလိုက်မိသည်။

"မိန်းကလေးချင်းပဲ ဘွားရဲ့၊ ဘာမှမဖြစ်ပါဘူး"

"အိုအေ...ပုံစံကို ကြည့်လို့မရတာပါ၊ နောက်ဆို အဲဒီ သတ္တဝါလေးနဲ့ မပေါင်းဖို့ မေ့ကိုပြောစမ်း မငြိမ်း"

"ဟုတ်ကဲ့ပါ ဘွား"

"ဟော...ဟိုမှာ မေ့တို့သွားကြပြီ ဘွား၊ ကျွန်တော်တို့ ဘာဆက်လုပ်ရမှာလဲ"

"ဆက်လိုက်ရမှာပေါ့ကွဲ့"

"ဟာ...အဲဒါတော့မဖြစ်ဘူးထင်တယ် ဘွား၊ မေ့တို့ ကျောင်းတက်ဖို့ သွားကြတာဖြစ်မယ်"

"ဟုတ်တယ် ဘွား၊ ကျွန်တော်တို့ ဒီကပဲ စောင့်ကြည့်မှဖြစ်မယ်၊ အဲဒီလိုမှမဟုတ်ရင် အိမ်ကိုပဲ ပြန်ကြမလား"

"မပြန်ဘူးဟေ့...မပြန်ဘူး၊ ငါ ဟိုသတ္တဝါလေးကို မုန်းတယ်၊ ဒီမှာပဲနေဦးမယ်"

"ဟုတ်ကဲ့ပါ ဘွား၊ ဟုတ်ကဲ့ပါ"

ပုတ်သင်ညိုရှုံးအောင် ခေါင်းညိတ် အရိုအသေပေးရင်း ဦးမောင်စိန်က မငြိမ်းကို မျက်စလှမ်းပစ်လိုက်သဖြင့် မငြိမ်းလည်း အသံတိတ် မျက်လုံးပြန်ပြူးပြလိုက်မိသည်။

ဘွားနှင့်တော့ တကယ်မလွယ်ပါလား။ တစ်နေကုန် ညောင်းညာနေပြီးမှ မေ့သခင် ပြန်မရောက်ခင် အိမ်ကို ပြန်လာကြပြီး ဟန်မပျက်နေလိုက်ကြပေမယ့် အားလုံး၏မျက်နှာပေါ်မှာ





ခရီးတစ်ခုမှာ ပြန်လာသူတစ်ယောက်လို ပင်ပန်းနွမ်းနယ်နေကြသည် ထင်။

"ခေါင်ငြိမ်းကြည့်ရတာ ပင်ပန်းနေသလိုပဲ အပြင်က အခုမှ ပြန်လာတာဘွားဟင်"

"ဟုတ်...အဲလေ မဟုတ်ပါဘူး မေ့ရယ်၊ ဒီနေ့တစ်နေ့လုံး အိမ်က ဘယ်မှမသွားပါဘူး"

"သိပါဘူး၊ မေ့က ဘွားနဲ့များ အပြင်သွားကြသေးသလား လို့ပါ၊ နေထိုင်မကောင်းဘူး ပင်ပန်းနေရင်လည်း ဆေးစောအနားယူ လေ၊ ဘွားမေးရင် မေ့ ပြောလိုက်မယ်"

"ရပါတယ် မေ့ရဲ့၊ ခေါင်ငြိမ်း ဘာမှမဖြစ်ပါဘူး"

"မမနွေ...ဖုန်းလာနေပါတယ်"

"အေး...လာပြီအသိန်း"

မေ့သခင် အနားကထွက်သွားမှ ခေါင်ငြိမ်းလည်း ဟင်းခနဲ သက်ပြင်းချလိုက်သည်။ အဖြစ်က မလွယ်ပါလား။ ပဲလှော်ကြား က ဆားမဖြစ်အောင် မြေအဘွားနှစ်ယောက်ကြားမှာ သတိနဲ့နေမှ ဟု ကိုယ့်ကိုယ်ကို ပြန်သတိပေးနေရသည်။

"မငြိမ်းရေ"

ဟော...ဘွားခေါ်နေပြီ။

"လာပါပြီ ဘွား"

ပေါ့ပါးသွက်လက်စွာ ဘွားရှေ့ရောက်သွားတော့ အိပ်ရာ ထက်မှာ လဲလျောင်းနေသော ဘွားကို စဉ်းစားခန်းဝင်နေဟန်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



နဖူးပေါ်လက်တင်ထားသည့် အနေအထားဖြင့် တွေ့လိုက်ရသည်။

"မေ့က ဘာတွေပြောသေးလဲ"

"ဘာမှမပြောပါဘူး ဘွား"

"အေး...ငါတို့ သူနောက်ကိုလိုက်တာ လုံးဝမသိစေနဲ့ ဟုတ်လား၊ သွား...သွား"

လက်ကလေး ခါပြလိုက်သော ဘွားပုံစံကိုကြည့်ပြီး မငြိမ်းမှာ ဘွားကို သနားလည်းသနား ရယ်လည်းရယ်ချင်နှင့် ငိုရခက် ရယ်ရခက် ဖြစ်ရပါသည်။

ဩော်...ဒီမြေးနဲ့ ဒီအဘွား ဘယ်တော့များမှ တစ်ယောက်ကိုတစ်ယောက် နားလည်မှုရကြမှာပါလိမ့်မလည်းနော်။

ဘွားအခန်းတံခါးကို အသေအချာပြန်ပိတ်ပေးရင်း မငြိမ်းတွေးလိုက်သော အတွေးဖြစ်ပါသည်။ မေ့သခင်ကတော့ ထိုအဖြစ်အပျက်များအားလုံး ဘာတစ်ခုမှ မသိသလို ရိပ်လည်းမရိပ်မိပါ။

သူမ သူငယ်ချင်းအပေါင်းအသင်းများ ကြားမှာ လွတ်လပ်ပျော်ရွှင်နေပါသည်။ ဘွားတို့လူစု မေ့နောက်ကို အခုလိုလိုက်ပါနေမှန်းမသိဘဲ ကိုယ့်အာရုံနှင့်ကိုယ် ရှိနေချိန်မှာ မေ့သခင်နောက်ကို ရှဲဒိုးခံလိုက်နေသော ကားနှင့် ကားပေါ်ကလူများထဲ စိတ်ဝင်စားနေသူတစ်ယောက် ရှိနေပါသည်။

ထိုသူက တခြားသူမဟုတ်။

စမ်းနွဲဒီဆိုသည့် ရွှေမင်းသားဖြစ်သည်။ အစတုန်းကတော့ ဘာရယ်မှန်းမသိရ။ ကားတစ်စီးနှင့် လူတစ်စု၏ မရိုးသားသော





လှုပ်ရှားမှုတွေကို စမ်းနွဲဒီ မျက်စိရှေ့မှာ တွေ့မြင်နေရတာမို့ ကြည့်မိကြည့်ရာ ကြည့်ရင်း တဖြည်းဖြည်း သူတို့လှုပ်ရှားမှုအပေါ်မှာ စိတ်ဝင်စားလာမိခြင်းဖြစ်သည်။

လှုပ်ရှားမှုတွေက မိုးကြောင်းနိုးမှုတ်ဖြစ်သလို ဝတ်စားဖြင်ဆင်ထားပုံတွေကလည်း တမင်ရုပ်ဖျက်ထားမှန်း သိသာစေသည့်အတွက် ဒီလူစု လှုပ်ရှားမှု ဘယ်သူ့ကို ဦးတည်သလဲ၊ စိတ်ဝင်စားလာရင်း နောက်ဆုံး မေ့သခင်ဆိုသည့် မိန်းမလှလေးအပေါ်မှာ ကျရောက်လာစေသည့် အန္တရာယ်ဟု သိရှိလာရခြင်းတည်း။

ဘယ်သူတွေလဲ။

ဘာအတွက် မေ့သခင်လို မိန်းမလှလေး သွားရာနောက်ကို နောက်ယောင်ခံလိုက် ချောင်းမြောင်းလေ့လာ ကြည့်ရှုနေရတာလဲ။ သေချာရိုးသားမှုရိုးဆိုလျှင် ဒီလိုကိစ္စတွေ ဖြစ်ပေါ်လာနိုင်စရာမရှိသဖြင့် အခုကိစ္စမှာ လုံးဝရိုးသားမှုမရှိတာကို တွေးမိလာခြင်းဖြစ်သည့်အတိုင်း မေ့သခင်ဆိုသည့် မိန်းမလှလေးကို ကြိုတင်သတိပေးမှု တစ်ခုခုပြုရန် သူဘာသာ တိတ်တဆိတ် ဆုံးဖြတ်လိုက်သည်။

တကယ်တော့ စမ်းနွဲဒီအဝမှာ ဘယ်မိန်းကလေးကိုမှ စိတ်ဝင်စားခြင်း မရှိခဲ့ပါ။ ထူးထူးခြားခြား မေ့သခင်ဆိုသည့် မိန်းမလှလေးနှင့် ပတ်သက်နေသော လျှို့ဝှက်လှုပ်ရှားနေသော လူတစ်စုကြောင့် မေ့သခင်အပေါ်မှာ စတင်စိတ်ဝင်စားလာရသူ ဖြစ်သည်။

မေ့သခင်တဲ့...။



www.burmeseclassic.com

www.burmeseclassic.com



နာမည်လေးလှသလို လူလေးကလည်း လှသည်။ ဗိုဇ္ဇ တိကျွှာ ဆိုရမည်ဆိုလျှင် ကလေးဆန်လွန်း၍ ရိုးသားဖြူစင်လှသော မေသခင်ပုံစံလေးက စစ်နဒီစိတ်ကို လှုပ်ရှားစေနိုင်သူဆိုလျှင် မမှားပါ။

ဟော...။

စစ်နဒီ မျက်ခုံးထူများ တွန့်ခဲ့ ဖြစ်သွားသလို ကိုယ်ခန္ဓာမှာလည်း ဒေါသတစ်ခဲ့ဖြစ်သွားသည်။ မေသခင်ကားလေးက သူ့ကား ရှေ့တည့်တည့်မှာ ရပ်တန့်သွားသည်ကိုး။ ကားပေါ်မှ မေသခင် ဆင်းမလာခင် စစ်နဒီတစ်ယောက် သူမရောက်ပါး မလှမ်းမကမ်းဆီမှာ လိုက်ပါလာတတ်သော ကားကို အမြေးအလျှား ရှာကြည့်လိုက်မိသည်။

တွေ့ပါပြီ။

သူတို့ကားနှင့် ခပ်လှမ်းလှမ်းမှာ ထိုကားရပ်တန့်သွားတာမို့ စစ်နဒီလည်း သူ့ကားပေါ်မှ ဆင်းလိုက်သည်။ ဖြစ်ချင်တော့ တိုက်ဆိုင်စွာပင် မေသခင်ကလည်း သူမကားလေးပေါ်က ဆင်းလာသည်နှင့် ဆုံမိကြသည်။

ရုတ်တရက် စစ်နဒီ ဘာလုပ်ရမှန်းမသိ။ မေသခင်ကို သူတစ်ခုခု ပြောချင်နေသည်။ သတိပေးချင်နေသည်ဆိုလျှင် ပိုမှန်မည်ထင်သည့်အတွက် သူ့ဘာမှ စဉ်းစားမနေတော့ဘဲ ခြေလှမ်းကျဲကြီးများဖြင့် မေသခင်ရှိရာကို လျှောက်သွားလိုက်ပြီး မေသခင်ရှေ့တည့်တည့်မှာ ခပ်တည်တည် ဝိတ်ရပ်လိုက်သည်။





"ဒီမှာ...ခင်ဗျာ"

သူ့အသံကြောင့် မေသခင်က သူ့ကို မော့ကြည့်သည်။

"ဘာလဲဟင်"

သူမတစ်ခါမှ မမြင်ဘူးသော လူကောင်ယောက်ကြောင့် မေသခင် နည်းနည်းတော့ ကြောင်သွားပြီး ပြန်မေးလိုက်သည်။

"ဪ...အကူအညီတစ်ခုလောက် တောင်းချင်လို့ပါ၊ ကျွန်တော့်ဖုန်း ဓါတ်ခဲကုန်နေလို့ ဒီကဖုန်းကို ခဏသုံးလို့ ရနိုင်မလားလို့ပါ"

"ဪ...ရပါတယ်ရှင်၊ ပြောပါ"

မေသခင်လက်ထဲက ဖုန်းလေးကို တစ်ဖက်လူလက်ထဲ လွယ်ကူချောမောစွာ ထည့်ပေးလိုက်သည်နှင့် သူက နံပါတ်တစ်ခုကို နှိပ်ပါသည်။

"ဖုန်းခေါ်လို့မရဘူးဗျာ...စက်ပိတ်ထားတယ်၊ ကျေးဇူးတင်ပါတယ်"

"ရပါတယ်၊ ခွင့်ပြုပါဦးနော်"

ဖုန်းလေးကို လှမ်းယူပြီး သူ့နားက မေသခင် ထွက်လာခဲ့ပေမယ့် သူက နေရာမှာ ကျန်ရစ်ခဲ့တာမဟုတ်ဘဲ မေနှင့်အတူ လျှောက်ရင်း လိုက်ပါလာတာမို့ မေ့စိတ်ထဲမှာ ထူးဆန်းအံ့ဩသွားမိသည်။

"ကျွန်တော့်နာမည် စစ်နဒီပါ မေသခင်"

"ရှင်က မေ့နာမည်ကို သိနေတယ်ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



စံနှင်းဆိုသူကို မေသခင် ပိုရှုံ့အံ့ဩစွာ သူ့မျက်နှာကို မော့ကြည့်လိုက်သည်။ အရပ်ကြီးကလည်း မြင့်လိုက်တာ။

"မေသခင်လို့ မိန်းမလှလေးတစ်ယောက်ရဲ့ နာမည်ကို သိနေတာ မဆန်းပါဘူးဗျာ၊ ဆန်းနေတာက မေသခင်နောက်ကို လှတစ်ခု နောက်ယောင်ခံလိုက်နေတာ မေသခင်သိလား"

"ရှင်"

"စံနှင်းပြောတာ မေ နားမလည်ဘူးရှင့်၊ မေ့ကို ဘာပြောတာလဲ"

"ဟော...ဟိုမှာ လာ...လာ မေသခင်"

"အို...ဒါကဘာလုပ်တာလဲရှင့်၊ မေ့လက်ကိုလွှတ်ပါ"

ပြောပြောဆိုဆို စံနှင်းဆိုသူက မေသခင်လက်ကလေးကို ပိုင်စိုးပိုင်နင်း ဆုပ်ကိုင်ဆွဲယူပြီး လှရှင်းသည့် လမ်းရိုးဘောင်ကွယ်တစ်နေရာထဲကို လှမ်းခနဲ ဝင်ခြေးတာမို့ မေသခင်မှာ သူ့ဆွဲခေါ်ရာနောက်ကို ဘုမသိဘမသိ လိုက်ပါလာရင်း မျက်နှာနီနီလေးဖြင့် ရှန်းကန်ဟန်အောင်လျက် အတူပါလာရခြင်းဖြစ်ပါသည်။

"ရှူး...မေသခင်၊ ကျွန်တော့်ကို တစ်မျိုးမထင်ပါနဲ့သိလား၊ ဟိုမှာ မေသခင် သွားရာနောက်ကို ခိုးရိုးလိုက်ပြီး ချောင်းနေတဲ့ကား မြင်လား"

စံနှင်းက မေသခင် လက်ကလေးကို လွှတ်ပြီး သူတို့ရှိနေသည့် နေရာကို ဘီးလိမ့်သည်ဆိုရုံလေး ကျော်ဖြတ်သွားသော ကားကိုပြလျက် ဆိုလိုက်ခြင်းဖြစ်ရာ မေသခင်မှာ ဘာကိုမှ နားမ





လည်နိုင်ဘဲ စံနှင်းဆိုသည့် ကိုလူချော၏ မျက်နှာကိုသာ ခပ်အမ်းအမ်းလေး မော့ကြည့်လိုက်ရင်း သူ့မလက်ကလေးကိုသာ စံနှင်းလက်ထဲက အသာရုန်းယူလိုက်သည်။

"ဟောဒီ...ဟိုကားက မေသခင်နောက်ကို လိုက်နေတာ တွေ့တယ်မဟုတ်လားဟင်"

"မဖြစ်နိုင်တာရှင်...မေ့နောက်ကို ဘယ်ကားမှ မလိုက်ပါဘူး၊ ရှင်စိတ်ထင်တာ ဖြစ်ပါလိမ့်မယ်"

မေသခင်က သူ့မျက်နှာကို မော့မကြည့်ဘဲ ဆိုလိုက်တော့ စံနှင်းမျက်နှာချောချောမှာ မှုန်တည်သွား၏။

"မင်းက တို့ပြောတဲ့စကားကို မယုံဘူးပေါ့ ဟုတ်လား"

မေသခင် မဖြေတတ်ပါ။

ဘာဖြေရမှန်းလည်း မသိ။ ဒါကိုပဲ စံနှင်းရင်ထဲမှာ ခံပြင်းဒေါသဖြစ်နေပါသည်။

"အကြောင်းမရှိ အကြောင်းရှာပြီး ဓာတ်လမ်းဆွင်ပြီး မင်းနားကို ကပ်လာတယ်လို့ မထင်ပါနဲ့ မေသခင်၊ တို့ပြောနေတာ အတယ်ပါ၊ ဟော ဟိုကား ပြန်တွေ့လာပြီမြင်လား"

ဒေါသနှင့် ခံပြင်းစွာဆိုနေရာမှ စောစောကကား ပြန်တွေ့လာတာကိုကြည့်ပြီး စံနှင်း ဆိုလိုက်ခြင်းဖြစ်သလို မေသခင်ကိုလည်း ပြလိုက်သည်။

မေသခင် လှမ်းကြည့်လိုက်တော့ စံနှင်းပြောသလို ကားတစ်စီး ဖြည်းဖြည်းချင်း ဖြတ်မောင်းသွားတာကို မြင်ရပြီး ကားသ



www.burmeseclassic.com

www.burmeseclassic.com



မှ ခေါင်းနှစ်ခု ပူးကပ်ကာ မေ့သခင်တို့ရှိနေသည့် ဘက်ကို ဈွေဈွေစောင်းစောင်း ကြည့်သွားပုံကလည်း သိသိသာသာကြီး ဖြစ်နေတာမို့ မျက်မှန်မည်းကိုယ်စီ ဦးထုပ်တွေနှင့် အင်္ကျီပွပွကြီးများကြားမှာ ဘယ်သူဘယ်ဝါ ခန့်မှန်းရခက်လှသည့်အဖြစ်ပါ။

ကားကိုတော့ မေ့သခင် တစ်ခါမှလည်း မမြင်ဘူး။ သိလည်းမသိ။ ကားမောင်းသူကိုလည်း မမြင်ရနှင့်။ တစ်ခုခုတော့ တစ်ခုခုပဲဆိုတာ တွေးနေမိပေမယ့် ထိုတစ်ခုခုမှာ ဘာရယ်လို့ သေချာရေရာစွာလည်း မသိဘဲ ဖြစ်နေပါသည်။

"မြင်တယ်မဟုတ်လား…မယုံရင် မင်းဘာသာ ကားရှိရာကို ပြန်သွားကြည့်၊ မင်းကားနောက်က သူတို့လိုက်လာကြလိမ့်မယ်"

"ဖာင်"

စစ်နဒီမျက်နှာက ခပ်တည်တည်။ စောစောကလူတွေက ဘယ်သူတွေမှန်းမသိ။ မျက်လုံးအကြောင်သားနှင့် အနားကလူကို မော့ကြည့်မိ၏။ စစ်နဒီကလည်း လှပသော မေ့သခင်ကို ပြန်လည်၍အကြည့် မျက်ဝန်းခြင်း ဆုံစည်းသွားသည့်အချိန်မှာ ဘွားတစ်ယောက်မျှ ကားပေါ်မှဆင်းမည့် ဂကဲကဲလုပ်နေပုံကြောင့် ဦးစိန်နှင့် ခေါ်ငြိမ်းတို့ ခြေမကိုင်မိ လက်မကိုင်မိ ပျာယာခတ်ရကြပါသည်။

"မလုပ်ပါနဲ့ မမရဲ့၊ မဆင်းပါနဲ့၊ တော်ကြာ ကျွန်မတို့ကို မေ့လေး တွေ့သွားမှ ခက်နေပါဦးမယ်"





"ဘာခက်ရမှာလဲ…ဖယ်စမ်း၊ ငါ့ကိုလွှတ်ကြ၊ ဟိုမှာမြင်လား၊ လူမြင်ကွင်းကြီးထဲမှာတောင် မေ့လက်ကို ပိုင်စိုးပိုင်နင်း ဆွဲသွားရုံမကဘူး ဘယ်သူမှ မမြင်နိုင်တဲ့ ချောင်ကြိုချောင်ကြားထဲ ခေါ်သွားလိုက်တာများ၊ အမယ်လေး…ပြောရင်းနဲ့တောင် ရင်တွေ တုန်လာရပါပြီနော်"

တကယ်လည်း ရင်တွေခုန် ရင်တွေတုန်လာတာမို့ ဘွားမင်းခင် သူ့ရင်ဘတ်ကို လက်တလေးနှင့် ဖိတားရပြန်ပါသည်။

"စိတ်ကိုလျှော့လိုက်ပါ မမရယ်၊ လျှော့လိုက်ပါ၊ တော်ကြာ မမတစ်ခုခုဖြစ်သွားရင် မခက်လား၊ မေ့က ဒီလောက်မမိုက်ပါဘူး မမရယ်"

"ဘာ"

"မမိုက်ဘူး ဟုတ်လား၊ ငါတို့မျက်စိရှေ့မှာ ညည်းရဲ့ မေ့သရင်ကို သူ့အကောင်က ပိုင်စိုးပိုင်နင်း ဆွဲခေါ်သွားတာ မမိုက်သေးဘူးလား"

"လူမမြင်ကွယ်ရာများဖြင့် မဖြစ်…မဖြစ်ဘူး၊ ငါ အခုပဲ ဆင်းသွားပြီး ငါ့မြေးလေးကို သွားခေါ်စမ်းမယ်"

"မမ…မမ"

"ဦးစိန် ကားကိုမောင်း…မောင်း"

"ဟဲ့…ကားကိုအခုရပ်စမ်း"

"မရပ်နဲ့…မရပ်နဲ့"

ဘွားနှင့်ခေါ်ငြိမ်း ကားထဲမှာ ရန်းရင်းဆန်ခတ် ဖြစ်နေကြို့



www.burmeseclassic.com

www.burmeseclassic.com



အခြေမလှတော့သည့်အဆုံး ခေါင်ငြိမ်းက ဦးစိန်ကို အမိန့်ပေးပြီး ကားကို နေရာမှ အမြန်ဆုံးထွက်ခိုင်းလိုက်ရာ ဘွားက ခေါသနှင့် ပြောဆိုရင်း မကျေမနပ်ပါလာခြင်းဖြစ်သည်။

"ကြည့်စမ်း…ကြည့်စမ်း နင်တို့က အလိုတူအလိုပါ၊ ပြောစမ်း…ပြောစမ်း ဟိုအကောင်နဲ့ မေ့ ချစ်သူဖြစ်နေတာ နင်တို့ အကြောင်းထဲက သိနေကြတာမဟုတ်လား"

"မဟုတ်ရပါဘူး မမရဲ့၊ မမထင်သလို မဟုတ်ပါဘူး"

ခေါင်ငြိမ်းမှာ လက်ကလေးတဖားဖားနှင့် ဆိုလိုက်သည်။ ဘွားက ခေါသဖြင့် မျက်မှန်တွေ၊ ဦးထုပ်တွေ ချွတ်ပြီး သူ့ခံ့၊ သူ့သဘောအတိုင်း ဘာတစ်ခုမှ လုပ်ခွင့်မရလိုက်တဲ့ နေရာမှ ကားဖြင့် ဖွတ်အတင်း မောင်းပြေးလာနိုင်းသော ခေါင်ငြိမ်းကို မျက်လုံးပြူးကြီးဖြင့် စေ့စေ့ကြည့်ရင်း ခေါသတွေထွက်ပြီးရင်း ထွက်နေပါသည်။

"ညည်း…ညည်း ငါ့ကိုညာတာ၊ လိမ်နေတာ၊ ဒါကြောင့် သူတို့နှစ်ယောက်ထဲ လွတ်လပ်ချင်တိုင်း လွတ်လပ်ခွင့်ရအောင် မေ့သခင်ပြောသမျှ ညည်းကခဲ ငါ့ကို လက်ခံလိုက်ပါဘာ ညာနဲ့ ပြောခဲ့သမျှ ငါမှာတော့ အဟုတ်မှတ်ပြီး ယုံလိုက်ရတာ၊ အခုမှ သားသမီးယုံတော့ စုံလုံးကန်းတဲ့ဘဝ ရောက်ရပါပေါ့လား မငြိမ်းရဲ့၊ ကောင်းကြသေးရဲ့လားဟင်"

"အခု ညည်းတို့ မေ့သခင်လုပ်ပုံက မြင်လို့ကြည့်လို့ ကောင်းသေးရဲ့လား မငြိမ်းရဲ့"





ခေါသတွေ ဖွတ်ကြီးနေသော ဘွားကို ဘာတစ်ခွန်းမှ ပြန်မပြောရဲသည့်အတိုင်း နေရာမှ ငြိမ်ကုတ်လျက် ဆူသမျှ ငေါက်သမျှ ဘွားစိတ်ကျေနပ်အောင် မျက်နှာငယ်လေးနှင့် ငြိမ်ခံနေရသူက ခေါင်ငြိမ်းပါ။

ကိုယ်တိုင်ကလည်း မေ့သခင်မှာ ချစ်သူရည်းစား ရှိနေသည်ဆိုလို့လည်း သိခဲ့ရတာလည်းမဟုတ်။ ဒီမြေနဲ့ ဒီအဘွား မြှမြှပြလည်ကြပါစေတော့ဆိုလို့ စေတနာနှင့် ကြားဝင်ပေးကာမှ မေ့သခင်လုပ်ပုံကြောင့် ခေါင်ငြိမ်းနှင့်ဘွားတို့ကြား စိတ်ဝမ်းကွဲအောင် ဖြစ်လာရခြင်းမို့ ဘွားကျေနပ်အောင် ဘာတစ်ခုမှ ရှင်းပြ လွှဲချတ်မပေးနိုင်ဘဲ နှုတ်ဆွံ့အနေသည်။

"အခုတော့ ညည်းလည်း ငါ့ကို ဘာမှပြန်မပြောနိုင်တော့ဘူး မဟုတ်လားဟင်"

"အမယ်လေး…ငါ့ကိုက အသက်ကြီးမှ ကဲဆိုးတာပါ၊ သေစမ်းဟဲ့…သေလိုက်စမ်း"

"မမ…မမ"

"ဦးစိန်…ဦးစိန် ဒီမှာ မမ ဘာဖြစ်မှန်းမသိဘူး၊ လုပ်ပါဦး"

"အေး…အေး"

"ကျွီး"

ကားကို လမ်းဘေးတစ်နေရာမှာ ထိုးရပ်ရင်း မူးမေ့မတတ် ဖြစ်သွားသော ဘွားမင်းခင်ကို တတ်သမျှ မှတ်သမျှ ပြုစုပြီး



www.burmeseclassic.com

www.burmeseclassic.com



အိမ်ကို အမြန်ဆုံးပြန်ခဲ့ကြသည်။

လူမောလုံးလုံး ဖြစ်သွားရှာသော ဘွားတစ်ယောက် အိပ်ရာထဲမှာ ပျော့ခွေငြိမ်သက်နေပုံကို ကြည့်ပြီး အေါငြိမ်းမှာ မေ့သခင်ကို ဤမျှမိုက်မဲရပါမည်လားဟု စိတ်ထဲက ကျိတ်အပြစ်တင်နေရင်းကပင် အင်း…သူလည်းလေ လောကီသားပေမို့ ချစ်ချင်ရှာမည်ဟုတွေးကာ နှစ်ဖက်အရေးမှာ ဘယ်ဘက်ကမှ အလေးမသာနိုင်ဘဲ သက်ပြင်းကိုသာ ဟင်းခနဲ မြည်အောင် ချလိုက်မိ၏။





## အခန်း (၄)

"ဘယ်သူတွေလဲ မသိဘူးနော်"

"အင်း…မေ့လည်းမသိဘူး၊ ဒါမျိုးလည်း တစ်ခါမှ မကြုံဘူးတော့လေ၊ မေ့ဖြင့် အရမ်းကိုလန့်သွားတာပဲ"

မှန်သောစကားကို ဆိုလိုက်ခြင်းပါ။

မေ့သခင် ဘဝတစ်သက်တာမှာ တစ်ခါမှ မကြုံဘူးသော အဖြစ်မို့ အနားမှာ အတူရှိနေသော စစ်နဒီဆိုသည့် ကိုလူချောကိုလည်း စိတ်ထဲက ကြိတ်ပြီး ရှက်နေမိသည်။

ဘယ်နှယ့် မေ့သခင်ကြမှ ဘယ်လိုအဖြစ်တွေနှင့် လာကြုံတွေ့နေရသည်မသိပါ။ ဘယ်သူမှ မေ့သခင်လို့လည်း ကြုံဖူးကြမည်မထင်။ စစ်နဒီဆိုသူရဲ့စိတ်ထဲမှာ မေ့သို ဘယ်လိုမိန်းကလေးဝါလိမ့်ဟု တွေးနေရခက်မည်။



www.burmeseclassic.com

www.burmeseclassic.com



နေခြင်းကြောင်တောင် မေ့သခင်နောက်ကို ရှဲဒိုးလိုက်ကြည့် မည့်သူ ရှိနေသည်ဆိုတော့ မေ့သခင်ကိုများ မှောင်ခိုရာဇာကြီးတစ်ခုခုရဲ့ သမီးလို့များ ထင်နေမည်လား။

ဒါမှမဟုတ် နောက်ကြောင်းမရှင်းလင်းသော ဇာတ်လမ်း ခပ်ရှုပ်ရှုပ်ထဲကများ ထင်နေမလား။ သေချာရေရာစွာ မပြောနိုင်ပေမယ့် မေ့သခင်ကို ကြည့်လာသည့် စစ်နဒီ၏ မျက်လုံးအစုံကတော့ နူးညံ့သိမ်မွေ့ခြင်းတွေနှင့် ရွှန်းလဲ့တောက်ပလို့လေ။

"ရုပ်ရှင်တွေကလို…မေ့သခင်ကို ပြန်ပေးတွေဘာတွေများ ဆွဲချင်လို့လားမှ မသိတာ"

"မဖြစ်နိုင်တာရှင်…ဒါ နိုင်ငံခြားမဟုတ်ပါဘူး၊ မြန်မာနိုင်ငံပါ"

"အဟွန်း…ဟွန်း…ဟွန်း"

မည်းနက်ဝိုင်းစက်သော မျက်ဝန်းပြာကြီးတွေနှင့် အလန့်တကြား ဆိုလိုက်ပုံလေးမှာ လှပသစ်လွင်လွန်းသဖြင့် စစ်နဒီသဘောကျစွာ ရယ်မောလိုက်မိခြင်းဖြစ်သည်။

လှလိုက်တာ…။

သူတွေ့ဖူးတဲ့ မိန်းကလေးတွေနှင့် မတူသော အလှဟု တွေးနေမိသည်။ အနီးကပ်ကြည့်မှ ပိုလှသည်။

"အခုလို ကူညီပေးတဲ့အတွက် စစ်နဒီကို ကျေးဇူးတင်ပါတယ်ရှင်၊ မေ့ကို ခွင့်ပြုပါဦးနော်၊ အိမ်ပြန်နောက်ကျရင် ဘွားဘာ စိတ်ပူနေမှာစိုးလို့ပါ"





"ကောင်းပါပြီဗျာ"

စစ်နဒီဆိုသူ ကျန်ရစ်ခဲ့သည်။ မေ့သခင် တစ်လမ်းလုံး ဒီနေ့ဖြစ်ပျက်ခဲ့ရသမျှ မကြုံဖူးသည့်အဖြစ်ကို တွေးနေမိသည်။

ဘယ်သူတွေလဲ။

ဘာဖြစ်လို့ မေ့နောက်ကို လိုက်နေကြတာလဲ။ ဘွားသာ ဒီအကြောင်းတွေသိရင် မေ့သခင်ကို ကျောင်းသွားဖို့မပြောနဲ့ အိမ်ထဲကအိမ်ဖြင်တောင် ထွက်ခွင့်ပြုတော့မှာ မဟုတ်တာ သေချာသည်။

စိတ်ညစ်လိုက်တာနော်။

ပျော်ရတော့မည်ရယ်လို့မှ မကြံရသေး။ နောက်ထပ် ပြဿနာတစ်ခုက မေ့သခင်အတွက် အသင့်စောင့်ကြိုနေသလား ထင်ရသည်။ ဒီပုံအတိုင်းဆိုရင် ဘွားတို့ကို အရင်ပုံစံအတိုင်း မေ့သခင်နှင့် တစ်ပါတည်း ခေါ်သွားတာကမှ ကောင်းဦးမည်ထင်။

ခြံထဲကို ကားကွေ့ဝင်လိုက်တာနှင့် ဒါကိုင်းလို ဘွားကို မေ့သခင် ပြန်အလာကို ဟိုဟာလုပ်သလို ဒီဟာလုပ်သလိုနှင့် စောင့်ကြိုနေဟန်ကို မတွေ့ရသဖြင့် မျက်ခုံးလေး တွန့်သွားမိသည်။

ဘယ်လိုဖြစ်တာပါလိမ့်။

ဘွားတစ်ယောက် နေမကောင်းရဲ့လားမသိ။ မနက်ကလည်း ကျောင်းသွားခါနီး ဘွားကို သွားနှုတ်ဆက်တော့ ဘွားကို သူ့အိပ်ရာထက်မှာ ပုတီးလေးနှင့် ငြိမ်ငြိမ်သက်သက်လေး တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘွား…နေမကောင်းဘူးလား" လို့ မေးတော့ မဖြေဘဲ လက်ကလေးကာပြပြီး မေ့ကို စကားမပြောချင်သလို အမူအရာဖြင့် ပြန်ထွက်သွားခိုင်းတာမို့ မေ့ စိတ်မကောင်းဘဲ ဘွားအခန်းက ပြန်ထွက်ခဲ့ရသည်။

အခုလည်း ဘွားကို တွေ့နေကြနေရာလေးမှာ မတွေ့ရ တော့ ရင်အပူသားပင်။ ကားကို ကမန်းကတန်းလေးရပ်ပြီး အိမ်ထဲကို အပြေးလေးဝင်ခဲ့သည်။ ရုတ်တရက် ဘယ်သူ့ကိုမှမတွေ့။

"ဒေါ်ငြိမ်း…ဒေါ်ငြိမ်း"

"လာပြီမေ့ရေ…ဘွားနေမကောင်းလို့ ပြုစုနေရတယ်"

"ဟင်"

"ဘွားနေမကောင်းဘူး ဟုတ်လား"

သူမထင်ထားသည့်အတိုင်း ဖြစ်နေ၍ မေ့သခင် မျက်နှာ လှလှလေး ပျက်သွားသည်။ ဘွားသာတစ်ခုခုဖြစ်ရင် မေ့အဖြစ် ဖြစ်တော့မည်။ အခုလို ဘွားဖြစ်ရသည်မှာလည်း တခြားသူကြောင့် မဟုတ်ဘဲ မေ့ကြောင့်ဆိုတာ သူမကိုယ်တိုင်လည်း အသိသားပင်။

"ဘာဖြစ်တာလဲဟင် ဒေါ်ငြိမ်း၊ ဘွားအတွက် ဆရာဝန် မခေါ်ဘူးလား"

"မမက မခေါ်ရဘူးတဲ့ မေ့လေးရယ်၊ သူ့ရောဂါကလည်း မေ့သိတဲ့အတိုင်းပဲလေ"

"မေ့ ဘွားဆီသွားတွေ့လိုက်ဦးမယ်"

"အေး…အေး မေ့အတွက် သံပရာရည်အေးအေးလေး





ဒေါ်ငြိမ်း ယူလာပေးမယ်"

မြေးအဘွားနှစ်ယောက်၏ သံယောဇဉ်ကို သိထားသော ဒေါ်ငြိမ်းတစ်ယောက် မီးဖိုဆောင်ကို အေးအေး ဝင်ခဲ့သည်။ မေ့သခင်ကြောင့် ဖြစ်နေရသော စိတ်ဝေဒနာကို ကောင်းအောင် ကုသပေးနိုင်မည့်သူမှာ ဘွား၏အချစ်ဆုံး မြေးလေးပဲ မဟုတ် လား။

ဒါကို ဒေါ်ငြိမ်းသိသလို မေ့သခင်လည်း သိမည်ထင်ပါ သည်။ နေ့ခင်းကအဖြစ်ကြောင့် ဘွား အတော်လေး စိတ်ထိခိုက် ပြီး ခံစားကြေကွဲသွားတာ ဒေါ်ငြိမ်းတို့ကိုယ်တွေ့မို့ ဘွားကို အိပ်ရာ ထဲအရောက် မနည်းတွဲပို့ပေးလိုက်ရသည်။

လူမမာတစ်ယောက်လို ပျော့ခွေသွားသော ဘွားနားက ခွာရဲ။ အခုတော့ မေ့လေးလည်း ပြန်လာပြီမို့ သူတို့မြေးအဘွား ပြောချင်ရာပြောကြပါစေဟု သဘောထားကာ ထမင်းစားခန်းမှာ ခပ်ကြာကြာလေး နေလိုက်သည်။

"ဘွား"

မေ့သခင်က ဖြူဖျော့လှသော ဘွားနား အပြေးရောက်သွား ကာ ဘွားလက်ကလေးကို ဆုပ်ကိုင်လိုက်တော့ ဘွား၏ မှေးမှိတ် ထားသော မျက်ဝန်းအစုံ ပွင့်လာပြီး မေ့သခင်မျက်နှာကို တစ်ခါမှ မမြင်ဘူးသူတစ်ယောက်လို အကြာကြီး ကြည့်နေပါသည်။

"နေမကောင်းဘူးဆို …မေ့ ဆရာဝန်ခေါ်လိုက်ရမလား ဟင်ဘွား"



www.burmeseclassic.com

www.burmeseclassic.com



"နေပါစေကွယ်"

"ဘွားနားမှာ မေ့လေးရှိရင် ဘွား နေကောင်းပါပြီ"

"ဘွားရယ်"

မေ့သခင်လက်ကလေးကို ဆွဲကိုင်ရင်း တိုးသက်ညင်သာစွာ ဆိုလာသော ဘွားစကားက မေ့သခင်ရင်ကို ထိနိုက်နာကျင်သွားစေသည်။

"မေ့ကို ခွင့်လွှတ်ပါဘွားရယ်၊ ဘွား ခုလိုဖြစ်ရတာ မေ့ကြောင့်ဆိုတာ မေ့သိပါတယ်"

ကိုယ့်အပြစ်ကိုယ် ဝန်ခံလိုက်သော မေ့သခင်ကြောင့် ဘွားရင်ထဲမှာ နည်းနည်းတော့ ဖြေသိမ့်မိသည်။ မေ့ခများ ကိုယ့်အမှားကိုယ် သိရှာသားနဲ့ မိုက်မဲလေခြင်းဟု တွေးသည်၊ တစ်ပြိုင်နက်ထဲမှာပင် မြေးဖြစ်သူလက်ကို ပိုင်စိုးပိုင်နင်း ဆွဲယူသွားသော မေ့ချစ်သူဆိုသည့် လူငယ်လေးကို မြင်ယောင်ရင်း ဘွားရင်မှာ တစ်ဆို့ဆို့ကြီး ဖြစ်လာပြန်သည်။

"မေ့မှာ ချစ်သူရှိနေပြီလား"

"ရှင်"

ကောက်ခါငင်ခါ မေးလိုက်သော ဘွားစကားကြောင့် မေ့ အံ့သြစွာ ဘွားမျက်နှာကို မော့ကြည့်မိသည်။ ရိုဝေမှုန်မှိုင်းသော ဘွားရဲ့မျက်ဝန်းအစုံဟာ အရောင်ဖျော့တော့လှချည်ရဲ့ စိတ်မှာအောက်မေ့ရင်း ဦးခေါင်းလှုလှုလေးကို ဘယ်ညာခါယမ်းပြလိုက်မိသည်။

"ဟင့်အင်း...မေ့မှာ ချစ်သူမရှိပါဘူး ဘွားရယ်၊ မေ့ အဲဒီလောက်အထိ မမိုက်ပါဘူး၊ ဘွားကိုပေးထားတဲ့ကတိ မပျက်စေရပါဘူး"

ကတိမပျက်စေရဘူး ဆိုပါလား။

ဘွားမင်းခင် မေ့သခင်မျက်နှာလေးကို သံသယအကြည့်တွေနှင့် အဖြေရှာသလို စေ့စေ့လေး ပြန်ကြည့်နေသည်။ ချစ်သူမရှိပါဘူးတဲ့။

မေ့သခင်ကိုယ်တိုင် ပြောလာသည့် စကားက ဘွားနားထဲမှာ ယုံရခက်ကြီးဖြစ်နေသည်။ မေ့တို့ချစ်သူ နှစ်ယောက်ကို ဘွားကိုယ်တိုင် တွေ့လိုက်ရတာပဲဟု ဖွင့်ပြောလိုက်ချင်ပေမယ့် စိတ်ကို ဝမ်းထဲမှာ မနည်းကြီး မျိုသိပ်ထားရသည့်အဖြစ်ပါ။

"မေ့ ဘွားကို မညာပါဘူးနော်"

မေ့စကားကို ထပ်ဆင့်အတည်ပြုလိုက်တော့ ဘွားလက်ကလေးတစ်ဖက်ကို မေ့က သူမပါးမှာကပ်ရင်း ဘွား၏မျက်နှာကို ငြိုးလျက်ကြည့်သည်။

"မေ့က ဘွားကိုလိမ်ပါ့မလား ဘွားရယ်၊ မေ့မှာ ချစ်သူရှိနေရင် ရှိတဲ့အကြောင်း ဘွားကို မေ့ကပြောမှာပေါ့လို့"

"ခုနတုန်းကတော့ ဘွားကိုပေးထားတဲ့ကတိ မပျက်စေရဘူးဆို"

"အဟင်း...ဟင်း...ဟင်း"

"ဟုတ်ပါတယ် ဘွားရဲ့၊ မေ့က သဘောပြောပြတာပါ၊ တကယ်လို့ မေ့မှာ ချစ်ရမယ့်သူရှိရင်လည်း ဘွားကို အရင်ဆုံး







www.burmeseclassic.com

www.burmeseclassic.com



အသိပေးတိုင်ပင်မှာပါ"

"မယုံပါဘူးအေ"

"ဘွားကလည်း"

ပြတ်တောင်းစွာဆိုလိုက်သော ဘွားစကားကြောင့် မေ့ ရယ်ချင်နေပေမယ့် ဘွားက မရယ်ပါ။ အခုတောင် ကောင်လေး တစ်ယောက်နဲ့ ဘွားကိုယ်တိုင် မေ့ကို တွေ့ခဲ့မြင်ခဲ့တာမို့ တကယ် တမ်း ချစ်သူရည်းစား ခိုးထားနေခဲ့ရင်လည်း မေ့သခင်တစ်ယောက် ဘွားကို ဖွင့်ဟတိုင်ပင်မည်မဟုတ်ကြောင်း ကိုယ်တိုင်ကြုံ၍ သိနှင့် ပြီးဖြစ်သည့်အတိုင်း မေ့စကားကို ချက်ချင်းလိုပင် ပယ်ချလိုက်တာ ဖြစ်သည်။

"အေးပေါ့လေ…အတောင်အလက်စုံတော့ မိဘရင်ခွင် ကို ခြေစုံကန်ချင်ကြပြီပေါ့"

"မဟုတ်ပါဘူး ဘွားရဲ့ မေ့မှာ အဲဒီစိတ်မျိုး မရှိပါဘူး"

"အေးလေ…ဘယ်လောက်ပဲ လိုတရပြည့်စုံအောင်ထား လည်း လွတ်လပ်မှုကို လိုချင်တမ်းတလာကြတာ သဘာဝပါ၊ ငါးရာနှစ်ဆယ့်ရှစ်ဆိုတာ ထောင့်ငါးရာအချစ်ကို လိုက်မမှီနိုင်ပေ ဘူး"

ဘွားက သူ့အမိပွားယ်နှင့်သူ ဆိုနေပေမယ့် မေ့သခင်က တော့ ဘွားမျက်နှာလေးကိုသာ သနားကြင်နာစွာ ငုံ့လို့ကြည့်နေမိ သည်။

သနားစရာကောင်းလိုက်တဲ့ ဘွား။ မြတ်နိုးတွယ်တာစရာ





ဆိုလို့ မေ့သခင်ကလွဲပြီး မရှိရာသလို မေ့ကိုယ်တိုင်ကလည်း ဘွားက လွဲပြီး တခြားသူမရှိသည့်အဖြစ်မို့ ဒီမြေးနှင့် ဒီအဘွားကသာ မှီခို အားထားရာ တွယ်တာမြတ်နိုးရာ ဖြစ်နေကြသည့်ဘဝပါ။

"မေ့မှာ တကယ်ပဲ ချစ်သူမရှိဘူးနော်"

"မရှိပါဘူး ဘွားရဲ့"

"သေချာရဲ့လား"

"သေချာပါတယ် ဘွားရယ်၊ မေ့မှာ ချစ်ရမယ့်သူမရှိပါ ဘူး၊ မေ့ချစ်သူထားရင် ဘွားက ကြိုက်မှာမဟုတ်ဘူးဆိုတာ မေ့သိပါ တယ်"

"ဒါကြောင့် ဘွားစိတ်ဆင်းရဲမယ့်အလုပ်ကို မေ့ ဘာတစ်ခုမှ မလုပ်ဘူးဆိုတာ ဘွား ယုံပါ"

လေးနက်စွာ မေ့ဆိုလိုက်သည့်စကားကို ဘွားက ဘာမှ မပြောဘဲ ငြိမ်သက်စွာ နားထောင်နေသည်။ တကယ်ပဲ မေ့သခင် မှာ ချစ်သူရည်းစား မရှိဘူးလားရယ်လို့ စဉ်းစားစရာဖြစ်ပေမယ့် ဒီနေ့ဖြစ်ပျက်ခဲ့သမျှကို ပြန်တွေးကြည့်မိတော့လည်း မေ့စကားကို လက်ခံဖို့ ခက်နေသည်။

"ဘွား…နေကောင်းအောင်နေပါနော်. မေ့ အဝတ်သွား လဲလိုက်ဦးမယ်"

"နေဦး…မေ့လေးရေ၊ ဟောဒီမှာ သံပုရာရည်၊ ဟောဒါ က မမအတွက် နို့ပူပူလေး"

"ငါမသောက်ချင်ပါဘူး မငြိမ်းရယ်၊ သွား…သွား



www.burmeseclassic.com

www.burmeseclassic.com



ပြန်ယူသွားချည်''

''ဘွားကလည်း ဒါလေးသောက်မှ အားရှိမှာပေါ့လို့၊ မေ့တို့ချစ်ရင် ဒါလေးသောက်လိုက်ပါနော်၊ ဘွားကို မေ့ကိုယ်တိုင် တိုက်မယ် ဟုတ်လား''

''ဘွား မသောက်ချင်ပါဘူး မေ့ရယ်''

''သောက်ပါ ဘွားရဲ့''

''ဟုတ်ပါတယ် မမရဲ့၊ မေ့လေး စိတ်ချမ်းသာအောင် သောက်လိုက်စမ်းပါ''

ဒေါ်ငြိမ်းက ဝင်ပြောနေသဖြင့် ဘွားမှာ နှစ်ယောက်နှင့် တစ်ယောက် ဖြစ်သည့်အတိုင်း အားသာသည့်ဘက်ကို အနိုင်ပေး လက်လျှော့ပြီး နွားနို့ခွက်ကို ယူသောက်လိုက်ရသည်။

''အေး…ဘွားကတော့ ကိုယ့်မြေးမလေး စိတ်ချမ်းသာ ပါစေတော့ရယ်လို့ အားလုံးကို အလိုလိုက်ထားပြီးပြီနော်၊ မြေး အလှည့်ကြရင်သာ ဘွားအကြီးကို စိတ်ဆင်းရဲအောင် မလုပ်နဲ့''

''စိတ်ချပါ ဘွားရဲ့၊ ဘွား စိတ်ဆင်းရဲအောင် မေ့ မလုပ်ပါဘူး''

လွယ်ကူစွာ ကတိပေးစကားဆိုလိုက်သော မေ့သခင်မှာ ဘွား၏ အဓိကရည်ရွယ်ရာကို သေချာရေရာစွာ မသိလိုက်ပါ။ မေ့၏ အိမ်ထောင်ရေးကိစ္စကို ပြောနေသည်ဟုလည်း မထင်။

ဘွား စိတ်ချမ်းသာအောင် ကတိစကားဆိုပြီးနောက် သူမ အိပ်ရာထက်မှာ စစ်နဒီဆိုသူနှင့် သူမနောက်ကို ထူးခြားစွာ ရှဲဒီး





ခံလိုက်နေသည်ဟု ထင်ရသူများအကြောင်းကိုသာ တွေးနေသည်။

စစ်နဒီတဲ့…။

အသားဖြူဖြူ၊ အရပ်မြင့်မြင့်၊ ၊ ချောချောနှင့် သူက မေ့လက်ကို ပိုင်စိုးပိုင်နင်း ဆွဲလို့လေ။ နှစ် ောက် တွေ့ကြရပုံက လည်း ခပ်ဆန်းဆန်း။ တွေးရင်း ပြုံးလိုက် ်၏။

မနက်ဖြန် သူနှင့်တွေ့ရဦးမည် ် သည်။ ပြီးတော့ မျက်မှန်မည်းနှင့်လူတွေ။ တွေးရင်း မေ့ရ ေ ဒ္ဒခုန်ပြီး စိတ်လှုပ် ရှားလာသည်။

ဒီတစ်ခါတော့ ထိုလူတွေကို မေ့ သေချာကြည့်ရမည်။ မေ့ဆိုတာ ကြောက်တတ်သူမဟုတ်။ ဒီရေ ဒီအခါ်ချိန်ထိလည်း ဘယ်သူနဲ့မှ ပြဿနာရှုပ်ဘူးတာလည်းမဟုတ ်။ ခြေရှင်းစရာ ကိစ္စ ရှိလျှင် မျက်နှာချင်းဆိုင်ပြီး ထိုလူတွေနှင့် ဖြေရှင်းပစ်လိုက်မည်။

ဘာသဘောနဲ့ မေ့နောက်ကို လိုက်နေတာလဲ။ ဘာကိစ္စ လဲဟု အပြတ်မေးပစ်လိုက်မည်ဟု စိတ်မှာ ေး ဘားလိုက်သည်။

ဦး ○ ဦး



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

" မသွားပါနဲ့လား မမရယ်၊ မမကိုယ်တိုင်ကလည်း နေကောင်းတာလည်း မဟုတ်ဘဲနဲ့ "

" မတားနဲ့...မတားနဲ့၊ မေ့ကို ဒီအတိုင်းပစ်ထားလို့ ဘယ်ဖြစ်မလဲ "

တားသည့်လူက တားသလို သွားမည့်သူကလည်း တကဲကဲမို့ ဒေါ်ငြိမ်းနှင့် ဦးစိန်မှာလည်း ဘွားကိုကြည့်ပြီး ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိအောင် ပျာယာခတ်နေရပါသည်။

ဒီတစ်ခါတော့ ဘွားက ဟန်ဆောင်နေမကောင်းတာ မဟုတ်။ တကယ်ကို နေမကောင်းထိုင်မသာ ဖြစ်နေတာမို့ အခုလောက် တားမြစ်ကန့်ကွက်နေကြရခြင်းပါ။

မေ့နောက်ကို လိုက်မည်တကဲကဲ လုပ်နေသည့်ပုံကို လည်း





ကြည့်ပါဦး။ သူ့ကိုယ်သူ ရုပ်ဖျက်ထားပုံကလည်း ဘွားအသက်အရွယ်၊ ဘွားရဲ့ဂုဏ်သိက္ခာနဲ့ လုံးဝလိုက်ဖက်တဲ့ ပြင်ဆင်မှုတွေက ဘွားရဲ့အသိမိတ်ဆွေတွေနဲ့သာ တွေ့မိမှဖြင့် ဘွားခမျာ ဘယ်လောက်များ အနေရခက် အကျပ်ရိုက်နေမည်လည်း မသိပါ။

မြေးကိုချစ်သည့် စိတ်ဇောဖြင့် သူ ဒွိစ်ချင်တာ သူလုပ်ချင်တာကို တဇွတ်ထိုးတောင်းဆိုနေပုံက ကလေးဆိုးကြီးတစ်ယောက်လို ဖြစ်ကာ ဘွားအဖြစ်ကိုကြည့်၍ ရယ်လည်းရယ်ချင်၊ ရယ်လည်း မရယ်ရက်နှင့် ခက်ပြီးရင်း ခက်နေရသည့်အဖြစ်။ ဒီလိုမှန်းသိရင် စောစောထဲက မေ့သခင်က ကျောင်းမသွားခိုင်းဘဲ ဘွားအကြေးအနားမှာ စိတ်ချလက်ချဖြစ်အောင် နေခိုင်းမိမှာ သေချာပါသည်။

ဒါဆို ဘွားနှင့် ဒေါ်ငြိမ်းတို့ကြားမှာ အခုလို ဇွတ်တရွတ်ကိစ္စတွေ ပေါ်လာတော့မည်မဟုတ်သလို ဘွားတစ်ယောက်လည်း သူ့အိပ်ရာထက်မှာ ပေါ့ပါးသက်သာစွာ စိတ်ချလက်ချ ရှိနေနိုင်မည့်အဖြစ်ပါ။

အခုတော့ ဘွားကလည်း ဖျားနေသည်။ မေ့သခင်ကလည်း ကျောင်းသွားနေသည်။ မနက်တုန်းက ဘွားဟာ အကောင်းသားပင်။ ဒါကြောင့်လည်း မေ့က စိတ်ချလက်ချ ကျောင်းကိုသွားနိုင်ခြင်းဖြစ်သည်။

" ငါ့စကားကိုသာ နားထောင်စမ်း မောင်စိန်၊ ငါ့ကို ကားပေါ်တွဲတင်စမ်း "



www.burmeseclassic.com

www.burmeseclassic.com



ဘွားတာ သူဖြစ်ချင်တာကို တောင်းဆိုသလို ဒေါ်ငြိမ်းနဲ့ ဦးစိန်ကလည်း တစ်ယောက်မျက်နှာ တစ်ယောက် ပြိုင်တူကြည့်မိကြသည်။

ဘယ်လိုလုပ်ရင် ကောင်းမလဲဆိုသည့်သဘော။

"မေ့လေးကိုသာ ဖုန်းဆက်ပြီး အိမ်ကိုပြန်လာခိုင်းလိုက်ပါတော့ ဦးစိန်ရယ်၊ ပြီးတော့ ဘွားအတွက်လည်း ဆရာဝန်ခေါ်ပါ"

ဒေါ်ငြိမ်းဘာသာ စီစဉ်လိုက်ခြင်းပါ။

ဘွားက ဒေါ်ငြိမ်းကို မျက်လုံးပြူးကြီးနှင့် မော့ကြည့်ပေမယ့် နှုတ်ကတော့ ဘာမှတော့မပြော။ အခြေအနေကို မပြတ်ကြည့်ရှုအကဲခတ်နေသော ဦးစိန်ကလည်း ဘွားအခြေအနေကို ကြည့်ပြီး ချက်ချင်းလိုပင် မေ့သခင်ကို ဖုန်းဆက်ပြီး အမြန်ပြန်လာဖို့ ပြောသလို ဆရာဝန်ကိုလည်း ဘွားနေမကောင်းသည့် အကြောင်း ဖုန်းဆက်ပါသည်။

"လာ…မမ ဒီအဝတ်ကြီးတွေ ချွတ်ထားဦး၊ တော်ကြာ မေ့လာလို့ တွေ့သွားမှခက်မယ်"

ပြောပြောဆိုဆို လက်ကလည်း ဘွားကိုယ်ပေါ်က မိုးကာအင်္ကျီဖွာကြီးနှင့် ဦးထုပ်မျက်မှန်တွေကို ခပ်သွက်သွက်ဖြုတ်သိမ်းရသည်။

ဘွားခမျာလည်း ပါးစပ်ကသာ ပြောနိုင်တာပါ။ လူကပျော့ခွေနေတာမို့ လှုပ်တောင်မလှုပ်နိုင်။ ဒေါ်ငြိမ်းလက်ထဲမှာ





အလိုက်သင့်ပင် ပါလာပြီး အိပ်ရာပေါ်ရောက်ႈ ာအင်းအင်းညည်းနေပါသည်။ ဆရာဝန်ရောက်လာပြီး ဘွားအ ၁ွက် လိုအပ်သည့် ဆေးစစ်ဆေးပေးမှုများပြုကာ ဆေးထိုးဆေး ြိ ပြန်သွားချိန်ကြမှ မေ့တစ်ယောက် အမြေးအလွှား ပြန်ရော ်ာ ဘသည်။

"ဘွား…ဘာဖြစ်လို့လဲဟင် ဒေါ ်မ်း၊ မနက်တုန်းက အကောင်းကြီးပါ၊ အခုရော ဘယ်နှယ့်နေသေး ဲဟင်"

မေးခွန်းတွေ တရစပ်မေးသူရဲ့ မျက်နှာပေါ်မှာ စိုးရိမ်သောကကို မြင်ရသဖြင့် သက်ပြင်းရှိုက်မိသူက ဒေါ်ငြိမ်း။

"ဆရာဝန်လာသွားလို့ အခုတော့ ေးအရှိန်နဲ့ အိပ်နေပါပြီ မေ့လေးရယ်၊ ရိုးရိုးဖျားတာပါ"

"ဟင်း…တော်ပါသေးရဲ့ ဒေါ်ငြိမ်းရယ်၊ မေ့ဖြင့် ရင်ထိတ်သွားတာပဲ၊ မေ့ ဘွားကို သွားကြည့်လိုက်ဦးမယ်နော်"

မေ့သခင် ဘွားအခန်းထဲ အပြေးရောက်သွားပြီး နှစ်ခြိုက်စွာ အိပ်ပျော်နေရှာပြီဖြစ်သော ဘွားမျက်နှာ ို သနားကြင်နာစွာ ငုံ့ကြည့်လျက် ဘွားလက်ပိန်ပိန်လေးကို အသ ာ ထွေးယူ ဆုပ်ကိုင်ထားလိုက်ပါသည်။

ဘွားရယ်။

အဖျားရှိန်ဖြင့် ပူနွေးနေသည့် ဘွားလက်ကလေးကို မေ့ပါးပြင်မှာ အပ်ထားမိသည်။ မေ့ကို သိပ်ချစ် ၍သည့် ဘွားအဖြစ်ကို ပြန်တွေးမိတော့ မေ့ရင်မှာ နာချင်ချင်ရယ် ါ။

ဘွားအခုလို ခံစားနေရတာတွေအား ပုံး မေ့ကြောင့်၊ မေ့



www.burmeseclassic.com

www.burmeseclassic.com



အပြစ်မကင်း။

"ဒီည ဘွားအခန်းမှာပဲ မေ့အိပ်မယ်"

"ကောင်းပါလေ့ကွယ်"

ဘွားနှင့်အတူ မေ့သခင် လှုနာစောင့်လုပ်ပြီး အိပ်ပါသည်။ လှမ်းမှာသည်ဘွား နိုးနေတာကို မေ့မသိ။ ဘွားက လုပလွန်းသော မြေးမလေး၏ အပြစ်ကင်းစွာ နှစ်ခြိုက်စွာအိပ်ပျော်နေသူလေးကို ကြည့်ပြီး သက်ပြင်းတွေ ရှိုက်ရှိုက်နေမိသည်။

သနားစရာကောင်းတဲ့ မြေးကလေးခမျာ လူ့လောကကြီး အကြောင်း၊ လူတွေအကြောင်း ဘာတစ်ခုမှ မသိရှာသူလေးအဖြစ် ဘွားရင်မှာ မေ့သခင်လေးကို သနားကြင်နာမဆုံး။

"ဟင်…ဘွား ဘယ်တုန်းက အိပ်ရာကနိုးနေတာလဲဟင် ဘာလိုချင်လဲဆိုတာ မေ့ကိုပြောမှပေါ့"

"အခုရော…နေသာရဲ့လားဟင်"

ဘွား၏နဖူးလေးတွေ ပါးလေးတွေကို မေ့သခင် လက်ချောင်းလေးတွေနှင့် ဖွဖွထိကိုင်လာသည်။

"ဘွား…နေကောင်းပါပြီ မြေးလေးရယ်၊ မြေးလေးသာ ကိုယ့်ကျန်းမာရေး ကိုယ်ဂရုစိုက်ပါ"

"မေ့က နေကောင်းပြီးသားပါ ဘွားရယ်၊ အခုမှ အအေးကြီးရှိသေးတယ်၊ လာပါဘွားရဲ့ မေ့နဲ့အတူ ပြန်အိပ်နေစမ်းပါ"

ဘွားကိုယ်လေးကို ဆွဲယူပြီး မေ့က သူမနှင့်အတူ ဘွားကို ပြန်လည်အိပ်စက်အနားယူစေလိုက်ပါသည်။ မကြာခင်မှာပင်





အသက်ရှူမှန်မှန်ဖြင့် နှစ်ခြိုက်စွာ အိပ်ပျော်သွားသူက ဘွားမဟုတ်ပါ။

ဘွားကို လူနာစောင့်လာလုပ်ပေးနေသော မေ့သခင် ကိုယ်တိုင်သာ ဖြစ်ပါသည်။

သြော်…မေ့သခင်ဆိုတဲ့ ဘွားရဲ့အချစ်ဆုံး မြေးလေးရယ်။

မေ့အတွက် ဘွား ဘယ်လိုစိတ်ချနိုင်မှာလဲ ကလေးရယ်။ မေ့ကို ဘွား စိတ်မချဘူးကွဲ့ မေ့လေးရယ်။ ဘွားစိတ်ထဲက ဆိုနေသည့် စကားတွေကို မေ့သခင် မကြားပါ။ အိပ်မက်ကမ္ဘာထဲမှာ သူမသွားချင်ရာ သွားနေ၏။

"မငြိမ်း"

"ရှင် …မမ"

"မေ့ကို မောင်နေညိုကလွဲပြီး တခြားဘယ်သူနဲ့မှ သဘောမတူနိုင်ဘူး သိလား"

"ဟုတ်ကဲ့ပါ မမ"

"ဟိုကောင်လေးနဲ့လည်း သဘောမတူဘူး"

"ဟုတ်ကဲ့ပါ"

ဘွား စိတ်ချမ်းသာလျှင်ပြီးရော၊ ဒေါ်ငြိမ်း ဦးခေါင်းက ပုတ်သင်ညိုရှုံးရလောက်အောင် မပြတ်ခေါင်းညိတ်နေ၏။ နံနက်ခင်း၏ လုပသာက်ဝင်ခြင်းနှင့်အတူ ဘွား နိုးလာ၏။

"မငြိမ်း မေ့ ဘာလုပ်နေလဲ"

"ကျောင်းသွားဖို့ ပြင်နေတုန်း၊ သွားယ်ချင်းဖုန်းလာလို့



www.burmeseclassic.com

www.burmeseclassic.com



ပြောနေပါတယ်"

"ဘယ်ကသူငယ်ချင်းလဲဆိုတာ ညည်းမသိဘူးလား"

"အဲဒါတော့ ကျွန်မလည်းမသိဘူး မမ"

"ဟင်း"

ဘွားထံက သက်ပြင်းချသံကျယ်လောင်စွာ ထွက်ပေါ်လာခြင်းနှင့် ဘွားရင်ထဲက မနှစ်မြို့ခြင်းနှင့် သဘောမကျခြင်းကို ဖော်ညွှန်းပြလိုက်ခြင်းတည်း။

ဒေါ်ငြိမ်း မျက်ဝန်းထဲမှာလည်း မေ့လက်ကလေးတစ်ဖက်ကို ပိုင်စိုးပိုင်နင်း ဆွဲခေါ်သွားသော လူငယ်လေးကို မြင်ယောင်လာမိသည့်အတိုင်း ဘွား ဘာကိုအလိုမကျ ဒေါသဖြစ်သလည်းဆိုတာကို သိလေသည်။

"ဘွား…မေ့ ကျောင်းသွားတော့မယ်နော်"

"အေး…အေး ကျောင်းပဲသွားနော်၊ တခြားဘယ်ကိုမှ လျှောက်မသွားနဲ့"

"ဟုတ်ကဲ့ပါ ဘွားရဲ့၊ မေ့ကို စိတ်ချပါ"

ဘွားရဲ့ပါးပြင်ကို ရွှတ်ခနဲ ငုံ့နမ်းရင်း မေ့တစ်ယောက် အားဝေါ ကြွကြွလုလုလေးတက်ပြီး လက်ကလေးတပြပြနဲ့ မောင်းထွက်သွားတာကို မျက်စိတစ်ဆုံးကြည့်နေပြီးမှ ဘွား တစ်ယောက် သူ့အခန်းထဲ ဝင်သွားသည်။

"ကဲ…သွားကြမယ်ဟေ့"

"ဟောတော့"





ဘွားပုံစံကိုကြည့်ပြီး ဒေါ်ငြိမ်း ပါးစပ်အဟောင်းသားဖြစ်သွားသည်။ ရုပ်ဖျက်ထားသည့် အဝတ်အစားတွေနှင့် ဘွားတစ်ယောက် သူ့မြေးနောက်ကို ခြေရာခံလိုက်ပြီး ချောင်းမြောင်းဦးတော့မည်။

"အိမ်မှာပဲ နားနားနေနေ နေပါလား မေရယ်၊ ကိုယ်တိုင်လည်း အခုမှ အဖျားပျောက်စပဲရှိသေးတာ၊ မောင်ကိုယ်မမ သနားဦးမှပေါ့"

"ကိုယ့်ကိုယ်ကို ညာနေရင် အချစ်ဆုံးမြေးလေးကို လက်လွှတ်အဆုံးရှုံးခံရမှာပေါ့ မငြိမ်းရဲ့၊ လာစမ်းပါအေ စကားအပိုတွေ ပြောမနေစမ်းပါနဲ့"

နောက်ဆုံးတော့ ဘွားအလိုကျ ကားဖြင့်ထွက်ခဲ့ပေမယ့် ရင်ကတော့ အထိတ်သားပင်။

"ဟော…ဟိုမှာ မေ့မဟုတ်လား"

"ဟုတ်ပါတယ် မမ"

အသက်အကြီးဆုံးဘွားက သူ့မြေးဖြစ်သူကို လူအများကြားက အရင်ဆုံး မြင်တွေ့ပါသည်။

"ကြည့်စမ်း…မငြိမ်း ပြောတော့ဖြင့် ချစ်သူရည်းစား မထားပါဘူးဘာညာနဲ့၊ သူနဲ့တွဲသွားတာ ဟိုနေ့က ငါတို့တွေ့ခဲ့တဲ့ မေ့ရည်းစား ကောင်လေးပဲ မဟုတ်လား"

"ဟုတ်ကဲ့…အဲဒီကောင်လေးပါပဲ မမ၊ ဒါပေမဲ့ ချစ်သူတွေ ဟုတ်ချင်မှဟုတ်မှာပါ၊ မေ့သူငယ်ချင်းလည်း ဖြစ်နိုင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလောက်တော့ ငါလည်း ခွဲခြားတတ်ပါသေးတယ် အေး ညည်းက ငါ့ကို အဘွားကြီးဆိုပြီး လာတစ်ပတ်ရိုက်ချင်သေး လို့လား"

"ညည်း ...မေ့ဘက်တော်သား တော်တော်လုပ်၊ နောက် ပါသွားပြီဆိုမှ ကျွန်မ မှားပါပြီလာမလုပ်နဲ့၊ ညည်းကြောင့် မေ့ တစ်ခုခုဖြစ်လို့ကတော့ အိမ်ပေါ်က ခေါင်းနဲ့ဆင်းရပြီသာ မှတ်ထား ပါ"

"မမကလည်း"

ဒေါ်ငြိမ်း လေသံပျော့သွားသည်။ လျော့သွားသည်။ မေ့ ပတ်သက်ပြီး ဆက်ရှေ့နေမလိုက်ရဲတော့ဘဲ ငြိမ်သွားသည်။ မေ့ သနားလို့ မေ့ဘက်က ရှေ့နေလိုက်နေမိပေမယ့် မေ့မှာ တကယ် ချစ်သူရှိသလား၊ မရှိဘူးလားဆိုတာ ဒေါ်ငြိမ်းကိုယ်တိုင်လည်း သိတာမဟုတ်။

ဘွားပြောသလို မေ့ တစ်ခုခုဖြစ်သွားလို့ကတော့ မေ့ဘက် က ရှေ့နေလိုက်မိသမျှ ဒေါ်ငြိမ်းပဲ အဆူအကြိမ်းခံရမည်။

ချစ်သူရည်းစားမရှိဘူး မရှိဘူးနှင့် ယောက်ျားနောက် လိုက် သွားသူတွေလည်း ကြုံဘူးတာမို့ မေ့လို လူချောလေးတစ်ယောက် နှင့်အတူတွဲပြီး တွေ့နေရသည့် ကလေးမလေးဆို ပိုဆိုးမည်။

မေ့က သိပ်လှတော့ ချစ်သူခင်သူတွေ ပေါများတာ ဒေါ်ငြိမ်းကိုယ်တိုင်လည်း အသိသားပင်။ ဘွားနှင့်ဒေါ်ငြိမ်းတို့ ကြောက်လို့သာ မေ့နားကို မကပ်ရဲကြတာမို့ အခုလို မေ့တစ်ယောက်





တည်း လွတ်လပ်နေချိန်မှာတော့ မေ့အပါးမှာ ဒုလို သက်တူရွယ် တူ ကောင်ချောလေး အတူရှိနေသည့်အဖြစ်မှ မဆန်းပါ။

"ဟဲ့...ဟဲ့ ဟိုမှာလည်း တစ်ယေ က်၊ မေ့လက်ကို ဆွဲရုံတင်မကဘူး၊ မေ့တစ်ကိုယ်လုံးတောင် ဖ က်သားလိုက်သေး တယ်၊ လုပ်စမ်းပါဦး မငြိမ်းရဲ့"

"မိန်းကလေးပါ ဘွားရဲ့၊ မေ့သူငယ ခ င်းလေးပါ"

"ဟုတ်ရဲ့လား မငြိမ်း"

"ဟုတ်ပါတယ် မမရဲ့၊ ဟိုတစ်ခါ မမပြောတဲ့ ဖား တစ်ပိုင်း ငါးတစ်ပိုင်းဆိုတဲ့ သတ္တဝါလေးပါ"

အခုမှ ဘွားရင်ထဲ အလုံးကြီး ဝုန်းခနဲ ပြုတ်ကျသွားသည်။

"မဖြစ်ဘူး...မဖြစ်ဘူး၊ ဟဲ့...မောင်စိန် ငါပြောတဲ့ အတိုင်း ဝံသချာလုပ်စမ်း၊ ဒါမှ သင်းလေးမလှုပ်နိုင်မှာ"

"ဟုတ်ကဲ့ပါ မမ"

"ဘာလုပ်မလို့လဲ ဦးစိန်"

"ရှူး"

ဒေါ်ငြိမ်းအမေးကို ဦးစိန်က မဖြေ။

လျှပ်တစ်ပြက်အတွင်း ခိုးကြောင်ခိုးဝှက်ပုံစံဖြင့် မေ့တို့ လှုပ်ရှားမှုမှန်သမျှကို တဖျပ်ဖျပ် ဓါတ်ပုံခိုးရိုက် သိုက်တာကိုကြည့် ပြီး ဘွားအကြံကို သဘောပေါက်စွာ ပြုံးလိုက်သည်။

"မေ့...ဟိုမှာ...ဟိုမှာ ဟိုကားပဲမဟုတ်လား"

"ဟင်...ဟုတ်ပါရဲ့"



www.burmeseclassic.com

www.burmeseclassic.com



စစ်နဒီ ညွှန်ပြရာသို့ လှမ်းကြည့်လိုက်ရင်း မေ့ရင်မှာ အံ့သြခြင်းနှင့် မနှစ်မြို့ခြင်းတို့ ဖြစ်ထွန်းလာရခြင်းကြောင့် ချက်ချင်း လို့ဝင် လှပသော မျက်နှာလေး တင်းမာသွားသည်။

မေ့နောက်ကို ဘာလို့ အခုလို လိုက်လုပ်နေတာလည်းဆို တာ သိချင့်လာသည်။

"မေ့ အဲဒီလူတွေကို အပြတ်သွားမေးပစ်မယ်"

"ဟာ…မေ့သခင် နေဦးလေ"

ပြောပြောဆိုဆို သူ့အနားက ထွက်သွားသော မေ့သခင် ကြောင့် စစ်နဒီ အံ့သြနေမိရာမှ မေ့နောက်ကို အပြေးအလွှား လိုက် ခဲ့ရသည်။

"မေ့…အဲဒီလိုလုပ်လို့ ဟိုလူတွေက မေ့ကို အတွေ့ခံပါ့ မလားဗျာ၊ မေ့မသိစေချင်လို့ပဲ တမင်ရှစ်ဖျက်ပြီး လိုက်နေကြတာ မဟုတ်လား"

"သူတို့လုပ်ချင်တိုင်း လုပ်လို့ရမလား၊ မေ့ကလည်း သူတို့ ဘယ်သူတွေလဲဆိုတာ သိအောင်လုပ်ရမှာပေါ့"

"ဟော…ဟော ဟိုမှာ မေ့ကိုမြင်လို့ ကားမောင်းထွက် သွားပြီ တွေ့လား"

စစ်နဒီ ညွှန်ပြရာသို့ မေ့ လှမ်းကြည့်လိုက်တော့ သူပြော သည့်အတိုင်း ကားက နေရာမှာမရှိတော့။ မေ့ရင်မှာ မကျေမနပ် နှင့် ကျန်ရစ်ခဲ့သည်။

"မေ့သခင်"





"ဟင်"

"သူတို့ဘယ်သူတွေလဲဆိုတာ သိချင်ရင် ကိုမေ့ကို ကူညီ နိုင်ပါတယ်ဗျာ"

"တကယ်လားဟင်"

"တကယ်ပေါ့"

"ဒါဖြင့်…မေ့ သူတို့ကို သိချင်တယ်၊ စစ်နဒီ မေ့ကို ကူညီပါနော်"

"စိတ်ချပါ၊ မေ့အတွက်ဆို ကိုယ့်ဘက်က ဘာမဆို ကူညီ ဖို့ အဆင်သင့်ပါပဲ မေ့ရယ်"

အို။

မေ့သခင်ရင်မှာ အသံတိုးတိုးလေး အော်မြည်သွားသည်။

ကြည့်လေ…သူ့စကားတွေက မေ့အပေါ်မှာ ဘာလိုလို။ ပြီးတော့ သူ့အကြည့်၊ သူ့အပြုံးတွေကလည်း မေ့သခင်အပေါ်မှာ ထူးထူးခြားခြားကြီး ဖြစ်နေသလို ထင်မိသည်မှာ မေ့ပဲ အထင် အမြင်မှားခြင်းလား။

"မေ့ကို ကိုယ့် သိပ်ခင်တယ်သိလား၊ ကိုယ့်အပေါ်မှာ မေ့က ရော ခင်မင်ချင်ရဲ့လားဟင်"

"ခင်ပါတယ်"

မေ့အသံက တိုးတိုးလေး။

"ဝမ်းသာလိုက်တာ မေရယ်၊ အခုချိန်ကစပြီး စစ်နဒီဟာ မေ့အတွက်ဆိုတာ မြဲမြဲမှတ်ထားပါဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"အိုး"

သူ့စကားကြီးက ဘယ်လိုကြီးမှန်းမသိ။ စစ်နဒီဟာ မေ့အတွက်တဲ့။

"မေ့ သွားတော့မယ်"

"တို့လည်းလိုက်မှာပေါ့ မေ့ရဲ့"

မေ့သခင် ဘာမှပြန်ပြောမနေတော့ဘဲ နေရာက ထွက်ခဲ့လိုက်သည်။ စစ်နဒီက မေ့အနားမှာ မားမတ်ခန့်ညားသော အသွင်ဖြင့် အတူလိုက်ပါလာရာ လှပသော မေ့နှင့် ချောမောခန့်ညားသော သူ့ကို ကျောင်းသားကျောင်းသူတွေက အားကျသော အကြည့်များဖြင့် ကိုယ်စီ ကြည့်ငေးသွားကြတာမို့ မေ့စိတ်မှာ လိပ်ပြာမလုံချင်လှပါ။

"ညကြရင် ဖုန်းဆက်မယ်နော် မေ့"

"ဘွားက ကြိုက်ပါ့မလားမသိဘူး"

ငြင်းပယ်သည်လည်း မဟုတ်။

လက်ခံသည်လည်း မဟုတ်သော စကားကို မေ့ဆိုလိုက်သည်။ ဘွားအကြောင်းကို မေ့ပဲသိသည်။

"ဘွားကမကြိုက်ပေမယ့် မေ့ကတော့ တို့နဲ့ဖုန်းပြောမှာကို လက်ခံချင်တယ်မဟုတ်လား"

"စစ်နဒီက ဘယ်လိုထင်လို့လဲ"

"မထင်တတ်လို့ မေးတာလေ၊ မေ့မကြိုက်ဘူးလို့ထင်တဲ့ အလုပ်တွေကို တို့ ဘာမှမလုပ်ချင်ဘူး"





စကားတတ်လှသော စစ်နဒီကို မေ့ဘာပြန်ပြောရမှန်းမသိ။

"မေ့"

"ဟင်"

"တို့မေးတာ မဖြေသေးဘူးနော်"

"ဘာကိုလဲ"

"ဖုန်းကိစ္စလေ"

"အခုလည်း တွေ့နေရသားပဲ၊ ဘာပြောမှာမို့လဲ"

မေ့စကားကို သူက သဘောကျသလို ပြုံးပါသည်။

"သိချင်ရင် ညကြတော့ ဖုန်းထဲမှာ နားထောင်ကြည့်လေ"

"တို့သွားမယ်"

"နေဦး"

"ဘာလဲ မေ့သခင်"

"ညကို ဖုန်းမဆက်ပါနဲ့၊ ဘွားကကြိုက်မှာ မဟုတ်လို့ပါ"

သူပြုံးသည်။ စစ်နဒီပုံစံက မေ့ပြောတာကို အရေးစိုက်ပုံမရ။

"စိတ်ချပါ၊ မေ့သခင်နဲ့ပဲ ပြောမှာပါ"

ခေါင်းမာစွာ ပြောပြီး နေရာကထွက်သွားသည်။ ထိုညမှာ မေ့ ရင်ခုန်နေသည်။

အချိန်တွေ တရွေ့ရွေ့ကုန်သွားသည်။ နောက်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



မည်သည့်ဖုန်းသံမှ မကြားရမှ မေ့လည်း နှစ်ခြိုက်စွာ အိပ်ပျော်သွားသည်။

ဤ ။ ဤ





# အခန်း (၆)

ပြင်ပါဆင်ပါဟုဆို၍သာ ပြင်ကြဆင်ကြရသည်။ ဘွားက မေ့ကို ဘာတစ်ခုမှ ဖွင့်မပြောသေးတာမို့ ဘယ်လိုဘယ်ပုံ ဆက်ပြီး စီစဉ်မည်ကို ဒေါ်ငြိမ်းကိုယ်တိုင်လည်း မသိချေ။

"ဘယ်ကဧည့်သည်လဲ ဒေါ်ငြိမ်းရဲ့၊ ဘွားကြည့်ရတာ ပျော်နေသလိုပဲ"

မေ့ကလည်း သူမ တတ်သမျှမှတ်သမျှလေးတွေ ဝိုင်းကူညီညာလုပ်ပေးရင်း ဘွားမျက်နှာ တစ်ချိန်လုံး ပြုံးနေတာကိုကြည့်ပြီး ဒေါ်ငြိမ်းကို တိုးတိုးလေးမေးလိုက်ခြင်း ဖြစ်သည်။

"အိမ်မှာက ဧည့်သည်မလာတာ ကြာပြီမဟုတ်လား ကွယ်၊ ဒီလိုပဲ ကြာတော့ ငြီးငွေ့ပြီး ဧည့်သည်လာတော့ ပျော်ရှာတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်နော်…မေ့တို့အိမ်ကို အခုလို ညအိပ်ညနေ ညည့်သည်ရိုး မလာတာ ဘယ်လောက်ကြာပြီလဲ၊ ဘွားပျော်မယ်ဆို လည်း ပျော်စရာပါလေ"

"မေ့ကသာ လူငယ်ဆိုတော့ အိမ်ကို ဧည့်သည်လူစိမ်း လာရင် စိတ်ကျဉ်းကြပ်မိတာပါ"

တွေးတွေးဆဆလေး မေ့ဆိုလိုက်ပုံလေးက ဒေါ်ငြိမ်းကို မျက်ခုံးလှုပ်သွားစေပါသည်။

ဘယ်နှယ့် ဧည့်သည်က မေ့သခင်ရဲ့ အထူးဧည့်သည်ပါ ဆိုနေမှ မေ့လေးက စိတ်ကျဉ်းကြပ်ရပါသည်တဲ့။ အဓိက တွေ့ဆုံ ရမှာက မေ့သခင်တို့လူငယ်တွေပဲဟု စိတ်ထဲပြောလိုက်မိပေမယ့် အပြင်မှာတော့ လည်ချောင်းရှင်းသလို ချောင်းတစ်ချက်ဟန့်ကာ မေ့မျက်နှာလေးကို တစ်ချက်မျှ စွေစောင်းကြည့်လိုက်၏။

"ဘွားဧည့်သည်လာရင် မေ့ကတော့ အပြင်ချည်းထွက် နေမှာပဲ"

"အလိုလေး…မရွှေမေ့ရယ်၊ အိမ်ကိုလာတဲ့ ဧည့်သည်ပဲ မေ့ဧည့်သည် ဘွားဧည့်သည်လို့ပဲ ခွဲခြားနေရဦးမှာလားကွဲ့၊ အားလုံး အတူတူပဲပေါ့"

"မေ့က ဘွားသူငယ်ချင်းနဲ့ ဘာတွေပြောရမှာလည်းလို့"

"ဘွားသူငယ်ချင်း မဟုတ်ပါဘူးကွယ်၊ ဘွားရဲ့မိတ်ဆွေ ပါ"

"မိတ်ဆွေဆိုတာ ဘယ်သူလဲ၊ ဒေါ်ငြိမ်းသိရင် ပြောစမ်း





ပါ"

"ဒေါ်ငြိမ်းလည်း သေချာမသိပါဘူးကွယ်၊ မေးလည်း မမေးမိပါဘူး၊ မနက်ဖြန် သန်ဘက်ခါပဲ ရောက်လာတော့မှာပဲဥစ္စာ၊ အဲဒီတော့မှ ကြည့်လိုက်ပါတော့"

"သြော်…ဒေါ်ငြိမ်းပြောမှပဲ ရှင်းတော့တယ်၊ ဘွား တစ်ယောက် အခုတစ်လော ဖုန်းတစ်လုံးနဲ့ ဘာတွေအလုပ်ရှုပ်နေ တယ် မသိဘူး သိလား ဒေါ်ငြိမ်း၊ မေ့ကိုတောင်မှ သတိမရတော့ သလိုပဲ"

ဝမ်းနည်းသလိုလေး စကားဆိုရင်း မေ့သခင်မျက်နှာလေး ညိုသွားသည့်အတွက် ဘွားအကြောင်း အစင်းသိထားသော ဒေါ်ငြိမ်းမှာ မေ့သခင်ကို ရင်ထဲသိထားသမျှ ရင်ဖွင့်ပြောချင်နေ သည်မှာ လျှာကိုယားနေသည်။

သို့ပါသော်လည်း စိတ်ထဲရှိသည့်အတိုင်း လုပ်မဖြစ်၍ အသာငြိမ်နေရင်း မေ့ရဲ့ချစ်သူကောင်လေးကို ဖျတ်ခနဲ အမှတ်ရ လိုက်မိ၏။

အင်း…အဖြစ်ကတော့ သနားစရာ။ မေနဲ့ သူ့ချစ်သူ ကောင်လေးက ဘွားကြောင့် ဝေးကြရတော့မည်ထင်ရဲ့။

"မေ့"

"ရှင်"

"မေ့မှာ ချစ်သူမရှိဘူးဆိုတာ ဟုတ်ကယ်လား"

"ဒေါ်ငြိမ်းကလည်း ဘာတွေမေးနေမှန်း မသိဘူး၊ မေ့က



www.burmeseclassic.com

www.burmeseclassic.com



ဘာလို့ ချစ်သူရှိရမှာလဲည်းလို့"

"မေ့ရေ"

"ဟော…ဘွားခေါ်နေပြီ၊ မေ့သွားလိုက်ဦးမယ်နော်

ခေါင်ငြိမ်း"

"အေးပါကွယ်…ဖြည်းဖြည်းသွားပါ၊ တော်ကြာ ချော်

လဲနေပါဦးမယ်"

သတို့သမီးလောင်းလေး မေ့က ခေါင်ငြိမ်း ပြောစကား

ကြားသည်လား၊ မကြားသည်လား မပြောတတ်။ သူမအဘွားရှိ

ကို ကလေးမလေးတစ်ယောက်နှယ် အပြေးအလွှား ခုန်ပေါက်

ရောက်သွားပုံက လျှင်မြန်လွန်းသဖြင့် ဘွားပင် ရင်ဘတ်ဖိလိုက်

၏။

"ဘာဖြစ်လို့ ဖြည်းဖြည်းသက်သာ မလာရတာလဲ ချေ

ရယ်၊ မတော်တဆ လဲပြုနေမှမခက်လား"

"မေ့က ကလေးမှမဟုတ်ဘဲ ဘွားရဲ့၊ ဘာဖြစ်လို့ လဲပြ

နေရမှာလဲ၊ ကဲ…ပြောပါ မေ့ကိုခေါ်တာ ဘာပြောချင်လို့လည်း

ဘာခိုင်းချင်လို့လည်း"

"လာစမ်းပါဦးကွယ်…ဘွားရှေ့မှာ ထိုင်စမ်းပါဦး"

"ဟုတ်"

ဘွားရှေ့ကခုံမှာ မေ့သခင် ဝင်ထိုင်လိုက်တော့ ဘွား

မေ့ရဲ့ လှပသော မျက်နှာလေးကို စေ့စေ့ကြည့်ပါသည်။ လှပလွန်း

သော မေ့သည် ဘယ်လိုပဲနေနေ ဘယ်လိုပဲကြည့်ကြည့် ချစ်စ





မြတ်နိုးဖွယ်ရာသာတည်း။ ပြုံးနေသော မျက်နှာလေးသည်လည်း

ကောင်း၊ အပြစ်ကင်းစင်သော လှပဝိုင်းစက်သည့် မျက်ဝန်းနက်များ

သည်လည်းကောင်း ဘာဆိုဘာမှ အပြစ်ဆိုရာမရှိချေ။

"ဘွားကို ချစ်ရဲ့လားကွယ်"

"ချစ်တာပေါ့ ဘွားရဲ့ ဘာဖြစ်လို့ ဒဲ့ ပိုမေးရတာလဲ"

မေးသည့် ဘွားအကြေးအမေးကို မနေ်းမတွေးဖြေရင်း စိတ်

မှာ ထူးဆန်းလျက် ပြန်မေးလိုက်ခြင်းဖြစ်သည်၊

"မြေးလေးကို ချစ်လို့ပေါ့ကွယ် သိပ်ချစ်လို့ပေါ့၊

ဒါကြောင့် မေ့လေးကို လူမသမာတွေရဲ့ လက်ထဲမှာ ဒုက္ခအရောက်

မခံနိုင်လို့ အခုလို ဘွား စီစဉ်ရတာပဲ"

ဘွား၏ စကားအဓိပ္ပာယ် အပြည့်အစုံကို မေ့သခင် နားမ

လည်သဖြင့် ဘွားမျက်နှာကိုသာ မေ့လျက်ကြည့်နေမိသည်။

"မေ့လေးကို ဘွား စိတ်ချရတဲ့လူနဲ့ အမြန်ဆုံး လက်ထပ်

ပေးမယ်"

"ရှင်"

"မေ့အတွက် သတို့သားလောင်း မောင်နေညို ဒီကိုလာ

လိမ့်မယ်လို့ ပြောတာကွယ့်၊ ဘွားကိုချစ်ရင် မောင်နေညိုနဲ့ လက်

ထပ်ပါကွယ်"

"ဟင်"

ပြုံးနေသော မေ့မျက်နှာလေး ညိုရာက အုံသွားသည်။

ထို့နောက် ပြုံတော့မည့်မိုးနှယ် အုပ်ဆိုင်းမှိုင်းညို့သွားကာ ဘွား



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကို တအံ့တဩလေး မော့ကြည့်နေရာမှ ဦးခေါင်းလေးကို အလန့်တကြား ခါယမ်းလိုက်သည်။

"ဘွားပြောတာတွေ မေ့ ဘာတစ်ခုမှ နားမလည်ဘူး။ ဘာဖြစ်လို့ မေ့က အဲဒီလူကို လက်ထပ်ရမှာလည်း ဘွားရယ်"

"မေ့ပဲ ဘွားကိုချစ်တယ်၊ ဘွားစကားကို နားထောင်မယ် ဆို"

"အို…အဲဒါက အခုလို မေ့မသိတဲ့လူတစ်ယောက်ကို လက်ထပ်ရမှာကို ပြောတာမဟုတ်ဘူး၊ မေ့က…မေ့က"

"မေ့မသိတဲ့လူကို သိအောင်လုပ်ရင် သိနိုင်တာပဲကွယ်၊ မောင်နေညိုကို အရင်တွေ့ကြည့်ပါဦး၊ အင်မတန် ယဉ်ကျေးသိမ်မွေ့တဲ့ ကလေးပါ"

"ဒါဖြင့်…အိမ်ကို အခုလာမယ့်ဧည့်သည်ဆိုတာ"

"ဟုတ်တယ် မြေး၊ အဲဒါ မောင်နေညို ကိုယ်တိုင်ပဲ"

"ဟင်"

မေ့သခင် ငိုချင်သွားသည်။

အခုမှ ဘွား ဘာကြောင့် ဤမျှပျော်နေရသည့်အဖြစ်ကို မေ့သခင် ရိပ်မိရပါပြီ။

"လိမ္မာပါမြေးရယ်၊ ဘွားမရှိတော့ရင် မေ့လေး တစ်ယောက်တည်း ကျန်ရစ်ခဲ့မှာကို ဘွား စိတ်မချနိုင်လွန်းလို့ အခုလို စီစဉ်ရတာပါ"

"ဘွားစေတနာကို မေ့လေး နားလည်ရဲ့လား"





"နားလည်ပါတယ် ဘွားရယ်၊ ဒါပေမယ့် မေ့ အဲဒီလူကို လက်မထပ်ပါရစေနဲ့ ဘွားရယ်နော်…နော်"

"မြေးလေးရယ်"

ဘွားက မေ့ဦးခေါင်းက ဆံပင်လေးတွေကို သူ့လက်ပိန်ပိန်လေးတွေနှင့် ဖွဖွရွရွလေး ပွတ်သပ်ကိုင်တွယ်ရင်း ဟင်းခနဲ သက်ပြင်းချလိုက်သည်။

လှပတဲ့ မေ့မျက်လုံးအစုံမှ ပြည့်အိုင်လာသည့် မျက်ရည်တွေကို မြင်ရတော့ ဘွားရင်မှာ နည်းနည်းတော့ ဆို့နင့်သွားသည်။

သို့ပါသော်လည်း မြေးမလေး၏ အလိုချည်း လိုက်နေလို့ မဖြစ်။ ငယ်ရွယ်သူ၏ သဘောဆန္ဒကို အလိုလိုက်ကောင်း၍ အခုလို မေ့မှာ ချစ်သူရည်းစားတစ်ယောက် ကောက်ရသည့်အဖြစ်မှာလည်း ဘွား မျက်မြင်အထင်အရှားမို့ မြေးလေး၏အလိုကို ဆက်လိုက်နေလို့မဖြစ်ပါ။

"မောင်နေညိုကို တွေ့ကြည့်ပါဦး မြေးရယ်"

"ဟင့်အင်း…ဟင့်အင်း မေ့ ဘယ်သူ့ကိုမှ လက်မထပ်ချင်ဘူး ဘွား၊ ဘွားနဲ့ပဲ မေ့ နေပါရစေ"

"နေရမှာပေါ့ကွယ်၊ မေ့တို့လက်ထပ်ပြီးရင်လည်း ဘွားနဲ့ နေရမှာပါ"

"အို…မေ့ပြောတာ အဲဒီလိုမဟုတ်ဘူး၊ အိမ်ထောင်ရေးကို ဘာသာ လွတ်လပ်ခွင့်"

"တော်စမ်း…မေ့"



www.burmeseclassic.com

www.burmeseclassic.com



"လူတွေအကြောင်း မေ့ ဘယ်လောက်များသိလို့လဲ ယောက်ျားတစ်ယောက်ရဲ့ အချစ်က ဘယ်လောက်များ သေချာ ရာမှုရှိလို့လဲ"

"မေ့ကတော့ မေ့ချစ်ရတဲ့ချစ်သူကလွဲပြီး တခြား ဘယ်သူ ကိုမှ လက်မထပ်ချင်ဘူး"

"မေ့ တကယ်ချစ်တဲ့သူကိုပဲ လက်ထပ်ပါရစေလား ဘွား ရယ်"

ဘွားက မေ့မျက်နှာလေးကို စိုက်ကြည့်လျက် ငြိမ်သ နေပြီးမှ သူ အင်မတန်သိလိုသော မေးခွန်းကို တိုးတိုးတိတ်စွာမေး သည်။

"မေ့မှာ ချစ်သူရှိနေပြီပေါ့၊ ဟုတ်လား"

"ရှင်"

ဘွားမျက်နှာကို အလန့်တကြား မော့ကြည့်ရင်း ရုတ် ရက် မေ့သခင် ဘာဖြေရမှန်းမသိ။ ချစ်သူရှိနေပါသည်ဟု လိုက်ရင် ဘွားက မေ့ကို သူသဘောတူထားသည့်လူနဲ့ ဖွတ်အ လက်ထပ်မပေးတော့ဘူးတဲ့လား။

မေ့ချစ်သူကိုပဲ မေ့သဘော၊ မေ့ဆန္ဒအတိုင်း လက် ခွင့်ပြုမည်လား။ အဖြေရှာနေသော မျက်ဝန်းအစုံဖြင့် ဘွားမျ ကို တွေတွေလေး ငေးကြည့်နေမိရင်း မေ့စိတ်တွေ လှုပ်ရှား

တကယ်တော့ မေ့သခင်မှာ ချစ်သူရည်းစားရယ်လို့ မှုးလို့ရှုံးစရာ ရှိသည်ကမဟုတ်။ အရေးပေါ် ချစ်သူရည်းစား





လောက်အောင်ကလည်း မေ့သခင်စိတ်နှင့် သဘောတွေ့သူက ခပ်ရှားရှား။

မေ့မျက်ဝန်းထဲမှာ စစ်နဒီ မျက်နှာကို ဖျ ဘ်ခနဲ ပြေးမြင် လိုက်မိတော့ နည်းနည်းဘဝင်ကျသွားသည်။ သဘော မေ့သခင်ရဲ့ ချစ်သူအဖြစ် ဟန်ဆောင်ပေးမည်ဆိုလျှင် မေ့ ခေါ်င်ရမည့် ဒုက္ခ သားဆိုးကြီး လွတ်ကင်းဝေးကွာတန် ကောင်းရဲ့ဟု တွေးမိတွေးရာ တွေးရင်း မေ့မှာ ချစ်သူရှိပါသည်ရယ်လို့ ဘွားကို ဝန်ခံလိုက် တော့မည်ဟု ဆုံးဖြတ်လိုက်ချိန်မှာပင် တစ်ခါမှ မလိမ်ညာဘူးသူ ဖြစ်သည့်အတိုင်း ရင်တဒိတ်ဒိတ်ခုန်လေသည်။

"မေ့...မေ့မှာ ဟိုဒင်း...ချစ်...ချစ်သူရှိနေပါတယ် ဘွား"

"ဒါဖြင့် ဘွားကို ချစ်သူရည်းစား မထားပါဘူးလို့ ပေး ထားတဲ့ကတိစကားက လိမ်ညာရုံသက်သက်ပေါ့ ဟုတ်လား"

"ဟင်"

ဘွားပြောမှ မေ့သခင်တစ်ယောက် သူ့ပေးထားခဲ့သော ကတိစကားကို ပြန်လည်အမှတ်ရပြီး ဘွားမျက်လုံးများကို ရင်မဆိုင် ရဲစွာ ခေါင်းကလေး ငုံ့ချလိုက်မိသည်။

"ပြောစမ်းပါဦး...ဘွားမြေးက ဘွားကိုတောင် လိမ်တတ် ညာတတ်နေပြီပဲ ဟုတ်လား"

ဘွားအသံက ရင်နာသံဖြစ်သလို မေ့သခင်မှာလည်း ကိုယ် က မဟုတ်ရပါဘဲနှင့် တကယ်ဟုတ်နေသယောင်ယောင် ဖန်တီး



www.burmeseclassic.com

www.burmeseclassic.com



ပြောဆိုပြီးမှ ငိုချင်လာရသည့်အဖြစ်ပါ။

"မေ့ကို ဘွား ဘယ်အထိ ယုံကြည်စိတ်ချရမလဲ၊ ပြော စမ်းပါဦး၊ ဘွားအေကြီးကတော့ မြေးအလိမ္မာလေးဆိုပြီး ယုံကြည် စိတ်ချလိုက်ရတာ၊ အခုတော့ မေ့သခင်က ကိုယ်ပေးထားတဲ့ ကတိ စကားကိုတောင် မတည်နိုင်ဘူး"

"ဘွား"

ရှင်နာသံကြီးနှင့် မေ့သခင် ဘွားကို ခေါ်လိုက်သည်။

"မေ့ကို ဘယ်အထိအောင်မှား ပြောဦးမလို့လဲ ဘွားရယ်၊ တကယ်တော့ ဘွား ထင်နေတာတွေ ကစ်ခုမှမဟုတ်ဘူး၊ ဘွားကို ပေးထားတဲ့ ကတိစကားကိုလည်း အခုချိန်ထိ မေ့ မချိုးဖောက်ရ သေးပါဘူးရှင်"

ပြောရင်း မေ့သခင် ဝမ်းနည်းလာကာ ပါးပြင်ပေါ် မျက်ရည်ဥကြီးတွေ တစ်ပေါက်ချင်း စီးကျလာရသည့်အဖြစ်ပါ။

ဘွားရဲ့စကားတွေက မေ့သခင်ရင်ကို ဘယ်လောက် အခံရခက် နာကျင်စေသည်ဆိုတာ မေ့သာအသိဆုံးပါ ဘွားရယ်။

"ဒါဖြင့် မေ့မှာ ချစ်သူမရှိဘူးပေါ့ ဟုတ်လား"

ရှိုက်ငိုလျက် မေ့ခေါင်းညိတ်ပြလိုက်မိတော့ ဘွားထံမှ သက်ပြင်းရှိုက်သံ ကျယ်လောင်စွာ ချလိုက်သံကို ကြားလိုက်ရ သည်။

"စစ်နဒီဆိုတဲ့ ကောင်လေးကရော"

"ရှင်"





"အံ့ဩသွားလား မြေး၊ မေ့ကို မေ့စိတ်သဘောအတိုင်း မေ့ဆန္ဒအတိုင်း သွားလာခွင့်ပြုထားပေမယ့် မေ့ ...ားမှာ ဘယ်သူ တွေရှိနေတယ်ဆိုတာ အမြဲအနီးကပ် စောင့်ကြ... နေခဲ့တဲ့ ဘွားပါ ကွယ်"

"ဟောဒီမှာကြည့်စမ်း"

"ဟင်"

"အို"

မေ့လက်ထဲ ရောက်လာသော ဓာတ်ပုံ ...းကို ကြည့်ပြီး မေ့သခင် အငိုတိတ်သွားသည့်အထိ အံ့ဩထိတ် ...န့်လွန်းလှပါဘိ။ ကြည့်ပါဦး...။

စစ်နဒီဆိုသူနဲ့ မေ့သခင်တို့ အတူတွဲ...ားလာနေသည့်ပုံ တွေကို လျှပ်တစ်ပြက် ရိုက်ထားသည့်ပုံတွေ။

"မေ့ ငြင်းဦးမလား"

"ဒါ...ဒါတွေအားလုံး ဘွားဘယ်က"

"ပြောပြီးပြီလေ...မြေးလေးကို ဘွား ပြစ်မထားဘူးဆို တာ"

ရုတ်တရက် မေ့သခင် မျက်လုံးထဲမှာ သူမနောက်ကို ခိုးကြောင်ခိုးဝှက် လိုက်လာနေသော လူတစ်စုနှ... ကားတစ်စီးကို ...တ်ခနဲ မြင်ယောင်လာသလို ဘွားမျက်နှာကိုလ...်း မယုံနိုင်သလို ကြည့်လိုက်မိ၏။

"ဒါဖြင့်...ဟိုလူတွေ မေ့နောက်ကို...က်နေတာ ဘွား



www.burmeseclassic.com

www.burmeseclassic.com



ခိုင်းထားလို့ပေါ့ ဟုတ်လားဘွား''

''ဒါပဲရှိတာပေါ့''

''အိုး''

''ဘွားကို အပြစ်တင်မနေနဲ့ မေ့၊ ဘွားစီစဉ်တာတွေကို လည်း ဘာတစ်ခုမှ ငြင်းဖို့မစဉ်းစားနဲ့၊ အားလုံးကို မြေးအတွက် ဘွားဘက်က အကောင်းဆုံး စဉ်းစားစီစဉ်ပေးတယ်ဆိုတာ မေ့လေး နားလည်စမ်းကွယ်''

''ဘွား''

''ကဲ…ကဲ သွားတော့ ဘွား အနားယူချင်ပြီ''

မေ့သခင်လက်ထဲမှာ စစ်နဒီနှင့် သူမ ဓာတ်ပုံတစ်ထပ် ပါလာသည်။ ဘွားအချစ်တွေကို အံ့သြဝမ်းသာရခြင်းနှင့်အတူ မေ့တစ်ခါမှ မမြင်မတွေ့ဘူးသူတစ်ယောက်နှင့် လက်ထပ်ရမည့် အရေးကို တွေးမိပြန်တော့ ရင်လေးတုန်နေးစွာ ဝမ်းနည်းကြေကွဲ စွာ ငိုသံလေး တအစ်အစ်ထွက်သည့်အထိ ခေါင်းအုံးလေးမှာ မျက်နှာအပ်ပြီး ကိုယ်လေးသိမ့်သိမ့်တုန်အောင် ငိုပစ်လိုက်မိသည်။

❋ ❋ ❋





## အခန်း (၅)

ငိုရလွန်းသဖြင့် မေ့သခင် မောပန်းလှပြီဖြစ်သလို စိတ်တွေ သည်း နောက်ကျိရှုပ်ထွေးရပါသည်။

ဦးနေညိုတဲ့…။

ဘယ်လိုလူမျိုးလဲ မေ့မသိ။ သိလည်းမသိချင်။ မေ့နှင့် လက်ထပ်ပေးမည့်သူအဖြစ် သိထား၍ မမြင်ဘူးပါဘဲနှင့် မုန်းပင် မုန်းမိရပါသေးသည့် အဖြစ်ပါ။

မေ့ဘဝမှာ ဘာတစ်ခုမှ လွတ်လပ်ခွင့်မရှိ၊ ဘွားက အမြဲ တမ်း မေ့အတွက် စီစဉ်မှုတွေ၊ ဖန်တီးမှုတွေနှင့် မေ့ကို အမြဲတမ်း သိမ်းချုပ်ထားပြီး သူဖြစ်ချင်သည့်အတိုင်း ပုံသွင်းနေရာချထားပေး သည်မှာ မေ့သခင် ဒီအသက်အရွယ်ရောက်သည့်အထိပါ။

အခုတော့ မေ့သခင်ရဲ့ဘဝကိုသာ မပ…တ်။ မေ့ရဲ့ နှလုံး



www.burmeseclassic.com

www.burmeseclassic.com



သာသ မေ့ရဲ့အချစ်ကိုပါ ဘွားက အမိန့်တွေပေးပြီး အချစ်ရေးမှာပါ တန့်ထွတ်ချုပ်ချယ်မှုတွေနှင့်ဆိုတော့ တစ်ခါမှ ဘွားစကားကို မငြင်းဝယ်ဘဲ အမြဲနားထောင်လာခဲ့ရသော မေ့တစ်ယောက် ဒီတစ်ခါတော့ ဘွားရဲ့အမိန့်ကို အာခံငြင်းပယ်လိုစိတ်ဖြင့် ကန့်ကွက်ဆန္ဒပြချင်လာမိရပါပြီ။

ဒီလိုမှမလုပ်ရင် မေ့တစ်ယောက် ဘွားအစီအစဉ်ဖြင့် ဘုမသိ ဘမသိ အိမ်ထောင်ရှင်မဖြစ်ရဦးတော့မည်။ အတွေးနှင့်ပင် မေ့ကိုယ်လေး သိမ့်သိမ့်ရှိုက်ငင်မိသည်။

ဘွားရယ်...။

မေ့မှာ ချစ်တတ်၊ ခံစားတတ်တဲ့ နှလုံးသား မရှိတော့ဘူးရယ်လို့များ ထင်နေရော့သလား ရှင်ရယ်။

မေ့ကို ဘွား သိပ်ချစ်တာ မေ့သိပါတယ်။ ဒါပေမယ့် မေ့ဆိုတာ ခံစားတတ်တဲ့နှလုံးသားနဲ့ လူတစ်ယောက်ဆိုတာ ဘွားသိသင့်ပါတယ်ရှင်။

မေ့စိတ်ထဲက ဆိုမြည်နေမိသည်။ မေ့ကို ဘွား ဘာပဲလုပ်ခိုင်း လုပ်ခိုင်း၊ ဘာပဲစီစဉ် စီစဉ် မေ့သခင် အပြုံးမပျက် လိုက်လျောနိုင်ပါသည်။

သို့ပါသော်လည်း မေ့သခင်ဘဝတစ်ခုလုံးကို ပေးဆပ်နှင်းအပ်ရမည့်သူကိုဖြင့် မေ့နှလုံးသားနှင့်သာ ရှာဖွေရယူလိုပါသည်။ ထိုအတွက် မေ့ကို ဘွား မုန်းချင်မုန်း။ စိတ်ဆိုးချင်လည်း ဆိုးနိုင်ပါသည်။ မေ့ကတော့ မေ့ရင်ထဲက ဆန္ဒကို ဘွားသိအောင် ပြောရ





ဖြစ်မည်။

အို...ကြာပါတယ်လေ။

မေ့ရင်ထဲက ဆန္ဒကို ဘွားသိအောင် မေ့သခင် အခုပဲ သွားပြောမည်။ ဒါကိုမှ ဘွားက ခွင့်မပြုဘူး ဆိုလျှင်တော့ ဖြစ်ချင်ရာဖြစ် မေ့သခင်လည်း တခြားနည်းလမ်းသုံးပြီး ဘွား ဇွတ်အတင်း ဘာတစ်ခုမှ မစီစဉ်နိုင်အောင် လုပ်ရမည်။

"ဘွား"

စေ့ရုံစေ့ထားသော ဘွား၏ အိပ်ခန်းတံခါးကို အသာတွန်းဖွင့်ရင်း ခေါင်းကလေးတစ်ချက် တိုးဝင်ကာ ဘွားကိုအသံပြုရင်း တစ်ချက်မျှ ချောင်းကြည့်လိုက်ရာ ဒေါ်ငြိမ်းနှင့် ခေါင်းချင်းဆိုင်ပြီး ဘာတွေ အရေးတကြီး တိုင်ပင်နေမှန်းမသိသော ဘွားက မေ့သခင်ရှိရာကို ချက်ချင်းလိုပင် လှမ်း၍ကြည့်လာပါသည်။

"ဘာပြောချင်လို့လဲ မေ့လေး၊ လာလေ"

ဘွားက ခေါ်လိုက်ခြင်းမဟုတ်ပါ။

ဒေါ်ငြိမ်းက မေ့သခင်ကို ချိုသာကြည်မြစွာ လှမ်းခေါ်လိုက်ခြင်းဖြစ်ရာ မေ့သခင်လည်း အခန်းထဲကို ဝင်လာခဲ့လိုက်သည်။

"ကျွန်မ သွားရတော့မလား မမ"

"နေပါဦး...ငါ့မှာ တခြားပြောစရာကိစ္စတွေ ရှိသေးတယ်၊ ဘာလဲ မြေး၊ ဘွားကို ပြောစရာရှိလို့လား"

"ဟုတ်ကဲ့"

မေ့သခင် ခေါင်းကလေးညိတ်ပြီးမှ ရှဘ်တရက် ဘာ



www.burmeseclassic.com

www.burmeseclassic.com



ဆက်ပြောရမှန်းမသိဘဲ ဘွားမျက်နှာကို လှမ်းကြည့်လိုက်မိသည်။ ပြုံးနေသော ဘွားမျက်နှာကို မြင်ရသဖြင့် ဘွား အဲဘယ်မျှ စိတ်ချမ်းသာပျော်ရွှင်နေပါကြောင်း ရိပ်မိသိရှိလိုက်ပါသော်လည်း မေ့သခင်မှာ သူမကိစ္စကို ဘွားကိုမပြောဘဲ နေလို့မရသဖြင့် ပြောပြရန် စိတ်ကိုတင်းလိုက်သည်။

"ဘာပြောမှာလဲ မေ့၊ ဘွားကို ပြောစရာရှိတာပြောလေ"

"မေ့ သူ့ကိုလက်မထပ်နိုင်ပါဘူး ဘွား"

"ဟင်"

မပြောတုန်းက ဘာမှပြောမထွက်။ ပြောမယ့်ပြောတော့လည်း မေ့သခင်စကားက လိုရင်းကို ထိထိမိမိ။ ဘွားက မေ့သခင်ကို အံ့သြသလို ကြည့်နေသလို ဒေါ်ငြိမ်းကလည်း အဓိပ္ပာယ်အမျိုးမျိုး ဆောင်သော မျက်နှာဖြင့် မေ့ကို ပြန်ကြည့်နေသည်။

"ဘွားရဲ့နေညိုကို မေ့ လက်မထပ်နိုင်ပါဘူး ဘွား၊ မေ့လက်ထပ်ရမယ့်သူကို မေ့ဘာသာ ရွေးချယ်ပါရစေ"

"မောင်နေညိုမှာ ဘာအပြစ်ရှိလို့လဲ မြေးရယ်၊ လူချင်းတွေ့ကြည့်ပါဦး၊ နေနဲ့လ ရွှေနဲ့မြဆိုတာ မေ့နဲ့မောင်နေညိုလို လူတွေပါကွယ်"

"တွေ့ကြည့်လိုက်ပါဦး"

ဘွားက သူဖြစ်ချင်တာကို အလျှော့မပေး။ မေ့ကိုပင်ပြန်ပြီး တိုက်တွန်းနားချနေသေးသည့်အဖြစ်မို့ ဒီတစ်ခါတော့ ဘွားကို မေ့ အလျှော့မပေးတော့ဟု ဆုံးဖြတ်ထားပါသည်။





"မေ့နဲ့သူ တွေ့ကြည့်လို့ မေ့သဘောမကျဘူးဆိုရင် ဘွားက မေ့ဆန္ဒကို လိုက်လျောမှာလား ဘွား"

"အိုကွယ်...ဒါကတော့"

"မေ့ တောင်းပန်ပါတယ် ဘွားရယ်၊ ဟဲ့ဘွားဟာ မေ့ကို ဘွားရဲ့မြေးအဖြစ် ဂုဏ်ချင်း၊ ငွေချင်း အဆင့်အတန်းတူချင်းဆိုပြီး ဘယ်သားရှင်ကမှ မေ့ကို ငြင်းပယ်ကြမှာ မဟုတ်ဘူး၊ လိုလိုလားလား လက်ခံကြမှာကို မေ့သိပါတယ်"

"ဒါမကောင်းဘူးလားကွယ်၊ ဘွားရဲ့မြေးဆိုတာနဲ့တင် မေ့စိတ်ကြိုက် ခင်ပွန်းလောင်းတစ်ယောက်ကို ခေါ်ခေါက်ရွေးလို့ ရနေပြီပဲ"

ဂုဏ်ယူဝံ့ကြွားမှုအပြည့်နှင့် ဆိုလာသည့် ဘွားစကားအဆုံးမှာ မေ့ သက်ပြင်းရှိုက်လိုက်မိသည်။ ဘွားပြောပုံကဖြင့် မေ့တည်ဆောက်ရမယ့် အိမ်ထောင်ရေးဘဝက လှယ်လိုက်တာ။

ဈေးဝယ်သလိုမျိုး ကိုယ်ကြိုက်မကြိုက် ပစ္စည်းကြည့်။ ဈေးမေး၊ ဈေးဆစ်ပြီးမှ ငွေချေဝယ်ယူရမည့်ပုံစံမျိုး တည်ဆောက်ရမည့် အိမ်ထောင်ရေးမှာ အဘယ်မျှ အပေးအယူ ဆန်သည်ကို ဘွား တွေးမိပါရဲ့လားမသိပါ။

ပစ္စည်းရွေးမှားသွားလို့ ကိုယ်မလိုချင်သည့် ပစ္စည်းကို ချောင်ထိုးသိမ်းဆည်းထား၍ ရသော်လည်း အိမ်ထောင်သည့်ဘဝ၊ လူတစ်ယောက်ကို လက်ထပ်ပြီးမှ မကြိုက်၍ နောက်တစ်ယောက် ပြောင်း၍ လက်ထပ်ရန် မဖြစ်နိုင်သည့် အဖြစ်ကို ဘွား မစဉ်းစား



www.burmeseclassic.com

www.burmeseclassic.com



မိတော့ပြီလားဟု မေ့သခင် မေးလိုက်ချင်ပါသည်။

"မေ့ကလည်း အဲဒါကိုပဲ သဘောမကျနိုင်တာပဲ၊ ဘွားပဲ စဉ်းစားကြည့်ပါဦး၊ မေ့ဘဝတစ်လျှောက်လုံး ဘွားပဲ မေ့ကို စိတ်ကြိုက်စီစဉ်လာခဲ့တာ မဟုတ်လား"

"သြော်...အဲဒါကိုပဲ မေ့က ဘွားကို အပြစ်တင်ချင်သေးလို့လား"

ရင်နာသံဖြင့် ဘွားဆိုလာတော့ မေ့ရင်ထဲလည်း မကောင်းပါ။

"မေ့ဆိုလိုတာက အဲဒီလိုမဟုတ်ပါဘူး ဘွားရယ်၊ အိမ်ထောင်ရေးကိစ္စကိုတော့ မေ့သဘော မေ့ဆန္ဒတစ်ခုတည်းနဲ့ ဆုံးဖြတ်ပါရစေလို့ ဘွားဆီမှာ ခွင့်တောင်းချင်တာပါ"

"အေးပေါ့လေ...မေ့သခင်ဆိုတာက အတောင်အလက်စုံနေပြီပဲ၊ ဘွားလုပ်သမျှ ဘာကိုမှ အကောင်းမမြင်ဘဲ အပြစ်တင်ချင်နေပြီပေါ့"

"ဘွား"

"မေ့ကြိုက်သလိုသာလုပ်တော့၊ ဘွား ဘာတစ်ခုမှ မပြောတော့ဘူး"

"ဟင်"

"မမ"

"ညည်း...ဘာမှမပြောနဲ့ မငြိမ်း၊ ငါ့အသက်အရွယ်က ရိပ်သာမှာ တရားအားထုတ်နေရမယ့် အရွယ်ပဲ၊ ငါ့ကို ဘုရားကျောင်း





ရှိတဲ့နေရာသာ ပို့လိုက်တော့"

"မမကလည်း ကလေးစိတ်ညစ်အောင် ဘာတွေလျှောက်ပြောနေမှန်း မသိပါဘူး၊ မေ့ကလေး တင်ပြတာလည်း မှားတော့ မမှားရှာပါဘူး မမရဲ့"

"သြော်...ညည်းကပါ ငါမှားနေတယ်လို့ ပြောချင်တာလား၊ ဒီမှာအေ မငြိမ်း မေ့အပေါ်မှာ ငါလို ဘွားအေအရင်းကြီးလောက် ဘယ်သူမှ စေတနာမထားနိုင်ဘူးဆိုတာ မြဲမြဲမှတ်ထားကွဲ့၊ နားလည်လား"

"ဟုတ်ပါတယ် မမရယ်၊ ကျွန်မ ပြောတာက အဲဒီလို သဘောမဟုတ်ပါဘူး၊ မေ့ရော မမပါ စိတ်ဆင်းရဲကြမှာ စိုးရိမ်မိလို့ပါ"

ဒေါ်ငြိမ်းမှာ မေ့ကိုသနား၍ မေ့ဘက်မှဝင်ပြီး ရပ်တည်မိသဖြင့် ဘွား စိတ်မဆိုးအောင် မနည်းဖြေရှင်းလိုက်ရတာကို ကြည့်ပြီး မေ့နှင့်ဘွားတို့ကြားမှာ ဒေါ်ငြိမ်း အနေရခက်နေတာကို ကြည့်လျက် မေ့သခင်ကိုယ်တိုင်လည်း ဘာတစ်ခုမှ စိတ်ဝယ် မချမ်းမြေ့မိပါ။

"ဘွားကို မေ့တစ်ခုပြောပါရစေ ဘွားရယ်၊ ဘွား စီစဉ်တဲ့အတိုင်း မေ့ လက်ခံပါ့မယ်၊ ဒါပေမယ့် ခမေ့ဘက်ကလည်း ဘွားကို တစ်ခုတောင်းဆိုပါရစေ"

ဘွားက ဘာလဲဆိုသည့်သဘောဖြင့် မေ့ကို မျက်ခုံးတွန့်ကြည့်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မေ့ကလည်း သူမစဉ်းစားထားသည့်အတိုင်း ဘွားကို မေ့သခင်ဖြစ်ချင်သည့် အကြောင်းအရာများအတိုင်း ချပြလိုက်ပါသည်။ မေ့၏စကားလုံးတိုင်းမှာ ဘွားမျက်နှာပေါ်က အပြောင်းအလွဲများကို တစ်ခုပြီးတစ်ခု မြင်တွေ့နေသလို ဒေါ်ငြိမ်းကလည်း မေ့နှင့်ဘွား မျက်နှာကို တစ်လှည့်စီကြည့်ရင်း ကြားထဲက စိတ်ရှုပ်နေပုံရသည်။

"မေ့ဖြစ်ချင်တာ အဲဒါပါပဲဘွား၊ အဲဒါလေးတစ်ခုတော့ မေ့ကို ဘွား လိုက်လျောပေးပါ"

ရုတ်တရက် ဘွားက မေ့ကို ဘာမှမဆို။

မေ့မျက်နှာလေးကိုကြည့်၍ အကြာကြီး ငြိမ်နေသည်၊ ပြီးမှ…

"ဘွား စဉ်းစားဦးမယ်"

"ဘွား"

"မငြိမ်း…ငါ့ကို ဆေးတိုက်စမ်း၊ ငါအနားယူချင်ပြီ"

ကိစ္စတော့ ပြတ်ချေပြီ။

ဘွားက မေ့သခင်ကို ယောင်လို့ပင်လှည့်မကြည့်တော့။ မေ့သခင် ဘာဆက်ပြောရမှန်းမသိဘဲ ကြောင်တောင်တောင်လေး ရှိနေခိုက်မှာပင် ဒေါ်ငြိမ်းက မေ့ကို အမူအရာနှင့် နေရာက ထွက်သွားဖို့ အချက်ပြနေသည့်အတွက် နေရာက မေ့ ထွက်လာခဲ့လိုက်သည်။

မေ့ဘက်မှာ ဒေါ်ငြိမ်းတစ်ယောက်လုံး ရှိသေးတာပဲ။





တွေးရင်း မေ့ ပြောမိသည့်စကားဆွေကို ပြန်စဉ်းစားကြည့်မိသည်။ မေ့အတွေးက ရှင်းပါသည်။ မေ့သခင်ကို ဘွား၏ မြေးအဖြစ် တစ်ဦးတည်းသော အမွေဆက်ခံမည့်သူလေးအဖြစ် နေညိုဆိုသူနှင့် လက်ခံတွေ့လိုခြင်းမရှိ။ မေ့ကို မေ့အဖြစ် မေ့ဘဝနှင့် ချစ်နိုင်သူကိုသာ မေ့က သူ့ရဲ့အိမ်ထောင်ဖက်တစ်ယောက်အဖြစ် ရွေးချယ်နိုင်မည့်သူ မေတ္တာစစ်ကို ရှာဖွေတောင်းတနေလိုခြင်းတည်း။

ထို့အတွက် နေညိုဆိုသူလာလျှင် မေ့သည် ဘွား၏မြေးမလေး မေ့မဟုတ်ဘဲ အိမ်တွင် တောက်တိုမယ်ရခိုင်းဖို့ ခေါ်ယူထားခြင်းခံရသော မိသေးဖြစ်နေရမှာဖြစ်ပြီး မေ့သခင်နေရာမှာ အိမ်ဖော်မိသေးက ရှိနေရမည့်အဖြစ်မို့ ဘွားခမျာ အင်တင်တင်ဖြစ်နေသည် လားမဆိုနိုင်။

မေ့ကလည်း သူမ အကြံအစည်ကို လက်လျှော့မည် မဟုတ်။ အိမ်ဖော်နှင့် သူဌေးသမီး မေတ္တာစစ်နှင့်ဆိုလျှင် ဘယ်ဒင်းကို ရွေးမလည်း သိချင်သည်။

အိမ်ဖော်မလေး ဖြစ်သွားသော မေ့သခင်သည် ဤရုပ်ရည် အတိုင်း ဘာတစ်ခုမှ ကွဲလွဲမည်မဟုတ်သလို မေ့နေရာမှာရှိနေမည့် အိမ်ဖော်မိသေး၏ ရုပ်ရည်သည်လည်း သူ့ပုံစံအတိုင်း အသားညိုညို၊ နှာခေါင်းပြားပြား၊ မျက်ခုံးပါးပါး၊ မျက်လုံးကျဉ်းကျဉ်းလေးနှင့် ရယ်လိုက်ရင်တော့ ကလေးတစ်ယောက်လို အပြစ်ကင်းသော သနားကမား ရုပ်ရည်လေးနှင့်ပါ။

ပြင်လိုက်ဆင်လိုက်ရင်တော့ ဘွားရဲ့မြေးမလေး မေ့သခင်



www.burmeseclassic.com

www.burmeseclassic.com



စစ်စစ်မဖြစ်ခဲ့ရင်တောင် မေ့သခင်အတုလေးကို နေညိုဆိုသူ မေတ္တာသက်ဝင် ချစ်ခင်ပါသည်ဆိုရင်ဖြင့် မိသေးတော့ ကောင်းစားရဦးတော့မည်ထင်။

ဒီလိုမှမဟုတ်ဘူး မိသေးဟာ ဘွားရဲ့မြေး မဟုတ်မှန်းသိလို့ ထားခဲ့ရင်လည်း ဒီလူ့အကြောင်း စိတ်ရင်းအမှန်ကို ရှင်းလင်းစွာ သိရတာအမြတ်ပင်။

မနက်ဖြန်သဘက် ထိုလူရောက်လာတော့မည်။ ဘွားတစ်ယောက် ဘယ်လိုဆုံးဖြတ်မည်မသိ။ အိပ်ရာထက်မှာ လူးလိမ့်ငြိမ်သက်ရင်း မေ့အကြံအစည် မအောင်မြင်ဘဲ ဘွားက လက်မခံလျှင် စစ်နဒီကို မေ့ချစ်သူ့အဖြစ် အသုံးချရတော့မည်ထင်။

"ခေါက်…ခေါက်"

"မေ့ရေ"

"ဝင်ခဲ့လေ ဒေါ်ငြိမ်း"

"ကျွီး"

အခန်းတံခါးပွင့်သွားပြီး ဒေါ်ငြိမ်း ဝင်လာသည်။

"အောင်ပြီ မေ့ရေ၊ မမက မေ့အကြံအစည်ကို လက်ခံလိုက်ပြီ၊ မေ စီစဉ်စရာရှိတာတွေ စီစဉ်ပေတော့၊ တစ်ခုတော့ စိုးရိမ်စရာရှိတယ်နော် မေ့"

"ဘာလဲဟင် ဒေါ်ငြိမ်း"

"မိသေးလေ…မေ့နေရာမှာ သူ့ကိုထားလို့ ဖြစ်ပါ့မလားတော်ကြာ အလွဲလွဲအမှားမှား ဖြစ်နေရင်မခက်လား"





"အခက်ပါဘူး ဒေါ်ငြိမ်းရဲ့၊ မိသေးကို မေ့ကိုယ်တိုင် သေချာရှင်းပြမှာပါ၊ အခု မိသေးရော"

"မမ အခန်းမှာ ကျန်ခဲ့တယ် မေ့ရေ၊ ဒါ့ရင် မေ့အခန်းကို လိုက်ခဲ့ဖို့ ဒေါ်ငြိမ်းမှာခဲ့တယ်"

"မမ"

"ဟော…မိသေးလာပြီ၊ ဝင်ခဲ့ဟေ့ ကလေး"

"ဟုတ်"

အကြောင်ကြောင်မျက်နှာပေးနှင့် မျက်လုံးလေးပုတ်ခတ်ပုတ်ခတ်လုပ်ရင်း မိသေးက ဧမ့အနားလာထိုင်ရင်း မေ့မျက်နှာကို ကြည့်သည်။ တကယ်တော့ မိသေးသည် မေ့နှင့်ဆိုလျှင် အသက်တစ်နှစ်ကျော်ကွာသည်။

အရွယ်ကြတော့ မကွာ။

မိသေးပုံစံက အပြင်မှာ နှစ်ယောက်အတူ ယှဉ်ကြည့်ရင် မေ့ထက် အသက်ပိုကြီးသူတစ်ယောက်လို့ ထင်ရသည်။ နာမည်ကသာ မိသေးဖြစ်ပါသော်လည်း သေးသေးညက်ညက်ထဲက မဟုတ်။

ညိုညိုမောင်းမောင်း ထောင်ထောင်ထွားထွားထဲကမို့ ဖြူနုသေးသွယ်ပြီး ကော်ပတ်ရုပ်ကလေးလို လှပသော မေ့သခင်နှင့်ကြတော့ ဘယ်လိုမှ နှိုင်းယှဉ်လို့မရနိုင်အောင် ကွာခြားချက်တွေနှင့် ဖြစ်ပါသော်လည်း ဂုဏ်ပကာသန၊ ငွေကြေးအရှိန်အဝါတို့ ပိုင်းခြားတွက်စစ်လိုက်ရင်တော့ မိသေး ရုပ်ဆိုးတာလေးကို ချစ်စရာ၊ မြတ်



www.burmeseclassic.com

www.burmeseclassic.com



နိုးဖွယ်အဖြစ် ပြောင်းလွဲသွားမည်မှာ သေချာသည်။

"ညည်းကို…မမက ဘာပြောလိုက်လဲ"

"မမမေ့ ခိုင်းတဲ့အတိုင်း လုပ်ပေးဖို့နဲ့ ဘာတစ်ခုမှ အမှား အယွင်းမရှိဘဲ တိတိကျကျ လုပ်ပေးရင် ဆုကောင်းကောင်းချမ လို့လည်း ပြောလိုက်တယ် ဒေါ်ဒေါ်ငြိမ်း"

"ဒါဖြင့် ညည်း ဘာလုပ်ရမယ်ဆိုတာ သိပြီပေါ့"

"သိတော့သိပါပြီ၊ ဒါပေမယ့် ကျွန်မ ကြောက်တယ်"

မျက်နှာငယ်လေးနှင့် ဆိုလိုက်သော မိသေးမျက်နှာ အခုပဲ ငိုချလိုက်တော့မလိုလို။ မျက်စိပျက်၊ မျက်နှာပျက်နှင့် ကိုပဲ လူသတ်မှုတစ်ခု ကျူးလွန်ခိုင်းနေသည့်ပုံနှင့် ဖြစ်ရာ မိသေးဖြစ်နေပုံကိုကြည့်ပြီး ရယ်လည်းရယ်ချင် စိတ်လည်းညစ် ရပါသည်။

"မိသေးနော်…အခုထဲက ပုံစံကဖြစ်နေလိုက်တာ၊ နင် မမမေ့ကို မသနားဘူးလားဟင်၊ ဟိုက အဲဒီလူကို မယူချင် ဘယ်လောက် စိတ်ဒုက္ခရောက်နေရလဲဆိုတာ ညည်းသိရဲ့လား"

မေ့ကိုယ်စား ဒေါ်ငြိမ်းက မိသေးကို နားချနေတာ မေ့ ငေးကြည့်နေမိသည်။ ရင်ထဲမှာ စကားတွေအများကြီး ပြော နေပေမယ့် ဘယ်ကစပြောရမှန်းမသိ။

"မိသေး နားလည်အောင် လွယ်လွယ်ပြောရရင် အိမ်ထောင်မပြုချင်ဘူး၊ အဲဒါကြောင့် မိသေးကို မေ့နေရာမှာ ပြီး ဧည့်သည်ကို စိတ်ပျက်ပြီး ဒီအိမ်က အမြန်ဆုံးပြန်သွားအော မောင်းထုတ်ပေးဖို့ပါ"





"မေ့ပြောတာ နားလည်တယ်မဟုတ်လားဟင်"

မေ့က သူမဖြစ်ချင်တာကို ပြောလိုက်သည်။

"မေ့ အသာနေစမ်းပါကွယ်၊ မေ့ဖြစ်ချင် ဘာတွေအားလုံး မိသေး နားလည်သဘောပေါက်အောင် ဒေါ်ငြိမ်း ပြောစမ်းပါမယ်"

"မိသေးလည်း ဒေါ်ငြိမ်းပြောတာ သေချာနားထောင် ဟုတ်လား"

"ဟုတ်ကဲ့ပါ"

အသေးစိတ် အစီအစဉ်တွေကို ဒေါ်ငြိမ်းနဲ့ နှစ်ယောက် အတူ တိုင်ပင်ပြီးသားမို့ မိသေးကို ဒေါ်ငြိမ်းကိုယ်တိုင် ပြောပြမည် ဆိုသောအခါ မေ့လည်း မကန့်ကွက်မိပါ။ တိုးတိုးတစ်မျိုး ကျယ် ကျယ်တစ်ဖုံ စိတ်အားထက်သန်စွာ ပြောပြနေသည့် ဒေါ်ငြိမ်းပုံစံ က အလွန်အင်မတန် အရေးကြီးသော လျှို့ဝှက်ကိစ္စကို ဆောင်ရွက် နေဟန်အပြည့်နှင့် ဖြစ်သလို မိသေးထံမှ ကြောက်ရွံ့ထိတ်လန့်ဟန် အမူအရာကြောင့် မေ့မှာ စိတ်ညစ်နေသည့်ကြားမှပင် ပြုံးလိုက်မိရပါ သေးသည်။

"ဟန်ဆောင်တာက ဟုတ်ပါပြီ၊ တော်ကြာ ဟိုသူဌေး သားက ကျွန်မကိုမှ ကြိုက်လာချည်ရဲ့ဆိုရင် ဘယ်နှယ့်လုပ်မလဲ"

"အင်"

မိသေးထံမှ ထင်မှတ်မထားသည့် မေးခွန်းကြောင့် မေ့ ကိုယ်တိုင် ရုတ်တရက် ဘာဖြေရမှန်းမသိ ဖြစ်နေစဉ်မှာပင် ဒေါ်ငြိမ်း က မေ့ကိုယ်စား ဝင်ဖြေလိုက်သည်။

"အဲဒီတော့လည်း ကောင်းတာပေါ့အေး ဟိုက ညည်းကို



www.burmeseclassic.com

www.burmeseclassic.com



ချစ်ဝါရစေ၊ ကြိုက်ပါရစေဆိုရင်လည်း ယူလိုက်ကြရုံပေါ့''

''အိုး…အဲဒါတော့ လုံးဝမဖြစ်ပါဘူး ဒေါ်ဒေါ်ရဲ့၊ ရွာမှာ က ကျွန်မရည်းစား ကိုရွှေလုံး ရှိသေးတယ်၊ ကျွန်မ သူ့ကိုချစ် တယ်''

''ဒါဖြင့် ညည်းကို ဟိုသူဌေးကို မယူဘူးပေါ့''

''မယူဘူး…မယူဘူး၊ ကိုရွှေလုံးကိုပဲ ယူမှာ၊ သူ့ကိုလည်း ကတိပေးထားပြီးပြီ''

ခါးခါးသီးသီး အမူအရာဖြင့် ပြတ်သားစွာ ငြင်းလိုက်သော စကားသံကို နားထောင်ကာ မိသေးအဖြစ်ကို မေ့တို့မှာ ရယ်ရမလို ငိုရခက်နှင့် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်မိကြ သည်။

မိသေးဖြစ်နေပုံက သူဌေးလုပ်သူက မိသေးကိုပဲ အရူးအမူး ချိုင်း ယူတော့မည့်ပုံအတိုင်း မဟုတ်လား။

''အေးပါအေ…အဲဒီလောက်လည်း သည်းမနေစမ်းပါနဲ့ ဟိုသူဌေးကပဲ ညည်းကို ကြိုက်စမ်းပါစေဦး၊ တကတည်း ဖြစ်နေ လိုက်တာများ၊ သူ့ကိုယ်သူ တကယ့်ရွှေမင်းသမီးလေး ကြနေ ပဲ''

''ဒေါ်ဒေါ်ငြိမ်းကလည်း''

ရှက်သွားသော မိသေးမျက်နှာကို ကြည့်ပြီး မေ့တို့ ပြုံး ကြသည်။

''ကဲ…ကဲ ပွဲမဝင်ခင် အပြင်ကကျင်းပရအောင်၊ အဝတ် အဝတ်တွေ စီစဉ်ရဦးမယ်၊ ညည်းတော့ သိပ်ကံကောင်းသွား





မိသေးရေ၊ ငါနဲ့သာ လိုက်ခဲ့ပေတော့''

''ဟုတ်ကဲ့ ဒေါ်ဒေါ်ငြိမ်း''

ချက်ချင်းလိုပင် သူဌေးသမီးလေး မေ့ ... င်နေရာမှာ သရုပ်ဆောင်ဖို့ မိသေးအတွက် လိုအပ်သည့် အဝ ... စား အသုံး အဆောင်တွေ ပြင်ဆင်ရသလို မေ့အတွက် အိမ်ဖော် ... သေးနေရာမှာ သရုပ်ဆောင်ဖို့ လိုအပ်တာ ချုပ်လုပ်ပြင်ဆင် ဖော ... ာက်ကြရပါ သည်။

ရယ်စရာလည်းကောင်း၊ စိတ်ညစ်စရာလည်း ဖြစ်ရသည့် အချက်မှာ မိသေးကိုယ်တိုင် နှုတ်ခမ်းနီ၊ မိတ်ကပ် အဖွေးသားနှင့် ကျူကော့နေအောင် ဖြီးလိမ်းဝတ်စားပြင်ဆင်ပြီး ... ရာဘာကို မနေ တတ်မထိုင်တတ် ဖြစ်နေရုံမက၊ တောသူတောင်သားတို့သဘာဝ လုပ်ကြမ်းလုပ်ခဲ့ရသော ခြေဖဝါးလက်ဖဝါးများ ကြမ်းတမ်းဖုထစ် ကာ ဘယ်လိုမှ အချိုးမပြေနိုင်ဘဲ သူဌေးသမီးဆိုသည့် ဂုဏ်ပုဒ် နှင့် လုံးဝမလိုက်လျောညီဘဲ ရယ်စရာ စိတ်ညစ်ကြ ... ခြင်းဖြစ်သည်။

သို့သော် ဖြစ်သမျှအကြောင်း အကောင်းချည်းဟု သဘော ထားလိုက်ကြသည်။ မထားလို့ကလည်း မဖြစ်၊ မေ့သခင်အတွက် ထိုသားဖြစ်သူမှာ မကြာခင် ရောက်လာတော့မည်ဖြစ်သည့် အတွက် မိသေး စိတ်ထင်ရာသာ လုပ်ပေရော့ဟု သ ... ဘောပိုက်လိုက် အားလုံး သက်ပြင်းကိုယ်စီ ချလိုက်နိုင်ကြပါတော့သတည်း။

www.burmeseclassic.com



# အခန်း (၈)

ကားအိမ်ရှေ့တည့်တည့်မှာ ရပ်သွားတာ၊ ကားပေါ်က လူတစ်ယောက် ဆင်းလာတာ၊ ဘွားကိုယ်တိုင် လှိုက်လှဲဝမ်းသာစွာ ကြိုဆိုနေရာချထားပေးတာအဆုံး အားလုံးကို မေ့သခင် မြင်တွေ့ကြားသိနေရပါသည်။

အသားခပ်ညိုညို၊ အရပ်မနိမ့်မမြင့်၊ ကြည့်ပျော်ရှုပျော်မျှသာဖြစ်သော လူတစ်ယောက်ကို ဘွားကိုယ်တိုင် ကြိုဆိုနေပါသည်။ စစ်နဒီနှင့်ဆိုလျှင် တခြားစီဟု ဆိုရမည်။ ဘွားတစ်ယောက် ဘယ်လိုစိတ်ကူးနှင့် မေ့ကို ဒီလူနှင့် သဘောတူသည်မသိရပါ။

"ထိုင်ကွယ်…မောင်နေညို၊ မြေးရေ မောင်နေညိုအတွက် ဖျော်ရည်အေးအေးလေး လုပ်ခဲ့ပါဟေ့"

ဟော…ဘွားခေါ်နေပြီ။





ဒေါ်ငြိမ်းနှင့် မိသေးတို့ရှိရာသို့ မေ့သခင် ( မ်းကြည့်လိုက်တော့ မျက်လုံးအပြူးသား၊ ပါးစပ်အဟောင်းသား ၁င့် ဓာခွျေးပုံနေသော မိသေး၏မျက်နှာကို ကြောက်ဂ္ဂ နေ ႏ အမူအရာ ခိတ်ကပ်ပြာတာတာကြားမှာ လှမ်းမြင်တွေ့လိုက် ၁ ဖြင့် မေ့မှာ သနားလည်းသနား၊ ရယ်လည်းရယ်ချင်မိစွာ နှုတ်ခ းအစုံ သူ့အလိုလိုပြုံးသွားမိပြီးမှ မနည်းဘရိတ်အုပ်လိုက်ရသည်

"မြေးရေ"

"လာပါပြီ ဘွား"

မိသေးအသံမဟုတ်ပါ။ ဒေါ်ငြိမ်းအသံဖြ ပြီး မိသွေးကိုနောက်က တွန်းမထုတ်ရုံတမယ် ဆွဲခေါ်လာပြီး ပ းစပ်မှတတွတ်တွတ် ဆီမန်းသလို ရေရွတ်နေသော ဒေါ်ငြိမ်းနှင့်အ ၇ အအေးဗန်းကို တုန်ရီသောလက်အစုံဖြင့် သယ်မယူလာရသေ မ်သေးအဖြစ်ကို ကြည့်ရင်း အားလုံး ရင်မနေကြသည်။

"လာလေ…မြေး၊ ဒီမှာချ"

"ဒုန်း"

"ခလွမ်း"

"အမလေးတော့"

"ဟဲ့…ဟဲ့"

အို…။

လိုက်ကာနောက်ကွယ်မှ တစ်ချိန်လုံး ချောင်းကြည့်နေမိသော မေ့သခင် မျက်နှာပျက်ရသလို နေညိုဆိုသည့်လူရှေ့မှာ

www.burmeseclassic.com



ထိုင်နေရှာသော ဘွားခများလည်း ထိတ်လန့်စွာ တဟဲ့ဟဲ့ဆိုမြည် လိုက်ရခြင်းက မေ့သခင်အဖြစ် သရုပ်ဆောင်ရမည့် မိသေးက လက်ထဲက အချိုရည်ထည့်ထားသည့်ဇွန်းနှင့် ခုံအစွန်း ဝင်တိုက်မိကာ ဖန်ခွက်ထဲရှိ ဖျော်ရည်အားလုံး သွန်ပြစ်သလို မှောက်သွားရုံမက ဖန်ခွက်ပါကွဲသွားသဖြင့် ညှိသည်ရော အိမ်ရှင်ပါ အနေရခက်သွားကြရသည့်အဖြစ်ပါ။

''ဘယ်နှယ့်ဖြစ်ရတာလဲ မြေးရယ်၊ မငြိမ်း...ဒါတွေ ကြည့်လုပ်စမ်းပါဦးကွယ်၊ လာ...လာ မြေးက ဒီမှာထိုင်''

ဘွားက သူ့ဘေးနားကခုံကို လက်ဖြင့်ပုတ်ပြရင်း ထိုင်စေလိုက်တာမို့ မိသေးလည်း မျက်နှာပျက်ပျက်ဖြင့် ခေါင်းငုံ့ထိုင်နေလိုက်သည်မှာ တစ်ချက်ပင် ပြန်မော့မလာတော့ပါ။

''ဒီလိုပဲကွယ်...မြေးလေးတစ်ယောက်ထဲရှိတာ ဘာမှမလုပ်ရ၊ ဘာမှလည်း မခိုင်းရက်နဲ့ နေလာတော့ ဒီလိုပဲ ဘာလေးပဲလုပ်လုပ် အရောရာနဲ့ အကြောင်းကြောင်းဆိုသလို ဖြစ်နေတာပေါ့ မောင်နေညိုရယ်''

''သူ့လေးက ဘွားရဲ့မြေး မေ့သခင်လေးပဲ၊ မြေး...ဟော ဒါက မောင်နေညိုတဲ့၊ ဘွားတို့အိမ်မှာ ခဏတည်းခိုပြီး သူ့အတွက် ဝယ်ထားတဲ့အိမ်ကို ပြင်ဆင်မယ့်သူပဲ''

''ဟုတ်ကဲ့...တွေ့ရတာဝမ်းသာပါတယ် မေ့သခင်''

မိသေးထံမှ ဘာသံမှထွက်မလာ။

မော့လည်းမကြည့်။ ကြည့်စရာလည်းမလို။ မေ့သခင်ဆို





တာ သူမကိုယ်တိုင် မဟုတ်သဖြင့် စိတ်ထဲမှာလည်း မိသေးက သူမကို ပြောသည်ဟုမထင်။

ခေါင်းကြီးငုံ့လျက် ဘွားဆူမှာကိုသာ ဒိုးရိမ်ကြောက်လန့်ပြီး ခေါ်ချေးပုံလျက်ရှိရာ မျက်နှာပေါ်က ပူမှုလေးင်ဆလာင် စေးကပ်လှသော မိတ်ကပ်မျက်နှာမှာ ချွေးဥတွေ သီးလာပါသည်။

ဒါက မိသေးရင်ထဲ စိတ်ခံစားချက်အပိုင်း ဖြစ်ပေမယ့် ဘွားရဲ့မြေးဆိုတာ နောက်ဖက်အခန်းထဲက အဆေးဗန်းလေးကိုင်ကာ ထွက်လာပြီဆိုတာနဲ့ ကိုလေးနေညိုနှင့် လက်ထပ်မည့် သတို့သမီးလောင်းလေးအဖြစ် မိသေးတစ်ကိုယ်လုံး စေ့စေ့စပ်စပ် ကြည့်ရှုအကဲခတ်လိုက်မိသူက နေညိုပြာန်ဆောင်ထားရသော ဒရိုင်ဘာစံသိန်းပါ။ နာမည်က မေ့သခင်တဲ့။

လှပုံကဖြင့် နည်းနည်းမှ ပုံမလာယန်းမလော။ ဝတ်စားပြင်ဆင်ထားတာတွေနှင့် လူက တခြားစီဖြစ်နေသော မေ့သခင်က သူ့လိုလူတစ်ယောက်ရှေ့မှာ ဉာဏ်မြူတုန်လှုပ်ချောက်ချားနေတာကိုလည်း သူနားမလည်နိုင်။

သူ့အတွက် ယူလာပေးသည့် အအေးဗန်း ခုံစောင်းနှင့် တိုက်ပြီး မှောက်သွားတော့ ပိုဆိုးသွားသည်။ သူ့အဘွားညွှန်ပြသည့် ခုံမှာ ဝင်ထိုင်ပြီး ခေါင်းကိုငုံ့ထားသည်မှာလည်း မျက်ကျိုးလုမတတ် ဖြစ်နေရုံမက နေညိုပြောသည့် စကားကိုပင် သူမကိုမပြောသလို ဘာတစ်ခုမှ မတုံ့ပြန်ဘဲ ရှိနေတာ တစ်ခါမှ မကြုံဘူးသောအဖြစ် ကြောင့် နေညိုပင် မေ့သခင်ဆိုသူကို ဘယ်လိုနားလည်ရမှန်းမသိ



www.burmeseclassic.com

www.burmeseclassic.com



ဘဲ ဖြစ်သွားသည်။

''မေ့…မြေးလေး ဒီမှာ မောင်နေညိုက ပြောနေတာ ကြားရဲ့လားကွယ်၊ ညည့်သည်ကို တစ်ခုခုပြန်ပြောဦးမှပေါ့''

ပါးစပ်ကတင် ပြောတာမဟုတ်။ ဘွားက မိသေးလက်တစ်ဖက်ကို ဆွဲယူဆုပ်ကိုင် သတိပေးစကား ဆိုလိုက်တာမို့ မော့ကြည့်နေဆဲမှာပင် မိသေးကိုယ်လေး တွန့်ခနဲဖြစ်သွားတာမြင်ဖြစ်အောင် မြင်လိုက်ရသည်။

''ဟုတ်…ဟုတ်ကဲ့''

မိသေးက ဘွား၏အချက်ပြအသိပေးမှုကြောင့် ဘာမှန်းမသိ ခေါင်းတွင်တွင်ငုံ့ကာ ဟုတ်ကဲ့ဟု ထစ်ငေါ့စွာဆိုပါသည်။ ဘာကိုဟုတ်ကဲ့သည်ကို မေ့လည်းမသိပါ။

''အဲဒါပဲကြည့်တော့ မောင်နေညိုရေ၊ မေ့လေးက သိပ်ရှက်တတ်တာကွဲ့''

''ဟုတ်ကဲ့''

မေ့သခင်ဆိုသူကို စေ့စေ့ကြည့်ရင်း စံသိန်းကလည်း ဟုတ်ကဲ့လိုက်ပါသည်။ တစ်မျိုးတော့လည်း တစ်မျိုးပဲဟု တွေးလိုက်မိသော်လည်း ဘာကိုတစ်မျိုးဟု သေချာရေရာစွာ မတွေးမိသေးပါ။

မေ့သခင်တဲ့။

နာမည်နှင့်လူနှင့်ကတော့ ဆန့်ကျင်ဘက်ဟု ဆိုရတော့မည်။ သူတို့မျှော်လင့်ထားသည်က တခြား။ အခု သူလက်တွေ့





ရင်ဆိုင်နေရသည်က တစ်လွဲ။

မေမေကြီးပြောတော့ မေ့သခင်ဆိုတာ ချစ်စရာလေးတဲ့။ သိပ်လှတာပဲတဲ့။ အခု သူတွေ့မြင်နေရသော မေ့သခင်က ချစ်စရာလေးဆိုသည့်အဆင့်ကိုပင် မနည်း ဖျစ်ညှစ်ပြောရမည်။ သိပ်လှတာပဲဆိုတာက ပါကိုမပါတာ။ ကိုလေးသာ သူနဲ့ မေ့သခင်ကိုတွေ့လျှင် ရင်ကျိုးမှာ သေချာသည်။

တော်ပါသေးရဲ့၊ စံသိန်းကို နေညိုအဖြစ် အစ်ကိုလေးက ဟန်ဆောင်ခိုင်းထားလို့။ အစ်ကိုလေးသာ သူကိုယ်သူ နေညိုပါဆိုတာ လူလုံးထွက်ပြလိုက်ရင် မေ့သခင်ဆိုသည့် ကလေးမက ကိုလေးလို လူချောကြီးတစ်ယောက်ကို မြင်တွေ့လျှင် ဘယ်လောက်များ တုန်လှုပ်ချောက်ချားနေမည်မသိ။

အခုပဲကြည့်လေ။

နေညိုတစ်ဖြစ်လဲ ဟန်ဆောင်ထားသည့် စံသိန်းလိုလူရှေ့မှာတောင် ဘွားရဲ့ မေ့သခင်ဆိုတာက တကယ့်ကို အမှားမှားအယွင်းယွင်းတွေနဲ့ပါ။

''ဒါနဲ့ တင်တင်ရော နေကောင်းရဲ့လားကွဲ့ မောင်နေညို''

''ဟုတ်ကဲ့…နေကောင်းပါတယ်ဘွား''

''အေးကွယ်…တင်တင်နဲ့လည်း မတွေ့တာ ကြာပြီ၊ မောင်နေညိုကို ခပ်ငယ်ငယ်ကသာ မြင်ဘူးတာကိုး၊ အခုလို အရွယ်ရောက်လာတော့ မောင်နေညိုက ဘွားတွေ့ဘူးတဲ့ မောင်နေညိုလို့တောင် မထင်ရဘူး၊ တခြားတစ်ယောက် ဖြစ်သွားတယ်''



www.burmeseclassic.com

www.burmeseclassic.com



ဘွားစကားကြောင့် စံသိန်း ပြုံးလိုက်သည်။ ကိုလေးကို သေချာမမြင်ဘူးတော့ နေညိုဆိုတာနှင့် စံသိန်းလိုလူတစ်ယောက်ကို လက်ခံလိုက်ရသော ဘွားအဖြစ်ကလည်း ရယ်စရာကောင်းသလို သနားစရာလည်း ကောင်းလှသည်။

ဘွားတစ်ခါက မြင်တွေ့ဘူးသူက ကိုလေးနေညို အစစ် ဖြစ်ပြီး အခု ဘွားရှေ့ရောက်နေတဲ့လူက နေညိုအတုဆိုတာ ဘွားမှ မသိဘဲ။

မတူဆို တစ်ယောက်စီပါပဲဟု ဘွားကို စိတ်ထဲကပဲ ပြော လိုက်သည်။

"ကျွန်တော့်ကို လူတိုင်းက ဘွားလိုပဲ ပြောကြပါတယ် ခင်ဗျာ၊ ကျွန်တော်လည်း အဖျားရောဂါ ပြင်းပြင်းထန်ထန် ဖြစ်သွားပြီးကတည်းက အတော်လေး ရုပ်ပြောင်းသွားတယ်ထင်တယ်"

"ထင်တာမဟုတ်ဘူးကွဲ့၊ သူများတွေပြောသလို တကယ် ပြောင်းသွားတာ၊ ဘွားမြင်ဘူးတဲ့ နေညိုနဲ့ အခု ဘွားရှေ့ရောက်နေတဲ့ နေညိုက တခြားစီပဲ"

ဘွားကလည်း သူ့စိတ်ထဲရှိသည့်အတိုင်း ပွင့်လင်းစွာ ပြောပစ်လိုက်သည်။ စိတ်ထဲမှာလည်း ဘွားမျက်စိရှေ့က တင့်တင့်သား နေညိုဆိုတာကို နည်းနည်းလေးမှ သဘောမတွေ့နိုင်ဘဲ ဖြစ်နေရာ မေ့သခင်နေရာမှာ မိသေးကို အစားထိုးမိတာပဲ ခပ်ကောင်း ကောင်းဟု တွေးနေရှာပါသည်။

တင့်တင့်သားတဲ့…။





ပြောမယုံ ကြုံဘူးမှသိရသည့်အဖြစ်ပါ။ တင့်တင့်ပြောတဲ့ နေညိုဆိုတာ လူချောလေးတဲ့။ အခု ဘွားမျက်စိရှေ့က နေညိုမှာ ဖြင့် လူချောတစ်ယောက်၏ အမှတ်တံဆိပ် ဘာတစ်ခုမှမရှိ။

မေ့လေးကိုတွေ့ပြီး မချစ်ရင် မနေနိုင်ပါဆိုမှ ငြင်းရခက် ပြုရခက်နှင့်။ အခုတော့ မိသေးကို ကြိုက်သွားမှချည်ရဲ့ဟုဆိုလျှင် ဘွားအနေနှင့် ခပ်ပျော်ပျော် ထည့်ပေးလိုက်ချင်မှုသာ။

အလို…ဘွားရှေ့က နေညိုကိုယ်တိုင် ပယ်စာရင်းထဲ ရောက်နေပါပေါ့လား။ အစတုန်းကတော့ ဘွားစိတ်ထဲမှာ နေညို မှ နေညို။

တင့်တင့်သားဟာ ဘာလို့များ ဒီလောက်ကြီး ပြောင်းလွဲ သွားရတာပါလိမ့်မလည်း။ ဘွားတွေ့ဘူးတဲ့ နေညိုမှ ဟုတ်ပါရဲ့ လားလို့တောင် စဉ်းစားစရာ။ ဒီနေညိုဆိုတာကိုဖြင့် ဘွားစိတ်ထဲမှာ မြေးလေးနှင့် ဘယ်လိုမှ သဘောတူကြည်ဖြူလို့မရ။

အခုမှ ခက်ချေပြီ။

တင့်တင့်ကို ဘွားဘက်က စကားတွေအများကြီး လွှန် ထားခဲ့မိသည်။ လူကြီးတစ်ယောက်လုံးလုပ်ပြီး အခုမှ ဘွားကိုယ် တိုင် မြေးလေးနှင့် သဘောမတူနိုင်ပါဟု ဆိုရအောင်ကလည်း အသက်ကြီးမှ အချိန်မစီးဘူး ဘာညာတွေ အပြောခံနေရဦးမည်။

ဒီတစ်ခါတော့ မေ့ကိုပဲ ကျေးဇူးတင်ရသည်။ ဒီကလေးမ လေး ရွှေဉာဏ်တော်ရူးရောက်ပေလို့ပဲ၊ နို့မို့ရင်လား။

"ဘွားကို ကျွန်တော် ခွင့်တောင်းစရာတစ်ခု ရှိနေပါ



www.burmeseclassic.com

တယ်ခင်ဗျာ''

''ဘာများလဲ မောင်နေညို''

''တခြားမဟုတ်ပါဘူး ဘွား၊ ကျွန်တော်နဲ့အတူပါလာတဲ့ ကျွန်တော့်ဒရိုင်ဘာကို ဒီအိမ်မှာရှိနေတဲ့ ဒရိုင်ဘာနဲ့အတူ တည်းခိုနေထိုင်ခွင့်ပြုပေးဖို့ပါ''

''ခွင့်ပြုရမှာပေါ့ကွယ်၊ မောင်နေညိုဒရိုင်ဘာကို မောင်အိန်နဲ့အတူ နေပါစေ၊ လိုအပ်တာတွေအားလုံး မငြိမ်းတို့လုပ်ပေးလိမ့်မယ် ဟုတ်လား''

''ကျေးဇူးတင်ပါတယ်ဘွား''

အင်း…စကားပြောတာလေးကတော့ဖြင့် လူယဉ်ကျေးလေးပီသပေသား။ တင့်တင့်သားဖြစ်နေမှတော့လည်း ရုပ်ကလေးဆိုးနေတာလေးလောက်ကို လျှော့လျှော့ပေါ့ပေါ့စဉ်းစားပြီး တခြားသဘောမနော ဖြူစင်ရိုးသားတာလေးတွေ ကြည့်မှထင်ရဲ့။

ရုပ်ဆိုတာ ပြုတ်စားလို့ရတာမှ မဟုတ်ဘဲ၊ ဘာကယ်အရေးကြီးတာ လူတစ်ယောက်ရဲ့စိတ်ပဲ။ အင်း…ဟုတ်တယ် စိတ်…စိတ်။

ဘယ်သူမှ တရားမချ။

ဘွားဘာသာဘွား ပြန်တွေးပြီး စဉ်းစားကြည့်နေမိခြင်းပါ။

''အအေးလေး သုံးဆောင်ပါဦးကွယ်''

''ဟုတ်ကဲ့ခင်ဗျာ''

မေ့ကိုယ်စား ဒေါ်ငြိမ်းကပဲ အအေးလာချပေးခြင်းဖြ





သည်။

''မငြိမ်းရေ…မောင်နေညိုပစ္စည်းတွေကို သူနေရမဲ့အခန်းထဲအထိ မိသေးကို ခေါ်ပြီး လိုက်ပို့ပေးလိုက်ပါကွယ်''

''ဟုတ်ကဲ့ပါ မမ''

''မိသေးရေ လာဦးဟေ့''

''ဟုတ်''

ဒီတစ်ခါတော့ မေ့သခင် အလှည့်ပေလား။ လိုက်ကာနောက်ကွယ်မှာ ရှောင်ကွယ်နေလို့မရတော့။ ဒေါ်ငြိမ်းက လှမ်းခေါ်နေပြီမို့ ရိုသေကျိုးနွံသော အမူအရာ မဝံ့မရဲဟန်ဖြင့် မေ့သခင်ထွက်လာပြီး ဒေါ်ငြိမ်းညွှန်ပြသည့် ဧည့်သည်၏ အဝတ်သေတ္တာကို ဆွဲယူဖို့ ကြိုးစားမိသည်။

''အမယ်လေး…အိတ်ကလည်း လေးလိုက်တာ၊ သဏ္ဌာန်လုပ် သရုပ်တူမတူ၊ နိုင်အောင်ဆွဲမှပါ။ အားလုံး၏အကြည့်တွေက မေ့သခင်ထံမှာ စုပြုံရောက်နေမှာကို စိတ်က အလိုလိုသိနေတော့ ဘယ်သူ့ကိုမှလည်း မော့မကြည့်ရဲ။

ဧည့်သည်အတွက် ပြင်ဆင်ပေးထားသည့် အခန်းရောက်အောင် မေ့သခင် ကိုယ်တိုင်ပဲ ပို့ပေးရသည်။ ဒါတောင် ဒေါ်ငြိမ်းက မေ့လက်ထဲက ဆွဲယူတော့မလိုလို ဘာလိုလို လက်လှမ်းနေတာကို မမြင်ဟန်ဆောင်ခဲ့ရသေးသည်။

ဟူး…နည်းနည်းမှမလွယ်ပါလား။ မေ့သခင်ဘဝမှာ သူစိမ်းယောကျ်ားတစ်ယောက်ရဲ့ အဝတ်အိတ်ကို ဒါပထမဆုံး

www.burmeseclassic.com



သယ်ပေးရှောင်းမို့ စိတ်ထဲမှာ အောင့်သက်သက်နှင့် အခံရခက်မိသလိုလို။

အိုလေ…ဒါတွေလျှောက်တွေးနေလို့ မဖြစ်သေးပါဘူး။ မေ့အတွက် ဘွားရှာပေးတဲ့ သတို့သားလောင်းကိုသာ စိတ်ညစ်နေမိသည်။ မေ့နေရာမှာ မိသေးကို ထားမိတာကိုပဲ ခပ်ကောင်းကောင်းဟု တွေးပြီး ကိုယ့်ကိုယ်ကို ကျေးဇူးတွေ တင်နေမိရပါသေးသည်။

''မိသေးရေ''

''ဟော…ခေါ်နေပြီ''

''လာပါပြီ''

အပြေးအလွှား အသံပြုရင်း ခြေလှမ်းသွက်သွက်နှင့် ဒေါ်ငြိမ်းရှိရာသို့ ပြေးရသည်။

''ဒီမှာကွယ်…ညှိသည်ထမင်းစားမယ်၊ ထမင်းပွဲပြင်စမ်းပါဦး''

''ဟုတ်ကဲ့''

''မမမေ့''

''ဟဲ့…ဘာလို့ နင်က ဒီကိုလာရတာလဲ မိသေးရဲ၊ [illegible]ပါပဲ၊ တော်ကြာ လိမ်ထားတာတွေ ပေါ်ကုန်တော့မှာပဲ၊ သွား သွား''

မေ့တို့နား ရောက်လာသည့် မိသေးကို ဒေါ်ငြိမ်း[illegible] ဘယ်သူမှ မရိပ်မိခင် အလျင်အမြန် မောင်းထုတ်လိုက်ရင်း မျက်[illegible]ကလည်း သူဌေးဆိုသူကို လှမ်းကြည့်ရပါသေးသည်။





''ဘယ်သူမှမရှိပါဘူး ဒေါ်ဒေါ်ငြိမ်းရဲ့၊ ဘွားက ကိုနေညို ဒရိုင်ဘာနေဖို့အတွက် ဦးစိန်အိမ်ကလေးကို သူ့ကိုယ်တိုင် လိုက်ပို့နေတုန်းပါ''

''အိုအေ…ဘာပဲဖြစ်ဖြစ် ညည်းက ခုနေမှ သူဌေးသမီးလေး မေ့သခင်လုပ်နေရတာ၊ ကျုပ်တို့နား လာ[illegible]နေစမ်းပါနဲ့''

''ဒေါ်ဒေါ်ငြိမ်းကလည်း အဲဒီလောက်ကြီးလည်း ကြောက်မနေစမ်းပါနဲ့၊ ဟိုလူကြီးကဖြင့် မမမေ့နဲ့ နည်းနည်းလေးမှ လိုက်တာလည်း မဟုတ်ဘဲနဲ့၊ ဘွားက ဘာလို့ မမမေ့နဲ့ သဘောတူရတာလဲမသိဘူး''

''အဲဒါ ညည်းအလုပ်မဟုတ်ပါဘူးအေ၊ အရေးကြီးတာက ညည်းကို အဲဒီသူဌေး စိတ်ပျက်ပြီး ဒီကမြန်မြန် ထွက်ပြေးချင်အောင်သာ လုပ်စမ်းပါ''

''စိတ်ချပါ…မမမေ့အတွက် ဒီက စိတ်ညစ်ပြီး ထွက်ပြေးအောင် လုပ်ပါ့မယ်''

''မေ့ရေ''

''ဟော…ခေါ်နေပြီ၊ သွား…သွား''

''လာပါပြီ ဘွား''

မိသေးကို ဇွတ်အတင်း တွန်းထုတ်ပြီး မေ့သခင်ကိုယ်တိုင်က ဒေါ်ငြိမ်းတို့ အသင့်ပြင်ပေးထားသော ထမင်းပွဲကို ဟိုရွှေ့ဒီရွှေ့နှင့် အလုပ်ရှုပ်ချင်ဟန် ဆောင်နေလိုက်သည်၊

နေညိုဆိုသူ ရေချိုးပြီး အဝတ်လဲကာ ထမင်းစားကြတော့



www.burmeseclassic.com

www.burmeseclassic.com



ဘုရားစိတ်ကြိုက် စီစဉ်ချက်ပြုတ်ထားသည့် ထမင်းဟင်းတွေကို ခေါင်းမဖော်တမ်း စားလိုက်သည်မှာ ဒီလိုထမင်းဟင်းကောင်းတွေကို အခုမှစားဖူးသည့်ပုံမျိုးဖြစ်ကာ လူကြီးလူကောင်း မဆန်လှသော အပြုအမူများကြောင့် ဘွားအပါအဝင် အားလုံး မျက်စိမျက်နှာပျက်ကြရသည်။

"ဘယ်နှယ့်လည်း မောင်နေညို ထမင်းစားလို့ ကောင်းရဲ့လား"

"သိပ်ကောင်းလွန်းလို့ ကျွန်တော့်ဗိုက် ခွဲနှမ်းတော့မယ် ဘွားရေ၊ ထမင်းဟင်းလက်ရာကတော့ ကျွန်တော် တွေ့ဖူးတဲ့အထဲမှာ အကောင်းဆုံးပဲ၊ ဒါတွေအားလုံး မေ့သခင်ကိုယ်တိုင် ချက်တာပဲလားဗျာ"

"ဟုတ်ကဲ့"

ဒါကတော့ အမှန်ပါ။

အားလုံး မိသေးရဲ့လက်ရာတွေချည်း။ ထမင်းဟင်းအချက်ကောင်းလို့လည်း ဘွားကိုယ်တိုင်က မိသေးမှ မိသေးဆိုတာကိုနေညိုဆိုသူ သိအောင်ပြောပြလိုက်ချင်သည်။

"မေ့သခင်က သိပ်တော်တာပဲဗျာ၊ ကျွန်တော်တွေ့ဘူးတဲ့ သူဌေးသမီးတွေအားလုံး ဘယ်သူမှ မီးဖိုချောင်ကိစ္စကို စိတ်မဝင်စားကြဘူးဗျာ၊ ထမင်းဟင်းချက်တဲ့ကိစ္စ ပြောတာကိုပဲ ရှက်စရာလိုလို၊ အဆင့်အတန်းပဲ နိမ့်သလိုလို ထင်ကြတာ"

"တကယ်တမ်း အရေးကြီးတာက နေထိုင်စားသောက်မှု





။ ကျွန်တော်ကတော့ ထမင်းဟင်းချက် လက်ရာကောင်းတဲ့လူဆို သိပ်အထင်ကြီးလေးစားတာပဲဗျာ"

သူ့စကားက တိုက်ရိုက်ကြီး မိသေးကို ချီးမွမ်းနေတာမို့ ဘွားရှိရာကို မလုံမလဲ လှမ်းကြည့်ရင်း မိသေးမှာ အနေရခက်နေသည်။ ဒီအရွယ်ရောက်ပြီ ဘယ်လိုသူစိမ်းယောက်ျားကမှ သူမဟင်းချက်လက်ရာကို နေညိုဆိုသူလို နှုတ်ကထုတ်ပြီး ချီးကျူးတာမျိုး မကြားဘူးသေးတာမို့လည်း စိတ်ထဲမှာ အကြောင်းကြီးကျေနပ်တာ သူမဟင်းချက်လက်ရာအစွမ်းကို အခုထက်ပိုပြီး ကောင်းအောင် ချက်ပြချင်နေမိသည်။

"အေးကွယ်…မောင်နေညို အခုလို ဘွားမြေးလေးကို ချီးမွမ်းတာ ကျေးဇူးလည်းတင်၊ ဝမ်းလည်းသာပါတယ်၊ မြေးက သိပ်လိမ္မာတာကွဲ့၊ မီးဖိုချောင်ကိစ္စဆို သူကိုယ်တိုင်ဝင်ရမှ ကျေနပ်တာ"

"ဟုတ်လား…မေ့သခင်ကို ရတဲ့လူတော့ သိပ်ကံကောင်းတာပဲဗျာ"

ပြုံးပြီး ခေါင်းငုံ့နေသော မိသေးပုံစံက တမင်ဟန်လုပ်နေတာမဟုတ်။ သူမ ဟင်းလက်ရာအတွက် အမှန်တကယ် ကျေနပ်သည့် အပြုံးဖြစ်ကြောင်း မေ့ရော ဒေါ်ငြိမ်းပါ သိလိုက်ကြပါသည်။

အချိုပွဲကို ဧည့်ခန်းမှာ ဆက်ကြသည်။ ဘာတွေပြောနေကြသလည်းဆိုတာ မေ့သခင်လည်း စိတ်မဝင်စားတော့။



www.burmeseclassic.com

www.burmeseclassic.com



နေညို၏ ဒရိုင်ဘာကို ထမင်းကျွေးဖို့နှင့် မေ့ကိုယ်တိုင်ပြင်ဆင်ရင်း အလုပ်ရှုပ်ကျန်ရစ်သည်။

"ဒရိုင်ဘာကို ထမင်းစားဖို့ ဘယ်သူသွားခေါ်မှာလဲ ဒေါ်ငြိမ်း"

"ပုံမှန်ဆိုရင်တော့ မိသေးပဲ အခေါ်ခိုင်းရမှာပေါ့ကွယ် အခုတော့ ဒေါ်ငြိမ်းပဲ သွားခေါ်လိုက်ပါ့မယ်"

"မငြိမ်းရေ"

"ဘွားခေါ်နေပြီ…ဒေါ်ငြိမ်းသွားလိုက်ပါ၊ မေ့ပဲ…သူ့အဲလေ 'ကျွန်မပဲ ဒရိုင်ဘာကို' သွားခေါ်လိုက်ပါ့မယ်"

"အင်းလေ…အခုမှတော့ အဲဒီလိုပဲ လုပ်ကြရတော့မှာပေါ့ကွယ်"

"လာပါပြီ မမ"

အသံပေးရင်း ဒေါ်ငြိမ်းရှေ့ကို ထွက်သွားချိန်မှာ မေ့လည်း ဒရိုင်ဘာကို ထမင်းစားခေါ်ဖို့ ထွက်ခဲ့သည်။ ဒရိုင်ဘာဦးစိန် အိမ်ရှေ့ရောက်တော့ မေ့သခင် ခြေလှမ်းရလေးတွေ တန့်သွားသည်။

ဦးစိန်က အိမ်မှာမရှိ။

သူ့အမေ နေမကောင်းလို့ဆိုပြီး ခွင့်ယူပြီး တောကိုပြန်သွားသည်။ အိမ်ကလေးထဲမှာ နေညို၏ဒရိုင်ဘာဆိုတာပဲ ရှိသည်။

ရုတ်တရက် ဘယ်လိုခေါ်ရမှန်းမသိ။ ဒရိုင်ဘာကို နာမည်လည်း သိတာမဟုတ်။ အိမ်ရှင်ဝတ္တရားအရ ခေါ်ရမည်ကလည်း အမှန်။ ဒီတော့…





"ဒရိုင်ဘာ"

"ဒရိုင်ဘာ"

တိတ်ဆိတ်သောဝန်းကျင်မှာ မေ့အ[illegible]င်လွင်လေး ပြတ်ထွက်ပေါ်လာရပါတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၉)

"ဒရိုင်ဘာ"

"လာပြီဗျို့...လာပြီ"

အသံကို အရင်ဦးအောင် ကြားလိုက်ရသည်။ နောက်အ... အိမ်လေးထဲက လူတစ်ယောက် ထွက်လာသည်။ အသား... မျက်ခုံးထူထူ၊ အရပ်မြင့်မြင့် လူပုံချောချောနှင့်လူက မေ့... မားခံနဲ့ရပ်လာသဖြင့် မေ့မှာ အံ့သြသွားသည်။

"ရှင်က ဒရိုင်ဘာလား"

"ဟုတ်တယ်၊ ခင်ဗျားကရော"

"ကျွန်မက အိမ်ဖော်ပါ"

"ဗျာ"

အိမ်ဖော်နဲ့ဒရိုင်ဘာ တစ်ယောက်မျက်နှာကို တစ်...





ကြည့်ရင်း နေညိုရင်ထဲ ကျလိကျလိဖြစ်လာကာ ခက်ခနဲ တစ်ချက် ရယ်လိုက်မိသည်။

"ရှင်က ဘာရယ်တာလဲ"

"သဘောကျလို့"

"ဘာ"

"ကျုပ်က ဒရိုင်ဘာ၊ ခင်ဗျားက အိမ်ဖော်၊ အဲဒါကို ကျုပ်က သဘောကျတာ"

"ဟင်"

"ရှင်...ရှင် ဘာစကားတွေပြောတာလဲ"

သူကိုယ်သူ ရုပ်ကလေးချောတယ်ဆိုပြီး မေ့သခင်ကို အိမ်ဖော်မလေးဟုထင်ပြီး တွေ့တွေ့ခြင်း ထိကပါးရိကပါး စကား ပြောရကောင်းလားဟု မေ့သခင် စိတ်ဆိုးဒေါသဖြစ်နေချိန်မှာ နေညို ရင်ထဲမှာလည်း အခံရခက် မခံချိမခံသာဖြစ်နေတာကို မည်သူမျှ မသိ။ သူ့ရှေ့မှာရှိနေသည့် အိမ်ဖော်ဆိုသည့် မချောလေး ဒေါသဖြစ် နေတာကိုသာ စေ့စေ့စူးစူးလေး စိုက်ကြည့်ပြစ်နေမိသည်။

ကြည့်စမ်း...။

အိမ်ဖော်ဆိုသည့် အမည်ဆိုးကြီးနဲ့ မလိုက်အောင် ဖြူဖွေး နေအိနေသည့် မချောလေးက တကယ့်သူဌေးသမီးလေးလို လှပဲလှ ရက်နိုင်လွန်းလှချည်လား။

မေ့သခင်ဆိုတဲ့ မိန်းကလေးသာ သူ့မလောက်လှရင် နေညို ဆိုသည့်သူကလည်း လက်ထပ်ဖို့အရေးကိစ္စကို ငြင်းချင်မှ ငြင်းမိ



www.burmeseclassic.com

www.burmeseclassic.com



လိမ့်မည်ထင်သည်။

အခုတော့ သူလက်ထပ်ရမည့် မေ့သခင်က ဒရိုင်ဘာ စံသိန်း ပြောသလိုဖြင့် စိတ်ညစ်စရာ။

"ကျုပ်က ရိုးရိုးသားသားပြောတာ အမိအတွေးတွေလည်း ချော်မနေနဲ့၊ လာရင်းကိစ္စပြော"

"ထမင်းစားဖို့ လာခေါ်တာရှင့်၊ ရှင့်ဘာသာ လိုက်ချင်ရင်လည်းလိုက်ခဲ့၊ မလိုက်ချင်ရင်လည်းနေခဲ့"

ရုပ်ရည်နှင့်မလိုက် မှုကုတ်ကုတ် ဂျစ်ကန်ကန် စကားပြောဆိုရန် အပေါက်အလမ်းမတည့်သူကို ကျောခိုင်းပြီး နေရာက ချာခနဲလှည့်ထွက်ခဲ့သူက မေ့သခင်။

"ဒီမှာ"

"အိမ်ရှင်ဖြစ်ပြီး ဧည့်သည်ကို ဒီလိုပဲ ဆက်ဆံရသလားဗျာ"

"ရှင်ကရော စကားကောင်းကောင်းပြောလို့လား"

"ဆောရီးပါဗျာ…ကျုပ်လည်း ထမင်းဆာဆာနဲ့ ဘာလျှောက်ပြောမိမှန်း မသိတော့ပါဘူး၊ စိတ်မဆိုးပါနဲ့၊ ဟုတ်လား"

မေ့သခင် ဘာတစ်ခုမှ စကားမဆိုဘဲ ငြိမ်နေလိုက်သည်။ ဒီလိုမျိုးလူတွေနဲ့ စကားမပြောဘဲနေတာက ပိုကောင်းမည်။

"ကျုပ်နာမည် ကံကောင်း၊ ခင်ဗျားနာမည်ကရော"

လှပသော မေ့သခင်တစ်ကိုယ်လုံးကို စေ့စေ့စပ်စပ်ကြည့်ရင်း နေညို ဆိုလိုက်သည်။





လှလိုက်တာ။

အနီးကပ်ကြည့်လေ ပိုလှလေမို့ ဒီ(…)အလှအပလေးက ဘာကြောင့် သူများအိမ်မှာ အိမ်ဖော်လာ(…)နေတာပါလိမ့်ဟု တွေးမရဖြစ်နေသည်။

"ဒီမှာ ကျုပ်မေးတာ ဖြေဦးမှပေါ့ဗျ၊ ခုနတုန်းကတော့ ကျုပ်ကို နှာနေပြီးမှ အခုကြ ဘာတစ်ခွန်းမှ ပြန်မဖြေတာ ဘာသဘောတုန်း"

"ရှင့်လိုလူနဲ့ စကားမပြောချင်လို့ပေါ့ရှင့်၊ ရှင်းနေတာပဲ"

"အင်"

မေ့သခင်စကားကြောင့် နေညိုရင်ထဲမှာ အောင့်သွားသည်။ သူလိုသူဌေးသားတစ်ယောက်ကို ဘာမဟုတ်တဲ့ အိမ်ဖော်မလေးတစ်ယောက်က စကားမပြောချင်ဆိုပါလား။

အဲလေ…လောလောဆယ်မှာ သူက သူဌေးနေညိုမှ မဟုတ်ဘဲ။ ဒရိုင်ဘာ ကံကောင်းဆို အိမ်ဖော်နဲ့ ဒရိုင်ဘာ တစ်ခုမှ နာစရာမရှိသည့်အဖြစ်ကို တွေးမိပြီး နှုတ်ခမ်းအစုံ ပြုံးသွားသည်။

ဒရိုင်ဘာချောချောလေးနဲ့ အိမ်ဖော်မလှလှလေးတို့ ဇာတ်လမ်းပါလား။ မျက်နှာထားတည်တည်လေးနှင့် သူလိုလူတစ်ယောက်ကို စကားမပြောချင်သလိုလေး လုပ်နေသော ကလေးမလေးက နေညိုအမြင်မှာ သိပ်လှလွန်းနေတာ ခက်သည်။

ထို့အတူ စိတ်ဆိုးနေသော မျက်နှာလေးက ပို၍ ချစ်စရာကောင်းသည်။



www.burmeseclassic.com

www.burmeseclassic.com



''အေးပေါ့ဗျာ…ခင်ဗျားက အိမ်ကြီးရှင်ပဲ၊ ကျုပ်လို ဒရိုင်ဘာတစ်ယောက်ကို ဘယ်ခေါ်ချင် ပြောချင်မှာတုန်း၊ ရပါတယ်''

''ကျုပ် ထမင်းလိုက်မစားတော့ဘူးဗျာ၊ ဒီမှာပဲ နေရစ်ခဲ့တော့မယ်''

တစ်ချိန်လုံး ငြိမ်နေသော မေ့သခင်တစ်ယောက် တစ်ဖက်လူ၏စကားကြောင့် နည်းနည်းတွန့်သွားသည်။ သေချာပြန်တွေးကြည့်တော့ အခုချိန်မှာ မေ့ဆိုတာ အိမ်ဖော်မလေး ဂွမ်းပုံဖြစ်နေမှတော့ အိမ်ဖော်နှင့်ဒရိုင်ဘာ စကားပြောအဆင်မပြေ မတည့်တာနှင့် လုံးဝ အခေါ်အပြောမလုပ်ဘူးဆိုလျှင်လည်း မဖြစ်သေး။

သူ့ဆရာကို ပြန်တိုင်ပြီး ဘွားနားကိုတစ်ဆင့် ရောက်သွားလျှင် မေ့ကိုပဲ ဘွားက အိမ်ရှင်တစ်ယောက်အနေနဲ့ရော၊ လုပ်ချင်ဦးဟဲ့ အိမ်ဖော်ဇာတ်လမ်း၊ ဒရိုင်ဘာ ဒီလောက်အပြောခံရတာ မဆန်းဘူးလို့များ ဆိုလေမည်လား။

စိတ်ညစ်ညစ်နှင့် ကံကောင်းဆိုသူ့ဘက်ကို မျက်လုံးလေးစွေစောင်းပြီး ကြည့်လိုက်မိတော့ တကယ်ပဲ နေရာက ပြန်လှည့်သွားတာမို့ အံ့ကြမ်းတွေ့သွားသည်။

''ဒီမှာရှင့်''

''ကျုပ်နာမည် ကံကောင်း''

အမယ်လေး…အရေးထဲ မောင်မင်းကြီးသားကလည်း မလွယ်ပါလား။ မေ့သခင်ခေါ်သံကြောင့် ခြေစုံရပ်ပြီး သူက မေ့ကို လှည့်ကြည့်သည်။





''ကျုပ်ကို ဘာပြောမလို့လဲ''

''ထမင်းလိုက်စားပါ''

''ကျုပ်ကို စိတ်မဆိုးတော့ဘူးလား''

''အဲဒီမေးခွန်းက ကျွန်မကို မေးရမှာ ဟုတ်ဘူး၊ ရှင့်ကိုယ်ရှင်မေးကြည့်''

''ကျုပ်ကတော့ ခင်ဗျားကို ဘာ…ကြောင့်နဲ့မှ စိတ်မဆိုးပါဘူးဗျာ၊ ကျုပ်ကိုယ်ကျုပ်သာ စိတ်ဆိုးမိတာပါ''

မေ့သခင် ဘာမှပြောမနေတော့ဘဲ နေရာက ဆက်လျှောက်ခဲ့ရာ သူ့မနောက်မှာ ကံကောင်းဆိုသည့် ဒရိုင်ဘာ အတူလိုက်ပါလာသည်။

''လာ…လာ ဂွမ်းပုံ၊ သူ့ငယ်နာမည်လည်း ပြောပါဦး''

''ကံကောင်းပါအဒေါ်''

''အံ့မယ်…နာမည်ကလည်း အပျံစား၊ လူကလည်း အချောစားထဲကပါလားကွဲ့၊ အဒေါ့်နာမည် ဒေါ်ငြိမ်း၊ ထိုင် ဒီမှာ မင်းအတွက် ထမင်းပွဲ အသင့်ပြင်ထားတယ်''

''ဟုတ်ကဲ့''

ဒေါ်ငြိမ်းက ကံကောင်းဆိုသူကို ခြေဆုံးခေါင်းဆုံးကြည့်ရင်း သဘောကျနေသလောက် မေ့မျက်နှာလေးက ခပ်တည်တည်လေးမို့ နေညိုက ထမင်းပွဲမှာဝင်ထိုင်ရင်း မေ့သခင်ကို တစ်ချက်လှမ်းကြည့်သည်။

''မဂွမ်းပုံရော…ထမင်းမစားသေးဘူးလား''



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ဘာသာရှင်စားပါ၊ ကျွန်မ နောက်မှစားမယ်"

"မဟုတ်တာဗျာ…အချိန်ပဲကြည့်ပါဦး၊ ဆယ့်နှစ်နာရီရှိနေပြီဆိုတော့ ဆာနေရောပေါ့၊ ကျုပ်တို့ အတူတူ တစ်ခါတည်းစားလို့ မဖြစ်ဘူးလား"

ကြည့်စမ်း…။

ဒီလူ တော်တော်ရဲတင်းတဲ့လူပါလား။

သူနဲ့ မေ့သခင်ဆိုတာ ခင်မင်ရင်းနှီးကြတာလည်း မဟုတ်ဘဲနဲ့ စကားပြောနေပုံက တရင်းတနှီး။ ဟိုးအရင်ထဲကပဲ သူနဲ့မေ့တို့ သိနေကြတဲ့အတိုင်း။

"ကျွန်မ ဘွားအခန်းကို သွားလိုက်ဦးမယ်နော် ဒေါ်ဒေါ်ငြိမ်း"

"ကောင်းပါပြီကွယ်"

သူတို့နားက မေ့သခင် ထွက်ခဲ့သည်။ နောက်ပိုင်းမှာ ဟိုလူနဲ့ ဒေါ်ငြိမ်း ဘယ်လိုပုံစံ ဖြစ်ကျန်ရစ်ခဲ့သည်ကိုသာ မေ့လည်း မသိ။

"မမမေ့"

"မိသေး…ညည့်သည်ရော"

"သူ့အခန်းထဲဝင်သွားတာ ပြန်ထွက်မလာတော့ဘူး မမရဲ့၊ စားပြီးအိပ်နေရောပေါ့၊ မမမေ့ရော ထမင်းစားပြီးပြီလား"

"ဟင့်အင်း"

"ဟယ်…ဘယ်အချိန်တောင် ရှိနေပြီလဲ မမ ဗိုက်ဆာနေ





ရောပေါ့၊ မမမေ့အခန်းထဲမှာပဲ နေပါ၊ မိသေး အခုပဲ မမအတွက် ထမင်းပွဲပြင်ပြီး အခန်းထဲကို ယူခဲ့ပါ့မယ်"

"နေဦး…မီးဖိုထဲမှာ ဟိုလူဒရိုဘာ ထမင်းစားနေတယ်"

"အို…မမကလည်း ဒရိုင်ဘာ-ကြီး အရေးစိုက်လို့၊ သွားပါ. မမမေ့အတွက် မိသေးကိုယ်တိုင် ထမင်းပွဲပြင်ပြီး ယူခဲ့ပါ့မယ်"

"မိသေး"

မေ့သခင် လှမ်းခေါ်ပေမယ့် မိသေးက လှည့်မကြည့်တော့။ သူပြောသလို မေ့သခင်ကိုယ်တိုင် ဗိုက်ဆာနေတာမို့ ဘာမှဆက်ပြောလို့မရသည့်အတူ ကိုယ့်အခန်းထဲ ကိုယ်ဝင်လာခဲ့လိုက်ပါသည်။

သိပ်မကြာလိုက်။ တံခါးခေါက်သံနှင့်အတူ အခန်းထဲကို မိသေးတစ်ယောက် အစားအသောက်ထည့်ထားသော ဗန်းတစ်ချပ်ဖြင့် ဝင်လာသည်။

"ဘွားရော"

"ခေါင်းကိုက်လို့တဲ့၊ အခန်းထဲမှာ ဆေးသောက်ပြီး လှဲနေတယ် မမ"

မေ့ ဘာမှထပ်မပြောမနေတော့ဘဲ မေ့အတွက် ပြင်ဆင်ပေးထားသည့် ထမင်းပွဲကို စားလိုက်သည်။

"မမမေ့"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"သူဌေးက-ရုပ်ဆိုးပေမယ့် ဒရိုင်ဘာကတော့ ချောတယ်နော်၊ အဟိ"

"မိသေးနော်…ကိုယ်က သူဌေးသမီးလုပ်နေရတာ ဂုဏ်ရှိန်ရရနေသိလား"

"သိပါတယ် မမရဲ့၊ မိသေးက ကိုယ့်ချစ်သူကလွဲ အားလုံးဖွဲ့ပါ"

"အေး…အပြောကတော့ ချောနေတာပဲ၊ ပြီးမှ မေ့တို့ကို မျက်နှာပျက်အောင် မလုပ်နဲ့"

"စိတ်ချပါ မမရဲ့"

ဘာတွေစိတ်ချခိုင်းနေသည်မသိ ဒရိုင်ဘာချောကြောင်း လှကြောင်း၊ သူဌေးရုပ်ဆိုးကြောင်း ပြောဆိုကာ မေ့အခန်းထဲက စားသောက်ပြီးသား ပန်းကန်ခွက်ယောက်တွေသိမ်းပြီး မိသေး ထွက်သွားမှ မေ့ သက်ပြင်းရှိုက်လိုက်သည်။

ကံကောင်းတဲ့။

နည်းနည်းမှ မလွယ်တဲ့လူပဲ။

ဒီလူကို သတိထားဆက်ဆံမှပဲ မေ့စိတ်ထဲက ကျိတ်ဆုံးဖြတ်လိုက်သည်။

ကျောင်းပိတ်ထားတော့ မေ့တို့ လွတ်လပ်ရေးရနေသည့်မို့ အစီအစဉ်ကလည်း အရမ်းကို အဆင်ပြေချောမောနေပါသည်။ မိသေးအပါအဝင် မေ့တို့အားလုံး ဘာတစ်ခုမှ မမှားယွင်းကြသေးသဖြင့် တော်သေးသည်။





နေညိုနှင့် ဒရိုင်ဘာ အပြင်ထွက်သွားချိန်မှာ ဘွားတစ်ယောက် ဖုန်းတစ်လုံးနှင့် အလုပ်ရှုပ်နေသည်။ ဘွားဆီကို ဖုန်းဆက်သူက နေညိုမေမေဆိုသူဖြစ်သည်။

"သားကို သဘောကျရဲ့လား ဘွား"

"အင်း"

"ငယ်ငယ်တုန်းကနဲ့တောင် တခြားစီ ဖြစ်သွားသလိုပါပဲလား တင်တင်ရယ်၊ မောင်နေညိုဆိုပြီး သူ့ကိုပဲသူပြောလို့သာပဲ နို့မို့ဖြင့် ဘွားတောင် သူမှန်းသိမှာမဟုတ်ဘူး"

ဘွားက နေညိုဆိုပြီး သူ့မျက်စိရှေ့မှာ ကာရပ်သော နေညိုအတုကို စိတ်ပျက်သံလို ညည်းတွားလိုက်မိတာ ဖြစ်ပေမယ့် တစ်ဖက်မှ ဒေါ်တင်တင်ကတော့ သူ့သားကို ချီးကျူးသည်အထင်နှင့် တဟင်းဟင်း သဘောကျနေသည်။

"ဒါပေါ့ ဘွားရဲ့၊ သားကိုတွေ့တဲ့လူတိုင်းက ဒီလိုပြောနေကြတာပဲ၊ ဘယ့်နှယ်လည်း တင်တင်သားက မချောဘူးလား"

"အင်း…ချောပါတယ်"

ချောပါတယ်ဆိုသည့် ဘွားအသံက ပေလေးလေး ခပ်အင်အင်မို့ ဘွားကွယ်ရာမှာ မေ့တို့ ကျိတ်ပြုံးမိကြသည်။ မကောင်းတတ်လို့ ဘွားက တစ်ဖက်သားကျေနပ်အောင် ပြောလိုက်ရပေမယ့် ဘွားစိတ်ထဲကိုက နေညိုဆိုတာကို ကြည့်လို့မရဟော့တာပါ။

မြေးဖြစ်သူနဲ့ သဘောတူဖို့ဆိုတာကတော့ စဉ်းတောင်စဉ်းစားချင်။ ဒီလိုပုံစံနဲ့ဆို မေ့ချစ်သူကောင်လေး စစ်နဒီကဖြင့်



www.burmeseclassic.com

www.burmeseclassic.com



တော်သေးရဲ့ဟု တွေးမိသည့်အထိ။

''မင်္ဂလာကိစ္စ ဘယ်တော့စီစဉ်ကြရင် ကောင်းမလည်းဘွား''

''လိုပါသေးတယ် တင်တင်ရယ်၊ သူတို့လူငယ်ချင်းပဲ သဘောကျစမ်းပါစေဦး''

''အဲဒါလည်း ဟုတ်ပါတယ်လေ၊ လူငယ်ချင်း အဆင်ပြေတော့လည်း ပိုကောင်းပါတယ်''

သားဖြစ်သူကလည်း ကြေးခပ်ထူထူဆိုတော့ ဘွားစကားကိုပဲ ထောက်ခံသလိုလိုနဲ့ ဒေါ်တင်တင်ဘက်က လိုက်လျောနေသည့် အဖြစ်ကို ဘွားမသိလို့ပါ။

''ဒါပဲ...တင်တင်ရေ၊ ဘွား ဖုန်းချလိုက်တော့မယ်''

''ဟုတ်ကဲ့...ဟုတ်ကဲ့''

''မငြိမ်းရေ...ငါ့အတွက် သံပရာရည်အေးအေးလေး ပေးစမ်းပါအေ''

''ဟုတ်ကဲ့ မမ''

ဖုန်းခွက်ကို အချမှာ သံပရာရည်တောင်းလိုက်သည့် ဘွားပုံစံက တကယ့်ကို မရှုနိုင်မကယ်နိုင်ပုံစံ ဖြစ်နေတာ အထင်သားမို့ ဘွားကိုယ်စား မေ့ပဲ ရင်မောသွားသည်။

အင်း...ဒုက္ခ...ဒုက္ခ။

အိုလေ...ဒါကို ဒုက္ခလို့ မခေါ်သေးပါဘူး။

မြေးလေးကိုက သဘောမကျလို့ပါဆိုပြီး ငြင်းလိုက်





ပြီးတာပါပဲ။ ရုပ်မချောတာကို အပြစ်မဆိုချင်ဘူးပဲထားဦး ပြောမှု၊ နေမှု၊ ထိုင်မှု၊ စားသောက်မှုတွေကြတော့လည်း ဘွားအတွက် ဘာတစ်ခုမှ သဘောကျစရာမရှိတဲ့အဖြစ်ကို ဘယ်သူ့ကိုများ ပြောရပါ့နော်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

ဟား…။

ရင်ထဲက အပူလုံးကြီးကို အားပါးတရ မှုတ်ထုတ်လိုက်သူက နေညို။

"ဘယ်လိုလုပ်မှာလဲ ကိုလေး"

"အခြေအနေအရပဲကွာ၊ မေမေကိုယ်တိုင် ငါ့ကို ဖုန်းဆက်ထားတာ မင်းကြားတယ်မဟုတ်လား၊ မေ့သခင်ကလွဲရင် ဘယ်သူမှ ချွေးမမတော်နိုင်ဘူးတဲ့၊ တခြားတစ်ယောက်ကို လက်ထပ်မယ်ဆိုရင် သူပိုင်ပစ္စည်းတွေအကုန်လုံး ဘုန်းကြီးကျောင်း လှူပစ်မယ်ချည်း ပြောနေတာ မင်းလည်းကြားတာပဲ၊ စိတ်ညစ်တယ်ကွာ"

နေညို တကယ်စိတ်ညစ်တာပါ။

မေ့သခင်…မေ့သခင်။





တော်တော်လည်း နေညို့ကို ဒုက္ခပေးတဲ့ [illegible]န်းကလေးပါလား။

မျက်လုံးထဲမှာ မေ့သခင်အတွက်မျက်နှာ ပေါ်[illegible]လာတော့ ပိုပြီး[illegible]ချင်မိသည်။ ဌွမ်းပုံလို မိန်းမလှလေးက မေ့သခင်[illegible]သည်ဆိုလျှင် အဘယ်မျှ ကျေနပ်ပျော်ရွှင်စရာ ကောင်းမည်နည်း

ဒါဆို နေညို့ကိုယ်တိုင်လည်း အခုလို စိတ်[illegible]ညစ်နေစရာ[illegible]လို့၊ မေမေ ရွေးချယ်ပေးသည့် ချွေးမလှလှလေးအ[illegible] ပျော်ပျော်[illegible]ကြီး လက်ထပ်ဖြစ်မိမည်ထင်သည်။

"စံသိန်း"

"ဗျာ…ကိုလေး"

"မေ့သခင်က ရုပ်ဆိုးသလောက် သူတို့အိမ်[illegible]က ဌွမ်းပုံက[illegible]ပ်လှတာပဲကွ၊ ငါ သူ့ကို စိတ်ဝင်စားတယ်"

"ဟာ…အဲဒါတော့ မလုပ်လိုက်ပါနဲ့ ကိုလေးရယ်၊ [illegible]ဒေါ်တင်သိရင် မိုးမီးလောင်နေပါဦးမယ်၊ ကိုယ့်အမေစိတ်ကို[illegible]သည်း သိရဲ့သားနဲ့ဗျာ"

နေညိုစကားကို ထိတ်လန့်စွာ မျက်လုံးပြူး [illegible]ဆန်ပြူး[illegible]ဖြစ်နေသော စံသိန်းပုံစံကိုကြည့်ကာ နေညိုစိတ်[illegible]မှာ ဌွမ်းပုံ[illegible]သည့် မိန်းမလှလေးကို ပိုသနားသွားမိသည်။

"မင်းလည်း မေမေလိုပဲ၊ လူကိုလူလို့မမြင်[illegible]ဘူး၊ ဌွမ်းပုံ[illegible]ဆောက်လှတဲ့ မိန်းကလေးမျိုး မင်းမြင်ဘူးလို့လား၊ အ[illegible]လေးတွေ[illegible] ဖြူနုဝင်းဝါနေတာပဲ၊ မျက်နှာလေးကလည်း ဘာ[illegible]စ်ခုမှ မပြင်



www.burmeseclassic.com

www.burmeseclassic.com



မခင်ဘဲနဲ့ကို ကြည့်လေလေလေသိလား''

နေညို့အသံက တက်တက်ကြွကြွရှိလှသလို အားပါးတရ ရှိလှတာမို့ စံသိန်း ပါးစပ်ပိတ်သွားသည်။

သူဌေးသမီးနှင့် လက်ထပ်ပေးစားချင်လို့ သတို့သမီးလောင်းရှိရာကို စေလွှတ်လိုက်သည်ဆိုမှ ကိုလေးက သူဌေးသမီးကိုမကြိုက်ဘဲ အိမ်ဖော်လှလှလေးကို စိတ်ဝင်စားနေသည်ဆိုတော့ သူ့ဘာလုပ်ရမှန်းမသိ။

''သိပ်ခက်တာပဲ ကိုလေးရာ၊ အိမ်ဖော်နဲ့ဆို ကိုလေးမေမေက သဘောတူမှာလားဗျာ၊ တော်ကြာ မငွမ်းပုံ ကြားထဲကစားစာခံဖြစ်နေပါဦးမယ်''

''မေ့သခင်ကိုပဲ လက်ထပ်လိုက်ပါဗျာ၊ တော်ကြာ ဒေါ်ဒေါ့်စကား နားမထောင်လို့ ကိုလေးရော ကျွန်တော်ပါ ဒုက္ခရောက်နေပါဦးမယ်ဗျာ''

စံသိန်းစကားကြောင့် နေညို ငိုင်ကျသွားသည်။ မေမေ့စိတ်ကို နေညိုသိသည်။ လူပုံလေးက ဖြူနုလှပသလောက် စိတ်ဓာတ်ကြတော့ ဗူးဆိုလျှင် ဖရုံသီးတာမဟုတ်။

သွေးတိုးရောဂါနှင့် နှလုံးရောဂါရှိနေတော့ ဗိုဆိုးသည့် မေမေစိတ်ညစ်အောင် ဘာတစ်ခုမှ မလုပ်ရဲ။ ဖေဖေကအစ အားလုံး မေမေ့သဘောကျ အားလုံးဖြစ်စေသတည်းဆိုမှတော့ တစ်ဦးတည်းသောသား နေညိုမှာ မေမေစိတ်ဆင်းရဲအောင် ဘာတစ်ခုမှ မလုပ်ရဲ။

ဒါကြောင့်လည်း မေမေ့ တစ်ချက်လွှတ်အမိန့်နှင့် မေ့သခင်





ရှိရာကို ရောက်လာခဲ့ရသည့်အဖြစ်မို့ စံသိန်းပြောတာ အားလုံးမှန်နေသဖြင့် ခေါင်းကိုပင့်မော့ကာ ဟူးခနဲ လေပူတစ်ချက် မှုတ်ထုတ်လိုက်မိသည်။

''မင်းမေ့သခင်ကြီးကို ငါ လုံးဝစိတ်မဝင်စားဘူးကွာ၊ ငါတကယ်စိတ်ဝင်စားနေမိတာ ငွမ်းပုံကိုပဲ''

''ခက်တာပဲဗျာ''

''အေး…ငါလည်း သိပ်ခက်နေပြီ၊ ငါ့ဘဝမှာ ဘယ်မိန်းကလေးအပေါ်မှာမှ ဒီလိုခံစားချက်မျိုး ဖြစ်ခဲ့တာမဟုတ်ဘူး၊ စိတ်လည်းမဝင်စားဘူး၊ ဒါကြောင့် နှယ်မာတို့ ကေသီတို့တွန်းက မေမေသဘောမကျဘူးဆိုတာနဲ့ ချက်ချင်း ဖြတ်ပစ်နိုင်တာပေါ့''

''အခုတစ်ယောက်ကိုတော့ ငါတော်တော်လေး စွဲလမ်းနေမိပြီကွ စံသိန်း''

''ဒါဖြင့် အစ်ကိုလေး ဘယ်လိုလုပ်မှာလဲ''

''ဒီကလည်း မပြန်ချင်သေးဘူးကွ၊ ငါနဲ့သူ ရင်းနှီးကျွမ်းဝင်အောင် ကြိုးစားမယ်၊ ဒီကြားထဲ မင်းက မင်းရဲ့မေ့သခင်ကို အပိုင်သိမ်းသွင်းကွာ''

''အစ်ကိုလေးကလည်းဗျာ''

''ဘာအစ်ကိုလေးကလည်း လုပ်မနေနဲ့၊ မင်းလည်း သူဌေးသမီးယူပြီး သူဌေးလုပ်ခွင့်ရတာ ဘယ်လောက်ကံကောင်းတယ်မှတ်လည်း''

''ဟာဗျာ''



www.burmeseclassic.com

www.burmeseclassic.com



နေညိုစကားကြောင့် စံသိန်းမျက်နှာကြီး နီသွားတာကို ကြည့်ပြီး နေညို ရယ်ချင်မိသည်။

"မင်းကများ နာတယ်ထင်နေသေးလို့လားကွဟင်၊ ငါ့ကို ဘာမှပြန်မပြောနဲ့၊ ငါနိုင်းတဲ့အတိုင်းသာလုပ်၊ ကောင်းစားပြီဆိုမှ ငါ့ကို မေ့မသွားနဲ့ နားလည်လား"

"လာ…ငါတို့ပြန်ကြမယ်"

မအီမလည် မျက်နှာကြီးဖြင့် သူ့အောမှာ စံသိန်းလိုက်လာသည်။ သူ့ကိုကြောက်လို့ ဘာမှပြန်မပြောပေမယ့် စိတ်ထဲကတော့ သူပြောသည့်စကားတွေကို အတွန့်တက်ချင်နေမှန်း နေညို စိတ်ထဲက သိနေပါသည်။

"ဟော…လာကြပြီ၊ လာကြပြီ၊ ညည်းကို ငါ စိတ်ချမယ်နော် မိသေး၊ ဟိုသူဌေးသား ညည်းဘက်ကို ပြစ်ကျလာအောင် ပညာကုန်သုံးစမ်းပါအေ၊ အနည်းဆုံးတော့ ညည်းလည်း သူဌေးနဲ့ ချစ်သူဖြစ်ရနည်းလား"

"တစ်ခါတည်း ယူဖြစ်ရင် ပိုတောင်ကောင်းသေးတယ်"

"အို…ဒေါ်ဒေါ်ငြိမ်းကလည်း ဘာတွေလျှောက်ပြောနေမှန်း မသိပါဘူး၊ ဟိုက ကျွန်မလို အိမ်ဖော်တစ်ယောက်ကို ယူမှာလားလို့"

"ဟဲ့…ညည်းကို ဟိုက အိမ်ဖော်မှန်းသိတာမှ မဟုတ်တာ၊ သူဌေးမလေးအဖြစ် သိထားတာ၊ နောက် ချစ်သူတွေဖြစ်လာတော့ တကယ်ချစ်ရင် ခွင့်လွှတ်နားလည်ပေးမှာပေါ့"





"ကျွန်မကြောက်ပါတယ် ဒေါ်ဒေါ်ငြိမ်းရယ်"

"ဘာမှကြောက်မနေနဲ့၊ ရဲရင်မင်းဖြစ်တယ်သိလား"

"သွား…သွား"

မိသေးကို သင်သင့်တာတွေအားလုံး သင်ပြီး နေရာက တွန်းထိုးလွှတ်လိုက်သူက ဒေါ်ငြိမ်းကိုယ်တိုင် ဖြစ်သည်။ ဘွားနဲ့ မေ့ အလစ်မှာ နေညိုဆိုသည့် သူဌေးသားကို ကြည့်မရသည်က တစ်ကြောင်း၊ မေ့နှင့်သဘောလုံးဝမတူနိုင်သည်က တစ်ကြောင်းတို့ကြောင့် မိသေးလို ဟန်ဆောင်သူဌေးသမီးကို နေညိုဆိုသည့် သူဌေးသား ကြိုက်လိုက ကြိုက်ပါစေဟု သဘောပိုက်ကာ ဇွတ်အတင်း တွန်းထိုးထည့်နေခြင်းတည်း။

"မေ့သခင်"

"ကိုနေညို"

မိသေးနှင့် စံသိန်းတို့နှစ်ယောက် ပြိုင်ဝလို တစ်ယောက်နာမည် တစ်ယောက်ခေါ်မိကြပြီးမှာ ရှက်အမ်းအမ်း ကိုယ်စီဖြစ်သွားကြပါသည်။

ဖြစ်ရမည့်အကြောင်းကလည်း ရှိသည်။ စံသိန်းကို နေညိုက မေ့သခင်ဟန်ဆောင်ထားသော မိသေးကို အပိုင်ကြံခိုင်းထားသလို မိသေးမှာလည်း ဒေါ်ငြိမ်း၏ သွေးထိုးမြှောက်ပင့်ပေးမှုကြောင့် သူဌေးသားအဖြစ် ဟန်ဆောင်ထားနေသော စံသိန်းအပေါ်မှာ ဘာလိုလို။

"မေ့သခင် တစ်ယောက်တည်းလားဟင်၊ ဘွားရော"



www.burmeseclassic.com

www.burmeseclassic.com



"သူ့အခန်းမှာပါ၊ ဘာပြောစရာရှိလို့လည်းဟင်၊ ကျွန်မ သွားပြောပေးရမလား"

"ဘွားနဲ့ပြောစရာ မရှိပါဘူးဗျာ၊ မေ့နဲ့ပဲ ပြောစရာရှိဟာပါ"

အို…။

နေညိုအတု စံသိန်း၏စကားကို မေ့သခင်အတု မိသေး တစ်ယောက် ရင်တုန်ရင်ခုန်လာသည်။ ကြည့်လေ သူ့အမူအရာတွေ စကားလုံးအပြုအမူတွေကပါ မိသေးအပေါ်မှာ ပြောင်းလွဲလာတာ ဆိုတော့ သူ့ဗွေးသားနဲ့ မိသေးတော့ ဒုက္ခဖြစ်တော့မည်လား၊ သူခ ပဲဖြစ်ရတော့မှာလား သေချာမဝေခွဲတတ်နိုင်ဘဲ ရှိနေစဉ်မှာပင်…

"ခြံထဲမှာ လမ်းလျှောက်ရင်း ကျွန်တော်တို့ စကားပြောကြရအောင်လား မေ့သခင်"

"ရှင်"

"မေ့သခင်တို့ ခြံကြီးက ကျယ်ပြီး သီးပင်စားပင်တွေနဲ့ ဆိုတော့ ကျွန်တော်က စိတ်ဝင်စားလို့ပါဗျာ"

"ဟုတ်…ဟုတ်ကဲ့"

သူမရှေ့မှ ဦးဆောင်သွားနှင့်ပြီဖြစ်သော စံသိန်းနောက်ကို မိသေးလည်း အတူလိုက်ပါလာခဲ့ရသည်။ ဒေါ်သိန်းကတော့ ထိုမြင်ကွင်းကိုကြည့်ကာ အကျေနပ်ကြီး ကျေနပ်လျက် စိတ်ထဲက တော့ အရေးတော်ပုံအောင်ပါစေဟု ကျိတ်ဆုတောင်းနေမိစဉ် သူလို ဆုတောင်းသူ တခြားတစ်ယောက် ရှိနေသည့်အဖြစ်ကို မသိ။





ထိုသူက နေညို။

ဒီလိုတော့ ကိုယ့်လူက အသွက်သားပါလားဟု စိတ်ထဲက ကျိတ်သဘောကျနေမိစဉ်မှာပင် ခြံထဲသို့ ဈေးခြင်းတောင်းလေး တစ်ဖက်ဖြင့် ခပ်သွက်သွက်လေး ဝင်လာသော ငွမ်းပုံတစ်ဖြစ်လဲ မေ့သခင်၏အလှကြောင့် ရင်ခုန်သွားသည်။

ဖက်ဖူးစိမ်းရောင် ဝတ်စုံဖြင့် ဝင်းဝါဖြူနုသော အသားတွေ မြစိမ်းရောင်သန်းကာ ထိလိုက်ရင် ကြွေသွားမလားထင်ရသည့်အထိ ပါ။

"မငွမ်းပုံ"

"အမလေး"

ကိုယ့်ကိုယ်ကို သတိမထားမိခင်မှာ နေညိုတစ်ယောက် မေ့သခင်နား အပြေးရောက်သွားချိန်မှာ မေ့သခင်ကလည်း ကိုယ့် အကြောင်းနှင့်ကိုယ်ဖြစ်ရာ သူမရှေ့မှာ ဘွားခနဲပေါ်လာသူကြောင့် ရင်ဘတ်ကလေးကို လက်ကလေးနှင့် ဖိလိုက်မိသည့်အထိ ထိတ် လန့်သွားရသည့် အဖြစ်ပါ။

"ဆောရီး…ကျွန်တော့်ကြောင့် မငွမ်းပုံ သိပ်လန့်သွား ပြီထင်တယ်၊ ဈေးက ပြန်လာတာလားဟင် မငွမ်းပုံ၊ လက်ထဲက ဆွဲခြင်း ကျွန်တော်ကိုပေး၊ ကျွန်တော်ယူခဲ့မယ်"

"အို…နေပါစေ"

မေ့သခင်က ဒရိုင်ဘာဆိုသူနှင့် မပတ်သက်လိုသဖြင့် ခပ်တင်းတင်းလေး ငြင်းလိုက်ပေမယ့် သူက မေ့စကားကို နားမထောင်



www.burmeseclassic.com

www.burmeseclassic.com



သလို မေ့လက်ထဲကဆွဲခြင်းကို ဖွတ်အတင်း လုယူသဖြင့် မေ့မှာ အလန့်တကြား သူမလက်ထဲက ခြင်းလေးကို လွှတ်ပေးလိုက်ရသည်။

''ပေးပါ မငွမ်းပုံရယ်၊ ကျွန်တော်ယူခဲ့ပါမယ်၊ ဈေးက ဝေးလားဟင်''

''ဝေး…အဲ…နီးပါတယ်''

အမှန်အတိုင်း ဝန်ခံမိမည်ဖြစ်ပြီးမှ မနည်းဘရိတ်အုပ်လိုက်သည်။

''နောက်နေ့တွေ မငွမ်းပုံ ဈေးသွားရင်၊ ကျွန်တော်ပါ လိုက်ပါရစေဗျာ''

''အိုး…အဲဒါတော့ ဘယ်ဖြစ်မလဲရှင့်၊ သွားချင်ရင် ရှင့်ဘာသာသွားပါ''

''ဘာဖြစ်လို့လဲ''

''တခြားသူတွေ အထင်အမြင်လွဲတာကို မခံနိုင်လို့ပေါ့ရှင်၊ ကျွန်မတို့လို မိန်းကလေးတွေက အိမ်ရှင်ကြည်ဖြူအောင်နေရတာ၊ ရှင် နောက်ကိုလည်း အခုလိုမျိုး လာမလုပ်ပါနဲ့၊ လက်ရှိအလုပ်ကလေး ပြုတ်သွားလို့ ထမင်းအိုးကွဲနေပါဦးမယ်''

''ပေး…ကျွန်မ ဆွဲခြင်း''

''နေပါဦးဗျာ…ကျွန်တော်က မငွမ်းပုံကို ခင်လို့ပါ''

''ကျွန်မကတော့ ရှင်အပါအဝင် ဘယ်ယောကျ်ားကိုမှ မခင်ရဲဘူးရှင့်၊ ကျွန်မကို သွားခွင့်ပြုပါ''





''မငွမ်းပုံ''

ကံကောင်းဆိုသည့် ဒရိုင်ဘာကို ဝေစ်ချက်လှည့်မကြည့်ဘဲ သူ့လက်ထဲ ဈေးခြင်းကို ဆွဲယူကာ မပြေးရုံခြေလှမ်းများဖြင့် အိမ်ထဲကို ဝင်ရောက်ခဲ့ပါသည်။

ဘယ်လိုလူလည်းမသိပါ။

ရောက်တာကမှ ရက်ပိုင်းပဲရှိသေးသည်။ မေ့သခင်ကိုလာပြီး ခင်ပါရစေ၊ မင်ပါရစေ လာလုပ်နေသည်၊ ဒရိုင်ဘာက ကိုယ့်နေရာကိုယ်မနေ။

အိမ်ဖော်မ ချောချောလှလှလေးအပေါ်မှာ စိတ်ဝင်တစားအမူအရာဖြင့် ချစ်တမ်းကစားချင်နေသည်လားမသိ။ မေ့သခင်ဆိုတာ သူထင်ထားသလို အိမ်ဖော်မလေး မဟုတ်သဖြင့် သူမျှော်လင့်သလို အချစ်ဇာတ်လမ်းတစ်ပုဒ် ဖြစ်လာမှာမဟုတ်။

စိတ်ဆိုးဒေါသဖြစ်စရာတွေသာ ဖြစ်လာမှာ သေချာနေတော့ ခက်သည်။

''ယော…မေ့လေး ပြန်လာပြီ၊ အဆင်ပြေခဲ့ရဲ့လားဟင်ကလေး''

''အဆင်ပြေပါတယ် ဒေါ်ငြိမ်းရယ်၊ ရော့…ရော့၊ မှယာဝယ်ပေးလိုက်တဲ့ ပစ္စည်းတွေ သိမ်းလိုက်ပါဦး''

လက်ထဲက ဈေးခြင်းကို ဒေါ်ငြိမ်းလက်သို့ ထိုးအပ်ပြီး မေ့သခင် သူမအခန်းထဲအရောက်မှာ အိပ်ရာလက် ကိုယ်ကိုပြစ်လှဲရင်း အနားယူပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ မေတို့ ကျောင်းတွေဖွင့်ပြီမို့ ကျောင်းသွားတက်ဖို့ စီစဉ်ပြီး သူငယ်ချင်းမူယာအိမ်မှာ ကြိုပို့ထားသော အဝတ်တွေနှင့် သူမအိမ်က ဝတ်လာသည့်အဝတ်တွေကို လဲလှယ်ဝတ်ဆင်ရသည်။

ပြီးမှ မူယာနှင့် ကျောင်းအတူတူသွားတက်ပြီးနောက် အိမ်အပြန်မှာ အဝတ်လဲ၊ ဈေးခြင်းဆွဲပြီး စိတ်ကူးတည့်ရာ မူယာနှင့် နှစ်ယောက်အတူ ဈေးထဲဝင်ဝယ်ခြမ်းကာ အိမ်ကိုပြန်လာရသည့် အဖြစ်။

မေ့သခင် ဘာတွေလုပ်နေတာလဲဆိုတာကို သိထားတော့ မူယာက အားလုံးကူညီပေးသည်။ တစ်ပြိုင်နက်တည်းမှာပင် မေ့သခင်ရဲ့ သတို့သားလောင်းကို ကြည့်ချင်မြင်ချင်လှပါသည်ဟု ဆိုနေပြန်သဖြင့် မေ့မှာ အရုပ်ဆိုးသော နေညိုဆိုသူနှင့် ရုပ်ချောသော ဒရိုင်ဘာအကြောင်း ပြောပြမိသည်။ မေ့ကို အိမ်ဖော်အစစ်ထင်ပြီး ဖွတ်အတ်တင်း လာရောနေသည့် အဖြစ်ကို စိတ်ထဲမှာ ဘဝင်မကျဘဲ ဖြစ်နေတာကို ဘယ်သူ့ဖွင့်ပြောရမှန်းမသိ။

"မေ့ရေ"

"ဟင်…ဘွား"

အိပ်ရာထက်မှာ လှဲနေရာမှ ဘွားကို မြင်လိုက်သဖြင့် မေ့ရင်ထဲ ဝမ်းနည်းသွားသည်။ မေ့ကို ဘာဖြစ်လို့များ ရုပ်ဆိုးဆိုးလူနှင့် လက်ထပ်စေချင်ရတာလည်းဆိုတာကို တွေးမရ။

"ကျောင်းကပြန်လာပြီလား မြေး"

"ဟုတ်ကဲ့"





ဘွားက မေ့မျက်နှာကို အကဲခတ်သလို စေ့စေ့ကြည့်နေပြီးမှ…

"မောင်နေညိုကို ဘယ်လိုသဘောရသလဲ မြေး"

"မေ့ သူ့ကို လက်မထပ်နိုင်ပါဘူး ဘွား"

"စစ်နဒီဆိုတဲ့ ကောင်လေးကြောင့်လား"

"ရှင်"

"ဘွားသိပါတယ်၊ မြေးနဲ့ အဲဒီကောင်လေး ချစ်နေကြတယ် မဟုတ်လား"

"မဟုတ်ပါဘူး ဘွား၊ သူနဲ့မေက မိတ်ဆွေတွေပါ"

ဘွားက မေ့ကို ဘာတစ်ခုမှ ပြိုင်မငြင်းဘဲ မေ့ကိုသာ အကြည့်တစ်မျိုးလေးဖြင့် ကြည့်နေပါသည်။ ဘွားရင်ထဲမှာ တွေးစရာအများကြီး ရှိနေသည်ကိုက ဘွားပဲသိနေ၏။

"ဘာပဲဖြစ်ဖြစ်ပါလေ…မေ့ရဲ့အိမ်ထောင်ရေးကို ဘွားတစ်ယောက်တည်းရဲ့ တစ်ဖက်သတ် ဆုံးဖြတ်ချက်နဲ့ မဆုံးဖြတ်တော့ဘူး၊ မြေးရဲ့စိတ်၊ မြေးရဲ့သဘောကျလည်း ဖြစ်ရစေမယ်လို့ ဘွား ကတိပေးပါတယ်ကွယ်"

"ဘွား"

"ဘွားရယ်"

"မေ့ ဝမ်းသာလိုက်တာ"

ဘွားရင်ခွင်ထဲကို ကလေးငယ်တစ်ယောက်လို ပြေးဝင်ခိုဝင်မိရင်း မျက်ရည်လည်သည့်အထိ ကျေနပ်ဝမ်းသာခြင်းတွေ

www.burmeseclassic.com



ဖြစ်နေရသူက မေ့သခင်ကိုယ်တိုင်ပါ။

ဘွားကလည်း မေ့ကိုယ်လေးကို သူ့လက်ကလေးများဖြင့် အသာထွေးဖက်ရင်း မေ့နောက်ကျောပြင်လေးကို ညင်သာစွာ ပုတ်ပေးနေပါသည်။

အခုတော့လည်း မြေးအဘွားနှစ်ယောက်မှာ နားလည်မှုတွေ ကိုယ်စီ။ ကြည်နူးကျေနပ်ရခြင်းတွေနှင့် တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်လျက် ကိုယ်စီ ပြုံးလိုက်ကြသည်။





## အခန်း (၁၁)

''မဠွမ်းပုံ''

''မဠွမ်းပုံ''

နောက်ပါးဆီမှ မေ့သခင် နာမည်ကို ခေါ်သံနှင့်အတူ ဘစ်ဖုတ်ဖုတ်ပြေးလိုက်လာသည့် ခြေသံကြောင့် နောက်ကို လှည့်ကြည့်လိုက်မိတော့ ကိုကံကောင်းဆိုသည့် ဒရိုင်ဘာကို တွေ့လိုက်ရသဖြင့် မေ့မျက်နှာလေး ပျက်သွားရပါပြီ။

''ခေါ်လိုက်ရတာ မဠွမ်းပုံရယ်၊ တစ်ယောက်တည်း ဘယ်ကိုသွားမလို့လဲဗျာ''

အမောတကောပုံစံနှင့် မေ့နားကို ရောက်လာသူကြောင့် မေ့သခင် စိတ်ညစ်သွားသည်။

''ကျွန်မ ဈေးသွားမလို့ရှင့်''



www.burmeseclassic.com

www.burmeseclassic.com



"ဈေးခြင်းလည်း မပါပါလား၊ ကျွန်တော်လည်း ဝယ်စရာလေးတွေရှိလို့ မငွမ်းပုံနဲ့အတူ လိုက်ခဲ့ချင်လို့ပါ"

"ဟင်"

ကိုကံကောင်းဆိုသူ၏ မျက်နှာချောချောကို မျက်လုံးလေးဖြူးပြီး ကြည့်လိုက်မိသည်။ မေ့သခင်ဘာသာ ပါးစပ်ထဲတွေ့ရာကို ပြောလိုက်တာကို အဟုတ်ထင်ပြီး သူကပါ မေ့နှင့်အတူ လိုက်ဦးမယ်ဆိုပါလား။

မေ့ကဖြင့် ကျောင်းကိုသွားမလို့ဥစ္စာ အခု သူက မေ့နှင့်အတူ လိုက်ချင်ပါသည်ဟု ဆိုလာတော့ မေ့သခင် ဘာပြောရမှန်းမသိ။

"ဘာဖြစ်လို့လဲ မငွမ်းပုံ၊ ကျွန်တော်နဲ့အတူ သွားရင် မငွမ်းပုံကို အထင်လွဲမယ့်သူများ ရှိနေလို့လား"

"လူကို ရှင့်လိုများ ထင်နေလားရှင့်၊ ဒီအသက်အရွယ်ရောက်တဲ့အထိ ကိုယ့်ဘာသာ သန့်သန့်လေး နေလာခဲ့သူ သိရဲ့လား၊ စကားပြောရင် ဆင်ခြင်ပြောပါ"

"အာ...ဆောရီးပါ မငွမ်းပုံရယ်၊ စိတ်တော့မဆိုးလိုက်ပါနဲ့၊ ကျွန်တော် တကယ်တောင်းပန်တာပါ"

"ကျေနပ်ပါနော်"

ကျေနပ်ခြင်း ပီတိတွေနှင့် တောင်းပန်စကား ဆိုလိုက်မိသူက နေညို။ ဘယ်လိုပဲဖြစ်ဖြစ် မငွမ်းပုံဆိုသည့် မိန်းမလှလေးကို သူ စိတ်ဝင်စားနေမိပြီဖြစ်[illegible]လို့ မငွမ်းပုံဆိုသည့် သူမမျက်နှာ





လေးကို တွေ့တိုင်း ရင်ခုန်နေမိသည့်အဖြစ်ပါ။

မေမေသဘောတူသော မေ့သခင်ဆိုတာ ကို သူ စိတ်မဝင်စား။ မေ့သခင်တို့အိမ်က အိမ်ဖော်မလေးကို[illegible]ခုန်စိတ်လှုပ်ရှားစွာ ချစ်သွားခဲ့မိပြီဆိုပါလျှင် မေမေ ပြောသ[illegible]ရမယ့်အမွေတွေအားလုံး ဘုန်းကြီးကျောင်းကို သွားပြီး ရေစ[illegible]လှူလိုက်ပါတော့ဟု ပြောရမလိုဖြစ်နေသည်။

"ရှင်လိုချင်တာ ဘာလဲဆိုတာ ကျွန်မ ကို ပြောလိုက်ပါ၊ ကျွန်မဘာသာ ဝယ်လာခဲ့ပါ့မယ်"

မငွမ်းပုံလေသံက အားပျော့သွားသဖြင့် နေညို အားတက်သွားသည်။ ဒီလိုဆိုရင်ဖြင့် သူ့အတွက် အခြေအနေ မဆိုးသေးပါလားဟု စိတ်ထဲက ကျိတ်တွေးလိုက်မိသည်။

"ဟို...ကျွန်တော်လိုချင်တဲ့ ပစ္စည်းက [illegible]မ်းပုံကို လူကြုံမှာလိုက်လို့မရဘူးဗျာ၊ ကျွန်တော်ကိုယ်တိုင် လို[illegible]ဝယ်မှဖြစ်မှာမို့လို့ပါ"

"အိုရှင်...ရှုပ်ရှုပ်ယှက်ယှက်၊ ရှင်ကိုယ်[illegible]ိုင် လိုက်ဝယ်မှဖြစ်မယ်ဆိုရင်လည်း ရှင့်ဘာသာရှင်သွားပါလား၊ ဘာကိစ္စ ကျွန်မနောက်လိုက်ရမှာလဲ"

"မငွမ်းပုံကလည်းဗျာ၊ လူတစ်ကိုယ်လုံး ခေါသချည်းပါပဲလား၊ ကျွန်တော်က မငွမ်းပုံကို ခင်လို့ပါ"

"ဘာဆိုင်လည်းရှင့်"

"သိပ်ဆိုင်တာပေါ့ဗျာ...ကျွန်တော်ခင်သ[illegible]ပို မငွမ်းပုံကမှ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ကိုမှ ပြန်မခင်ဘဲ၊ ဒီတော့ ကျွန်တော်လည်း မဝွမ်းပုံနဲ့ ခင်မင်ခွင့်ရအောင် ကြိုးစားရတာပေါ့"

"မဝွမ်းပုံနဲ့အတူ ကျွန်တော် လိုက်ခဲ့မယ်နော်"

အခုမှ ပြဿနာပါလား။

မလိုက်ခဲ့နဲ့လို့ ပြောလည်း စကားနားထောင်မည့်ပုံစံမျိုး မဟုတ်။ သူဖြစ်ချင်တာကို ဇွတ်တရွတ်လုပ်မည့် ရုပ်မျိုးဆိုတော့ ခက်သည်။

စိတ်ရှုပ်ရှုပ်ဖြင့် သူ့ရှေ့က မေ့သခင် ထွက်လာတော့ မေ့အားမှာ သူက အတူလိုက်လာတော့ ရင်ထဲမှာ ငိုချင်စိတ်ပြင်းစွာ ဖြစ်ပေါ်လာမိသည်။ မေ့ ဝတ်ဆင်ထားသည့် အဝတ်တွေနှင့် ခြေလျှင်ခရီး လျှောက်သွားနေသော မေ့ကိုမြင်လျှင် သူမမိတ်ဆွေ အပေါင်းအသင်းတွေက ဘယ်လောက်များ အံ့သြကြမှာပါလိမ့်။

ကျောင်းဖွင့်ရက်ကစပြီး မေ့က အိမ်နေရင်း အဝတ်လတ် သတ်ကလေးတွေနဲ့ ဈေးသွားသလိုလို ဘာလိုလို မယောင်မလည် ပုံစံမျိုးသုံးပြီး မူယာတို့အိမ်ကို အငှားကားနှင့် ပြေးသွားပြီး ဟိုရောက် မှ ရေချိုးအလှပြင် ပို့ထားသည့် အဝတ်တွေလဲ ကျောင်းသွားလာ ခဲ့သည်။

အပြန်ကြတော့လည်း ဒီအတိုင်း။

ဈေးခြင်းထဲ စိတ်ကူးတည့်ရာတွေ ဝယ်ထည့်ပြီး အဝင် ဟောင်းလေးနဲ့ ပြန်လာခဲ့သူ။ မေ့ကို ရုတ်တရက် ဘယ်သူမှ မရိပ်မိကြ။





ကံကောင်းဆိုသည့် ကိုရွှေဒရိုင်ဘာပင်မသိ။ ဟော ... တော့ မေ့သွားရာနောက်ကို လိုက်ချင်ပါသည်တဲ့၊ ဘယ်နှယ့် ရမှန်းမသိ။ ရှေ့က ဦးဆောင်ကာ ဦးခေါင်းစိုက်ဖြင့် လျှောက်နေမိခြင်းကြောင့် လမ်းအတွင်းသို့ အရှိန်ဖြင့် ချိုးဝင်လာ ကားကိုလည်း မမြင်လိုက်။

"မဝွမ်းပုံ"

"ကျိုး"

"အမလေး"

လူတစ်ယောက်က မေ့သခင်ကိုယ်လေးကို နောက်မှ ကျုံးကျပ်စွာ ဆွဲယူပြီး လမ်းဘေးတစ်နေရာသို့ ဆွဲယူလိုက်ခြင်းဖြင့် လုံးလဲပြိုသွားကာ မျက်ဝန်းထဲ ပြာခနဲဖြစ်သွားသည်ကို နောက်ဆုံး မှတ်မိလိုက်တာပဲရှိသည်။

တခြား ဘာမှမမှတ်မိတော့။

"မဝွမ်းပုံ"

"မဝွမ်းပုံ"

"ဟင်"

"ရှင်"

ကားပိုင်ရှင်လူငယ်က သူတို့နှစ်ယောက်ကို မျက်ခုံး ကျက်တွန့်ပြီး နေရာမှ ကားကို ခပ်ကြမ်းကြမ်း မောင်းထွက်သွား ထိတ်လန့်ချောက်ချားသည့် အမူအရာဖြင့် ခပ်ကြောင်ကြောင် နေခဲ့သော မေ့သခင်ကိုယ်လေးကို ပခုံးနှစ်ဖက်မှ ကိုင်လျက်



www.burmeseclassic.com

www.burmeseclassic.com



ခါယမ်းလှုပ်နိုးမိသူက နေညို။

မေ့သခင်မှာ အခုမှ သတိဝင်လာသူနှယ် အနီးကပ် အနေအထားမှာရှိနေသည့် နေညိုထံမှ စိုးရိမ်ပူပင်နေသော မျက် ချောချောကို မော့အကြည့်။

"ဟင်…ရှင့်နှုတ်ခမ်းမှာ သွေးတွေနဲ့ပါလား"

"ဟုတ်လား…တစ်ခုခုနဲ့ ခိုက်မိတာထင်တယ်၊ ကို အတွက် ဘာမှမစိုးရိမ်ပါနဲ့၊ မငွမ်းပုံသာ ဘာမှမဖြစ်ဖို့ အရေး တာပါဗျာ"

နှုတ်ခမ်းတွင် ပေကျံနေမည်ဟု ထင်သော သွေးများ လက်နှင့်ဖယ်ရှားလိုက်မှာ နှုတ်ခမ်းထောင့်စွန်းမှာ ဆစ်ခနဲ နာကျ ဝေဒနာကို ခံစားလိုက်ရသဖြင့် သူ နှုတ်ခမ်းကွဲသွားမှန်း သိလိုက် သည်။

"ထနိုင်ရဲ့လားဟင်၊ ကျွန်တော် မငွမ်းပုံကို တွဲ မယ်နော်"

မေ့သခင် ဘာတစ်ခွန်းမှ ပြန်ဖြေချိန်မရလိုက်ခင် နေညိုက နူးညံ့အိထွေးသော သူမလက်ကလေးများကို သူ များဖြင့် ဆွဲယူထူမပြီး ဖြစ်နေသည်။

"အို"

နီးကပ်လွန်းသော အနေအထားမှာ မေ့သခင်မျက်နှာ နွေးခနဲဖြစ်သွားသည်။

"ကျေးဇူးတင်ပါတယ်ရှင်"

"မလိုပါဘူးဗျာ…မငွမ်းပုံ ဘာမှမဖြစ်တာ ကိုပဲ ကျေးဇူး င်လှပါပြီ၊ အိမ်ပြန်ကြမလားဟင်၊ ဒါမှမဟုတ် မငွ ပုံသွားမယ့်နေ ကို ကားငှားသွားကြမလား"

နေညိုအမေးစကားကို မေ့သခင် ဘာပြန် မှန်းမသိ။ မ်ပြန်ရမလား၊ ရှေ့ပဲဆက်သွားရမည်လား ဆိုတာ တ်တရက် ဝေခွဲတတ်ဘဲ ဖြစ်နေ၏။

"မငွမ်းပုံ"

"ရှင်"

"ကျွန်တော်"

နေညိုသည် လှပသော မေ့သခင်မျက်နှာလေးကို မြတ်နိုး စူးစိုက်ကြည့်နေမိရာမှ တစ်ခုခု ပြောမိလုမတတ် ဖြစ်သွားပြီး တက် ချက်ချင်းလိုပင် မျိုသိပ်လိုက်ကာ သူမကို တစ်ချက်မှ ပြုံလိုက်မိ၏။

"ကျွန်တော် ကားငှားလိုက်မယ်နော် မငွမ်းပုံ"

"တက္ကစီ"

"ကျီး"

ပြောပြောဆိုဆို လာနေသည့်ကားကို လှမ်း ားလိုက်သ မေ့သခင်မှာ ဘာ ခွန်းမှ ပြောချိန်မရလိုက်ဘဲ သူမတို့နား ရပ်လာသည့် ကားကိုတစ်လှည့် သူ့အနားက ကို ကောင်းဆို ည့် ဒရိုင်ဘာကို မော့ကြည့်လိုက်မိသည်။

"တက်လေ မငွမ်းပုံ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း…ကျွန်မ"

"ဟင်"

မေသခင်စကားလေး တစ်ဝက်တစ်ပျက်မှာ ရပ်တန့်
ပြီး သူမနှင့်မျက်နှာချင်းဆိုင်က လာနေသော ကားတစ်စီးကို
ကာ မျက်နှာပျက်သွားပြီး ဘာတစ်ခုမှ ပြန်ပြောမနေတော့ဘဲ ရပ်
သည့်ကားပေါ်သို့ ကမန်းကတန်းလေး တက်လိုက်ရပါသည်။

မေသခင်နှင့် မျက်နှာချင်းဆိုင်က လာနေသည့်ကား
တခြားသူ၏ကား မဟုတ်။ စစ်နဒီကိုယ်တိုင် မောင်းလာသည့်
ဖြစ်နေခြင်းကြောင့် သူမကို မမြင်နိုင်မှန်းသိပေမယ့် ဦးခေါင်း
တမင်ငုံ့ကွယ်ထားလိုက်မိပါသည်။

နေညို တက်ပြီးနောက် မေသခင်တို့ကားလေးက
စထွက်သည်။

"ဘယ်ကိုသွားကြမလဲ မငွမ်းပုံ"

"ရှင်"

နေညိုမျက်နှာကို လုပဝိုင်းစက်သော မျက်ဝန်းကြီး
ကြည့်ငေးလာသူကြောင့် နေညို့ရင်ထဲမှာ နွေးခနဲ လိုက်ဖြ
သည်။

ချစ်မိပြီ မငွမ်းပုံရယ်။

မငွမ်းပုံဆိုသူလေးကို ဘာဖြစ်လို့ ဒီလောက်မြန်မြန်
သွားရသလည်းဆိုတာ ကိုယ့်ဘာသာကိုယ်လည်း နားမလည်
အောင် ဖြစ်ရသူက နေညိုပါ။





"ကျွန်တော် မငွမ်းပုံကို တစ်ခုခု လိုက်ကျွေးပါရစေဗျာ၊
ခွင့်ပြုပါ"

"အို…ကျွန်မ မလိုက်ဘူး"

နေညိုက မေသခင်ပြောတာကို မကြား ဟန်ပြင် သူသွား
ချင်သည့်နေရာကို ကားသမားအား မောင်းခိုင်းလေသဖြင့် ကား
သမားရှေ့မှာ သူနဲ့ အတိုက်အခံမလုပ်လိုသဖြင့် ငြိမ်နေလိုက်သည်။

နေညိုကလည်း ကိုယ့်အကြံနှင့်ကိုယ်မို့ ခ နားတိတ်ဆိတ်
၍ သူ့ကို ဘယ်သူမှ ရုတ်တရက် မတွေ့နိုင်သော အသောက်ဆိုင်
ကိုသာ ရွေးပါသည်။

"ဆင်းလေ မငွမ်းပုံ"

"ဟုတ်ကဲ့"

လူတွေရှိနေသည့်အတွက် အလိုက်သ င့် ကားဆိုရင်း
ကားပေါ်က ဆင်းလိုက်သည်။ ထို့နောက် နေညို ဦးဆောင်ခေါ်သွား
ရာနောက်သို့ အသံမဲ့စွာ လိုက်ပါလာရင်း ပတ်ဝ န်းကျင်ကိုလည်း
မသိမသာလေး ရှာဝဲကာ ကြည့်ရပါသေးသည်။ မေသခင်ဆိုတာ
ဘွားရဲ့မြေးဖြစ်ကြောင်း သူမရှေ့က ဦးဆောင်သွ းနေသော ဒရိုင်
ဘာ ကိုကံကောင်းဆိုသူ သိ၍မဖြစ်ပါ။

"ထိုင်လေ မငွမ်းပုံ"

"ဟုတ်ကဲ့"

ကံကောင်းသည်ဟု ဆိုရမည်ထင်။

အခုချိန်ထိ မေနှင့် မည်သည့်အသိမိတ် ဆွေမှ မတွေ့ရ



www.burmeseclassic.com

www.burmeseclassic.com



သေးတာကိုက ဝမ်းသာစရာ။ သူညွှန်ပြသည့်ခုံမှာ မေသခင် ဝင်ထိုင်လိုက်ချိန်မှာပင်။

''ပယ်''

အန်တီခိုင်ပါလား။

နေညိုမေမေ၏ သူငယ်ချင်းကို မြင်လိုက်ရသဖြင့် နေညိုက ရှောင်ပြေးမည်အပြု အန်တီခိုင်က နေညိုကို တွေ့မြင်သွားပြီမို့ အပြုံးဖြင့် လက်တစ်ဖက်မြှောက်ကာ နှုတ်ဆက်ရင်း သူတို့ရှိရာကို လျှောက်လာနေသည့်အတွက် နေညိုမှာ ရင်ထိတ်နေသည်။

အခုချိန်ကြမှ နေရာက လစ်ပြေးချင်လို့လည်း မရတော့။ အန်တီခိုင်အကြောင်း သိထားတော့ ပိုဆိုးသည်။

''ဟေး…မောင်နေညို''

''အန်တီခိုင်''

''ဘယ်လိုလဲ…ဘယ်လိုလဲ အန်တီ သတင်းတွေကြား ပြီးပါပြီနော်၊ ဘယ်တော့စားရမှာလဲ၊ အန်တီနဲ့ မိတ်ဆက်ပေးဦးလေ''

''ဟိုင်း…အန်တီက မောင်နေညိုမေမေနဲ့ အချစ်ဆုံးသူငယ်ချင်း အန်တီခိုင်ပါ''

''ရှင်…ဟုတ်…ဟုတ်ကဲ့''

ပါးစပ်ကတင်ပြောတာမဟုတ် မေသခင် လက်ကလေးတစ်ဖက်ကိုပါ ဆွဲယူကာ အားပါးတရ လှုပ်ယမ်းလိုက်တာမို့ မေသခင် ရင်ထဲမှာ ဒုန်းခနဲ ဖြစ်သွားပြီး မျက်ဝန်းအစုံမှာလည်း ပြာခနဲဖြစ်သွားကာ ဒရိုင်ဘာကိုက်ကောင်းဟု သူ့ကိုယ်သူ လိမ်ညာ





ထားသော နေညိုဆိုသူ၏ မျက်နှာချောချောကို အလန့်တကြား မော့ကြည့်လိုက်မိလျက်သား ဖြစ်သွားသည်။

''မေသခင်နော်…လှနဲ့နာမည်နဲ့ အင်းလိုက်ဖက်တဲ့ အလှပိုင်ရှင်လေးပါကွယ်၊ တင်တင်က လူရွေးသိတာပဲ၊ အန်တီတော့ မေသခင်ကို မြင်မြင်ချင်း သိပ်ချစ်သွားပြီ''

''အန်တီထင်တာ မဟုတ်ဘူးရှင့်''

သူမနာမည်ကို ခေါ်ပြီး တရင်းတနှီး နှုတ်ဆက်စကားဆိုလာတာမို့ ကိုယ့်အလှည့်မှာ စိတ်မလုံစွာ အံ့သြထိတ်လန့် တွန့်လှုပ်ရသူက မေသခင်ကိုယ်တိုင်ပါ။

''ဘာကိုမဟုတ်တာလဲကွယ်''

''ဟုတ်ပါတယ် အန်တီခိုင်၊ ဒါ ကျွန်တော်နဲ့ မကြာခင် လက်ထပ်တော့မယ့် မေသခင်ပါ''

''ရှင်…ရှင် လူကို ဘာတွေပြောနေတာလဲ''

''ရှူး''

''မောင့်ကို စိတ်မဆိုးပါနဲ့ အချစ်ရယ်၊ ဇာတ်မျိုးမထင်နဲ့နော်၊ အန်တီ မေ့က ကျွန်တော်နဲ့ စိတ်ဆိုးစိတ်ကောက်နေလို့ပါ''

''သြော်…ဒီလိုကိုး''

''အဟင်း…ဟင်း…ဟင်း''

''အန်တီသဘောပေါက်ပြီ၊ သဘောပေါက်ပြီ၊ ကောက်နေတဲ့လူကို ဆက်ချော့လိုက်ဦး မောင်နေညိုရေ''

''အန်တီသွားပြီနော် မေသခင်လေး''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ အန့်တီ"

မေ့သခင်က ခေါင်းညိတ်လိုက်ရခြင်း မဟုတ်ပါ။ ဒရိုင်ဘာကိုကံတောင်းဟု သူ့ကိုယ်သူ ဟန်ဆောင်လိမ်ညာသည့် နေညိုက ပြောလိုက်ခြင်းဖြစ်သည်။ အန့်တီခိုင်ဆိုသည့် အန့်တီကြီးက ပြုံးရွှင်သော မျက်နှာပေး ခင်မင်နှစ်လိုဖွယ် အမူအရာဖြင့် သူတို့နားက ထွက်သွားသည်နှင့် ထိုင်ရာမှ ဝုန်းခနဲထရပ်လိုက်မိသူက မေ့သခင်။

"ရှင့်…ရှင် လူလိမ် လူညာ"

ဒေါသဖြင့် ကဲကဲဆတ်ဆိုလိုက်ရင်း နေညိုဆိုသူ၏ မျက်နှာကို စေ့စေ့ရှုရှုလေး စိုက်ကြည့်ရင်း ရင်ထဲမှာ ဒေါသတွေထွက်ပြီးရင်း ထွက်နေ၏။

မေ့သခင်၏ ခံပြင်းဒေါသဖြစ်နေသည့် အမူအရာလေးကို ကြည့်ပြီး ဘာပြောရမှန်းမသိအောင် ဖြစ်ရသူက နေညိုကိုယ်တိုင်။ မို့ ဟန်ဆောင်လိမ်ညာထားမိသမျှ အန့်တီခိုင်ကြောင့် မငွမ်းပုံအမည်ခံ မေ့သခင်ရှေ့မှာ ကိုယ့်အထုပ်ကို ဖြည်ပြလိုက်ရသလိုဖြစ်ကာ အခက်တွေ့နေသည်။

"ကိုယ်ရှင်းပြပါရစေဦး မငွမ်းပုံရယ်၊ အဖြစ်က ဒီလိုပါ"

"အို…ကျွန်မကို ဘာမှရှင်းပြနေစရာမလိုဘူး၊ ရှင်နဲ့ကျွန်မလည်း ဆက်ပြီး ပတ်သက်စရာမလိုဘူး"

"မငွမ်းပုံ"

နောက်ကခေါ်သံ ကြားသော်လည်း မေ့သခင် လှည့်





ကြည့်ဘဲ နေရာက အသွက်ဆုံးခြေလှမ်းများဖြင့် မပြေးရုံတမယ် ထွက်ခဲ့ရာနောက်သို့ နေညိုလည်း အဘူလိုက်ပါလာသည်။

"ကိုယ်တောင်းပန်ပါတယ် မငွမ်းပုံရယ်၊ ဒီကိစ္စက မငွမ်းပုံနဲ့ ဘာမှမဆိုင်ပါဘူးဗျာ၊ မေ့သခင်ဆိုတဲ့ ဟိုသူဌေးသမီးအတွက် လုပ်တာပါ"

"ဘာ"

"မေ့သခင်အတွက် ဟုတ်လား"

သူမအမည်ကို နေညိုဆိုသူ၏ နှုတ်ဖျားက နားနှင့်ဆတ်ဆတ် ကြားလိုက်ရတာမို့ ခြေစုံရပ်ပြီး နေညိုရှိသည့်လူကို မျက်နှာချင်းဆိုင်ပစ်လိုက်သည်။

သူလိုလူကများ…။

"ဟုတ်ပါတယ် မငွမ်းပုံရယ်၊ မေ့သခင်ဆိုတဲ့ သူဌေးသမီးကို မမေ့သဘောအတိုင်း လာကြည့်ရင်း လမ်းမှာပဲ အကြံရပြီး ဒရိုင်ဘာစံသိန်းကို ကျွန်တော့်နေရာမှာ လူစားထိုးပြီး သူနဲ့မယူဖြစ်အောင် ကြံဖန်လိုက်မိတာပါဗျာ"

"မငွမ်းပုံကို ဇာမင်လိမ်ချင်ညာချင်လို့ မဟုတ်ပါဘူး၊ ယုံပါဗျာ"

ချစ်မိပြီဆိုတော့ ချစ်ရသူ စိတ်မဆိုးအောင် အနူးအညွတ်တောင်းပန်စကား ဆိုနေမိသည်။ နေညို စိတ်ထဲမှာ မငွမ်းပုံဆိုတာ သူလက်ထပ်ရမည့် မေ့သခင်ဟု မသိသူ ဖြစ်သည့်အတိုင်း ချစ်သူ ကျေနပ်ဖို့ပဲ အရေးကြီးနေသည့်အတိုင်း သူနှင့်သဘောတူထားသူ

www.burmeseclassic.com



အဖြစ် သိရှိထားသော အိမ်ဖော်မိသေး မျက်နှာကို မြင်မိတိုင်း ရင်နာနာဖြင့် မေသခင်အဖြစ် စိတ်ထဲမှာ အတော့်ကို အခံရခက်နေပါသည်။

"ရှင် အဲဒီလိုလုပ်ရအောင် မေသခင်မှာ ဘာအပြစ်ရှိလို့လဲရှင့်၊ ဟိုကလည်း ရှင့်လိုလူကိုများ အရေးလုပ်ပြီး စိတ်ဝင်စားမယ် ထင်နေလို့လား"

ကိုယ်ကိုယ်တိုင်က မေသခင်ဖြစ်နေတော့ ကဲကဲဆတ်ရန်တွေ့စကား ဆိုလိုက်မိသည့်အဖြစ်ကို နေညိုကမသိ။ သူတို့မမအတွက် ခံပြင်းဒေါသဖြစ်နေသည်ဟု ထင်နေ၏။

"တစ်မျိုးမထင်လိုက်ပါနဲ့ဦး မဥ္စမ်းပုံရယ်၊ ကျွန်တော်နဲ့ လက်ထပ်ပြီး တစ်မိုးထဲအောက်မှာ ရာသက်ပန်အတူလက်တွဲနေရမယ့် ကျွန်တော့်အိမ်ထောင်ဘက်က မေမေသဘောကျရုံ၊ သဘောတူရုံနဲ့ ပြီးတာမှမဟုတ်ဘဲဗျာ ကျွန်တော်ကိုယ်တိုင်လည်း ချစ်နေမှဖြစ်မှာပေါ့၊ အရှင်းဆုံးဝန်ခံရရင်တော့ဗျာ ကျွန်တော့်ရင်ထဲ နှလုံးသားထဲက မေတ္တာစစ်နဲ့ အမှန်တကယ် ချစ်မြတ်နိုးတဲ့သူကိုပဲ ကျွန်တော် အိမ်ထောင်ဘက်အဖြစ် ရွေးချယ်မယ်လို့ ဆုံးဖြတ်ထားလို့ပါ"

"ကျွန်တော်ပြောတာ မဥ္စမ်းပုံ နားလည်ပါတယ်နော်"

မေသခင် ဘာပြောရမှန်းမသိ။

အကြိတ်ချင်း လာတွေ့နေမှတော့ ရန်သူလို့ပဲ ဆိုရတော့မည်ထင်သည်။

"မဥ္စမ်းပုံ"





"ဟိုတ်…မေသခင်"

"ဟင်"

"အို"

"အတူး"

ဖားတစ်ပိုင်း ငါးတစ်ပိုင်းမလေး အဘူးကြောင့် ဒီတစ်ခါ ငိုချင်ရက်လက်တို့ ဖြစ်ရသူက မေသခင်ဖြစ်သည်။ အရိပ်သုံးပါးပြလို့မှ နားမလည်။ မေသခင်လက်ကို အပြေးလာဆွဲကာ သူမ ပြောချင်တာတွေကို ဆက်ပြောနေပါသည်။

"ဘယ်လိုလဲ မေသခင်လေးရယ် အစတုန်းကတော့ ချစ်သူရည်းစား မရှိဘူးဘာညာနဲ့၊ အခုတော့ လက်ပူးလက်ကျပ်မိပြီ၊ ဘာငြင်းဦးမလဲ"

"အတူးနော်…ခင်ဗျားက မေသခင်သူငယ်ချင်းလား"

"ဒါပေါ့…ခင်ဗျားကရော"

"ကျွန်တော်က မေသခင်နဲ့ မကြာခင် လက်ထပ်တော့မယ့် နေညိုပါ"

"ဟား…ရေလည်မိုက်လှချည်လား"

"အို"

မေးသူနှင့်ဖြေသူကြားမှာ မေသခင် ဟာတစ်ခုမှ ဝင်ရောက်စွက်ဖက် ဟန့်တားခွင့်မရလိုက်ပါ။ ရွှန်းလက်တောက်ပသော နေညို၏ အကြည့်စူးစူးများက လှပသော မေသခင်မျက်နှာလေး ထက်သို့ အံ့သြဝမ်းသာခြင်းတွေနှင့် ရောက်ရှိလာသည့်အဖြစ်ကို



www.burmeseclassic.com

www.burmeseclassic.com



မေ့သခင် ဘယ်လိုမှ မမြင်ချင်ဟန်ဆောင်နေလို့ မရတော့ပါ။

စောစောတုန်းကတော့ သူ့ကိုယ်သူ ဒရိုင်ဘာအဖြစ် ဟန်ဆောင်ရကောင်းလားဟု နေညိုကို မေ့သခင် စိတ်ဆိုးဒေါသဖြစ်ခဲ့ရပြီးပါပြီ။ ဒီတစ်ခါ မေ့သခင်အလှည့်မှာ ဘယ်လိုဖြေရှင်းရမှန်းမသိတိုင်း လှပသော မျက်နှာလေးကိုသာ တင်းမွှန်ထားလိုက်မိသည့်အဖြစ်ပါ။

"ကိုသွားတော့မယ်နော် အတူး"

"ပြန်တော့မှာလား"

"အေး…တို့မှာ အရေးကြီးတဲ့ကိစ္စလေး ရှိသေးလို့ပါ"

"ကျွန်တော်တို့ကို ခွင့်ပြုပါဗျာ"

"အိုကေ…မင်္ဂလာဆောင်ကြရင် ဖိတ်ဖို့မမေ့နဲ့နော်"

ဒါတောင် အတူးဆိုသည့် သတ္တဝါက အရိပ်သုံးပါးနားမလည်ဘဲ သူမဖြစ်ချင်တာကို အော်ဖြစ်အောင် အော်လိုက်သေးသည့် အဖြစ်ကြောင့် မေ့သခင်ကိုယ်လေး တွန့်ခနဲဖြစ်သွားရကာ အတူးသာ အနားမှာရှိနေလျှင် ကျောပြင်ကို ဖျောတင်ပစ်ချင်နေမိပါတော့သည်။

❀ ▯ ❀





အခန်း (၁၂)

"မေ့သခင်"

"မေ့သခင်"

"ရှင် ကျွန်မနာမည်ကို မခေါ်ပါနဲ့"

"ဟောဗျာ"

"အဟွန်း…ဟွန်း…ဟွန်း"

ချစ်သူစကားကို မနာကျင်နိုင်ဘဲ မြတ်နိုးစွာ ရယ်မောလိုက်မိသူက နေညိုပါ။ တူသောအကျိုးပေးသည်ဆိုတာ ဒါပဲထင်ရဲ့။ သူနှင့် မေ့သခင်က စိတ်ကူးတူ၊ အကြံတူညာဏ်တူ ဖြစ်နေမှကိုး။

သူချစ်မိသူလေးက မငွမ်းပုံအစစ်မဟုတ်ရပါဘဲ မေမေကိုယ်တိုင် နေညိုနှင့် လက်ထပ်ပေးရန် သဘောတူထားသူ ဖြစ်နေခြင်းကိုက အံ့သြစရာ။



www.burmeseclassic.com

www.burmeseclassic.com



ဖူးစာဆိုတာ ဒါပဲလား။

အဖြစ်အပျက်တွေက တိုက်ဆိုင်လွန်းသလို အခြေအနေတွေကလည်း နတ်ဖန်ဆင်းသလား ထင်ရသည့်အနေအထားတွေမို့ ကိုယ့်ကိုယ်ကို အိပ်မက်များ မက်နေသလား ထင်မိသည့်အထိပါ။

အန်တီခိုင်ကြောင့် နေညို လိမ်ညာဟန်ဆောင်ထားသမျှ ပေါ်သွားလို့ စိတ်ညစ်နေတုန်း တိုက်တိုက်ဆိုင်ဆိုင်ပဲ သူချစ်တဲ့ မဥ္စမ်းပုံဆိုတာ မေ့သခင်ဖြစ်နေတော့ ကမ္ဘာပေါ်မှာ နေညိုလောက် ပျော်မိသူ ရှိပါဦးတော့မလားလို့ ထင်ရသည်။

အပျော်လွန်ပြီး သူ့ရှေ့က စိတ်ဆိုးဒေါသဖြစ်ပြီး ထွက်သွားသော မေ့သခင်နောက်ကို အတူလိုက်ပါလာရင်း ချစ်ရသူ၏ အမည်လေးကို ခေါ်မိတော့ ချစ်သူလေးက နေညိုကို အခုလို တုံ့ပြန်လာခြင်းဖြစ်ပါသည်။

"ကားငှားမလို့လား မေ့သခင်၊ ကိုယ် ကားငှားလိုက်ပါ့မယ်"

ဒေါသဖြစ်ဖြစ်နှင့် မေ့သခင် တားနေသည့်ကားတွေက ဘာတစ်ခုမှ အဆင်မပြေ။ ရပ်ပေးခြင်းလည်း မရှိ။ ဒီကြားထဲ အနားက နေညိုဆိုသည့်လူကြောင့် မေ့သခင်မှာ ဒေါသဖြစ်ရလွန်း၍ ဘာတစ်ခုမှ တုံ့ပြန်စကားဆိုချင်စိတ်လည်း မရှိတော့ပါ။

"ကျွီး"

နောက်ဆုံးကားတစ်စီးက မေ့သခင်ရှေ့မှာ ထိုးရပ်လာတာမို့ ဘာတစ်ခုမှ ဈေးမေးဈေးဆစ်ခြင်း မပြုဘဲ ကားပေါ်လှမ်းတက်





လိုက်ချိန်မှာ နေညိုဆိုသူကလည်း မေ့သခင်စီးမည့် ကားပေါ်တက်လာတာမို့ စိတ်ဆိုးဒေါသဖြစ်ရပြန်ပါသည်။

"ရှင်က ဘာကိစ္စနဲ့ ကျွန်မငှားတဲ့ကား [illegible] တက်လာရတာလဲ၊ အခုဆင်းပါ"

"တစ်မျိုးမထင်ပါနဲ့ဗျာ…ကိုယ်က မေ့[illegible]တစ်ယောက်တည်း စိတ်မချလို့ပါ၊ ပြီးတော့ သွားရမယ့်လမ်း[illegible]လည်း အတူတူပဲ မဟုတ်လား၊ လာတုန်းက အတူလာပြီး အပြန်[illegible]မှ တခြားစီပြန်ဘယ်ဆိုတာ မကောင်းပါဘူးဗျာ၊ ကဲ…ကားဆ[illegible] မောင်းဗျာ"

မေ့သခင် တစ်ခုခုပြောလိုက်မည်ပြု[illegible]မှ သူမတို့နှစ်ယောက် အခြေအနေကို အကဲခတ်သလို ကြည့်နေ[illegible] ကားဆရာကြောင့် နှုတ်ဆိတ်နေလိုက်ရပါသည်။

ကားလေးက နေရာမှ ထွက်သွားသည်။ မေ့သခင်၏ ဦးခေါင်းလှလှလေးထဲမှာလည်း တွေးစရာတွေ အများကြီး ပါလာသည်။

အစထဲက ဒီခရီးကို ဒီလူနှင့်အတူ လိုက်သွားခဲ့လျှင် ကောင်းမှာပဲဟု တွေးပြီးမှ ထိုအတွေးကို ချက်ချ[illegible]ဖယ်ချလိုက်မိသည်။ သူနှင့်အတူ လိုက်သွားမိလို့သာ မေ့သခင်ကို သူလိမ်ညာထားတာတွေ သိခဲ့ရတာမဟုတ်လား။

ဒီလိုမှမဟုတ်ရင် ဒီလူက မေ့ကိုရော လူ[illegible]ဖြစ်တဲ့ ဘွားဘိုပါ လိမ်ညာလို့ဆုံးတော့မည်မထင်။ မေ့သခင်၏ အစီအစဉ် ကောင်းလို့သာ တော်တော့တယ်။ ဒီလိုမှမဟုတ်ရင် နေညိုဆိုသည့်



www.burmeseclassic.com

www.burmeseclassic.com



လူ လုပ်ပုံတွေက မေ့သခင်တို့ မြေးအဘွားကို အဘယ်မျှ အရှက်
စေမည်။ ဂုဏ်သိက္ခာထိခိုက်စေမည်ဟု မသိရ။

တွေးရင်းက ဒေါသတွေ ဖြစ်လာသည်။ စိတ်ထဲမှာ အခဲ
ခက်လွန်းသည့်စိတ်ကြောင့် နေညိုဆိုသည့်လူကို ဘယ်လိုလက်စား
ချေတုံ့ပြန်ရပါ့ဟု တွေးနေမိသည်။ ဒီလူကို အခုလိုပုံနှင့် လုံးဝခွင့်
မလွှတ်နိုင်။ တစ်ခုခုတော့ လက်တုံ့ပြန်ချင်နေသည်။

"မေ့သခင်"

သူ့ခေါ်သံကို ကြားပေမယ့် မေ့မထူး။ လှည့်လည်း
မကြည့်။

"ကိုယ်တို့ကိစ္စကို ဘွားသိအောင် ပြောပြပြီး ကျေနပ်တဲ့
အထိ တောင်းပန်ပါ့မယ်၊ ဘွားကိုလည်း ကန်တော့မှာပါ၊ မေ့သခင်
ကိုလည်း ကျေနပ်တဲ့အထိ ကိုယ်တောင်းပန်ပါတယ်ဗျာ၊ ကျေပါ
နော်"

"မကျေဘူးရှင့်...မကျေဘူး၊ ကျွန်မတို့မြေးအဘွား
နှစ်ယောက်စလုံးကို အရှုံးလုပ်ပြီးမှ ကျွန်မတို့က ရှင်ကျေပါဆိုတိုင်း
ကျေလိုက်ကြမှာလား"

ကားသမားရှေ့မှာ ဘာတစ်ခုမှ မပြောတော့ပါဘူးလို့ ချု
ချုယ်ထားပြီးမှ နေညိုစကားကို ခံပြင်းစွာ ဒေါသဖြင့် တုံ့ပြန်လိုက်
မိရပြန်ပါသည်။

"ကိုယ် ပြောပါရစေဦးဗျာ"

"ဒီမှာ ရှင့်ပါးစပ်ကို အခုပိတ်ထားပါ၊ ကားပေါ်မှာ





ကျွန်မ ဘာစကားမှ နောက်ထပ်မပြောချင်ဘူး နားလည်လား"

"ကောင်းပါပြီ၊ မေ့သခင်သဘောအတိုင်း ဖြစ်စေရပါစေ
မယ်"

နေညိုစကားကို မကြားသလို နေပြစ်လိုက်သည်။ မမျှော်
လင့်ဘဲနှင့် သူ့ရှေ၊ မေ့သခင်ကိစ္စပါ အလိမ်အညာတွေ ပေါ်သွား
ပြီမို့ ဘွားကို သူမဖြစ်ချင်သည့် ဆန္ဒအတိုင်း လက်လျှော့ခွင့်ပြုဖို့
ပြောတော့မည်ဟု မေ့သခင် စဉ်းစားဆုံးဖြတ်လိုက်ချိန်မှာ နေညိုက
လည်း သူလက်ထပ်မည့် မိန်းကလေးမှာ သူမကလွဲပြီး တခြားသူ
မဖြစ်စေရဟု စိတ်ထဲကျိတ်ပြီး သစ္စာဆိုနေပါသည်၊

"ကျိုး"

သူတို့စီးလာသည့် ကားလေး မေ့သခင်တို့ ခြံကျယ်ကြီးရှေ့
မှာ ထိုးရပ်လိုက်သည်နှင့် ကားပေါ်က ပထမဆုံး ဆင်းလိုက်သူက
မေ့သခင်ပါ။

နောက်ကို တစ်ချက်လှည့်မကြည့်ဘဲ ခြံထဲရှိရာသို့ သူမ
ခြေလှမ်းများကို ဦးတည်လိုက်သည်နှင့် သူမနှင့်အတူ ဖဝါးထပ်မျှ
အတူလိုက်ပါလာသူက နေညိုဖြစ်နေသည်။

"မေ့သခင်"

"ရှင် ဘာကိစ္စ ကျွန်မနောက်ကို လိုက်လာရတာလဲ"

"ဘွားဆီကို မေ့သခင်သွားမှာ မဟုတ်လား၊ ကိုယ်လည်း
အတူလိုက်ပြီး ဘွားကို ရှိခိုးကန်တော့ပြီး တောင်းပန်ရမှာပေါ့ဗျာ"

"စိတ်ချ...ရှင့်လိုလူကြီးမှန်းမသိ လိမ်ညာတဲ့လူကို ဘယ်



www.burmeseclassic.com

www.burmeseclassic.com



တော့မှ ခွင့်မလွှတ်ဖို့ ဘွားကို ကျွန်မကိုယ်တိုင် ပြောမယ်သိလား"

"ဘွား"

"မေ့သခင်"

"အို…ရှင် ဒါဘာလုပ်တာလဲ"

အိမ်ထဲကို လှမ်းဝင်ရင်း ဘွားကို လှမ်းခေါ်လိုက်ချိန်မှာ နေညိုက မေ့သခင်လက်ကလေးတစ်ဖက်ကို ရဲဝံ့ပိုင်စိုးစွာ ဆွဲယူဆုပ်ကိုင်လိုက်တာမို့ ရုက်လန့်တကြားလေး သူ့မျက်နှာကို မော့ကြည့်ရင်း သူ့မ လက်ကလေးကို နေညိုလက်ထဲက ဆွဲယူဖို့ ကြိုးစားလိုက်ပေမယ့် နေညိုက သူမလက်ကလေးကို လွှတ်ပေးခြင်းမပြုဘဲ တင်းကျပ်စွာ ဆုပ်ကိုင်ထားတာမို့ ပိုလို့ပင် စိတ်ဆိုးဒေါသဖြစ်ရပါသည်။

"ဖယ်…လွှတ်ဆို၊ ကျွန်မပြောနေတာ မကြားဘူးလား"

"ကိုယ်ပြောပါရစေဦး မေ့သခင်"

"ဘာမှမပြောနဲ့ ရှင်ပြောတာတွေကိုလည်း ဘာတစ်ခုမှ နားမထောင်နိုင်ဘူး"

"ကိုယ့်ကိုချည်း စိတ်ဆိုးနေတော့မှာလားဗျာ၊ မေ့သခင်လည်း ကိုယ့်ကို လက်မထပ်ချင်လို့ တခြားတစ်ယောက်ကို အဆောထိုးခဲ့တာပဲ မဟုတ်လား"

"အဲဒါဘာဖြစ်လဲ"

"ဘာမှမဖြစ်ပါဘူးဗျာ၊ သဘောပြောတာပါ၊ ကိုယ်က မေ့သခင်ကို လိမ်ညာခဲ့မိပါတယ်၊ အဲဒီလိုပဲ မေ့သခင်ကလည်း





ကိုယ့်ကို လက်တုံ့ပြန်ခဲ့ပြီးပြီပဲ၊ ကျေအေးပါဗျာ"

"ကိုယ့်ကို စိတ်မဆိုးပါနဲ့"

"ဒီမယ်"

"ရှင်…ကျွန်မလက်ကို လွှတ်မလား မလွှတ်ဘူးလား"

"ဆောရီး"

သူ မေ့သခင်လက်ကလေးကို အသာအယာ ဖြေလွှတ်ပေးလိုက်သည်နှင့် မေ့သခင်က သူ့မျက်နှာကို ဆတ်ခနဲ မော့ကြည့်သည်။

"ရှင့်ကို သိပ်မုန်းတယ်သိလား"

"ကိုယ်ကတော့ မေ့သခင်ကို သိပ်ချစ်တယ်"

"ဘာ"

"မေ့ကို ချစ်တယ်လို့ပြောတာပါဗျာ"

"ကြည့်စမ်း"

"ကိုယ် မေ့ကိုသိပ်ချစ်နေမိပြီ"

"အဲဒါ…ချစ်ဦး"

"ကဲ့ဟယ်"

"မေ့သခင်"

ကျယ်လောင်သောအသားချင်း ထိခတ်သံ ထွက်ပေါ်လာခြင်းမရှိပါ။ နေညိုက သူ့ပါးကိုရိုက်ရန် မြှောက်တက်လာသော မေ့သခင်လက်ကလေးကို သူ့လက်များဖြင့် ဆွဲယူဖမ်းကိုင်ထားလိုက်သောကြောင့် ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



''လွှတ်''

''ဘာဖြစ်လို့ ဒီလောက်ဒေါသဖြစ်နေရတာလဲဗျာ၊ ကိုယ့်ကြောင့် မေ့သခင် စိတ်ထိခိုက်စရာ၊ နာကျင်စရာ ဖြစ်ခဲ့ရင် မေ့သခင် ကျေနပ်တဲ့အထိ တောင်းပန်ပါမယ်လို့ ကိုယ်ပြောပြီးပြီပဲ''

''ကျေနပ်ပါဗျာ''

''အပိုတွေပြောမနေပါနဲ့ ကျွန်မလက်ကိုသာ လွှတ်ပါ''

''မေ့သခင်…ဒါက ဘယ်လိုဖြစ်နေကြတာလဲဟင်''

''ဘွား''

''ဘွား''

နှစ်ယောက်စလုံးထံမှ တစ်ပြိုင်တည်း ထွက်ပေါ်လာသော အသံဖြစ်ပြီး ဒေါသဖြင့် ခက်ထန်နေသော ဘွားမျက်နှာကိုလည်း ပြိုင်တူလို လှမ်းကြည့်လိုက်ပြီးနောက် မေ့သခင် ဘာတစ်ခုမှ စဉ်းစားမနေတော့ဘဲ နေညိုလက်ထဲက သူမလက်ကလေးကို တအား ဆောင့်ရုန်းလိုက်ပြီး ဘွားရှိရာသို့ အပြေးလေး လျှောက်သွားလိုက်ပါသည်။

''ဘွား…သူ…သူ လူလိမ်လူညာ၊ သူ့ကို လုံးဝခွင့်မလွှတ်ပါနဲ့၊ မေ့ကိုရော ဘွားကိုပါ သူလိမ်နေတာ ညာနေတာ''

ပြောရင်း မေ့ပါးပြင်ပေါ် မျက်ရည်တွေ စီးကျလာသည့် အဖြစ်ကို မေ့လည်းမတတ်နိုင်။

''ကျွန်တော်ရှင်းပြပါရစေဦး ဘွား၊ နေညိုဆိုတာ ကျွန်တော်ပါ''





''ဘာကွယ့်''

''အလိုလေး''

ဘွားက အလန့်တကြား ဆိုလိုက်သလို ဒ ား နောက်ပါးမှာ ရောက်လာသည့် ဒေါ်ငြိမ်းခမျာလည်း ဒရိုင်ဘာ ကံ က င်းဆိုသူက သူဌေးသားနေညိုကိုယ်တိုင် ဖြစ်နေ၍ အံ့သြခြင်းနှင့် ေ ်တ်လန့်သွားရပါသည်။

''ဒီလိုပါခင်ဗျာ…ဒေါ်တင်တင့်သား နေညိုအစစ်က ကျွန်တော်ကိုယ်တိုင်ပါ၊ အဖြစ်မှန်တွေကို ရှင်းပြ ပြီးရင် ဘွားကို လိမ်ညာခဲ့မိတဲ့အပြစ်တွေအတွက် ဘွားကို ရှိခိုးတော င်းပန်ပါ့မယ်''

''အဖြစ်က ဒီလိုပါ''

''သူပြောတာတွေ ဘာတစ်ခုမှ နားမထောင်နဲ့ ဘွား၊ အားလုံး အလိမ်အညာတွေချည်းပဲနေမှာ''

မျက်ရည်စက်လက်နှင့်ပင် မေ့သခင်က သူ့စကားတွေကို ဘာတစ်ခုမှ မယုံကြည်ဖို့ အခံရခက်စွာ လှမ်းသ ိပေးလိုက်ခြင်း ဖြစ်ပါသည်။

''သူပြောချင်တာတွေ ပြောစမ်းပါစေဦးကွယ်၊ ပြီးမှ ဘွား သူ့ကို အရေးယူအပြစ်ပေးသင့်သလား၊ ခွင့်လွှ တ်သင့်သလား စဉ်းစားရမှာပေါ့ကွယ်''

''ဒီမယ်…မင်းဟာ တင်တင်သား အ စ်ပါနော်''

ပြောရင်း ဘွားက မေးလိုက်ခြင်းဖြစ်သ ည်။

''ဟုတ်ပါတယ် ဘွား၊ ကျွန်တော် နေညို အစစ်ပါ၊ မေမေ



www.burmeseclassic.com

www.burmeseclassic.com



သဘောတူထားတဲ့ သတို့သမီးကို တမင်စော်ကားချင်တဲ့စိတ်နဲ့ မဟုတ်ပါဘူး၊ ကျွန်တော်လက်ထပ်ရမယ့် ချစ်သူကို ကျွန်တော်ကိုယ်တိုင် မေတ္တာစစ်နဲ့ ချစ်မြတ်နိုးတဲ့သူအဖြစ် ရွေးချယ်ချင်လို့ပါ''

နေညိုက တစ်ခါထဲ သူ့ဘာကြောင့် အခုလို လူစားလဲမိနေပါသည်ဆိုခြင်းကို အကြောင်းပြချက်မဟုတ်ဘဲ သူ့ရင်ထဲ ခံစားရသည့် အတွေးစိတ်ကူးအဖြစ် လက်တွေ့ပုံဖော်မိပုံကို ရှင်းလင်းထုချေနေချိန်မှာ မဥ္စမ်းပုံအဖြစ် ဟန်ဆောင်ထားသော မေ့သခင်ကို မြင်မြင်ချင်း မေတ္တာသက်ဝင် ချစ်ခင်မြတ်နိုးမိပုံမှအစ မဥ္စမ်းပုံမှ မေ့သခင်ဖြစ်သွားရသည့်အတွက် အဘယ်မျှ ဝမ်းသာကျေနပ်ပျော်ရွှင်မိရပါသည်ဆိုတာအဆုံး ဘာတစ်ခုမှ မချွင်းမချန် ပြောပြနေပုံက ဘွားအနားမှာ အတူရှိနေသည့် ချစ်ရသူကိုပါ ရှင်းပြနေခြင်းပင် ဖြစ်ပါသည်။

''ကျွန်တော့်ကို ခွင့်လွှတ်ပါဘွား၊ ဘွားအပေါ်မှာ လိမ်ညာခဲ့မိတဲ့အတွက် ကျွန်တော့်အပြစ်ကို ရှိခိုးတောင်းပန်ပါတယ်''

''တစ်ကြိမ်တစ်ခါ မိုက်မဲမိတဲ့ ကျွန်တော့်အပြစ်တွေကို ဘွားကပဲ ခွင့်လွှတ်ပေးပါ''

''အင်း''

နေညို ရှိခိုးကန်တော့နေစဥ်မှာပင် ဘွားထံက ကျယ်လောင်သော သက်ပြင်းရှိုက်သံကြီး ထွက်ပေါ်လာသလို နေရာက လှစ်ခနဲ ပြေးထွက်သွားသည့် မေ့သခင်ကြောင့်လည်း ဘွားမှာ အခါက်တွေ့သွားရသပို နေညိုကိုယ်တိုင် မျက်နှာပျက်သွားရပါသည်။ သူ့အပြစ်





တွေကို တကယ်ပဲ မေ့သခင်က ခွင့်မလွှတ်နိုင်ခဲ့တော့ပြီလား။

''အိမ်း…အခုမှ ခက်ပြီကော မောင်နေညို''

''ဟုတ်တယ် မမရေ၊ ခက်သမှ သိပ်ကိုခက်ကုန်ပြီ''

''ညည်းက အရေးထဲ ဘာတွေဝင်ဂဲနေရတာတုန်း မငြိမ်းရယ်''

''မိသေး…မိသေး ကိစ္စလေ မမရဲ့၊ ကိုနေညိုအတူနဲ့ လိုက်သွားတာ အခုချိန်ထိ ပြန်မရောက်ကြသေးဘူး၊ အဲဒါ ဘယ့်နှယ် လုပ်ကြမတုန်း''

မြောက်တုန်းက မြောက်ပေးပြီး အခု အလန့်တကြား ထအော်မိသူက ဒေါ်ငြိမ်းပါ။ ကိုယ်က သူတစ်ပါးသားကို လိမ်ညာခွင့်ရတုန်းက ရယ်မောနေနိုင်ခဲ့ပေမယ့် ကိုယ့်ကိုပြန်ပြီး အလိမ်ခံရသည့်အခါမှာတော့ အခံရခက်လိုက်သည်မှာ ပြောစရာမရှိတော့သည့် အဖြစ်ပါ။

''အိုအေ…အဲဒီကိစ္စ အသာထားစမ်းပါ၊ အခုကိစ္စ ဘယ်လိုရှင်းကြမတုန်း''

''မေ့သဘောပေါ့ မမရဲ့၊ လူတစ်ယောက်လုံး မျက်စိရှေ့ထားပြီး လိမ်ညာနေမှတော့ ဘယ်သူက ခွင့်လွှတ်နိုင်မှာတုန်း''

မေ့သခင်ဘက်က စိတ်နာနာဖြင့် ပြောလိုက်သော ဒေါ်ငြိမ်းကဖြင့် သူတို့ကိုယ်တိုင်က အပြစ်ကင်းသလိုလို ဘာလိုလို ပုံစံနှင့် မခံမရပ်ဖြစ်နေတာပါ။

ဘွားကတော့ နေညို့မျက်နှာကိုကြည့်ပြီး ဘာသို့မတွေးပါ။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ကြာ လူငယ်ပီပီ အမှားကျူးလွန်မိကြသည်ပဲ ထားဦး။ ဘွားကိုယ်တိုင်သည်ပင်လျှင် မြေးမလေး၏စိတ်၊ မြေးမလေး၏သဘောအတိုင်း လိုက်ပြီး အသက်ကြီးမှာ ကိုယ်တိုင်ဝင်ပြီး လိမ်ညာဟန်ဆောင်ခဲ့ရသည်ဆိုတော့လည်း ငယ်ရွယ်သူတွေကို အပြစ်ဆို၍မဖြစ်။

ပြီးတော့ နေညိုကိုယ်တိုင်ကလည်း မေ့ကလေးကို ချစ်လှပါပြီ၊ မြတ်နိုးလှပါပြီဟု ဆိုကာ သူ့အမှားကို ဝန်ချတောင်းပန်အသနားခံနေသည်ဆိုတော့ ပိုလို့ပင် ခက်ပါသေးသည်။

သူ့အိမ်က ဒရိုင်ဘာကို နေညိုအဖြစ် ဟန်ဆောင်ထားဘုန်းက နေညိုအတုကိုကြည့်ပြီး ဘွားကိုယ်တိုင် စိတ်ကုန်ပြီး မြေးမလေးနှင့် သဘောမတူနိုင်အောင် ဖြစ်ခဲ့ရတာမို့ အခု ဘွားမျက်စိက နေညိုကိုတော့ မေ့သခင်နှင့် သဘောတူမိသားပင်။

"ကျွန်တော့်ကိုသာ ဘွား ခွင့်လွှတ်ပေးပါ ဘွားရယ်၊ ဘွားမြေးကျေနပ်အောင်၊ ခွင့်လွှတ်အောင် ကျွန်တော့်နည်း ကျွန်တော့်ဟန်နဲ့ ကြိုးစားပါ့မယ်"

"မောင်နေညိုကို ဘွား ခွင့်မလွှတ်နိုင်စရာ မရှိပါဘူးကွယ်၊ ခတွေးကြည့်ရင် ဘွားတို့ဘက်ကလည်း မှားခဲ့ကြတာပဲ"

"အဲဒါတွေ ပြောမနေပါနဲ့တော့ ဘွားရယ်၊ အရေးကြီးတာက ဘွားဆီက ကျွန်တော့်ကို ခွင့်လွှတ်ပြီဆိုရင် မေ့ဆီက မေတ္တာကိုရအောင် ကျွန်တော် ကြိုးစားခွင့်ပြုပေးပါဘွားရယ်"

"ဘွားရှေ့မှာပဲ ကျွန်တော် ဝန်ခံပါတယ်၊ ဘွားမြေးကိုမှ မရရင် သေရတော့မလို ဖြစ်နေရတာက ကျွန်တော်နေညိုပါ"





"မေ့ကို ကျွန်တော် သိပ်ချစ်တယ်ဘွား"

"အေးလေ...နှစ်ဦးနှစ်ဖက် ချစ်မြတ်နိုးကြရင် ပိုဝမ်းသာစရာကောင်းတာပေါ့၊ မောင်နေညိုကို ဘွား နှစ်သက်ပါတယ်"

"ဝမ်းသာလိုက်တာဘွားရယ်၊ ကျွန်တော် မေမေ့ဆီကို ဒီညပဲ ဖုန်းဆက်ပြီး မင်္ဂလာကိစ္စကို အမြန်ဆုံး စီစဉ်ခိုင်းလိုက်တော့မယ်နော် ဘွား"

ပျော်လွန်းလို့ ထခုန်ပစ်ချင်နေသည့် စိတ်ကို မနည်းချုပ်တည်းထားရသည့် နေညို့အဖြစ်ကို မည်သူမှသိကြမည်မဟုတ်ပါ။

ဘွားက ခွင့်လွှတ်သည်ဆိုတာနှင့် နေညို့ အကြံတစ်ဝက်အောင်မြင်ပြီလို့ ဆိုရမည့်အဖြစ်ပါ။ ဘွားကပါ သူ့ဘက်ပါလာပြီဆိုတော့ ဘာတစ်ခုမှ စိုးရိမ်စရာမရှိ။

"သိပ်လည်း ဆန္ဒမစောပါနဲ့ဦးလားကွယ်၊ မင်းတို့ချင်းအဆင်ပြေမှ မင်္ဂလာကိစ္စကို စီစဉ်တာကောင်းပါတယ်၊ မြေးလေးကို ဘာအတွက်နဲ့မှ စိတ်မဆင်းရဲစေချင်ဘူးကွယ်၊ ဘွားပြောတာနားလည်ရဲ့လား မောင်နေညို၊ သူ့ကို အချိန်နည်းနည်း ပေးလိုက်ပါဦး"

"ဟုတ်ကဲ့...ဘွား...ဘွားပြောတာကို ကျွန်တော် နားလည်ပါတယ်"

"အေးကွယ်...မင်းလိုပဲ မြေးလေးလည်း ဘွားကို နားလည်ပေးနိုင်ရင် ပိုပျော်စရာကောင်းမှာပါ"

ဘွားက သူ့အဓိပ္ပာယ်နှင့်သူ ဆိုလိုက်ခြင်းဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နေညိုအတွကြောင့် စိတ်ပျက်စိတ်ညစ်ရသော ဘွားကိုယ်တိုင် မေ့သခင် အိမ်ထောင်ရေးကို လွတ်လပ်ခွင့်ပြုပါကြောင်း ကိုယ်တိုင် ခွင့်ပြုစကားဆိုခဲ့ပြီးမှ ဒီကိစ္စကြီး ပေါ်ပေါက်လာတာဆိုတော့ နေညို နှင့်ကိစ္စကို ဘွား သဘောတစ်ခုတည်းနှင့် ဘာတစ်ခုမှ စီစဉ်လို့ မဖြစ်တော့ပါ။

ပြီးတော့ မေ့မှာ စစ်နဒီဆိုသည့် ကောင်လေးရှိတာ ဘွား သိထားသည်။ မေ့သခင်ကို လိမ်ညာထားသူတစ်ယောက်အပေါ်မှာ အလွယ်ဖြင့် ခွင့်မလွှတ်နိုင်သော မြေးလေးက မောင်နေညိုအချစ်ကို လက်ခံနိုင်ပါမည်လားဟု တွေးချင်စရာ။

"မမ"

"ဘာမှမပြောနဲ့ဦး မငြိမ်းရယ်၊ ငါတစ်ယောက်တည်း စဉ်းစားပါရစေဦး၊ မောင်နေညို လိုအပ်တာတွေအားလုံး လုပ်ပေး လိုက်၊ သွား…သွား"

"ကျွန်တော့်ကို ခွင့်ပြုပါဦး ဘွား"

ခေါင်းလေးပဲ ညိတ်ပြလိုက်သည်။

ကျောခိုင်းထွက်ခွာသွားသည့် နေညိုနောက်ကျောပြင်ကို ကြည့်ရင်း ဘွားက မေ့ဘက်မှ ဝင်တွေးပေးလိုက်မိတော့ နေညို လုပ်ပုံက လွန်တော့လည်း အလွန်သားပဲဟု တွေးလိုက်မိပြီး တစ်ပြိုင် နက်တည်းမှာပင် ကိုယ်ကလည်း လွန်မိသည့်အဖြစ်ကြောင့် ဟင်းခနဲ သက်ပြင်းကျိတ်ချလိုက်သည်။





## အခန်း (၁၃)

"မေ့သခင်…ဟိုမှာ လူတစ်ယောက် မေ့နောက်ကို ဟောက်လှောက်လိုက်နေတာ သတိထားမိလား"

"လှည့်မကြည့်နဲ့ စစ်နဒီ၊ အဲဒီလူက အလကားလူ"

"အလကားလူ ဟုတ်လား"

အံ့သြသလိုမေးလာသည့် စစ်နဒီစကားကို မေ့သခင် ဂရုမစိုက်သလို နေလိုက်သည်။ စိတ်ထဲကတော့ နေညိုဆိုသည့်လူ ကို အမုန်းကြိတ်ပြစ်ချင်နေပါသည်။

သူ့ကို မေ့သခင် ကြည့်မရအောင်မုန်းနေတာကို သိရက်နဲ့ မေ့နောက်ကို အရိပ်လို အတူလိုက်ပါဖို့ ကြိုးစားနေသည်မှာ ဘာသ ဘောနည်း။

မေ့ကို ဂရုမစိုက်ဘူးဆိုတဲ့ သဘောလား။ မေ့ဘာဖြစ်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သူက သူဖြစ်ချင်တာပဲ မဖြစ်ဖြစ်အောင် လုပ်နေတာကို မေ့ရင်မှာ ပိုပြီးအခံရခက် ဒေါသထွက်ရခြင်းပါ။

ဘွားက သူ့ကို ခွင့်လွှတ်လိုက်ကတည်းက နေညိုဆိုသည့် လူက သိပ်ပြီးရဲတင်းနေသည်။ မေ့သခင်ကို သူနှင့်လက်ထပ်ရမည့် သတို့သမီးလောင်းအဖြစ် သူ့ကိုယ်သူ စိတ်ချယုံကြည်နေပုံကိုက မြင်ပြင်းကပ်စရာ။

မေ့သခင်က နေညိုကို လုံးဝဂရုမစိုက်။ တစ်အိမ်ထဲ အတူလာနေတာကိုပင် ရှိသည်လို့သဘောမထား။ ဒါကိုသိရက်နှင့် မေ့ကို စိတ်အနှောင့်အယှက်ဖြစ်အောင် လာလုပ်နေသည်။ မေ့နားကို လည်း လာတာမဟုတ်။ မေ့ကိုလည်း အရောတဝင် စကားဆိုခြင်း မပြုဘဲ မေ့ရှိသည့်နေရာတွေမှာ သူရှိနေတာကို မေ့ဘက်က ဘယ်လို အရေးယူရမှန်းမသိဘဲ ဖြစ်နေသည်။

သူ့ကို အနိုင်ယူ အရွဲ့တိုက်ဖို့ဆိုတာ နည်းတစ်နည်းပဲရှိ သည်။ ထိုနည်းက တခြားမဟုတ် စစ်နဒီကို ချစ်သူရည်းစားအဖြစ် မေ့ဘက်က လက်ခံတွဲလိုက်လျှင် သင်းဘာများ တတ်နိုင်မည်နည်း။

ထိုအတွေးကို ကိုယ့်ဘာသာ သဘောကျသွားပြီး အနား မှာအတူရှိနေသည့် စစ်နဒီကို ဖျတ်ခနဲ မော့ကြည့်လိုက်သည်။

ဘွားကိုယ်တိုင်ကလည်း စစ်နဒီကို မေ့ချစ်သူရယ်လို့ ထင်မြင်သတ်မှတ်ထားသလို အိမ်ထောင်ရေးကိစ္စကို ဘာတစ်ခုမှ ဝင်မစွက်တော့ပါဘူးလို့ ဘွားကိုယ်တိုင်က မေ့ကို ကတိပေးထား သည်ပဲ။





"မေ့သခင်"

"ဟင်"

"အဲဒီလူနဲ့ မေ့သခင် တစ်ခုခုများ ပတ်သက်မှုရှိနေလား"

"ဟုတ်တယ်၊ သူ့ကို မေ့နဲ့ ဘွားက သဘောတူထား တယ်"

"ဟင်"

ဒီတစ်ခါ အံ့ဩသွားရသူက စစ်နဒီ။ လှပသော မေ့သခင် မျက်နှာလေးကိုကြည့်ပြီး သူ့ရင်ထဲမှာ ဝမ်းနည်းသွားမိသလိုလို။ နှမြောတသသွားမိသလိုလိုပါလား။

မေ့သခင်ကို သူဘာမှဖွင့်မပြောလိုက်ရသေးခင် မေ့သခင် မှာ အရင်ဦးသူရှိနှင့်နေခဲ့သည့် အဖြစ်ပါလား။

"မေ့ကရော အဲဒီလူကို"

"အဟင်း…ဟင်း…ဟင်း"

"စစ်နဒီက ဘယ်လိုထင်လို့လဲ"

"ဘွားကိုယ်တိုင်က သဘောတူထားတာဆိုတော့"

စစ်နဒီအသံက အားလျော့မှုတွေနဲ့ပါ။

"အဲဒါဘာဖြစ်လဲ…ဘွားက မေ့ကို သူနဲ့သဘောတူထား တယ်ဆိုပေမယ့် မေ့ရဲ့အိမ်ထောင်ရေးကို မေ့စိတ်ကြိုက် ဆုံးဖြတ် ခွင့်ပေးထားပြီးသားပါ စစ်နဒီ"

"အဲဒီလူကို မေ့ မုန်းတယ်"

ပြတ်သားစွာ မေ့ ဆိုလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်လည်း နေညိုဆိုသည့်လူကို မေသခင် မုန်းသည်။ တင်းမာခက်ထန်သော မေသခင်မျက်နှာလေးကို ကြည့်ပြီး ရင်မောစွာ ပင့်သက်ဖြာမိသူက စစ်နဒီပါ။

ဟိုလူကို မေသခင် မုန်းသည်တဲ့။

သူ့ကိုရော…။

''ကိုယ့်ကိုရော မေသခင်မုန်းမှာလား''

''မုန်းအောင်လုပ်ရင် မုန်းမှာပေါ့''

မေသခင်စကားကြောင့် သူပြုံးလိုက်သည်။ မထူးတော့သည့် အခြေအနေမို့ တစ်ခါတည်း ဖွင့်ပြောရန် ဆုံးဖြတ်လိုက်သည်။

''ကိုယ်လည်း ဟိုလူလိုဖြစ်နေပြီ''

''ဘာရယ်''

''ကိုယ်လည်း မေသခင်ကို ချစ်နေပြီလို့ ပြောတာပါဗျာ၊ ကိုယ့်ကိုရော မေသခင် မုန်းသွားပြီလား''

မေသခင် ရုတ်တရက် ဘာဖြေရမှန်းမသိ။ စစ်နဒီကိုတော့ မေသခင် မမုန်းပါ။ ချစ်သလားဆိုတော့လည်း မဟုတ်။

''ကိုယ့်အချစ်ကို မေသခင် လက်ခံစဉ်းစားပေးနိုင်မလားဟင်၊ မေ့ကို ဖွင့်ပြောလိုက်ရင် အခွင့်အရေးယူတယ်လို့ ထင်မှာစိုးလို့ အခုလို အကြောင်းတိုက်ဆိုင်မှ ဖွင့်ပြောဖြစ်တဲ့ ကိုယ့်ကို တစ်မျိုး မထင်ပါနဲ့ဗျာ''

''မေသခင်ကို ကိုယ်ချစ်နေမိတာ ကြာပါပြီ''

''မေသခင်ကို ကိုယ်ချစ်တယ်''





''မေ့ စဉ်းစားပါရစေဦး စစ်နဒီ''

''ကိုယ့်အတွက် ဝမ်းသာရမယ့် အဖြေ ဖြစ်ပါစေလို့ ကိုယ်ဆုတောင်းနေပါ့မယ် မေသခင်ရယ်''

စစ်နဒီ စကားအဆုံးမှာ ခေါင်းလေးငုံ့ငြိမ်နေပေမယ့် မေသခင် မျက်လုံးတွေက နေညိုဆိုသူရှိရာသို့ မသိမသာလေး အကြည့်ရောက်သွားပါသည်။ မေ့နှင့် စစ်နဒီကို စိတ်ဝင်စားစွာ အကဲခတ်နေသော မျက်လုံးများနှင့် ဆုံလိုက်ရတော့ မေသခင်ရင်မှာ ကျေနပ်ဝမ်းသာသွားသည်။

မှတ်ထား…ရှင်လိုလူတစ်ယောက်အတွက် မေ့နှလုံးသားမှာ နေရာလပ်မရှိဘူးသိလား။

မေသခင် စိတ်ထဲက ဆိုမြည်လိုက်သော စကားသံကို နေညို မကြားလိုက်ပါ။ လှပသော မေသခင်နှင့် သူမ၏အဖော် စစ်နဒီဆိုတာကိုသာ စူးစိုက်ကြည့်ရင်း ရင်ထဲမှာ မီးပွားတွေ တောက်လောင်နေပါသည်။

မြွေမြွေချင်း ခြေမြင်သည်ဟု ပြောရမည်လား။ စစ်နဒီဆိုသူ၏ အကြည့်အပြောတွေက မေသခင်အပေါ်မှာ ဘယ်လောက် ချစ်ခင်မြတ်နိုးနေသည်ဆိုတာ သေးကကြည့်တာနှင့်ပင် အားလုံးသိနေပြီးဆိုတော့ မေသခင်ကိုယ်တိုင် မသိဘဲနေမည်မဟုတ်ဟု တွေးမိသည်။

ပုံစံတွေကြည့်ရတာကတော့ ချစ်သူရည်းစားပုံစံမျိုးတော့ မဟုတ်သေး။ စစ်နဒီဆိုသည့်လူကလည်း နေညိုလို အခုမှ ကြိုးစား



www.burmeseclassic.com

www.burmeseclassic.com



တုန်းထင်သည်။ သူနောက်ကျကျန်နေလို့မဖြစ်။

မေသခင်အချစ်ကို သူအရင်ဦးဆုံး ရယူပိုင်ဆိုင်နိုင်အောင် ကြိုးစားရမည်။ ဒီလိုမှမဟုတ်လျှင်တော့ နေညိုတစ်ယောက် အချစ်ရေးမှာ ကျန်ရစ်မင်းသား ဖြစ်ရတော့မည်မှာ သေချာနေသည့်အတွက် ဟင်းခနဲ သက်ပြင်းကျိတ်ရှိုက်လိုက်သည်။

သူ့အပေါ်မှာ မေသခင် ပိုမုန်းသွားမှာစိုးရိမ်ပြီး အချိန်တကြည့်ကြည့်နှင့် ဆက်နေ၍ မဖြစ်တော့ဟု သိလိုက်ရသောအခါ မေသခင် အချစ်ကို အမြန်နှုန်းဖြင့် ရယူဖို့ စဉ်းစားမိသည်။

ထို့ကြောင့် အိမ်ကို အရင်ပြန်ရောက်သည်နှင့် အားလုံးအလစ်မှာ မေသခင်နှင့် နှစ်ယောက်ထဲတွေ့ဖို့ ကြိုးစားမိသည်။

"မေသခင်"

"ဟင်...ရှင် ဒါဘာလုပ်တာလဲ"

ရုတ်တရက် မေသခင် သွားမည့်လမ်းကို ရှေ့တည့်တည့်မှာ ပိတ်ရပ်လာသူကြောင့် စိတ်ဆိုးဒေါသဖြစ်စွာ ဆိုလိုက်ပေမယ့် နေညိုကတော့ မေသခင်နှင့် ဆန့်ကျင်ဘက် အနူးညံ့ဆုံး အမူအရာ အသိမ်မွေ့ဆုံး အပြုံးတွေနဲ့ ဒေါသဖြစ်နေသော မေသခင်မျက်နှာလှလှလေးကို ချစ်မြတ်နိုးစွာ စူးစိုက်ကြည့်နေပါသည်။

"ကိုယ့်ကို နည်းနည်းမှ ခွင့်မလွှတ်နိုင်တော့ဘူးလား မေသခင်ရယ်၊ ကိုယ့်ရင်ထဲမှာ ဘယ်လောက်ခံစားနေရတယ်ဆိုတာ မေသခင် စဉ်းစားမပေးတော့ဘူးလားဗျာ"

"စဉ်းစားပေးရမယ် ဟုတ်လား၊ ကျွန်မက ရှင့်ကို ဘာ





တွေများ စဉ်းစားပေးရဦးမှာလဲ"

"ကိုယ့်အချစ်တွေကိုပေါ့၊ မေသခင်ရ ကိုယ်သိပ်ချစ်တယ်"

"ဆောရီးပဲ...ကျွန်မမှာ ချစ်သူရှိတယ်၊ သူ့နာမည်က စစ်နဒီတဲ့၊ ကျွန်မကို နောက်ထပ်မနှောင့်ယှက်ပါနဲ့ ရှေ့ကဖယ်ပါ"

"မေသခင်"

"ကြည့်စမ်း...ဒီလောက်ပြောနေတဲ့ကြားက ကျွန်မရှေ့က မသွားသေးဘူးလား"

နေညိုက သူ့ကို အရေးမစိုက်သလို ပြောသွားစွာ ဆိုပြီး ကွင်းရှောင်သွားဖို့ ကြိုးစားနေသော မေသခင်ရှေ့မှာ ထပ်ပြီး ပိတ်ရပ်လိုက်တာမို့ မေသခင်၏ လှပသော မျက်နှာလေးမှာလည်း ချက်ချင်းလိုပင် တင်းမာခက်ထန်သွားရရှာပါသည်။

"ကိုယ်မသွားနိုင်သေးဘူး မေသခင်၊ စစ်နဒီဆိုတဲ့ မေသခင် ချစ်သူကိုလည်း ကိုယ်ဂရုမစိုက်ဘူး"

"မေ့ကို ကိုယ်ချစ်တယ်"

"သိပ်ချစ်နေတာ မေ့သိရဲ့လားဟင်"

"ချစ်တယ်"

"အိုး"

"ရှင်နော်...ဖယ်"

"လွှတ်စမ်းဆို"

"အို...အို"



www.burmeseclassic.com

www.burmeseclassic.com



အချစ်စိတ်လေးများ ပေါက်ကွဲရပြီမို့ မေ့သခင်ထံမှ အသံ လေးများကို မကြားမိတော့ဘဲ ချစ်ရသူ၏ ကိုယ်လေးကို ရင်ခွင်ထဲ ဆွဲပွေ့ကာ တင်းကျပ်စွာ ဖက်ထွေးရင်း ချစ်အနမ်းလေးတွေ ကြမ်းရမ်းစွာ ပွေ့နမ်းသီကုံးဖြစ်နေမိသူက နေညိုပါ။

မေ့သခင်ကို ချစ်မြတ်နိုးမိစိတ်၊ ချစ်သူကို စွန့်လွှတ်ဆုံးရှုံး ရမှာ ကြောက်သည့်စိတ်တွေနှင့် မကြုံစဖူး ထူးကဲသော ချစ်သူ အတွေ့မှာ မေတ္တာမိုးသည်းရွာပစ်လိုက်မိသလို မေ့သခင်မှာလည်း အချစ်လှုဆိုး၏ စိတ်ထင်တိုင်း ကဲသည်းနေသမျှ ဘာတစ်ခု လက်မတုံ့ပြန်နိုင်ဘဲ မိန့်မူးမတတ် ပြာဝေနေရရှာပါသည်။

မည်သည့်ယောကျ်ားလေးနှင့်မှ အရောတဝင် တရင်း တနှီး မနေဘူးရှာသော မေ့သခင်ကို စိတ်ရှိတိုင်း ကြမ်းရမ်းစွာ ပြုမူနေသူလက်ထဲမှာ ခေါင်းဏလေးမော့ ခါးလေးကော့နေရှာ ပြီး တင်းကျပ်လွန်းသော အရစ်အသိုင်းထဲမှာ အသက်ရှူမှားနေ ရှာပါသည်။

"မေ့ရေ"

"ဟဲ့…ပလုတ်တုတ်"

ဒေါ်ငြိမ်းမှာ မေ့အမည်လေးကို ခေါ်ရင်း လိုက်ကာခန်းဆီး ကို တွန်းအဖယ်မှာ သူမြင်တွေ့လိုက်ရသော မြင်ကွင်းလှလှလေး ကြောင့် လွှတ်ခနဲ အော်လိုက်မိသော သူ့ပါးစပ်ကို လက်ဖဝါးဖြင့် အမြန်ဖိအုပ်ကာ နေရာမှ လှစ်ခနဲနေအောင် ပုန်းကွယ်ရင်း ရင်ဖိထား နေမိပါသည်။





ဘုရား…ဘုရား။

သူ့ပဲ မျက်စိမှားရှေသလားဟု တွေးရင်း နောက်တစ်ကြိမ် အသာထပ်အချောင်းမှာ အချစ်စိတ်ရစ်ပတ်နေသူနှစ်ဦးက ပတ်ဝန်း ကျင်ကို မသိ။ သတိလည်းမရနှင့် အချစ်ဇောကပ်နေချိန်မှာပင်…

"ဟဲ့…မငြိမ်း ဒါဏာဘာလုပ်…"

"ရှူး"

"မမ…ဟိုမှာ ဟိုမှာ ကြည့်ပါဦး မမရဲ့"

"ဟဲ့…ဘာလဲ"

ဒေါ်ငြိမ်းခမျာ ဘွားကို မြင်လိုက်သည်နှင့် ဘာတစ်ခုမှ စဉ်းစားမနေတော့ဘဲ မေ့သခင်နှင့် နေညိုရှိရာကို အသာလှမ်းပြ လိုက်ရာ ဘွားမှာလည်း အံ့သြမယုံနိုင်သလို ဖြစ်နေပြီးမှ ချက်ချင်း လိုပင် ဘာကိုဘယ်လို အစီမွှာယ်ပေါက်သည်မသိ။

"မငြိမ်း…လာ…လာ သူတို့ဘာသာ နေပါစေ၊ တို့လူ ကြီးတွေ ဘာမှမသိသလို ဟန်ဆောင်နေ ကြားလား"

"ဟုတ်ကဲ့ပါ မမ"

ပါးစပ်ကတင် ပြောတာမဟုတ်။ လက်ကလည်း ဒေါ်ငြိမ်း လက်ကိုဆွဲပြီး သူနှင့်အတူ ခေါ်လာတာမို့ နေညိုနှင့် မေ့သခင်ကိစ္စ ကို ဘွားဘက်မှ ဘာတစ်ခုမှ မကန့်ကွက်လိုပါကြောင်း ဒေါ်ငြိမ်း လည်း နားလည်လိုက်ပါသည်။

"ချစ်နေမှကိုး မငြိမ်းရဲ့"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ညည်းနှယ်အေ...ပြောရတာ နားဝေးလိုက်ပါဘိ၊ သူတို့လူငယ်ချင်း အဆင်ပြေနေကြတာ ညည်း မမြင်ဘူးလားလို့"

"မြင်ပါတယ် မမ"

"အေး...သူတို့လူငယ်ချင်း ချေနှုပ်တယ်၊ ပြေလည်တယ်ဆိုရင် ပြီးတာပါပဲ၊ တို့က အစထဲက သဘောတူပြီးသားပဲ ဥစ္စာ၊ ဘာမှုနိုးကြောင်းနိုးဇာက် လုပ်နေစရာမလိုပါဘူးကွယ်"

"သြော်...မမကလည်း မေ့လေးက ရှက်ရှာလို့နေမှာပေါ့လို့"

"အင်း...ဒါပဲရှိမှာပေါ့၊ သူတို့ကိုယ်တိုင် ဖွင့်ပြောလာတဲ့အထိ စောင့်နေ၊ လူကြီးတွေသိနေတဲ့အကြောင်း ညည်းပါးစပ်က ဘာတစ်ခုမှ သွားပြောမနေနဲ့ သိလား"

"စိတ်ချပါ မမရဲ့၊ ဒီလောက်တော့ ကျွန်မသိပါတယ်"

"သွား...သွား ကိုယ့်အလုပ်ကိုယ်လုပ်ချည်"

"ဟုတ်ကဲ့ မမ"

ဘွားအခန်းက ဒေါ်ငြိမ်း ထွက်သွားချိန်မှာ မေ့သခင်သည်လည်း ဖွတ်တရွတ်လှုကြမ်းသမား နေညို့ပါးပြင်ကို တအားလွဲရိုက်ရင်း ကိုယ်လေးသိမ့်သိမ့်တုန် ရှိက်ငိုလိုက်မိသည်။

"မုန်းတယ်...မုန်းတယ်"

"ရှင့်ကိုသိပ်မုန်းတယ်"

အော်ဟစ်ငိုယိုလိုက်ရင်း ထွက်ပြေးသွားသူ၏ နောက်ကျောပြင်လေးကို ကြည့်ငေးရင်း သူ့ပါးပြင်က ဒဏ်ရာထက် ရင်ထဲ





က ဒဏ်ရာက ပိုပြီးပြင်းထန်နာကျင်နေရဖါသူ[illegible] နေညိုပါ။

သူမှားသွားပြီဟု သိသော်လည်း ထိုအ[illegible]ကို နောင်တမရမိပါ။ မေ့သခင် သူ့ကိုမုန်းမှ သူက မေ့သ[illegible]ကို ပို၍ပင် ချစ်မြတ်နိုးမိပါသည်။

မေ့ရယ်...။

မင်းလေးကို မောင်ချစ်တယ်။

[illegible]



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

"မိသေး"

"ကိုစံ"

"ချစ်တယ်နော်"

"အခုထိမသိသေးဘူးလား ကိုစံရယ်"

အမှောင်ရိပ်ထဲမှာ ချစ်သူနှစ်ဦး၏ ကြည်နူးဆွတ်ပျံ့ခြင်းများစွာ လှိုက်မောရင်ခုန်ဖွယ် ချစ်အနမ်းများစွာကြားမှ ထွက်ပေါ်လာသော အသံဖြစ်ပါသည်။

နေညိုအဖြစ် သရုပ်ဆောင်ခဲ့ရသော ဒရိုင်ဘာစံသိန်းနှင့် မေ့သခင်အဖြစ် ဟန်ဆောင်ခဲ့သော မိသေးတို့နှစ်ဦး မချစ်ဖူးသည့် အချစ်ထူးတွေနှင့် အရှုးအမူး ချစ်နေကြသူများအဖြစ်သို့ ပြောင်းလွဲသွားခဲ့ကြပါပြီ။





အဖြစ်မှန်တွေ ပေါ်ပေါက်သွားပြီမို့ ဘယ်သူမှ ဟန်ဆောင်နေကြရန် အကြောင်းမရှိ။ ဘဝတူချင်း ခစ်ကြသည့်အတွက် ဘာပြဿနာမှ မရှိဟု ထင်ထားသော်လည်း မေ့သခင်က မိသေးကို တင်းကျပ်စွာ အမိန့်ပေးပြီး နေညိုဒရိုင်ဘာ စံသိန်းဆိုသူနှင့် လုံးဝမဆက်ဆံရဟု တားမြစ်ထားရာ ချစ်ရသူနှစ်ဦးမှာ အိမ်မြောင်အမြီးပြတ်သလို နေမထိ၊ ထိုင်မသာ ဖြစ်နေရာ တွေ့ကြရခိုက်မှာ အတိုးချအချစ်တွေနှင့် ချစ်မဝနိုင်ဖြစ်နေကြသည်။

"မိသေးတို့ ဘယ်လိုလုပ်ကြမလဲဟင်၊ မမမေ့က မိသေးကို ကိုစံနဲ့ လုံးဝသဘောတူမှာမဟုတ်ဘူး"

"အဲဒီအတွက် စိတ်မညစ်ပါနဲ့ အချစ်ရယ်၊ မိသေးဘက်မှာ ကိုစံတစ်ယောက်လုံး ရှိပါတယ်ဗျာ၊ သဘောမတူရင် ခိုးပြေးမှာပေါ့"

"တကယ်"

"ဆယ်ကယ်…ဆယ်ကယ်"

"တော်ပါသေးရဲ့ ကိုစံရယ်၊ မမမေ့ကပြောတော့ ကိုစံက မိသေးကို တကယ်ချစ်တာမဟုတ်ဘူး၊ ကြောရရုံကြံတာတဲ့"

မေ့သခင်က မိသေးကြောက်အောင် တမင်ခြိမ်းခြောက်ပြောထားသည့်စကားကို ချစ်သူအား မိသေးက ပြန်ပြောနေခြင်းဖြစ်သည်။

"ကြံကြံဖန်ဖန်ဗျာ…ကိုစံဘဝမှာတော့ ဒီက မိသေးတစ်ယောက်တည်းကိုပဲ ချစ်ဖူးသေးတာပါဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"အေးပေါ့လေ…မမမေ့ကမှ အစ်ကိုလေး နေညိုနဲ့ အဆင်မပြေဘဲ၊ ကိုစံကိုလည်း ရောပြီးမုန်းနေမှာပေါ့၊ ကိုစံအစ်ကို လေးကလည်း ကောင်းတာမဟုတ်ဘူး၊ မမမေ့ကို လိမ်တာကောင်း သလား"

"မီသေးမမကလည်း အစ်ကိုလေးကို ညာတာပဲလေ"

"အို…တူမလားလို့၊ ဟိုက မိန်းကလေး ကိုစံအစ်ကို လေးက ယောကျ်ားလေး၊ နစ်နာစရာရှိရင် မမလေးပဲ နာရမှာပေါ့"

"ကဲ…တော်ပြီ၊ တော်ပြီ၊ သူများကိစ္စ ဝင်မပါနဲ့၊ ကိုယ့် ကိစ္စပဲ ကိုယ်ပြောမယ်"

"ဘာလဲ"

"မီသေးကိုချစ်တယ်"

"သွား"

ရယ်သံလေးတွေ ခိုးခိုးခစ်ခစ် ညအမှောင်ထဲမှာ ထွက် ပြေးသွားသည်။ အဆင်ပြေနေကြသော ချစ်သူနှစ်ဦးကို တိတ်တခိုး ငေးကြည့်ရင်း တစ်ချက်ပြုံးလိုက်မိသူက နေညို။

တပည့်ကျော်က အချစ်ရေးမှာ အဆင်ပြေနေသလောက် ဆရာဖြစ်သူမှာ ချစ်သူ၏အချစ်ကို မရဘဲ အမုန်းဆုကိုရနေသည့် အဖြစ်က ရယ်စရာ။ သူ့အပေါ်ထားသော မေ့သခင်သဘောထား ကို ဘယ်လိုပြောင်းလဲပြစ်ရမှန်းမသိ။

မေ့က နေညိုကို လိမ်ညာသူတစ်ယောက်အဖြစ် ခံပြင်း မုန်းတီးနေသည်။ မေ့ကိုယ်တိုင် သူ့ကို လိမ်ညာခဲ့တာကိုကြတော့





နေညိုက မမုန်းရတော့ဘူးတဲ့လား။

မောင့်ရဲ့ မေ့လေးရယ်။

ကျေးဇူးပြုပြီး မောင့်ကိုမမုန်းပါနဲ့ဗျာ၊ ချစ်သည့်စိတ်ဖြင့် မေ့အပေါ်မှာ သူ ရင်ဖွင့်ပေါက်ကွဲခဲ့သည့် အဖြစ်မှာ မေ့အပြစ်တွေ အများကြီး ပါဝင်နေသည်ဟု နေညို စွပ်စွဲချင်ပါသည်။

မေ့ကို နေညို သိပ်ချစ်နေမှန်း သိရက်နှင့် မေ့က သူ့ အသည်းကိုခွဲဖို့ ရက်စက်စွာ ကြံစည်နေသည့်အဖြစ်ကို သူ ဘယ်လို မှ သည်းမခံနိုင်။

သူ့မနားမှာ စစ်နဒီဆိုသည့် လူတစ်ယောက်ကို ခေါ်ထား ပြီး နေညိုကို တမင်အရွဲ့တိုက်နေတာ နေညို မသိဘူးလို့များ ထင်နေသည်လား မပြောတတ်ပါ။

မတတ်သာလို့ လက်ပိုက်ကြည့်နေရပေမယ့် နေညိုရင်ထဲ မှာ မေ့ အခုလို အရွဲ့တိုက်နေတာလေးတွေကို အသည်းယားစိတ်နှင့် နောက်ဆုံး ပေါက်ကွဲမိတော့ မေ့က နေညိုကို ပိုမုန်းသည်။

မေ့၏အမုန်းက နေညို၏ အင်အားပြင်းသော အချစ်စိတ် ကို မကျော်လွှားနိုင်။ အနိုင်ယူချင်လို့လည်း မရ။ နေညိုဆိုတာက ကိစ္စတစ်ခုကို အလွယ်နှင့် လက်လျှော့အရှုံးပေးတတ်သူမျိုး မဟုတ်။

ဘဝတစ်ခုလုံးနှင့်သက်ဆိုင်သော အချစ်ရေးမှာတော့ ပိုဆိုး သည်။ မေ့ကို သူချစ်သည်။ သူမြတ်နိုးသော ချစ်သူကိုသာ ရယူ ပိုင်ဆိုင်ချင်သည်။ လူကြီးမိဘတွေကလည်း နေညိုနှင့် မေ့သခင်ကို ကြည်ဖြူနှစ်လိုစွာ သဘောတူထားပြီးသား ဖြစ်ပေမယ့် နေညိုက



www.burmeseclassic.com

www.burmeseclassic.com



သာ ရွှောဇာတ်တော်ရှုပြီး စိတ်ကူးတည့်ရာ လုပ်ခဲ့မိသမျှ ဒဏ်ကို အခု ရင်နာနေအောင် ပြန်ခံနေရသည့်အဖြစ်ပါ။

တစ်ညလုံး မေ့အကြောင်းတွေ လျှောက်တွေးရင်း မိုးလင်းခါနီးမှ မေးခနဲ အိပ်ပျော်သွားသည်။ မနက်လင်းတော့ နေမြင့်နေပြီ။ စားပွဲပေါ်က နာရီကို တစ်ချက်ကြည့်ပြီး ရေချိုးခန်းထဲ ပြေးဝင်ကာ အပြေးအလွှား ရေချိုး တစ်ကိုယ်ရေသန့်ရှင်းပြီး မေ့သွားရာနောက်ကို လိုက်ဖို့အသင့် ပြင်ဆင်လိုက်သည်။

"မောင်နေညို ... ဟောဒီမှာ မင်းမေမေဆီက ဖုန်းလာတယ်ကွဲ့"

"ဟုတ်ကဲ့ ... လာပါပြီဗျား"

နေညို ဖုန်းနားကို ရောက်သွားရင်း မျက်ဝန်းအကြည့်တွေက အပြင်သွားမည့်ပုံစံဖြင့် လှပစွာပြင်ဆင်ထားသည့် မေ့ရှိရာ ဖျတ်ခနဲ ရောက်သွားသည်။

ပန်းနုရောင်ဝတ်စုံနှင့် လှပသော မေ့အသားဖွေးဖွေးလေးတွေက ရေမွှေးလျက် ပန်းလေးတစ်ပွင့်လို နုနုအိအိလေးဖြစ်ကာ လှချင်တိုင်း လှနေသည်။ နီရဲပြည့်တင်းနေသော နှုတ်ခမ်းဖူးဖူးလေးနှင့် ပါးမို့မို့လေးသို့ အကြည့်ရောက်သွားသောအခါ နေညို ရင်တစ်ခုလုံး သိမ့်ခနဲ ဖိုနွေးလှုပ်ခတ်သွားသည်။

"ဟဲလို ... မေမေလား၊ သားပါ၊ မေမေနေကောင်းတယ်နော်"

"ကောင်းပါတယ်ကွယ်၊ သားတို့ကိစ္စ အဆင်ပြေတယ်





မဟုတ်လား"

"ဗျာ ... ဟုတ်ကဲ့ ... ဟုတ်ကဲ့"

မေမေက သူတို့ကိစ္စ အဆင်ပြေသည်ဟု ထင်နေသည်။ နေညိုအပေါ်မှာ မေမေ့အနေနှင့် ယုံကြည်စိတ်ချနေသည်မှာ အပြစ်တော့မဆိုသာ။ နေညိုသာ မေ့သခင်ကို ဘာတစ်ခုမှ ဟန့်ဆောင်လိမ်ညာခြင်း မပြုခဲ့လျှင် မေ့သခင်အနေဖြင့် နေညိုအပေါ်မှာ အခုလို အထင်မြင်လွဲ ခါးသီးမုန်းတီးစရာလည်း အကြောင်းမရှိ။

အခုတော့ နေညိုကြောင့် သူနှင့် မေ့သခင်ကြားမှာ မျှော်လင့်မထားသော ပြဿနာနှင့် ပြောင်းလဲမှုတွေ ဖြစ်ခဲ့ရတာကို မေမေသိအောင် ရင်ဖွင့်ပြောပြချင်ပေမယ့် အားငယ်ရွံ့ရှက်မှာမို့ သူ့စိတ်ကို ချုပ်တည်းထားလိုက်ရသည်။

"တခြား ထွေထွေထူးထူး မဟုတ်ပါဘူးကွယ်၊ မေမေ ဒီတစ်ရက်နှစ်ရက်အတွင်း သားဆီကိုရောက်မယ်၊ အဲဒါ အိမ်မှာ သားလိုချင်တာရှိရင် ယူလာနိုင်အောင်လို့ပါ"

"ကျွန်တော် ဘာမှမလိုချင်ပါဘူး မေမေ၊ မေမေလာရင် ကြိုဖုန်းဆက်ပါ၊ ကျွန်တော်လာကြိုမယ်"

"ကောင်းပြီ ... ကောင်းပြီ၊ ဒါဆို မေမေ ဖုန်းချလိုက်တော့မယ် ဟုတ်လား၊ သားတို့ မင်္ဂလာကိစ္စကိုတော့ ဘွားနဲ့ တိုင်ပင်ပြီး ကြည့်စီစဉ်ရမှာပဲ"

"မေမေ"

နေညို လှမ်းခေါ်လိုက်သော်လည်း အချိန်မမီတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



မေမေ့ဘက်က ဖုန်းချသွားပြီမို့ နေညိုလည်း သူ့လက်ထဲက ဖုန်းခွက်လေးကို ပြန်ချထားလိုက်ရသည်။ စိတ်မှာတော့ မိခင်ဖြစ်သူကို သူနှင့် မေ့သခင်တို့ ဖြစ်ပျက်ပုံအလုံးစုံကို အားပါးတရ ရင်ဖွင့်ပြောပြချင်နေမိသည်။ နေညိုကို ကယ်တင်နိုင်မည့်သူက အခုချိန်မှာ မေမေနှင့် ဘွားပဲရှိသည်။ မေ့မေရောက်လာမှပဲ နေညိုရင်ထဲက အကြောင်းတွေ မေမေ့ကိုပြောပြရတော့မည်။

"မောင်နေညို"

"ခင်ဗျာ…ဘွား"

"ဒီနေ့ တခြားသွားစရာကိစ္စမရှိရင် ဒရိုင်ဘာမလာလို့ မေ့လေးကို သူသွားချင်တဲ့နေရာ လိုက်ပို့ပေးလိုက်ပါကွယ်၊ ဖြစ်တယ်မဟုတ်လား"

"ဖြစ်ရပါတယ် ဘွား၊ ဖြစ်ပါတယ်"

လုံးဝထင်မှတ်မထားသော ဘွားစကားကြောင့် နေညိုသတိပျော်သွားချိန်မှာ သူနှင့်ဆန့်ကျင်ဘက် မေ့မျက်နှာလေးက ညိုသွားပါသည်။

"ဦးစိန်မလာရင် ကိုယ့်ဘာသာပဲ ကားငှားသွားလိုက်တော့မယ် ဘွား"

"အိုကွယ်…မဟုတ်တာ၊ ဒီမှာ မောင်နေညိုတစ်ယောက်လုံး ရှိနေပြီပဲ၊ မေ့ကို သူလိုက်ပို့လိမ့်မပေါ့"

"မေ့တစ်ယောက်တည်း မသွားချင်ဘူးဆိုရင် ဘွားနဲ့မငြိမ်း အဖော်လိုက်ပေးမယ်"





အရေးထဲ ဘွားကလည်း တစ်မျိုးပါလား။ မေ့သခင်သွားရာနောက်ကို တကောက်ကောက် လျှောက်လိုက်ချင်နေသူပီပီမေ့က သူ့ဆန္ဒကို တင်ပြသလို ဘွားကလည်း သူ့ဆန္ဒကို တင်ပြနေပြန်သည်။ ဒီတော့ မေ့ကလည်း နေညိုဆိုသည်နှင့် အတူမသွားချင်ကြောင်း ဘွားကို ပြောချင်မိသည်။

သို့သော် တကယ်လက်တွေ့မှာတော့ မေ့နှုတ်က ထုတ်ဖော်မပြောရဲ။ တော်ကြာ ဘွားက ဘာဖြစ်လို့ မသွားချင်တာလည်းမေးလျှင် မေ့ပဲ အဖြေရခက်ဦးမည်။

"ကျွန်တော် လိုက်ပို့ပေးပါ့မယ် မေ့သခင်၊ မေ့သွားချင်တဲ့နေရာကိုသာ ပြောပါ"

"ကဲ…ကဲ လိုက်ပို့တဲ့လူက ပို့နေပြီ၊ မေ့လည်း ဘွားစိတ်ချမ်းသာအောင် မောင်နေညိုနဲ့ သွားလိုက်တော့ ဟုတ်လား"

"တူ…တူ"

ပြောနေတုန်း ဖုန်းသံမြည်လာသဖြင့် မေနားထောင်လိုက်တော့ မေ့သူငယ်ချင်း အတူးဖြစ်နေသည်။

"မေ့ မလာသေးဘူးလား၊ ဒီမှာ အားလုံးရောက်နေပြီ"

"အေး…လာပြီ…လာပြီ အခုပဲ ထွက်ခဲ့ပြီ"

"ဘယ်သူလဲ မေ့"

"မေ့သူငယ်ချင်းပါ ဘွား။ မေ့သွားတော့မယ်"

"အေး…အေး ကားကို ဖြည်းဖြည်းမောင်းနော် မောင်နေညို"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ ဘွား"

မေ့သခင်မျက်နှာလေး ညှိုနေသလောက် နေညို ရင်ထဲမှာ ပျော်လွန်းလို့ ထခုန်ချင်နေမိသည်။ ဆောင့်ဆောင့်အောင့်အောင့် ပုံစံလေးနှင့် နေညိုမောင်းသည့် ကားလေးထဲ မေ့သခင် ပါလာသည်။

ဘွားက နေညိုဆိုသည့်လူ သူ့မြေးအပေါ်မှာ လူပါးဝ စော်ကားပြုခဲ့တာကို မသိဘဲ မျက်နှာချင်းမဆိုင်ချင်သူကို မေ့နှင့် အတူ ထည့်လိုက်သည်။

ဒီနေ့မှ ဦးစိန်ကလည်း မလာ။ မေ့မှာက ဘွားမသိစေချင်သည့် ကိစ္စလေးတွေ ရှိနေ၍ တိတ်တခိုး လုပ်ကာမှ နေညိုဆိုသည့် လူကြောင့် မေ့သခင် လုပ်သမျှ ဘွားသိရတော့မည်ထင်သည်။

ဘွားမသိအောင် သာခုကန်ကို သူငယ်ချင်းတွေစုပြီး ပျော်ပွဲစား ထွက်ကြမည့်အရေးမှာ နေညိုဆိုသည့် လူက ဦးစိန်ကိုယ်စား ကန့်လန့်ပါလာသည်။ သူနှင့်အတူ မသွားချင်ပေမယ့် အတူးက ဖုန်းဆက်လာတော့ အစီအစဉ်ကို ဖျက်မရသည့်အတူ မေ့လည်း မတွေ့ချင်မမြင်ချင်သူနှင့်အတူ ခရီးတစ်ခုအတူသွားဖို့ ဖြစ်လာသည်။

နေညိုကိုပဲ ဒီကိစ္စ ဘွားကို ပြန်မပြောဖို့ နှုတ်ပိတ်ရဦးတော့ မှာပဲဟု မေ့သခင် စိတ်ညစ်နေချိန်မှာ နေညိုကလည်း သူနှင့်မေ့သခင်တို့ ဖြစ်ပျက်ခဲ့သမျှကို ပြေလည်အောင် တောင်းပန်ရမှန်း မသိဘဲ ဖြစ်နေသည်။

"မေ့သခင်"





သူ့အပါးမှာ ငြိမ်သက်တိတ်ဆိတ်စွာ ပါလာသော မေ့ အမည်လေးကို မြတ်နိုးခြင်းများစွာဖြင့် တိုးတိတ်ညင်သာစွာ ခေါ် လိုက်ခြင်းဖြစ်သော်လည်း မေ့သခင်ကဖြင့် သူ့မအမည်ကို ခေါ်နေ တာသိလျက်နှင့် မကြားသလိုလုပ်ကာ ထူးလည်းမထူးသလို လှည့် လည်းမကြည့်ပါ။

တည်တင်းလှပသော မျက်နှာလေးနှင့် ရှေ့ကိုသာ ခပ်တည်တည်လေး စူးစိုက်ကြည့်ရင်း လိုက်ပါလာရာ နေညိုရင်ထဲ မှာ ချစ်ရသူလုပ်နေပုံလေးကို ပို၍တိုး၍ ချစ်မဝနိုင် ဖြစ်နေပါသည်။

"မေ့သခင်ကို ဟိုတစ်နေ့ကကိစ္စအတွက် ကိုယ်ဘယ်လို တောင်းပန်ရမှန်း မသိဘူးဗျာ၊ ကိုယ့်ကို ခွင့်လွှတ်ပါ၊ မေ့ကိုချစ်တဲ့ စိတ်နဲ့ ဘယ်လိုမှ မထိန်းနိုင်ဘဲ…"

"အို…တော်ပါတော့ ရှင့်ကို ဒီအကြောင်းတွေ ဘယ်သူက ပြန်ပြောခိုင်းနေလို့လဲ"

လှပသော မျက်နှာလေး ရှက်စိတ်ဖြင့် အနီရောင်ကူး ပြောင်းသွားလျှင် မေ့မျက်နှာလှလှလေးကိုကြည့်ရင်း နေညိုရင်ထဲ မှာ ပူနွေးလှုပ်ခုန်သွားသည်။

နေညို့ရင်ထဲမှာ ဘယ်လိုမှ မေ့ပျောက်လို့ မရနိုင်သော မ်နွေးထွေးမှုမှာ အခုချိန်ထိ ပျက်ပြယ်မသွားသေးပါ။ မေ့သခင် ကိုယ်တိုင်လည်း သူခံစားသလို မခံစားရဘူးလားဆိုတာ နေညိုစိတ် မှာ ပြင်းထန်စွာ သိချင်မိသည်။

တစ်ပြိုင်နက်တည်းမှာပင် စစ်နဒီဆိုသူကို ဖျတ်ခနဲ သတိ



www.burmeseclassic.com

www.burmeseclassic.com



ရလိုက်ကာ နေညို့မျက်နှာ တည်သွားသည်။

''မေ့အတွက်တော့ ဘယ်လိုရှိမယ် ကိုယ်မသိဘူး၊ ကိုယ့်ရင်ထဲမှာတော့ အဲဒီနေ့လေးကို ဘယ်တော့မှ မေ့လို့ရနိုင်တော့မှာ မဟုတ်ဘူး''

မေသခင် မကြိုက်မှန်းသိသိနှင့်ပင် သူ့ရင်ထဲက ခံစားချက်ကို ဖွင့်ဟတိုးပြီး နေညို ဆိုလိုက်တော့ လှပနီဖွေးသော မျက်နှာလေးနှင့် မေသခင်က သူ့ဘက်ကို ဖျတ်ခနဲ လှည့်ကြည့်လာသည်။

''ရှင်...ရှင် မေ့ကို ဒီစကားတွေ ပြောနေဦးမယ်ဆိုရင် အခုပဲ ဒီကားပေါ်က ဆင်းပါ''

''ကိုယ်ဆင်းသွားတော့ မေတစ်ယောက်တည်း ဒီကားကြီးနဲ့ ဘယ်လိုလုပ်မှာလဲ''

''အို...ဘယ်လိုလုပ်လုပ် ရှင့်အပူမပါဘူး၊ မေ့ မမြင်ချင်တဲ့မျက်နှာကို မမြင်ရရင်ပြီးတာပဲ''

''မမြင်ချင်တဲ့မျက်နှာ ဟုတ်လား''

''အဟွန်း...ဟွန်း...ဟွန်း''

ရင်နာသံဖြင့်ဆိုရင်း နေညို တစ်ချက်ရယ်လိုက်သည်။ မေသခင် ပုံစံလေးက သူ့အပေါ်မှာ ခါးခါးသီးသီးဖြစ်နေတာကို နေညို နှလုံးသားက မခံနိုင်တော့ပါ။ ဒါကို သူမကတော့ သိမှာ မဟုတ်။

''အေးပေါ့လေ...မေသခင် မြင်ချင်တွေ့ချင်တဲ့လူ မေသခင် အနားမှာ ရှိနေပြီပဲ''





စစ်နဒီကို ရည်ညွှန်းပြီး ဆိုလိုက်ခြင်းဖြစ်ကြောင်း မေ့ကလည်း ကောင်းစွာသဘောပေါက်ပါသည်။

''ဟုတ်တယ်ရှင့်...ဟုတ်တယ်၊ စစ်နဒီကိုပဲ မေချစ်တယ်၊ သူနဲ့ပဲ လက်ထပ်မယ်၊ အခုလည်း သူနဲ့ သာဓုကန်ကို သွားမှာ ဒီကိစ္စကို ဘွားမသိအောင် ရှင့်ပါးစပ်ကို ပိတ်ထားပါ''

နေညိုကို မုန်းမုန်းနှင့် မေသခင် တမင်ရွဲ့ပြောပြစ်လိုက်သည်။ တကယ်တော့ မေသခင်တို့ အခုသွားကြမည့်ခရီးမှာ စစ်နဒီ မပါပါ။ မေသခင်စကားကို အဟုတ်ထင်ပြီး သိသာစွာ မျက်နှာ ပျက်သွားသော နေညိုကိုကြည့်ပြီး မေ့ရင်မှာ ကျိတ်ပျော်သွား သည်။

မေသခင်ကို သိပ်ချစ်ပါတယ်ဆိုသည့်လူ။ အခု ဘာတတ်နိုင်သေးသနည်း။ သူ့ကြောင့် မေသခင် စိတ်ဆိုးဒေါသဖြစ် ခံပြင်းနာကျင်ရသလို သူလည်း မေ့လို ပြန်ခံစားရတာကို မြင်ရတော့ မေလည်း ကျေနပ်သည်။

''အဲဒီလူနဲ့ အတူသွားမှာဆိုရင်တော့ ကိုယ်ဘယ်လိုမှ နှုတ်ပိတ်နေမှာ မဟုတ်ဘူး မေသခင်၊ ဘွားက ကိုယ့်ကို ယုံကြည်လို့ မေသခင်နဲ့အတူ ထည့်လိုက်တာ၊ အမှန်ကို အမှန်အတိုင်း ပြောရမှာပဲ''

''သတ္တိရှိရင် ပြောကြည့်လေ၊ ရှင်သာ ဘွားကို ပြန်ပြောလို့ကတော့ ရှင့်ကို ဒီဘဝမပြောနဲ့ နောင်ဘဝတောင် ခွင့်မလွှတ်ဘူး သိလား''

''အခုရော...မေ့က ကိုယ့်ကို ခွင့်လွှတ်နေလို့လား''



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကတော့ ရှင့်အပြစ်နဲ့ရှင်ပဲ"

မေ့သခင်စကားကြောင့် နေညို နှုတ်ဆိတ်သွားသည်။ အကောင်းငြိမ်သက်ခြင်းကမဟုတ်။ စစ်နဒီဆိုသည့်လူကြောင့် သူချစ်သော၊ မြတ်နိုးသော မေ့သခင်ဆိုသည့် မိန်းမလှလေးကို စွန့်လွှတ်ဆုံးရှုံးရမည့်အရေးကို တွေးရင်း မေ့နှင့် ဘယ်လို အပြန်ဆုံးနိုးရမှ ဟု ကြံစည်နေခြင်းဖြစ်သည်။

"တူ…တူ…တူ"

မေ့သခင် ဖုန်းလေးသံ အသံမြည်လာခြင်းဖြစ်သည်။

"ဟဲလို"

"မေ့…ကျွန်တော်ပါ"

"စစ်နဒီလား…ပြောလေ"

"ကျွန်တော် မေ့နဲ့ စကားပြောချင်လို့"

"အခုလည်း ပြောနေတာပဲလေ"

"အဲဒီလို မဟုတ်ဘူးလေ၊ မေ့နဲ့ နှစ်ယောက်ထဲ"

"ဪ…အဲဒါကတော့"

"အဟင်း…ဟင်း…ဟင်း"

မလိုအပ်ဘဲနှင့် မေ့သခင် လှပချိုသာစွာ ရယ်မောပစ်လိုက်သည်။ အနားမှာ နေညိုက တစ်ချိန်လုံး မေ့သခင်ကို အကဲခတ်နေ မှန်းသိလို့ တမင် သူ့အသည်းယားအောင် ကလိနေခြင်းပါ။ ထို့အတွက် သူမအပေါ် ကျရောက်လာမည့် မနာလိုစိတ်နှင့် သတိကြောင်စိတ်ကိုကား မတွေးမိ။





"နောက်မှ မေ့ ဖုန်းဆက်လိုက်မယ်နော်၊ အခု ကားပေါ်မှာမို့ပါ"

"ဒါပဲနော်"

မေ့သခင်ကပဲ စပြီး ဖုန်းချပစ်လိုက်သည်။ စစ်နဒီကိုလည်း မေ့ တကယ်ချစ်နိုင်တာမဟုတ်။ တော်ကြာ မျှော်လင့်ချက်တွေ ပေးနေသည်ဟု ထင်မှာစိုးသည်။ ပြီးတော့ နေညိုဆိုသည့်လူကို ဒီလောက်ရွဲ့ရလျှင် တော်ပြီ။

ကားမောင်းနေသည့် နေညိုဘက်ကို မေ့သခင် မသိမသာ တစ်ချက်လှမ်းကြည့်လိုက်တော့ တင်းမာမှုန်ကုတ်နေသည့် မျက်နှာကြီးကြောင့် စိတ်ထဲက ကျိတ်ပြုံးလိုက်သည်။

"အင်းယားမြိုင်လမ်းက မေ့သူငယ်ချင်းအိမ်ကို ပို့ပေးပါ"

ခြံနံပါတ်ကို ပြောလိုက်သည်။

ကားအရှိန်က ပို၍မြင့်သွားသည်။နေညိုထံမှ ဘာသံမှ မကြားရတော့ နားပူသက်သာသွားသလို ဒေါသဖြင့် ရန်လိုရတာလည်း မရှိတော့။

လမ်းတွေ လူတွေ ကားတွေအားလုံး တရိပ်ရိပ် ကျန်ရစ်ခဲ့သည်။ သို့သော် နေညို၏ ကားဦးတည်ရာက မေ့သခင်ပြောပြသော လမ်းမဟုတ်။

"ဒီမယ်…ကားကို ဘယ်တွေလျှောက်မောင်းနေတာလဲရှင့်"

"ကိုယ့်မှာ သွားစရာကိစ္စလေး တစ်ခုရှိတာ ခုမှသတိရ



www.burmeseclassic.com

www.burmeseclassic.com



လို့ပါ''

''ဘာရှင့်…ရှင့်ကိစ္စကို နောက်မှသွားပါ၊ ဟိုမှာ မေ့အလာကို သူငယ်ချင်းတွေအားလုံး စောင့်နေကြမှာ၊ အဲဒီကို အရင်ပို့ပေးပါ''

''မပို့နိုင်ဘူး''

''ဟင်''

''ဟိုမှာစောင့်နေတဲ့လူတွေအားလုံး မေ့အတွက် အရေးမကြီးဘူး၊ မေ့ ဂရုစိုက်တာက စစ်နဒီဆိုတဲ့ လူကိုပါ ဟုတ်တယ်မဟုတ်လား''

မနှာလိုဝန်တိုသံကြီးနှင့် ဆိုလိုက်မှ နေညိုဆိုသည့်လူ ရင်ထဲက ခံစားချက်ကို သိလိုက်သည်။ တမင်သက်သက် မေ့ကို စစ်နဒီနဲ့တွေ့မှာစိုးလို့ တခြားလမ်းတွေကို လျှောက်မောင်းပြီး အချိန်တွေဖြုန်းနေမှန်း သိလိုက်ရသည်။

''ဟုတ်တယ်ရှင့်…ဟုတ်တယ်၊ မေ့ဂရုစိုက်တာ စစ်နဒီတစ်ယောက်ပဲ၊ ကျေနပ်ပြီလား၊ ကားကို အခုချက်ချင်း ပြန်လှည့်ပါ''

''တူ…တူ…တူ''

''ဟော…ဖုန်းလာနေပြီ၊ စစ်နဒီပဲနေမှာ''

နေညိုမကြိုက်သည့် စကားဖြင့် နေညို အခံရခက်အောင် ပြောလိုက်သည်။ တကယ်ဖုန်းလာနေတာက စစ်နဒီဖုန်းမဟုတ်။ ဖုန်းနံပါတ်က အတူးဖုန်းနံပါတ်။





နေညို နှုတ်ခမ်းအစုံ တင်းတင်းစေ့သွားသည်။ သူ့စိတ်ထဲမှာ မေ့သခင်က သူ့ကို အရွဲ့တိုက်နေသည်ဟုမထင်။ မေ့သခင်တကယ်ပြောတာဟု ယုံနေသည်။ ထို့ကြောင့်ပင် မေ့ကို ချစ်သည့်စိတ်ဖြင့် ရင်တစ်ခုလုံး ပူလောင်နေသည်။

ထိုအပူကို ငြိမ်းရန် နေညိုတွင် ပိုင်နိုင်သော ဆုံးဖြတ်ချက်ချရန်သာ လိုအပ်သည်။ မေမေရော၊ ဘွားရော အားလုံးက နေညိုဘက်မှာရှိသည်။

ဖြစ်ချင်ရာဖြစ် နေညို ဖွင့်ဟမိုက်ပစ်တော့မည်။

''ဟဲလို''

''အို…ဒါဘာလုပ်တာလဲ''

လှုပ်တစ်ပြက်အဖြစ်မို့ မေ့သခင် အံ့သြမင်သက်နေစဉ်မှာပင် နေညိုက မေ့သခင်လက်ထဲက ဖုန်းလေးကို ဆွဲယူလိုက်ပြီး ကားမောင်းမပျက် ဖုန်းဘက်ထရီပြားလေးကို ဆွဲခွာလျက် တစ်ခုခြင်း တခြားဖြစ်အောင် လုပ်ပစ်လိုက်တာပဲဖြစ်သည်။

''ရှင်…ရှင်…မေ့ဖုန်းလေးကို''

''အခုချိန်ကစပြီး မေ့ ဘယ်ကိုမှ ဖုန်းဆက်စရာမလိုတော့ဘူး''

''ဘာ''

''ကိုယ် မေ့ကို ခိုးလာပြီလို့ပြောတာ''

''ဟာ''

မေ့သခင်မှာ နေညို့မျက်နှာကို ကြည့်ပြီး အံ့သြထိတ်လန့်



www.burmeseclassic.com

www.burmeseclassic.com



သွားသည်။

"မေ့ကို ကိုယ်ချစ်တယ်၊ လုံးဝအဆုံးရှုံးမခံနိုင်ဘူး"

"ရပ်…ရပ်…ကားကိုအခုရပ်"

"ရှင့်ကို မေ့မုန်းတယ် သိလား"

နေညိုက မေ့ကို ဂရုမစိုက်။

တွေ့သမျှ မြင်သမျှ ကားတွေကို တရကြမ်း ကျော်ဖြတ်နေပုံက အရူးတစ်ယောက်လို ထင်ရသည်။

"ရှင်…ရှင်…အရူး၊ ရူးနေတာ"

"ဟုတ်တယ်၊ ကိုယ်ရူးနေတယ်"

"အဲဒါ မေ့ကိုချစ်လို့"

"သိပ်ချစ်လို့"

"အဟင့်…ဟင့်…ဟင့်"

ကားတံခါးကို ဖွင့်ဆွဲဖွင့်ဖို့ ကြိုးစားသော်လည်း မရ။ သူ့ကို လက်လှမ်းမှီသမျှ ထုရိုက်ရင်း နောက်ဆုံး ကြံရာမရသည့်အဆုံး ကိုယ်လေးသိမ့်သိမ့်တုန်သည့်အထိ ရှိုက်ငိုချလိုက်မိပါတော့သတည်း။





အခန်း (၁၅)

"ကျွီး"

နေညို၏ကားက တိတ်ဆိတ်သော ခြံဝင်းကျယ်ကြီးတစ်ခုထဲကို ချိုးကွေ့ဝင်ရောက်သွားပြီးနောက် တိုက်အိမ်ကြီးရှေ့မှာ ရပ်တန့်လိုက်သည့်အတွက် ပြာလွင်လှပသော မေ့မျက်လုံးလှလှလေးမှာ ကြောက်လန့်ရုက်ရွံ့ ထိတ်ပြာလျက် ဝိုင်းဝိုင်းလည်သွားရရှာပါသည်။

"ကားပေါ်ကဆင်းပါ မေ့"

"အို…ဟင့်အင်း၊ မေ့က ဘာဖြစ်လို့ဆင်းရမှာလဲ၊ ရှင်မေ့ကို မတရားခေါ်လာတဲ့အကြောင်း အားလုံးသိအောင် အော်လိုက်မယ်နော်"

"အော်လေ…ဒီနားမှာ လူမနေဘူး၊ မေ့အော်လည်း ဘယ်သူမှကြားမှာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ချစ်လိုက်ရတာ မေ့လေးရယ်"

"အို…လွှတ်"

"မေ့အသားကို မထိနဲ့"

"ဟင့်အင်း…ချစ်တယ်"

"အိုး"

မေ့တစ်ကိုယ်လုံး နွေးထွေးသန့်မာသော နေညိုလက်များကြားမှာ မွန်းကျပ်သွားပါသည်။ နေညိုက မေ့ကို စကားဆိုခွင့်မပြု။ လှပသော မျက်နှာလေးကို မြတ်နိုးစွာ ရှိုက်နမ်းရင်း ရင်တွေ တသိမ့်သိမ့်ခုန်နေ၏။

"ကိုယ့်ကို မမုန်းပါနဲ့ မေ့ရယ်၊ မေ့ကို သိပ်ချစ်လို့ဆိုတာ ယုံပါဗျာ"

"အဲဒါ ယုံစေချင်ဦး၊ ယုံနိုင်းဦး"

"ကဲဟယ်"

"ကဲ…ကဲ"

သူ့ခန္ဓာကိုယ်အနံ့ ကျရောက်လာသော မေ့ထံမှ စိတ်ရှိသလောက် ထုရိုက်နေသမျှကို မလှုပ်မယှက် ငြိမ်ခံနေရင်း နုညက်သော မေ့ပါးပြင်လေးကို ရှိုက်နမ်းကာ မေ့ကိုယ်လေးကို အသာလွှတ်ပေးလိုက်ပါသည်။

"ဆင်းပါဦး မေ့"

"ရှင် မေ့နာမည်ကို မခေါ်နဲ့"





"ကားပေါ်မှာ ဒီအတိုင်းနေလို့ မဖြစ်ဘူးလေ၊ မေ့ဘာသာ ဆင်းချင်ဘူးဆိုရင် မေ့ကိုယ်လေးကို ကို ပွေ့ချရလိမ့်မယ်"

"ဟင်"

မေ့ပါးပြင်ပေါ် မျက်ရည်ဥတွေ လျှောခနဲ ပြုတ်ကျလာသည်။ နူးညံ့ရွှန်းလဲ့သော နေညိုအကြည့်ထဲမှာ လှုပ်ခြောက်အောင် ထွက်ပြေးလိုသော်လည်း မလွှတ်နိုင်။

ဒီလိုလူမျိုးကိုမှ မေ့နှင့် ယုံကြည်စွာ ထည့်ရက်သော ဘွားကိုပဲ အပြစ်တင်ရမည်လား၊ ဒါမှမဟုတ် မေ့သခင်ရဲ့ ဆိုးရွားလှတဲ့ ကံကြမ္မာကိုပဲ အပြစ်တင်ရမည်လားဆိုတာ ခွဲခွဲမရတိုင်း နေညိုဆိုသည့်လူကို မေ့မှာ မုန်းပြီးရင်း မုန်းနေမိပါသည်။

"မေ့ ကိုယ်တောင်းပန်ပါတယ်ကွာ၊ မေ့ အဲဒီလိုငိုနေတော့ ကိုယ့်ရင်ထဲ ဘယ်လောက်ခံစားရမလဲဆိုတာ မေ့သိရဲ့လား"

"မပြောနဲ့၊ မကြားချင်ဘူး"

"မေ့"

"အို…အမေ့"

တောင့်တင်းသန်မာသော နေညို့လက်ထဲမှာ ကလေးပေါက်စလေးတစ်ယောက်လို မေ့ကိုယ်လေး ဖွေ့ခနဲပါသွားသည့်အတွက် မေ့ မျက်ဝန်းထဲမှာ ပြာခနဲဖြစ်သွားသည်။

"လွှတ်…မေ့ကိုလွှတ်"

ထုရိုက်ရုန်းကန်ရင်း တွန်းထိုးရုန်းကန်ရင်း ပါလာသော မေ့ကိုယ်လေးကို နေညိုက လွှတ်မပေးပါ။ အိမ်ထဲမှာလည်း



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူမှမရှိ။ ပွင့်နေသော တံခါးအတိုင်း ဝင်ခဲ့ပြီး မေ့ကိုယ်လေးကို ဆိုဖာပေါ်သို့ ညင်သာစွာချပေးလိုက်သည်နှင့် မေ့က နေရာမှထကာ အဝေါက်ဝသို့ တအားပြေးထွက်သွားရာ မေ့အကြံကိုကြိုသိထားသော နေညိုကလည်း မေ့ကိုယ်လေးကို ဆွဲယူကာ ရင်ခြင်းအပ်ပစ်လိုက်ပါသည်။

"ဒီလိုလုပ်လို့မရဘူးလေ မေ့၊ အခုချိန်ကစပြီး မေ့ကို မောင်ပိုင်သွားပြီ"

"ဘာ"

"မေ့ကို မောင်ပိုင်သွားပြီလို့ပြောတာ"

"အို"

"ချစ်တယ် မေ့ရယ်"

"ဖယ်စမ်း"

"ဟာ...မောင်နေညို၊ မင်း"

"သြော်...ဦးမဲ ကျွန်တော် မိန်းမခိုးလာခဲ့ပြီ၊ ဦးမဲပဲ ကြည့်စီစဉ်ပေးပါ"

"သြော်...အေး...အေး"

"အို...မဟုတ်ဘူး"

"မေ့ကိုကယ်ပါ ဦးရယ်၊ မေ့ကို သူမတရားအနိုင်ကျင့်ပြီး ခေါ်လာတာပါ၊ မေ့နဲ့သူ ဘာမှမဆိုင်ပါဘူး"

"မေ့သခင်"

နေညိုနှင့် မေ့သခင်တို့ ရန်းရင်းဆန်ခတ် ဖြစ်နေစဉ်





အိမ်ရှေ့မှာ ရပ်ထားသောကားကြောင့် ခြံစောင့်ကြီး ဦးမဲဝင်လာရာ နေညိုနှင့် မေ့သခင်တို့အဖြစ်ကို တွေ့မြင်သွားပြီး ဘာပြောရမှန်းမသိ ဖြစ်နေစဉ် နေညိုက ပြောလိုက်ခြင်းဖြစ်သည်၊

ဒါကို မေ့သခင်ကလည်း ကြားပြီး သ ရင်ခွင်ထဲက ဦးမဲကို အော်ဟစ်အကူအညီတောင်းနေရာ ဦးမဲမှာ နေညိုနှင့် မေ့သခင်အဖြစ်ကို ကြည့်ပြီး ဘာလုပ်ရမှန်းမသိ ဖြစ်နေဉ်မှာ မေ့သခင်ဆိုသည့် အမည်ကို ကြားလိုက်ရသဖြင့် ဦးမဲ ပို၍ အံ့သြသွားသည်။

ဦးမဲဆိုတာ တခြားသူမဟုတ်။ ဒေါ်တင်တင်၏ လူယုံဖြစ်ပြီး နေညိုတို့ဝယ်ထားသော ဒီခြံနှင့် ဒီအိမ်ကြီးကို ကြည့်ရှုစောင့်ရှောက်ရသူလည်းဖြစ်သည်။

ထို့ကြောင့်ပင် နေညိုနှင့်လက်ထပ်ရန် သဘောတူထားသော မိန်းကလေးကို မမြင်ဘူးသေးသော်လည်း မေ့သခင်ဟု ကြားသိထားရာ ကိုယ်နှင့်လက်ထပ်မည့် မိန်းကလေးကို ပြန်လှဲ့ခိုးယူလာသော နေညိုအဖြစ်ကို ပို၍အံ့သြသင့်နေ၏။ သးကို

"ဦးမဲ...သူ ကျွန်တော့်ကို စိတ်ဆိုးလို့ ဒေါသဖြစ်ပြီး ပြောနေတာ ဘာမှမယုံနဲ့သိလား၊ သွား...သွား ကျွန်တော်ပြောတာကိုပဲလုပ်"

"အို...မသွားနဲ့၊ မသွားနဲ့၊ မေ့တကယ်ပြောနေတာ"

ဦးမဲက ရှုပ်ထွေးနေသော သူတို့နှစ်ယောက်ထဲမှာ ဘာတစ်ခုမှ ဝင်မပါလိုတော့သည့်ဟန်ဖြင့် နေရာမှထွက်သွားရာ တိတ်ဆိတ်နေသော အိမ်ကြီးထဲမှာ မေ့သခင်နှင့်နေညို နှစ်ယောက်ထဲ



www.burmeseclassic.com

www.burmeseclassic.com



ကျန်ရစ်ခဲ့သည်။

ဦးမဲ ထွက်သွားသည်နှင့် နေညိုက အိမ်တံခါးတွေအားလုံး သော့ခတ်ပစ်လိုက်သည်။

"မေ့"

"ရှင် မေ့နားကို မလာပါနဲ့၊ ရှင့်မျက်နှာကိုလည်း မကြည့်ချင်ဘူး၊ ရှင့်အသံကိုလည်း မကြားချင်ဘူး"

"ရှင့်ကို မေ့မုန်းတယ်၊ သိပ်မုန်းတယ်သိလား"

"မေ့က မောင့်ကိုမုန်းပေမယ့် မောင်ကတော့ မေ့ကို သိပ်ချစ်တယ်"

ကြည့်စမ်း...။ မေ့မကြိုက်ဆုံးစကားကို အထပ်ထပ်ပြောနေရုံမက မောင်ချင်းမိုးမွှန်နေအောင် ပြောနေသော စကားကို မေ့ မကြားချင်သော်လည်း ကြားနေရသည်။ ထို့အတူ မေ့ကို သူ့သဘော င့်သူ အပိုင်စီးလာသော နေညိုကို မေ့ ဘယ်လိုပြင်းထန်စွာ ခေးယူရမှန်းမသိဘဲ ဖြစ်နေသည်။

စီစ "မေ့ကို မောင်ခိုးလာတဲ့အကြောင်း ဘွားကို ဖုန်းဆက်လိုက်မယ်"

"ဟင်"

ပါးပြင်ပေါ် စီးကျနေသော မျက်ရည်စီးကြောင်းလေး ရပ်တန့်သွားသည်။

"ရှင်...ဘွားကို မဟုတ်တာတွေ မပြောနဲ့၊ မေ့ ရှင့်နောက်ကို လိုက်လာတာမဟုတ်ဘူး၊ ရှင့်ဘာသာ မေ့ကို ခွတ်ခေါ်လာတဲ့





အကြောင်း မေ့ကိုယ်တိုင် ဘွားကိုပြောမယ်"

"မေ့ ဖုန်းပြန်ပေးပါ"

ကလေးငယ်တစ်ယောက်လို ရိုးသားအပြစ်ကင်းစင်လှသော မေ့မျက်နှာလေးကို မြတ်နိုးစွာကြည့်ရင်း သူပြုံးလိုက်သည်။

"အခုတော့ ဘွားနဲ့ မေ့ ပြောလို့မဖြစ်ဘူး၊ နောက်မှပြော ဟုတ်လား"

"အို...မေ့က ဘာဖြစ်လို့ ရှင်အမိန့်ပေးတာကို နားထောင်ရမှာလဲ၊ ရှင် မတရားလုပ်တဲ့အကြောင်း ဘွားကိုတော့ ကိုယ်တိုင်ပြောမယ်"

"ဘွားကပြောတော့ လူလိမ္မာလေး၊ လူတော်လေးနဲ့ ရှင့်လောက်မိုက်ရိုင်း ရက်စက်တဲ့လူ ဒီကမ္ဘာမှာ မရှိဘူးဆိုတဲ့အကြောင်း ဘွားသိစေရမယ်သိလား"

"မေ့ပြောရင် မောင်ကလည်း ဘွားကိုရော မေမေ့ကိုရော ပြောမှာပေါ့၊ ကျွန်တော် အခုလို လုပ်ရတာ မေ့သခင်လေးကို သိပ်ချစ်မိလို့ပါလို့ ပြောမှာပေါ့၊ ကျွန်တော် ဒီလိုမှမလုပ်ရင် ဘွားမြေးက ဟိုစစ်နဒီဆိုတဲ့ကောင်နောက်ကို ပါသွားတော့မှာဆိုရင် ဘွားက မောင့်ကို အပြစ်မတင်ဘဲ မောင့်ကိုတောင် ကျေးဇူးတင်ချင်တင်နေဦးမှာ"

"ဘာ"

"ဘာမှမဟုတ်ဘူး၊ မေ့ကို မောင်ချစ်တယ်လို့ ပြောတာ"

"မေ့"



www.burmeseclassic.com

www.burmeseclassic.com



"အို…လွှတ်"

"ဟင့်အင်း"

"မေ့ကို မောင်ချစ်တယ်"

မေ့သည် ရုတ်တရက် ပြောင်းလဲသွားသော သူမ၏ ကံကြမ္မာကို မယုံကြည်နိုင်အောင် ဖြစ်နေမိသည်။ မေ့ အိပ်မက် မက်နေခြင်းများလားဟု ထင်လိုက်မိပါသော်လည်း အိပ်မက်က မဟုတ်ချေ။ နေညိုဆိုသည့် လူကြမ်း၊ လူရမ်းကားကြောင့် မေ့ဘဝ မေ့အနာဂတ်အားလုံး ပြောင်းလဲရတော့မည်ထင်သည်။

မေ့သခင်ကိုယ်တိုင်လည်း ငိုရလွန်း၍ မောနေပါပြီ။ တစ်ချိန်လုံး မေ့မျက်နှာလှလှလေးကို စူးစိုက်ကြည့်ငေးနေသော နေညိုပုံစံကလည်း မေ့အလိုကိုလိုက်ပြီး အိမ်ပြန်ပို့မည့်ပုံ မရပါ။

"မေ့"

"အခုချိန်ထိ ဘာမှမစားရသေးဘူး မဟုတ်လား၊ ဆာနေမှာပေါ့၊ တစ်ခုခုစားနော်"

"မစားဘူး…ဘွားအိမ်ကို ပြန်ပို့"

"ပြန်ပို့စေချင်ရင် မောင့်ကိုချစ်တယ်လို့ပြောလေ၊ ဒါဆို ပြန်ပို့မယ်"

မေ့သခင် နှုတ်ဆိတ်သွားပါသည်။ ဒီလိုပုံနှင့်ဆို မေ့ သူ့ကို အရှုံးပေးရတော့မည်ထင်သည်။ ဘယ်လိုပဲဖြစ်ဖြစ် အခုချိန် မှာ သူ့ကို မေ့သခင် အလျှော့ပေးပြီး အိမ်ပြန်နိုင်အောင် ကြိုးစားမှ ဖြစ်တော့မည်ဟု တွေးလိုက်သည်။





အခုပုံနှင့်ဆို မလွယ်။

မေ့ထံမှ ဘာအဆက်အသွယ်မှမရဘဲ ခမ့်ပျောက်နေတာ နှင့်ပင် ဘွားခမျာ ခေါင်းမီးတောက်နေလောက် ပေပြီ။

"မေ့"

"ဘွားစိတ်ပူနေလိမ့်မယ်၊ မေ့ပြန်ပါရစေ"

"မောင့်ကိုရော"

"မောင့်ကိုချစ်တယ်လို့ ပြောလိုက်စမ်းပါ အချစ်ရယ်၊ မောင်မှားခဲ့တာတွေကိုလည်း မေ့ ကျေနပ်တဲ့အထိ တောင်းပန်ပါ တယ်"

"ကျေနပ်ပါတော့ မေရယ်နော်"

"မေ့ကသာ မောင့်ကိုချစ်တယ်လို့ ပြောရင် မေ့ကို ဘွားဆီ ပြန်ပို့ပေးမယ်"

"တကယ်နော်"

"တကယ်ပေါ့"

နေညိုမျက်နှာချောချောကို မယုံရဲသော မျက်လုံးလေးများ ဖြင့် မေ့ လှမ်းကြည့်လိုက်တော့ နေညိုထံမှ ရူးညံ့ရွှန်းလဲ့သည့် အကြည့်တစ်မျိုးနှင့် ဆုံတော့ မေ့ရင်မှာ သိမ့်ခနဲဖြစ်သွားတာကို မသိဟန်ဆောင်ပြီး အကြည့်လွှဲပစ်လိုက်သည်။

"ပြောပြီးရင်…ရှင့်ကတိအတိုင်း မေ့ကို ပြန်ပို့ရမှာနော်"

"ပို့မှာပေါ့"

"ဒါဆို…သူပြောတဲ့အတိုင်းပဲ မှတ်လိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



''မေ့က မောင့်ကိုချစ်တယ်လို့ ပြောတာလား''

နေညိုစကားကြောင့် မေ့သခင်ပါးလေးနှစ်ဖက် နီမြန်းထွ အမ်းသွားသည်။ မေ့သခင် ဟန်ဆောင်ရမှာမို့ ဖွတ်နှစ်ပြီး အားတင်းကာ ခေါင်းလေးညိတ်လိုက်သည်။ အိမ်ပြန်ရောက်မှ ဘွားကို သူလို လူဆိုးလူရမ်းကားတစ်ယောက်နှင့် ဘယ်လိုနည်းနှင့်မှ လက်မထပ်နိုင်ပါဟု'အပြတ်ပြောရန် ဆုံးဖြတ်ထားသည်ကိုတော့ နေညို သိ၍ မဖြစ်ပါ။

''မေ့''

''မောင့်ရဲ့မေ့ရယ်''

''အို…ဒါက ဘာလုပ်တာလဲ၊ မေ့ကို ရှင့်ကတိအတိုင်း ဘွားဆီကို ပြန်ပို့တော့လေ''

''ဖယ်ပါ''

''ဟင့်အင်း''

''မေ့ကို မောင်လည်းချစ်တယ်''

''အို…ရှင်နော်၊ မေ့ကို ကတိပေးထားပြီး ဒါဘာလုပ်တာလဲ''

''အို…အို''

ရုတ်တရက် မေ့ကိုယ်လေးပေါ်သို့ အပ်ကျလာသော သူ့ကိုယ်ကြီးကို တွန်းဖယ်ရန် ကြိုးစားသော်လည်း အချိန်မမီတော့ပါ။ ထုရိုက်ရန်းဖယ်နေသော မေ့လက်ကလေးတွေကို ရင်ခွင်ထဲ ဆွဲယူ ထွေ့ဖက်ရင်း ချစ်အနမ်းတွေ မပြတ်သီကုံးနေသူအောက်မှာ မေ့





တစ်ကိုယ်လုံး မွန်းကြပ်သွားသည်။

''ချစ်တယ် မေ့ရယ်''

''မင်းလေးကို မောင်သိပ်ချစ်တယ် အသက်ရယ်''

မြတ်နိုးချစ်မဝနိုင်သော အချစ်မူးသံဖြင့် သူဆိုလိုက်သည်။ နွေးထွေးသော ပါးပြင်ပေါ် စီးကျလာသော မျက်ရည်များကို အနမ်းဖြင့် ညင်သာစွာ ဖယ်ရှားပေးလိုက်သည်။

''ရှင်…အလကားလူ၊ လူလိမ်လူညာ''

လက်သီးဆုပ်ကလေးများ သူ့ကိုယ်ပေါ်သို့ အဆက်မပြတ် ကျလာတာကို ကျေနပ်ကြည်နူးစွာ ခံယူရင်း ထိုလက်သီးဆုပ်ကလေးများကိုပင် ကြင်နာမြတ်နိုးစွာ ဖွဖွငုံ့နမ်းလိုက်သည်။

''မောင့်ကို ကြိုက်သလို အပြစ်တင်ပါမေ့ရယ်၊ ဘယ်လိုပဲဖြစ်ဖြစ် မေ့နဲ့မောင် မခွဲရရင် ကျေနပ်ပါပြီ''

''အို…ရှင်ကျေနပ်ပေမယ့် မေ့မကျေနပ်ဘူးရှင့် သိလား၊ ရှင့်လို လူလိမ်လူညာတစ်ယောက်ရဲ့ စကားကို ယုံလိုက်မိတာကိုက မေ့အမှားပဲ''

''လူကို ကတိပေးပြီးမှ အခုလို…အခုလို…''

''မေ့ရယ်''

''သွား…သွား ရှင့်ကို မေ့သိပ်မုန်းတယ်သိလား''

''မုန်းတယ်''

အရူးမလေးတစ်ယောက်လို မေ့သခင် အော်ဟစ်ပေါက်ကွဲဖြစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူက မေ့သခင် ပြောဆိုလှုပ်ရှားမှုအားလုံးကို နှစ်သက်မြတ်နိုးသော အကြည့်၊ ကြည်နူးပျော်ရွှင်သော မျက်နှာဖြင့် တစိမ့်စိမ့် ရှုစိုက်ကြည့်နေပုံက အခုချိန်မှာ မေ့ သူ့ကို သတ်ပစ်ရင်တောင် ခွင့်လွှတ်စိတ်နှင့် ပြုံးနေနိုင်သူတစ်ယောက်ကဲ့သို့ ဖြစ်လေ မေ့မှာ ပိုပြီးအခံရခက် နာကျင်ရလေဖြစ်နေပါသည်။

''မေ့ပဲ ကိုယ့်ကိုချစ်တယ်ဆို''

''အို...အဲဒါက ရှင် မေ့ကို ဘွားဆီပြန်ပို့မယ်ဆိုလို့ တမင်ညာပြောတာ''

''ရှင့်ကို မေ့ ဘယ်တုန်းကမှ မချစ်ဘူး''

''ဒါဖြင့် မုန်းတယ်ပေါ့''

''ဟုတ်တယ်...ဟုတ်တယ်၊ ဒီကမ္ဘာမှာ ရှင့်ကို အမုန်းဆုံးပဲ''

''ကောင်းပြီ၊ ဒါဆို မုန်းလက်စနဲ့ မထူးတော့မဲ့အတူတူ''

''ရှင်နော်''

''ဖယ်ဆို''

''အို''

လိပ်ပြာရိုင်း၏ တောင်ပံခတ်သံသဲ့သဲ့ကို ကြားလိုက်ရသည်။ နောက်ဆုံးတော့ အားနွဲ့သူသာ အရှုံးပေးရမြဲ ဖြစ်သည့်အတိုင်း မေ့ထံမှ ငိုရှိုက်သံလေးသည်သာ ည၏ တီးတိုးဖော်ဖြစ်လာရပါတော့သတည်း။





# အခန်း (၁၆)

''ဘာတဲ့လဲ မငြိမ်း''

''ဆက်သွယ်ရေးရေယာပြင်ပဘက် ရောက်နေတယ်တဲ့မမ''

''ဘယ်အထိအောင်မြား သွားနေကြလိမ့်မလည်းနော်၊ ဆက်သွယ်ရေးရေယာအပြင်ဘက်ချည်း ပြောနေတာ ဟုတ်မှဟုတ်ပါ့မလား''

''ဟုတ်ပါတယ် မမရဲ့''

''မိုးချုပ်လှပြီဟဲ့ မငြိမ်းရဲ့''

ပုတီးက အလုံးရေအတိုင်း ဆင်းနေပြီး ပါးစပ်က ဂုဏ်တော်မပွားနိုင်ဘဲ မြေးဖြစ်သူအကြောင်းသာ မပြတ်ရေရွတ်နေသူက ဘွားပါ။

www.burmeseclassic.com



မေ့သူငယ်ချင်းတွေကပင် ဘွားကို ဖုန်းဆက်ပြီး မေ့သခင် အိမ်မှာရှိပါသလား။ ဘယ်ကိုသွားပါသလဲနှင့် မေးကြလွန်းလို့ ဖြေရသည်မှာလည်း မောလှပြီဖြစ်ရာ နေညိုနှင့်အတူ လိုက်သွားသော မေ့သခင် ပြန်မလာနိုင်ပုံ ထူးရုံမက နေညိုပါ ရှုံးပြီး အိမ်လည်းပြန်မလာ၊ ဘာအဆက်အသွယ်မှလည်း မလုပ်နှင့် ဘွားခမျာ နေမထိထိုင်မသာ ပျာလောင်ခတ်နေရာ အချိန်တွေ တရွေ့ရွေ့ကုန်လာခြင်း ဖြစ်သည်။

''သင်းတို့နှစ်ယောက် တစ်ခုခုများ ဖြစ်နေရောလား မငြိမ်းရယ်၊ အိမ်မှာ အင်မတန်စိတ်ပူတတ်တဲ့ ဘွားအေကြီး ရှိမှန်းသိရဲ့နဲ့ ဖုန်းတစ်ခါလောက် ဆက်ရင် မပြီးလား''

''ဆက်ရခက်တဲ့ နေရာမျိုးဆိုရင် ဘယ်ရမလဲ မမရဲ့၊ မောင်နေညိုတစ်ယောက်လုံး ပါသွားတာပဲ၊ စိတ်မပူစမ်းပါနဲ့ မမ ရယ်''

''အေးလေ...အဲဒါကလည်း အဲဒါပေါ့၊ ဘာဖြစ်လို့ ဒီလောက်မိုးချုပ်ညဉ့်နက်နေရသလဲဆိုတာ ငါစဉ်းစားမရလို့ပါ''

တကယ်လည်း စဉ်းစားလို့မရ။ သွားတုန်းက မတည့်အတူနေနှစ်ယောက်ကို လွှတ်လိုက်ရတာမို့ လမ်းမှာ ရန်ဖြစ်ပြီး ဘယ်အချိန်ပြန်ရောက်လာမလည်းလို့ စိုးရိမ်ခဲ့ရသည်။

ဟော...အခုကြတော့လည်း စွန့်ဌလိပ်ရေထဲလွှတ်လိုက်သလို နှစ်ယောက်စလုံး ပြန်ပေါ်မလာတော့ တစ်မျိုးခက်ရပြန်သည်။ လူကြီးနှစ်ယောက်ပဲ လူငယ်နှစ်ယောက်အတွက် ထိုင်ပြီး စိတ်ပူပေး





နေရသည်။

လူငယ်နှစ်ယောက်ကဖြင့် ဘယ်ရောက်ရ ဘယ်ပေါက်နေကြသည်မသိ။ ဘာအဆက်အသွယ်မှလည်း မရ။ ဒီမှာကဖြင့် ဘစောင့်စောင့်ဖြင့် လည်ပင်းညောင်ရေအိုး ဖြစ်တော့မည်။

''အိပ်ကြပါစို့ မမရယ်၊ သူတို့လည်း ဒီအချိန်ဆို တစ်နေရာရာမှာ အိပ်နေလောက်ပါပြီ''

''ဝါး''

ကျယ်လောင်စွာ သန်းဝေလိုက်သော ဒေါ်ငြိမ်းအသံက ဘွားလက်က စိပ်ပုတီးကုံးကို ကျောက်ခနဲမြည်အောင် အလန့်တကြား ရပ်တန့်သွားစေသည်။

သူတို့လည်း ဒီအချိန်ဆို တစ်နေရာရာမှာ အိပ်နေလောက်ရောပေါ့တဲ့။ ဒေါ်ငြိမ်းစကားက ဘွားနားထဲမှာ ကန့်လန့်ကြီး ဝင်လာသည်။ နာရီကို ကြည့်လိုက်တော့လည်း အချိန် ကမနည်းတော့။

တစ်နေရာရာမှာ အိပ်နေကြသည်ဆိုတော့ ဘယ်လိုနေရာမှာ ဘယ်လိုအိပ်ကြသနည်း။ စိတ်ကူးဖြင့် မြင်ယောင်ကြည့်တော့ ဘွား ရင်တွေပူလာသည်။

မေ့သခင်ကို နေညိုနှင့် လူကြီးချင်း သဘောတူထားကြသည်ဆိုပေမယ့် တရားဝင် ဘာတစ်ခုမှ လုပ်ထားတာမျိုး မရှိပါ။ မိန်းမပျိုလေးနှင့် ယောကျာ်းပျိုလေး ညကြီးမိုးချုပ် အချိန်မတော်သည့်အထိ ပြန်မလာလျှင် မည်သူနစ်နာရမည်နည်း။

မိန်းကလေးရှင်ဖြစ်သည့် ဘွားတို့ကသာ ဆုံးရှုံးနစ်နာရပေ



www.burmeseclassic.com

www.burmeseclassic.com



လိမ့်မည်။

"ဟဲ့…မျှင်ငြိမ်း"

"ရှင်…မမ"

"အိပ်ဖို့ချည်းပြင်မနေနဲ့၊ ငါ့စိတ်ထဲ ငါ့မြေးလေး ဗာစ်ခုခု ဖြစ်ပြီထင်တယ်"

"ဘာဖြစ်စရာအကြောင်းရှိလည်း မမရဲ့၊ မောင်နေညို ပါသွားမှပဲ"

"အေး…အဲဒီနေညိုကပဲ"

"တူ…တူ…တူ"

"ဟော…ဖုန်းလာပြီ၊ ဖုန်းလာပြီ၊ မေ့တို့ပဲနေမှာ မမရဲ့၊ ရော့…ရော့"

"ဟဲလို"

ဒေါ်ငြိမ်းခမျာ အူယားဖားယား ဖုန်းခွက်ကို ကောက်ယူပြီး ဘွားကို လှမ်းပေးသလို ဖုန်းထူးသော ဘွားအသံကလည်း ပူပင်စိုးရိမ်လွန်ကဲနေပါသည်။

"ဘွား…ကျွန်တော် နေညိုပါ"

"အေး…မင်းတို့ အခုချိန် ဘာတွေလုပ်နေကြတာလဲ၊ လူလည်းမလာ၊ ဖုန်းလည်းမဆက်နဲ့ ငါ့မြေးလေးရော ဘယ်မှာလဲ"

"ရှိပါတယ် ဘွားရဲ့၊ ကျွန်တော်နဲ့အတူ ရှိပါတယ်"

"ဘွားရင်တွေတုန်လိုက်တာ မောင်နေညိုရယ်၊ အခု မင်းတို့ဘယ်မှာလဲ"





"မင်္ဂလာဒုံဘက်မှာပါ"

"ဘာ"

"ညကြီးသန်းခေါင် အဲဒီကို ဘာသွားလုပ်ကြတာတုန်း"

"ဟိုဒင်း… ဘွားရယ်၊ နားနဲ့မနာ ၁၀ းနဲ့နာပါ၊ မေ့ကို သိပ်ချစ်လို့ နိုးပြေးမိပါတယ်"

"ဘာ"

နားကြားများ မှားသလားလို့ ထပ်မေးသော်လည်း အဖြေကမမှားပါ။

"မေ့ကိုသိပ်ချစ်လို့ နိုးပြေးမိတာပါဘွား"

ဒုတိယအကြိမ် ဝန်ခံစကားကြားပြီး ဘွားခမျာ ဘာပြောရမှန်းမသိ မင်သက်အံ့ဩလျက် အနားက ဒေါ်ငြိမ်းမျက်နှာကို ဖြူးကြောင်ကြောင် မျက်လုံးလေးတွေနှင့် သူ့အလိုလို လှမ်းကြည့်မိလျက်သား ဖြစ်သွားသည်။

"ကျွန်တော့်ကို ဘွား ကြိုက်သလိုဆူပါ၊ အပြစ်ပေးပါ၊ ဒါပေမယ့် မေ့ကိုတော့ ကျွန်တော် မခွဲပါရစေနဲ့နော်ဘွား၊ ဘွား စိတ်ပူနေမယ်မှန်းသိလို့ ကျွန်တော် ဖုန်းဆက်လိုက်တာပါ၊ အခု ကျွန်တော်နဲ့အတူ မေ့ရှိနေပါတယ်၊ ဘွား စိတ်ချလက်ချ အိပ်ပျော်အောင် အိပ်လိုက်ပါနော်၊ မေမေ့ဆီကိုလည်း ကျွန်တော်ပဲ ဖုန်းဆက်ပြီး အကြောင်းကြားလိုက်ပါမယ်၊ ကျွန်တော်တို့ကို ခွင့်လွှတ်ပါနော် ဘွား နောက်နေ့မှ မေ့ကို ဘွားနဲ့ ဖုန်းပြောခိုင်းလိုက်ပါမယ်"

"ကျွန်တော်-ဖုန်းချလိုက်ပြီနော် ဘွား"



www.burmeseclassic.com

www.burmeseclassic.com



နေဦးဟု မတားမြစ်နိုင်လိုက်ခင်မှာ တစ်ဖက်က သူပြောချင်တာတွေ ပြောပြီး ဖုန်းချသွားတာမို့ ဘွားတစ်ယောက်တည်း ဘာမှမပြောနိုင်ဘဲ ကျန်ရစ်ခဲ့သည်။

ဒေါ်ငြိမ်းမှာ ဖုန်းပြောရင်း ထူးခြားစွာ ပြောင်းလဲလာသော ဘွား၏မျက်နှာပေါ်က အမူအရာကို မပြတ်အကဲခတ်လျက်ရှိရာ ဖုန်းချလိုက်သည်နှင့် သူသိချင်တာကို ချက်ချင်းပဲ မေးလိုက်မိသည်။

"ဘာတဲ့လဲ မမ၊ ဒီညပြန်မလာတော့ဘူးတဲ့လား"

"အေး…မလာတော့ဘူးတဲ့"

"ဘာဖြစ်လို့ ဒီအချိန်ကြမှ ဖုန်းဆက်ရတာလဲ၊ ဒီက သွားတုန်းက ကားကလည်းအကောင်းပါ"

ဒေါ်ငြိမ်းက သူထင်မြင်ယူဆချက်ကို တွေးဆသော အမူအရာဖြင့် ဆိုလိုက်ခြင်းဖြစ်ရာ ဘွားမှာ မျက်ခုံးတွန့်လျက် နားလည်ခက်သော မျက်နှာဖြင့် ဒေါ်ငြိမ်းကို ဖျတ်ခနဲ ကြည့်လာပါသည်။

"အေး…ဒီကသွားတုန်းက ကားရောလူရော အကောင်းပဲ၊ ဟိုရောက်မှ ဖောက်ပြန်ကုန်ကြတာ၊ ဟွန်း…ပြောတော့ ဒီမျက်နှာကို မကြည့်ချင်ဘူး၊ လက်မထပ်ချင်ဘူးနဲ့ အခုတော့ လူကြီးတွေ စိစဉ်ချိန်တောင်မရဘူး ခိုးပြေးကြသတဲ့လေ"

"ရှင်"

"အေး…ညည်းလည်း ပြောလိုက်ရင် တရှင်ရှင်နဲ့၊ ညည်း ဘူမကို ဟိုကောင်နေညို ခိုးပြေးသွားပြီလို့ ပြောတာ နားလည်လား"

"ယော်တော်"





"အင်း…ငါလည်း ကနေ့ခေတ် ပူငယ်တွေကိစ္စကို အသက်ကြီးလို့ လိုက်မမှီတော့ဘူး မငြိမ်းရယ်၊ အခုလည်း ဖြစ်လာမှတော့ မထူးဘူး၊ အစထဲက သင်းတို့နှစ်ယောက်ကို ပေးစားဖို့ စီစဉ်ပြီးသားဆိုတော့ မင်္ဂလာကိစ္စ အမြန်ဆုံး ဖိတ်ရတော့မှာပဲ"

"ကဲ…ကဲ အိပ်တော့ အိပ်တော့၊ ဩော်…ဒုက္ခ…ဒုက္ခ"

တိုးတိတ်စွာ ဆိုညည်းလိုက်သော ဘွား၏ ဒုက္ခဟုဆိုသံမှာ ဤတစ်ကြိမ်တွင် သာယာချိုမြိန်နေပါသည်။ နောက်ဆုံးတော့ ဒီဘူတာပဲဆိုက်တာမို့ ဘွားကိုယ်တိုင် ဆင်ယင်ကျင်းပရမည့် မင်္ဂလာပွဲအတွက် အကြီးကျယ်အခမ်းနားဆုံးသော စိတ်ကူးယဉ်များဖြင့် စီချယ်တွေးတောရင်း ဘယ်အချိန် အိပ်ပျော်သွားမှန်းပင် မသိချေ။

နွေးထွေးနူးညံ့သော ပါးပြင်ပေါ်သို့ ညင်သာစွာ ကျရောက်လာသော အထိအတွေ့တစ်ခုကြောင့် နှစ်ခြိုက်စွာ အိပ်ပျော်နေရာမှ နိုးထလာသူက မေ့ဖြစ်သည်။

အိပ်ချင်မူးတူးဖြစ်နေသော မေ့သည် ရုတ်တရက် သူမကိုယ်သူမ မေ့လျော့နေရာမှ နီးကပ်စွာရှိနေသော ကိုယ်သင်းရနံ့တစ်ခုကြောင့် လှပသော မျက်ဝန်းအစုံ ရုက်လန့်တကြား ဖွင့်ကြည့်လိုက်မိသည်နှင့် …

"မေ့"

"အို"

လှပသောမျက်နှာလေး တစ်ခုလုံး ဖြန်းခနဲ ပူနွေးထူအမ်း



www.burmeseclassic.com

www.burmeseclassic.com



သွားကာ ရက်ရွဲ့လှသော အမူအရာနှင့် သူမမျက်စိရှေ့တွင် ရှိနေသူအား ရင်မဆိုင်လိုစွာ မျက်ဝန်းအစုံကို လျှင်မြန်စွာ ပြန်လှည့်စေပိတ်ပစ်လိုက်ပါသည်။

မေ့သခင်ဆိုတာ ဟိုတုန်းက မေ့သခင်မဟုတ်တော့ဘဲ တခြားသူတစ်ယောက်အဖြစ် ပြောင်းလဲသွားသလို ထင်လိုက်ရသည့်အခိုက်မှာပင် တင်းကြပ်သော အနေဝင်အဖွဲ့နှင့်အတူ မေ့သခင်၏ ပါးပြင်နှင့် လည်တိုင်တစ်ဝိုက်မှာ ပူနွေးသော ဝင်သက်ထွက်သက်လေတို့ လျှင်မြန်ညင်သာစွာ ဖြတ်သန်းတိုးဝှေ့သွားကြသည်။

ချစ်လိုက်ရတာ မေ့ရယ်။

နေညိုရင်ထဲက တီးတိုးဆိုညည်းလိုက်သံကို မေ့သခင်ကြားမည်မဟုတ်ပါ။ အနေရခက် ရက်ရွဲ့နေရှာသူလေး၏ ဖြူစင်ရိုးသားမှုကို တန်ဖိုးထားမြတ်နိုးရင်း ပါးပြင်နုကို တစ်ချက်မျှ ထိနမ်းနှုတ်ဆက်လိုက်ပါသည်။

"အိပ်ရေးမဝရင် အိပ်ဦးလေ၊ မောင် မနက်စာ ကော်ဖီသွားဖျော်လိုက်ဦးမယ် သိလား"

မေ့သခင်ထံမှ ဘာသံမှ ထွက်မလာဘဲ ငြိမ်သက်နေပါသည်။ အခန်းထဲက နေညို ထွက်သွားသံ ကြားမှ လှပသော မေ့ကိုယ်လေး လူးလွန့်လာပြီး ပတ်ဝန်းကျင်ကို ဝေ့ဝေ့ဝဲဝဲလေး တစ်ချက်မျှကြည့်ပြီး ရှက်အမ်းအမ်းလေး ဖြစ်နေမိသည်။

ထို့နောက် မျက်နှာကို ခေါင်းအုံးလေးထဲမှာ ကွယ်ဝှက်လျက် ငြိမ်သက်နေမိသည်။ မေ့သည် နေညို၏ အလိမ်အညာကို





ခံလိုက်ရခြင်းကို မုန်းနေမိသည့်တိုင် ညကအဖြစ်ကို ပြန်တွေးမိလျှင် သူ့နှင့်မျက်နှာချင်းဆိုင်ရမှာ ရှက်နေ၏။

ဒါကို သူလည်း သိနေမည်ထင်သည်။ ဒါကြောင့် မေ့နားက တမင်ရှောင်ထွက်ပေးသွားတာလားဟု တွေးရင်း အိပ်ရာပေါ်က ကမန်းကတန်းလေး ဆင်းပြီး အိပ်ခန်းတံခါးလေးကို အပြေးပိတ်ပစ်လိုက်သည်။

ပြီးမှ မေ့အကြည့်များက တွန့်လိမ်ကြေမွနေသော အိပ်ရာရှိရာသို့ ရောက်သွားပြီး ပါးလေးတွေ နွေးလာသလို ရင်ခုန်သံလည်း မြန်လာသည်။

အလကားလူ။

သိပ်မုန်းစရာကောင်းတာပဲ သိလား။

မေ့သခင်ရင်ထဲက ဆိုမြည်လိုက်ခြင်းဖြစ်ပါသည်။ နေညိုကို တကယ်မုန်းမမုန်းကိုက မေ့သခင်ကိုယ်တိုင်ပဲ သိမည်။ နှုတ်ကတော့ နေညိုကိုမုန်းကြောင်း တွင်တွင်ပြောနေ၏။ အိပ်ရာများကို သန့်ပြန့်နေအောင် ပြေးလွှားသိမ်းဆည်းပြီး ရေချိုးခန်းထဲဝင်ကာ တစ်ကိုယ်ရေသန့်ရှင်းရင်း ရေပါချိုးပစ်လိုက်သည်။

မှန်တင်ခုံရှေ့မှာ ထိုင်မိတော့ လှပသည့် မေ့မျက်နှာလေးကို ငြိမ်သက်စွာ စူးစိုက်ကြည့်လိုက်သည်။ ဖင်ဂျော်တောင် မျက်ခုံး လှပဝိုင်းစက်သော မျက်ဝန်းပြာကြီးများ၊ နှာတံဖင်းစင်းအောက်မှာ နီရဲလှုအမ်းနေသည့် နှုတ်ခမ်းအစုံရဲ့ ဆေးမကူဘဲ ပန်းသွေးရောင်ဖြစ်နေတာကိုကြည့်ပြီး မေ့မျက်နှာလေး ရဲခနဲဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



အခုချိန်ဆို ဘွားတစ်ယောက် ဘယ်လိုနေရှာမည်မသိ။ ဘွားကိုယ်တိုင် စိတ်ချယုံကြည်စွာ ထည့်လိုက်သူရဲ့ လက်ထဲမှာ မေ့ဘဝလေး ပြောင်းလွဲသွားပြီဆိုလျှင် ဘွား ဘာပြောမည်နည်း။

အဝတ်လဲပြီးချိန်မှာ အခန်းတံခါးခေါက်သံကို ကြားလိုက်ရသည်။

''ခေါက်...ခေါက်''

''မေ့...ဒီမှာ ဖုန်းလာနေတယ။ ဘွားက မေ့နဲ့ ပြောချင်လို့တဲ့၊ တံခါးဖွင့်ပါဦး''

''ဟင်''

ဘွားဆိုသည့်အသံကြောင့် မေ့သခင် ရင်ထဲမှာ လှိုက်ခနဲဖြစ်သွားသည်။ မေ့တို့ကိစ္စကို ဘွားသိသွားပြီ။ မေ့ ဘာလုပ်ရမည်နည်း။ နေညိုက မေ့ကို ဖွတ်အတင်းခိုးယူလာကြောင်း ပြောပြီး ဘွား အမြန်ဆုံးလာခေါ်ပါလို့ ပြောလျှင် ဘွား လက်ခံပါမည်လား။

''မေ့''

''ရှောက်''

မေ့အခန်းတံခါးလေး ပွင့်လာပြီး လှပသောမျက်နှာလေး ပေါ်လာသည်။

''ဘယ်မှာလဲ ဖုန်း''

''ဒီမှာ''

''ရှင့်ပဲ ဘွားကို ပြောလိုက်တာမဟုတ်လား''

''ဘွား စိတ်ပူနေမှာစိုးလို့ပါ မေ့ရယ်''





''ရှင့်ကိုမုန်းတယ် သိလား''

နေညိုလက်ထဲက ဖုန်းကို ဆတ်ခနဲဆွဲယူပြီး နေရာက လှည့်ထွက်ခဲ့သော မေ့သခင်နောက်မှာ နေညို က အတူလိုက်လာသည်။

''မေ့နားကို မလာပါနဲ့''

''ဘာဖြစ်လို့လဲ''

''မုန်းလို့ရှင့်...မုန်းလို့''

''မောင်ကမှ မေ့ကို သိပ်ချစ်နေတာ ဘယ်လိုလုပ်မလဲ''

''သေလိုက်''

''အဟွန်း...ဟွန်း...ဟွန်း''

မြတ်နိုးစွာ ရယ်လိုက်သည်။

ချစ်သောသူနဲ့အတူ နေရတဲ့ဘဝဟာ သူ့အတွက် အရာရာပြီးပြည့်စုံလျက် ကမ္ဘာလောကကြီးတစ်ခုလုံး အသာယာအလှပဆုံး ဖြစ်နေပါလား။

''ဟဲလို''

''ဟဲလို''

''ဟင်''

ဖုန်းကျသွားပြီ။ မေ့လက်ထဲက ဖုန်းလေးကို ပြန်အပိတ်လိုက်မှာ ဖုန်းသံထပ်မြည်လာသည်။

''ဟဲလို''

''ဘယ်လိုဖြစ်ကြတာလဲ မြေးရယ်၊ အရင်ဘုန်းကတော့



www.burmeseclassic.com

www.burmeseclassic.com



မချစ်ဘူးဆို"

"အခုလည်း မချစ်ဘူး ဘွား၊ ပိုပြီးတော့တောင် မုန်းသေးတယ်၊ မေ့ကို ဘွား လာခေါ်ပါ၊ ဒီလူ မေ့ကို တစ်ဖက်သတ်အနိုင်ကျင့်ပြီး ဒီကိုခေါ်လာတာ ဘွားမှမသိဘဲ"

"ဟာ…လုံးဝမဟုတ်ဘူး ဘွား၊ သူပြောတာ မယုံပါနဲ့"

"ရှင်…ဘာကိစ္စ ကျွန်မဖုန်းကို လုရတာလည်း ပေး"

"ပြန်ပေးဆို"

မေ့လက်ထဲက ဖုန်းကို နေညိုက ဆတ်ခနဲ ဆွဲယူပြီး ဝင်ပြောလိုက်ရာ မေ့မှာ သူမပြောချင်တာကို ပြောခွင့်မရသဖြင့် စိတ်ဆိုးဒေါသဖြစ်စွာ နေညိုလက်ထဲက ဖုန်းကို ဆွဲယူကြိုးစားသော်လည်း မရချေ။

"တူကယ်ပါဘွားရဲ့၊ ကျွန်တော်က ဘာလို့ညာရမှာလဲ မေ့ကို ဘယ်လောက်ချစ်တယ်ဆိုတာ မေ့လည်းသိသားနဲ့ဗျာ"

"ရှင် မဟုတ်တာတွေ မပြောနဲ့နော်၊ ဘွား သူပြောတာတွေ တစ်ခုမှမဟုတ်ဘူး၊ မေ့ဖုန်းကို မေ့ကိုပြန်ပေးလို့ ပြောနေတယ်"

"ဗျာ"

"ဟုတ်ကဲ့…ဟုတ်ကဲ့"

"ဘွားက ဖုန်းချသွားပြီ၊ မြန်မြန်ပြန်လာကြတဲ့၊ ဒီနေ့ပဲ မေမေရောက်မယ်၊ မင်္ဂလာကိစ္စကို အမြန်ဆုံးစီစဉ်မယ်တဲ့"

"အဲဒါဘာဖြစ်လဲ ရှင့်ဘာသာ တစ်ယောက်တည်း မင်္ဂလာဆောင်နေ၊ မေ့ကတော့ ရှင့်ကို လုံးဝလက်မထပ်ဘူး"





"မရဘူး…မေ့က မောင့်ဇနီး မောင့်မိန်းမ"

"ရှင်…ရှင် အလကားလူ"

"သွား…သွား"

"ရှင့်ကို မေ့မုန်းတယ်သိလား"

"မောင်ကတော့ မေ့ကိုချစ်တယ်"

ဆန့်ကျင်ဘက်စကားတွေ အပြိုင်ဆိုနေသော သူ၏မျက်နှာကို မေ့ စူးစိုက်ကြည့်ပြီး နေရာမှ ချာခနဲလှည့်ထွက်ခဲ့သည်။

"ဒါက ဘယ်လဲ၊ ဟိုမှာ မနက်စာကော်ဖီနဲ့ မုန့်ဟင်းခါး ဝယ်ထားတယ်လေ"

"ရှင့်ဘာသာစား မေ့မစားဘူး"

"ဒါဖြင့် မောင်လည်းမစားဘူး"

မေ့ထိုင်သလို လိုက်ထိုင်ပြီး မေ့မျက်နှာလှလှလေးကို တစ်ခါမှ မမြင်ဘူးသလို မျက်တောင်မခတ်စတမ်း လာကြည့်နေသူကြောင့် မေ့ အနေရခက်လာသည်။

ဘယ်ကို ထွက်ပြေးရမှန်းမသိ။

မေ့ ဘယ်သွားသွား သူက မေ့နောက်က လိုက်လာဦးမှာမို့ မေ့ စိတ်ညစ်သည်။ သူ့ရှေ့က ပြေးမရသည်အတူ သူကြည့်ချင်နေသော မေ့မျက်နှာလေးကို သူမမြင်နိုင်အောင် ဆံပင်ရှည်တွေကြားမှာ တမင်ကွယ်ဝှက်ပြစ်လိုက်သည်။

ကြည့်စမ်း…မေ့လေး သိပ်ဆိုးပါလား။ နေညို သူမ မျက်နှာလှလှလေးကို ကြည့်နေမှန်း သိရက်နှင့် လိပ်မလေးလို



www.burmeseclassic.com

www.burmeseclassic.com



သူမဦးခေါင်းလေးကို ကွယ်ဝှက်ပြီး နေညို မမြင်မတွေ့နိုင်အောင် ပုန်းနေသည်။

"မေ့"

ချစ်ရသူ၏အမည်ကို နေညို တိုးတိုးလေးခေါ်ကြည့်သည်။ မေ့က မထူး။ မေ့လုပ်နေပုံလေးကို သူ့ရင်ထဲ မြတ်နိုးစိတ်ဖြင့် အသည်းယားလျက်ရှိရာ နောက်ဆုံး ဘယ်လိုမှ နေလို့မရဘဲ မေ့နား ကို လှားခနဲရောက်သွားရပါပြီ။

"မေ့"

"အို…ဒါဘာလုပ်တာလဲ"

"ဖယ်"

"ဟင့်အင်း…မေ့ကို မောင်ချစ်တယ်"

"ရှင်နော်"

"အို"

နောက်ဆုံးတော့ ချစ်ခြင်းဖြင့် ထုံမွှမ်းဖွဲ့သီထားသည့် သူ့ရင်ခွင်ထဲမှာ မေ့သခင်တစ်ကိုယ်လုံး နွေးထွေးသွားခဲ့ရပါသည်။ တေးဆိုနေသော ငှက်ကလေး ရုက်လန့်တကြား ထွက်ပြေးသွားလျှင် လေပြည်ညှင်းက ချစ်သူနှစ်ဦး၏ အဖြစ်ကို တီးတိုးရယ်မောလိုက်ကြလေသည်။

❀ ▯ ❀





## အခန်း (၁၅)

"သူတို့နှစ်ယောက် မတည့်ဘူး တင်တင်ရဲ့၊ ဖုန်းထဲမှာသည်း ရန်ဖြစ်နေကြတယ်"

"အမယ်လေး ဘွားရယ်၊ ဒါမျိုးတွေပဲ ရန်ဖြစ်ပြီးရင် ပြန်ချစ်ရင် အသည်းအသန်ဆိုတာ၊ ဘာမှစိုးရိမ်မနေနဲ့ အဲဒါ အချစ်စမ်းနေကြတာလေ"

"အဟင်း…ဟင်း…ဟင်း"

"အင်း…အင်း ဟုတ်မယ်၊ ဟုတ်မယ်၊ ဘွားကတော့ မြန်မြန်ပြန်လာကြလို့ ပြောလိုက်တယ်"

"မလာလည်း ကိစ္စမရှိပါဘူး ဘွားရယ်၊ မင်္ဂလာကိစ္စက သူတို့စီစဉ်ကြမှာ မဟုတ်ဘူး၊ တင်တင်နဲ့ ဘွားပဲ လုပ်ရမှာ၊ ဒီဟာဒီမှာ တင်တင် စိတ်ကူးရှိသလောက် ရေးယူလာတဲ့ စာရင်း



www.burmeseclassic.com

www.burmeseclassic.com



လေးတွေ''

ဘွားနှင့်နေညီမိခင် ဒေါ်တင်တင်တို့ ခေါင်းချင်းဆိုင်ပြီး တီးတိုးတိုင်ပင် ဆွေးနွေးနေကြချိန်မှာ မိသေးနှင့် စံသိန်းတို့မှာလည်း သူတို့ဆရာနှင့် မမလေးအဖြစ်ကို အားကျမဆုံးချေ။

''ကြည့်စမ်းပါဦး မိသေးရယ်၊ ဒီလိုကိစ္စမျိုးကြတော့ ဆရာတို့က ခြေသွက်လက်သွက် အားလုံးသွက်ပဲ၊ အားကျလိုက်တာဗျာ''

''ဒီလောက်အားကျနေရင် ကိုစံလည်း မိသေးကို ခိုးပြေးပါလားလို့''

''ခိုးပြေးမယ်၊ ခိုးပြေးမယ်''

''ဘာခိုးပြေးမယ်လည်း''

''ဗျာ''

''ဟင်''

''ဒေါ်ငြိမ်း''

သူတို့နောက်နားတွင် မားမားကြီးရပ်နေသော ဒေါ်ငြိမ်းကို တွေ့လိုက်ရသဖြင့် ဆရာသမား၏ အချစ်ကို အားကျနေသော ဒရိုင်ဘာ စံသိန်းနှင့် မိသေးတို့နှစ်ယောက်စလုံး မျက်နှာငယ်လေးတွေနှင့် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်မိကြသည်။

''အေး…ငါပဲ၊ နှစ်ယောက်စလုံး ရုတ်ရုတ်သည်းသည်း လုပ်မယ်မကြံနဲ့နော်၊ အိမ်မှာ လူကြီးတွေ ဒီလောက်အလုပ်ရှုပ်နေတာ





နည်းနည်းမှ အလိုက်မသိကြဘူးလားဟင်''

''မေ့လေးတို့ကိစ္စ မပြီးမချင်း နင်တို့နှစ်ယောက်စလုံး ဘာပြဿနာမှ မရှာကြနဲ့၊ နားလည်လား''

''ဟုတ်ကဲ့ပါ ဒေါ်ငြိမ်း''

''မိသေးနော်၊ ညည်းက မိန်းကလေး၊ ကျပ်ကျပ်သတိထား သိလား''

''ဟုတ်''

''ဘာဟုတ်လည်း…ပြောလိုက်ရင် မခုတ်ဘတ်တဲ့ကြောင် ပုံစံနဲ့ ပြီးမှ …ဟွန်း…ငါမပြောလိုက်ချင်ဘူး၊ ညည်းနက်သန်းခေါင် အမှောင်ထဲမှာ''

''မငြိမ်းရေ''

''ရှင်…လာပါပြီ မမ''

ဒေါ်ငြိမ်းက မျက်စောင်းထိုးပြီး မိသေးတို့နားက ထွက်သွားရာ ခပ်ကုတ်ကုတ်လေး ငြိမ်နေသော မိသေးမှ ဂျက်ခနဲ ခေါင်းထောင်လာကာ အနားက စံသိန်းရင်ဘတ်ကြီးကို လက်သီးဆုပ်ဖြင့် အုန်းခနဲ ထုနှက်လိုက်ရာ စံသိန်းမှာ အမလေးဗျာဟု တစ်ခွန်းထဲ အော်လိုက်နိုင်ပါသည်။

''ဘယ်လိုလုပ်လိုက်တာလဲ မိသေးရယ်၊ နာလိုက်တာဟာ''

''နာအောင် တမင်ထုတာပဲ၊ မှတ်ထား အဲဒါ ရှင်မကောင်းလို့ ဒေါ်ငြိမ်းက မိသေးကိုဆူသွားတာ သိလား၊ ကြည့်ပါ



www.burmeseclassic.com

www.burmeseclassic.com



ဦး မိသေးတို့ကိစ္စကို ဒေါ်ငြိမ်းကြီး သိသွားတာ ဘယ်လောက်ရှက်ဖို့ကောင်းလဲ''

''ချစ်တာပဲဟာ…ဘာရှက်ရမှာလဲ၊ ဒါ သဘာဝပဲဥစ္စာ''

''ဘာသဘာဝလည်း…တော်ပြီ၊ တော်ပြီ၊ ဒီညကစပြီး ရှင်နဲ့ လုံးဝမတွေ့တော့ဘူး၊ မိသေးသွားတော့မယ်''

''ဟာ''

''မိသေး အဲဒီလိုမလုပ်နဲ့ဟ၊ နင်ပဲ ငါ့ကိုချစ်တယ်ဆို''

မိသေးထံမှ ဘာသံမှ မကြားရသလို လှည့်လည်းမကြည့်တော့ဘဲ အိမ်ထဲဝင်သွားပြီဖြစ်ရာ စံသိန်းတစ်ယောက်ထဲ ကံဆိုးမှာ နေရာမှာရပ်လျက် ကျန်ရစ်ခဲ့သည်။

''မောင်စံသိန်းရေ''

''ဗျာ…အန်တီ''

ချစ်သူလေး ရက်စက်သွားပုံကို ကြာကြာတွေးနေချိန်မရ။ နေညိုမိခင် ဒေါ်တင်တင်ရှေ့သို့ အပြေးရောက်သွားသည်။

''မင်းအစ်ကိုလေးဆီ လိုက်သွားစမ်းပါဦး၊ ရော့…ဒီမှာငွေယူသွား၊ လိုအပ်တာတွေလုပ်ပေးလိုက်၊ ပြီးရင် ဘယ်နေ့ပြန်လာမှာလည်း မေးခဲ့၊ ကြာနေလို့မကောင်းဘူး၊ ဘွားက စိတ်ပူနေပြီ မြန်မြန်ပြန်လာဖို့ အန်တီကမှာတယ်လို့ ပြောလိုက်''

''ဟုတ်ကဲ့ပါ အန်တီ၊ အစ်ကိုလေးကိုရော မမမေ့ကိုရော ကျွန်တော် သေချာပြောလိုက်ပါ့မယ်''

''ကဲ…ကဲ ဒါပဲသွားတော့''





''ဟုတ်ကဲ့''

ဘွားရှေ့မှာ စိတ်မပူအောင် ပြောနေရပေမယ့် ဒေါ်တင်တင် စိတ်ထဲမှာ သားလုပ်ပုံ နည်းနည်းတော့လွန်သည ဟု ထင်မိသည်။ ဘယ်နှယ့် လူကြီးချင်းသဘောတူထားပြီးသား ကိစ္စကို ဘာတွေ လျှောက်လုပ်နေသည်မသိ။

လူကြီးတွေစိတ်ပူအောင် သူတို့ဝဲ လုပ်နိုင်လွန်းသည်။ ဘွားရှေ့မှာမို့ မပြောချင်။ မေ့သခင်နှင့် နေညိုအခြေအနေကို စံသိန်းကို တိုးတိုးတိတ်တိတ် မေးကြည့်တော့မှ နေညိုရှုပ်ထား သည့် အရှုပ်ထုပ်ကို သိရသည်။

တိကျသေချာသည့် သတင်းစကားအရဆိုလျှင် မေ့သခင်က သားဖြစ်သူကို မကြည်။ စိတ်ဆိုးဒေါသဖြစ်ပြီး မခေါ်မပြောလုပ်နေသည့်ကြားက သားဖြစ်သူက သူ့သဘောနှင့်သူ မေ့သခင်ကို ခိုးပြေးဟန်တူသည်။

မိခင်ဆိုတော့ စိတ်ပူသည်။ စိုးရိမ်သည်။ သူတို့ချင်း အဆင်ပြေလို့က အရေးမကြီး။ နေညို စွတ်တရွတ် လုပ်ချင်ရာလုပ်တတ်သည့် ညဉ်ဆိုးလေးကြောင့် မေ့လေး စိတ်ဆိုးပြီး ပြဿနာရှာမှ ခက်မည်။

ဩော်…သား…သား။

ဘာတစ်ခုမှ စိတ်မအေးရပါလားကွယ်။ ဘွဲ့ရပြီးစ ဘာတစ်ခုမှ စိတ်ပူစရာမရှိ။ အိမ်ကစီးပွားရေးဖြစ်သော ဆန်စက်၊ ဆီစက်တွေကို ဦးစီးလုပ်ကိုင် နိုင်းထားရပေမယ့် နေညိုစိတ်က



www.burmeseclassic.com

www.burmeseclassic.com



အခုချိန်ထိ ကျောင်းသားစိတ် မပျောက်သေးပါ။

တည်ငြိမ်ရင့်ကျက်သော အိမ်ထောင်သည်ဘဝဖြင့် များပြားလှသော အမွေများကို ဆက်ခံလွှဲပြောင်းယူနိုင်ရန် နေညိုအတွက် စိတ်ကြိုက်သတို့သမီးလောင်း ရှာဖွေရာ မေ့သခင်လေးကို ဒေါ်တင်တင်ကိုယ်တိုင် လိုလားနှစ်သက်စွာ သားဖြစ်သူအတွက် ချွေးမလောင်းအဖြစ် ဇကာတင် ရွေးခဲ့သည်။

ဒါကိုပင် ရွှေမင်းသားက မယူနိုင်ပါဘူး၊ လက်မထပ်နိုင်ပါဘူးနှင့် ငြင်းခဲ့သူ။ ဒါက မေ့သခင်ကိုမှမဟုတ် ဒေါ်တင်တင်ရှာဖွေပေးသူတိုင်းကို အကြောင်းအမျိုးမျိုးပြ ငြင်းတတ်သူက အခုတော့ သူ့အပြစ်နှင့်သူ မချစ်နိုင်ဆိုသူကိုမှ ရွေးပြီး ခိုးသွားသည်။

စံသိန်းကား ထွက်သွားမှ သက်ပြင်းရှိုက်ပြီး အိမ်ထဲလှမ်းဝင်လိုက်တော့ ဖုန်းတစ်လုံးဖြင့် အလုပ်ရှုပ်နေသော ဘွားကို တွေ့လိုက်ရသည်။ တခြားကိစ္စမဟုတ်။ နေညိုနှင့် မြေးဖြစ်သူ မေ့သခင်တို့၏ မင်္ဂလာကိစ္စဖြစ်သည်။

အသက်ကြီးပြီဆိုပေမယ့် ဘွားက ကျန်းမာဆဲ၊ သွက်လက်ဖျတ်လတ်စွာ ဦးစီးဆောင်ရွက်နိုင်မြဲဖြစ်ရာ ဒေါ်တင်တင်မျက်ဝန်းထဲမှာ သူငယ်ချင်းဖြစ်သူကို ပြေးမြင်သတိရလိုက်မိသည်။

လူ့လောကကြီးထဲက စောစီးစွာ ကျောခိုင်းထွက်ခွာသွားသော သူငယ်ချင်းက တစ်ဦးတည်းသော သမီးလေးကို ဘွားလက်ထဲမှာ စိတ်ချစွာ ထားရစ်ခဲ့သည်။

''လာ…ထိုင်လေ တင်တင်၊ ဒီနေ့ သွားရမယ့်နေရာတွေ





ကို ဖုန်းဆက်ပြီးပြီလား''

''ဆက်ပြီးပါပြီ ဘွား''

''တူ…တူ…တူ''

''ဟဲလို''

''မြေးလေးလား၊ ပြောပါဦး ဘယ်လိုဖြစ်ကြတာတုန်း''

''အီး…အဟင့်…ဟင့်''

ပြုံးနေသော ဘွားမျက်နှာကြီးမှာ အီးခနဲငိုချလိုက်သော မြေးဖြစ်သူငိုသံကြောင့် အပြုံးများ ပျောက်ကွယ်သွားသည်။

''ဘာဖြစ်တာတုန်း…အကျိုးအကြောင်း ပြောဦးမှပေါ့၊ မောင်နေညိုက မြေးစိတ်ဆင်းရဲအောင် နှိပ်စက်သလား''

ဘွား၏အမေးကြောင့် မျက်လုံးပြူးရသူက ဒေါ်တင်တင်။ ဘွားက သူ့မြေးလေးကို ထားစရာမရှိအောင် ချစ်တာ သိပြီးသားမို့ မြေးဖြစ်သူ ငိုယိုသည့်အထိ ဖြစ်အောင်လုပ်တာသူဆိုလျှင် ဘယ်လိုသူမျိုးပဲဖြစ်ဖြစ် ဘွားက ခွင့်လွှတ်နိုင်မည်မထင်။

''မေ့ကို အခုပဲ ဘွားကိုယ်တိုင် လာခေါ်ပြီပါ ဟုတ်လား၊ ကောင်းပြီ…ကောင်းပြီ၊ မြေး ဘာမှစိတ်မပူနဲ့၊ တင်တင်နဲ့ အခုပဲလာမယ်၊ တိတ်…တိတ် မငိုနဲ့၊ ဘွား ဖုန်းချလိုက်ပြီ၊ ဟုတ်လား''

''ဘာကဲ့လည်း ဘွားရယ်၊ မေ့လေး ဘာဖြစ်လို့လဲ၊ တင်တင်ဖြင့် ရင်ထိတ်လိုက်တာ''

''အခုပဲ ဘွားကိုယ်တိုင် လာခေါ်ပါတဲ့၊ ငိုပြီးတော့ကို ပြောနေတာ အနားမှာ မောင်နေညိုလည်း မရှိဘူးထင်တယ်၊ ဘွား



www.burmeseclassic.com

www.burmeseclassic.com



တို့ အခုပဲသွားကြမယ် တင်တင်၊ ဘွားမြေး စိတ်ဆင်းရဲတာမျိုး ဘွား နည်းနည်းမှ အဖြစ်မခံနိုင်ဘူး"

"ဟုတ်ကဲ့ပါ ဘွား"

"မငြိမ်း"

"လာပါပြီ မမ"

"အိမ်ကိုလာသမျှ ဖုန်းတွေ သေချာနားထောင်ထားလိုက်၊ ငါတို့ အခုပဲ မေ့ကိုသွားခေါ်လာခဲ့မယ်"

"မောင်စိန်"

"အသင့်ပါ မမ"

ဘွားမျက်နှာ တင်းနေတော့ ဘယ်သူမှမလှုပ်ရဲ။ မေ့ရဲ့ ငိုရှိုက်သံတစ်ချက်ဟာ ဘွားရင်ကို ဘယ်လောက် ထိနိုက်နာကျင်စေသည်ဆိုတာ ခေါ်ငြိမ်းအသိဆုံးမို့ ကားဖြင့် မေ့ရှိရာကို ချက်ချင်းထွက်သွားသည့် ဘွားရင်ထဲက ခံစားချက်ကို စာနာနားလည်စွာ သက်ပြင်းရှိုက်လိုက်ချိန်မှာ နေညိုလည်း မေ့နည်းတူ အော်ဟစ်ငိုယိုချင်နေမိသည်။

"ဘာလို့ ဘွားကို လှမ်းခေါ်လိုက်ရတာလည်း မေ့ရယ်၊ ပြီးတော့ မေ့က ငိုနေတော့ ဘွားခမျာ ဘယ်လောက်စိတ်ပူရှာမလဲဆိုတာ မေ့ မတွေးမိဘူးလားဗျာ"

အဲဒီလောက်အထိတော့ မေ့ မတွေးလိုက်ပါ။ ဘွားစိတ်ပူမှာကို စိုးရိမ်မိပေမယ့် ဘွားအသံကြားတော့ ဘာဖြစ်လို့ဖြစ်မှန်းမသိဘဲ မေ့ငိုချင်တာပဲ သိသည်။





နေညို ရေချိုးနေတုန်း မေ့ဖုန်းလေး ပြန်ရလိုက်တာမို့ ဘွားကို အခုချက်ချင်း လာခေါ်ပါဟု ပြောပြမှ နေညိုက ဖုန်းကို သတိရပြီး ထွက်လာတာဆိုတော့ မေ့ကို တားမြစ်ဖို့ရာ အချိန်မမီတော့။ ဘွားနဲ့ မေမေ အခု ဒီကိုလိုက်လာနေပြီ၊ နေညို ဘာလုပ်ရမှန်းမသိ။ လှပသော ချစ်သူနုနုထွေးထွေးသော ချစ်မြတ်နိုးစွာ ငေးငေးကြီး ကြည့်နေမိသည်။

"မေ့ တကယ်ပဲ မောင့်ကိုမချစ်ဘူးလားဟင်"

မေ့သခင် မဖြေပါ။

နေညို သူမနား ရောက်သွားပြီး မေ့မျက်နှာလေးကို ဆွဲယူပင့်မော့ပြီး မေ့မျက်လုံးတွေထဲကို သူလိုချင်သည့်အဖြေအား စူးစိုက်ရှာဖွေကြည့်မိသည်။

မေ့က သူနှင့် မျက်လုံးချင်းအဆုံမခံ။

'သူ့လက်များကို ဖယ်ရှားပြီး တစ်ခါထဲ မျက်လွှာချကြည့်လွဲပြစ်လိုက်ပုံကြောင့် နေညို ရင်ထဲမှာ နင့်ခနဲဖြစ်သွား၏။

မေ့သခင်ရဲ့ အပြုအမူလေးတွေက နေညို့အပေါ်မှာ တကယ်ပဲ ရက်စက်စိမ်းကားလှချည်လား။

"မေ့"

"မောင်နဲ့နေရတာ မေ့ တကယ်ပဲ စိတ်ဆင်းရဲရတယ်၊ ကြည်းမုန်းတီးရတယ်ဆိုရင် မောင့်ကို ခွင့်လွှတ်ပါဗျာ"

"မောင့်ကို မေ့ သိပ်မုန်းနေလား"

"မေ့ အိမ်ပြန်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"မောင် မေးတာကိုပဲဖြေပါ၊ မေ့ မောင်တို့ကိစ္စ အိမ်ပြန်ရုံနဲ့ ပြီးသွားမှာလား၊ မောင်တို့နှစ်ယောက်ရဲ့ အနာဂါတ်ကို မောင်တို့ဘာသာ ဆုံးဖြတ်ရမယ်ဆိုတာ မေ့ မတွေးမိဘူးလားဟင်"

"မေ့ကို မောင်ချစ်တယ်"

"ကျိုး"

"ယော...ဘွားတို့လာပြီ"

နေညို ဘာတစ်ခွန်းမှ ပြောချိန်မရလိုက်မီမှာပင် မေ့သခင်က သူမဘွားရှိရာကို အပြေးရောက်သွားပြီ ဖြစ်သည်။

"ဘွား"

"မြေးလေး"

ရင်ဖွင့်ကြိုဆိုသူနှင့် ရင်ခွင်ထဲတိုးဝင်သူတို့ အပြန်အလှန်ပွေ့ဖက်နေချိန်မှာ နေညိုနှင့် မိခင်ဖြစ်သူ ဒေါ်တင်တင်တို့မှာ မျက်လုံးချင်း အမေးအဖြေ ပြုနေကြပါသည်။

"တိတ်...တိတ် အခုမှငိုမနေနဲ့၊ ကိုယ်က ကလေးမဟုတ်တော့ဘူး၊ အိမ်ထောင်သည်ဖြစ်နေပြီ၊ ဘာဖြစ်ကြတာလည်း ဘွားကို ပြော"

"ဒီလိုပါဘွား...သူက ကျွန်တော့်ကို..."

"မေ့ အိမ်ပြန်မယ် ဘွား"

"ဘွားကို...မောင်ပြောဦးမယ်လေ မေ့လေးရယ်"

"အို...ရှင်ဘာမှပြောစရာမလိုပါဘူး၊ မေ့ သူ့ကိုမုန်းတယ်သိဘွား၊ ဒါကြောင့် အိမ်ပြန်မှာ"





"မေ့ သွားချင်တိုင်း သွားလို့မရဘူး မေ့ကို မောင်ပိုင်တယ်၊ ပြီးတော့ မေ့ဟာ မောင့်ဇနီး"

"အို"

အားလုံးရှေ့မှာ မေ့မျက်နှာလေး ရဲခနဲ နီသွားသည်။ ရှက်လိုက်သည်မှာလည်း ပြောစရာမရှိ။ သူ့ကိုယ် ၃ သိပ်ပြီး မေ့ကို ပိုင်ဆိုင်ကြောင်း ကြွားချင်နေသည်။

"ရှင့်ကို အဲဒါတွေကြောင့် မေ့မုန်းတာ"

"မောင်ကတော့ မေ့ကိုချစ်တယ်"

"ဘွား"

"ကဲ...တော်ကြတော့ အခုချိန်ရောက်မှ ဘာမှပြောမနေကြနဲ့၊ မေ့ အိမ်ပြန်ချင်ရင် ပြန်ရုံပဲ ကားပေါ်တက်ကြ"

ဘွား၏အမိန့်ရသည်နှင့် မေ့က သူမကားပေါ် တက်လိုက်ရာ နေညိုကလည်း မေ့ဘေးနားကို တိုးဝှေ့ရောက်လာတာမို့ မေ့ကိုယ်ကြီးကို တွန်းထုတ်လိုက်သည်။

"ဒါဘာလုပ်တာလဲ၊ မေ့ကားပေါ်က အခုဆင်းပါ၊ ဆင်းလေ"

"မေ့နော်...မောင့်ကို ဘာလို့ ဖွတ်တွန်းထုတ်နေရတာလဲ၊ မေ့ အိမ်ပြန်မှတော့ မောင်လည်း အိမ်ပြန်ရမှာပေါ့"

"အို...ရှင့်ဘာသာ ကြိုက်တာနဲ့ပြန်၊ မေ့နားမှာမရှိရင် ပြီးတာပဲ"

"ဖြစ်မလား...မေ့ဆိုတာ မောင့်ဇနီးပဲ ခွဲနိုင်လို့ အလွယ်



www.burmeseclassic.com

www.burmeseclassic.com



တူနေချင်လို့ ဖွတ်ခိုးပြေးလာတာ၊ ရိုက်ချင်လည်းရိုက်၊ ထုချင်လည်း ထု၊ မေ့နားက မသွားနိုင်ဘူး''

''ရှင်…ရှင် နည်းနည်းမှ အရှက်မရှိဘူးလားဟင်၊ ဟိုမှာ ဘွားတို့လူကြီးတွေ ရှိနေတာသိရက်နဲ့''

''မေ့က မောင့်ကို ဖွတ်အတင်းနှင်ထုတ်နေမှတော့ ဒီလိုပဲ ဖြစ်ကုန်ရတာပေါ့ဗျာ၊ ဘွား …ကျွန်တော် မေ့နဲ့အတူ ဒီကားနဲ့ပဲ လိုက်ခဲ့မယ်နော်''

''ဘွား…မေ့ သူနဲ့အတူ မစီးချင်ဘူး၊ မေ့နားတိုမလာဖို့ ပြောပေးပါ''

ကားထဲမှာ သူတစ်ပြန် ကိုယ်တစ်ပြန် အရေးဆိုနေရာ လုနေသူနှစ်ဦးကို ကြည့်ပြီး ဘွားမှာ မျက်စိရောနားရော ရှုပ်လာပါသည်။ ဒေါ်တင်တင်ကိုယ်တိုင်ကလည်း သားနှင့်ချွေးမလေးကြား ဘယ်ဘက်က ဝင်ပါရမှန်းမသိ ဖြစ်နေသည်။

''ကဲ…တင်တင် သင်းတို့နှစ်ယောက် နှိပ်စက်လို့ ဒီနေရာက မရွှေ့ခင် မြန်မြန်သွားမှဖြစ်မယ်ထင်တယ်''

''သွားတော့ မောင်စိန်ရေ၊ ဘွားတို့ တင်တင်ကားနဲ့ လိုက်ခဲ့မယ်''

''ဟုတ်ကဲ့ပါ ဘွား''

''ရှူး''

''ဘွား…ဘွား''

''ဦးစိန်…ရပ်…ရပ်''





''မရပ်နဲ့ ဦးစိန်၊ မောင်း…မောင်း''

နေရာမှ ဝေါခနဲ ပြေးထွက်သွားသော ကားပေါ်မှာ မတည့်အတူနေသူနှစ်ယောက် ပါသွားပုံကိုကြည့်ပြီး လူကြီးနှစ်ယောက် တစ်ယောက်မျက်နှာကို တစ်ယောက် ကြည့်ရင်းပြုံးမိကြသည်။

မေ့ကတော့ လူကြီးတွေရှေ့မှာပင် အရှက်မရှိသည့် မျက်နှာဖြင့် ဖွတ်အတင်း မေ့နှင့်လိုက်ပါလာသူ၏ မျက်နှာကို ရှက်ဒေါသလေးများဖြင့် မကျေမနပ် မော့ကြည့်လိုက်သည်။

''ရှင့်ကိုမုန်းတယ်''

''မေ့ကိုချစ်တယ်''

''အို''

''ရှင်…ရှင်''

ပါးစပ်က ရိုးရိုးပြောတာ မဟုတ်။

ဒေါသဖြင့် နီမြန်းနေသော မေ့သခင်၏ ပါးမို့မို့တစ်ဖက်ကို ဖျတ်ခနဲ ခိုးနမ်းခံလိုက်ရတာမို့ ဦးစိန်ရှိရာသို့ မျက်လန့်တကြား ကြည့်ရင်း စိတ်ဆိုးဒေါသဖြစ်စွာ နေညို့ ဗိုက်ခေါက်ကို ခပ်နာနာ ဆွဲလိမ်ပစ်လိုက်ရာ အားခနဲအော်သံမှာ တိတ်ဆိတ်နေသော ကားထဲမှာ ကျယ်လောင်စွာ ထွက်ပေါ်လာရပါတော့သတည်း။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

"မေ့…သူ့ကို လက်မထပ်ချင်ဘူး ဘွား"

"အိုကွယ်…မဟုတ်တာ မြေးလေးရယ်၊ လူသိနတ်ကြား အားလုံး သိပြီးမှ ဖြစ်မလားကွဲ့၊ မြေးက မိန်းကလေး၊ ဘယ်သူနှစ် နှာမလည်း သေချာများ စဉ်းစားစမ်းပါဦး"

"မေ့ကို သူက ချစ်အနိုင်ကျင့် စိုလ်ကျတာတော့ ဘွားက မပြောဘူး"

ပြောရင်းက မေ့ ဝမ်းနည်းလာကာ ငိုလည်းငိုချင်နေမိ သည်။

"အဲဒါပြောတာပေါ့ကွဲ့၊ နှစ်နာစရာရှိ ကိုယ်ပဲနှစ်နာရမှာ၊ အခု မေ့က မောင်နေညိုကို မုန်းလို့ လက်မထပ်ချင်ဘူးပဲထားဦး မေ့က အရင်လို အပျိုစင်လေး ပြန်ဖြစ်လာမှာ မဟုတ်ဘူး"





ဘွားစကားကြောင့် မေ့သခင် ပါးလေးငေး ရဲခနဲဖြစ်သွား သည်။ ဘွားပြောတာ မှန်နေသည်ဆိုတော့ ဘာတစ်ခု ပြန်မပြောရဲ၊ ခေါင်းငုံ့ပြီး မျက်ရည်ပေါက်ပေါက် ကျနေမိသည်။

"ဘာပဲဖြစ်ဖြစ် မောင်နေညိုက မေ့ကို တကယ့်မေတ္တာစစ် နဲ့ ချစ်တာကွဲ၊ သိတယ်၊ တခြားဘာမှ လျှောက်တွေးမနေနဲ့၊ ဘွား စကားကို မြေးလေး နားထောင် ဟုတ်လား"

"စိတ်ချပါကွယ်၊ ဘွားမြေးလေး ကံကောင်းမှာပါ"

"ကဲ…ကဲ ဘွားသွားမယ်၊ စိတ်ကို အေးအေးထား ဟုတ် ပြီလား"

ဘွားက မေ့သခင်ကို ချော့မော့နှစ်သိမ့်ပြီး ထွက်သွား သည်နှင့် ခေါင်းဦးလေးမှာ မျက်နှာအပ်ပြီး မေ့သခင် ငိုချလိုက် သည်။ နောက်ဆုံးတော့ မေ့ မုန်းသည့်လူနှင့် လက်ထပ်ရမည်။

ဘွားနှင့် မေ့ယောက္ခမကြီးမှာ သားဖြစ်သူနှင့် မြေးအတွက် မို့ ပြာနေကြသည်။ အားလုံး အကောင်းဆုံးဖြစ်အောင် ကြိုးစားနေ ကြသည်။

သတို့သမီးဝတ်စုံ၊ ညည့်ခံပွဲဝတ်စုံ မင်္ဂလာအခမ်းအနား အပြင်အဆင်၊ မိတ်ကပ် တိုင်ပင်စီစဉ်၍မဆုံးနိုင်သလောက် မေ့ တစ်ယောက် သူမအခန်းထဲက မထွက်ပါ။ တစ်ရက်မတွေ့ရရင် မနေနိုင်ပါ၊ တစ်နာရီလေးမှ ခွဲမနေနိုင်ပါဆိုသူကို လုံးဝအတွေ့မခံ။

လူရိပ်ပင် မမြင်အောင် နေပစ်လိုက်ရာ အိမ်မြောင်အမြီး ပြတ်သလို နေမထိထိုင်မသာ ဖြစ်နေရသူက နေညိုဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မမြင်ရလေ တွေ့ချင်လေ။ အသံလေးပင်မကြားရ သူမြင်ချင်တွေ့ချင်မှန်းသိရက်နှင့် မေ့က တမင်ပုန်းကွယ်နေသည်။

အခန်းထဲက အပြင်ကိုမထွက်။ ထမင်းစားတာပင် သူမအခန်းထဲမှာ။ လူအလစ်ကို ချောင်းပြီး မေ့နှင့်နှစ်ယောက်ထဲ တွေ့နိုင်အောင် ကြိုးစားနေပေမယ့် လူကြီးတွေရှေ့မှာတော့ ဘာမှမဖြစ်သလို ခပ်တည်တည်နေနေပါသည်။

ရင်ထဲမှာတော့ မေ့ကိုချစ်သည့်စိတ်၊ လွမ်းဆွတ်တမ်းတရသည့်စိတ်တွေကို မနည်းမျိုသိပ်ချုပ်တည်းနေရသည်။

မင်္ဂလာပွဲက ရက်ပိုင်းပဲ လိုတော့သည်။ မေ့က သူ့ကိုရှောင်ပုန်းနေပေမယ့် တစ်သက်လုံး အတူနေကြရမည့်သူတွေဆိုတာပြန်တွေးမိတိုင်း နေညိုရင်မှာ သိမ့်ခနဲ နွေးထွေးဖိုလှိုက်သွားသည်။

မေ့သခင်ရဲ့ အမုန်းစကားတွေကို သူမနာကျင်နိုင်။ နေညိုကိုယ်တိုင် ရမ့် ခွင့်မလွှတ်ချင်အောင် အမှားတွေ တစ်ခုပြီးတစ်ခုလုပ်နေမှတော့ မေ့ခမျာလည်း စိတ်ဆိုးဒေါသဖြစ်ပေလိမ့်မည်။ မေ့သခင်ဆိုတဲ့ မောင့်ရဲ့ ချစ်ရသူရယ်။ မင်းလေးကို မောင်သိပ်ချစ်ရတယ်ဆိုတာ ယုံကြည်စိတ်ချစမ်းပါဗျာ။ မေ့ကို တစ်သက်လုံးပျော်ရွှင်အောင်ထားမှာပါ။

"သားရေ"

"ဗျာ"

"လက်ထပ်ပြီးရင် ဘယ်ကို ဟန်းနီးမွန်းထွက်ကြမယ်စိတ်ကူးလဲ၊ မေ့နဲ့ ဆွေးနွေးပြီးပြီလား"





"မေ့က ကျွန်တော့်ကို အတွေ့မခံဘူး မေမေ"

"အင်း...ဖြစ်ရမယ်၊ ဒီပုံအတိုင်းဆို မေမေကိုယ်တိုင်သားကို မေ့သခင်အခန်းထဲ ပို့ပေးရမလိုဖြစ်နေပြီ"

"ဟေး"

"ရှူး...ဘာလို့အော်ရတာလဲ၊ တော်ကြာ ဘွား ကြားသွားဦးမယ်"

"ပျော်လို့ပါမေရာ...မေ့ကို သိပ်လွမ်းနေတာပျ"

"ပိုလိုက်တာ နေညိုရယ်၊ တစ်အိမ်တည်း အတူနေတာတောင် လွမ်းနေရသေးလား"

"မေမေ မသိပါဘူးဗျာ၊ ကျွန်တော်ချစ်သလောက် မေ့ကကျွန်တော့်ကို ချစ်တာမဟုတ်ဘူး"

ရင်ထဲက ခံစားချက်တစ်ပိုင်းတစ်စကို မိခင်ဖြစ်သူကိုရင်ဖွင့်မိသည်။ မေ့ရင်ထဲမှာ စစ်နဒီဆိုတဲ့လူ ရှိနေသည်ဟု တွေးမိတိုင်း နေညိုရင်ထဲမှာ နာနေသည်။

"အဲဒါကတော့ သားက ဆိုးတာကိုး"

"မဆိုးလို့မဖြစ်ဘူး မေမေရေ၊ ဒီလိုမှ ဖွတ်မကြဲရင် အခုလောက်ဆို အမေ့ချွေးမလည်း သူများနောက်ပါသွားလောက်ပြီ"

"ဘယ်လို...မေ့သခင်မှာ ချစ်သူရှိတယ်ပေါ့ ဟုတ်လားသား"

သူများချစ်သူကို လုယူလာသလားဆိုသည့် အတွေးဖြင့်သားဖြစ်သူကို သဘောမကျသလို ကြည့်လာသည့် မေမေ့အကြည့်



www.burmeseclassic.com

www.burmeseclassic.com



များကို နေညို နားလည်ပါသည်။

မတရားမှုကို မေမေ မကြိုက်သလို နေညိုလည်း မကြိုက်ပါ။ သို့သော်လည်း အချစ်နဲ့စစ်မှာ ဒါတွေမရှိ။

"မေ့မှာ ချစ်သူမရှိပါဘူး၊ ဒါပေမယ့် မေ့နောက်လိုက်နေတဲ့လူတွေတော့ ရှိတယ်၊ အဲဒီထဲက စစ်နဒီဆိုတဲ့လူကို မေ့က အခွင့်အရေး သိပ်ပေးနေလို့ အဆုံးရှုံးမခံချင်တာနဲ့ ဖွတ်ခိုးပြေးတာ"

"အေး…အဲဒါကြောင့်လည်း မေ့က မင်းလိုလူဆိုးကို မုန်းတာ"

"ကျွန်တော်ချစ်တာကိုတော့ မေမေက မပြောဘူး"

မိခင်ဖြစ်သူက နွဲ့ဆိုးဆိုးသော သားဖြစ်သူကို အမေက ခွင့်လွှတ်အလိုလိုက်နိုင်ပေမယ့် မေ့သခင်က သူ့ကို ခွင့်လွှတ်ချင်မှလည်း ခွင့်လွှတ်ပေလိမ့်မည်။ သို့ပါသော်လည်း မိန်းမသားသဘာဝ နှလုံးသားက နုနယ်ပျော့ပျောင်းကြသူတွေ ဖြစ်သည့်အတိုင်း နှုတ်ခမ်းဖျားက အမုန်းစကားနှင့် ဆန့်ကျင်ဘက် နှလုံးသား၏ တစ်ထောင့်တစ်နေရာမှာတော့ သားဖြစ်သူကို ချစ်ကောင်းချစ်နေနိုင်ပါလိမ့်မည်။

မေ့သခင်ကို ကြည့်ရသည်မှာလည်း ဤပုံစံအတိုင်း ဖြစ်ပါသည်။ အချစ်သည်းသော လူဆိုးလေးမို့ မေ့ခမျာ စိတ်ဆိုးဆိုးနှင့် အပြစ်ဒဏ်ခတ်ထားဟန် တူပါသည်။

တကယ်တော့ နေညိုဆိုတာ တစ်ဖွတ်ထိုးလေးဆိုပေမယ့် သဘောမနောကောင်းသူတစ်ယောက် ဖြစ်ရုံမက မေ့သခင်ကို





သိပ်ချစ်သူဆိုတာတော့ မေ့သခင်အနေဖြင့် အသိအမှတ်မပြုဘဲ နေနိုင်ခဲ့သည်မဟုတ်ဟု ထင်ပါသည်။

"သားချစ်တာကို မေမေသိပါတယ် ဉယ်၊ မေမေမှ မဟုတ်ပါဘူးလေ ဘွားရော၊ မေ့ရော အားလုံးသိကြပါတယ်"

"မေ့ရော သိတယ်ဟုတ်လား မေမေ"

"ဒါပေါ့ မေမေသိပါတယ်ကွယ်၊ သားကို စိတ်ဆိုးလို့ မေ့က အပြစ်ပေးတာပါ၊ မေ့လေးက သားကို တကယ်မမုန်းပါဘူး"

"ကျွန်တော်လည်း အဲဒီလိုပဲ ယုံကြည်နေပါတယ်ဗျာ၊ ကျွန်တော့်ကို မေ့အခန်းကို အခုပဲ လိုက်ပို့ပေးပါနော်၊ မေမေနော်"

ကလေးဆိုးကြီးလို သူဖြစ်ချင်တာကို ပြောနေသော သားဖြစ်သူကိုကြည့်ပြီး ဒေါ်တင်တင် ပြုံးလိုက်သည်။

"ဪ…သား…သား အခုတော့လည်း တကယ်ချစ်ဘတ်သွားခဲ့ပြီပဲ၊ ကဲ…လာ…လာ မေမေနဲ့လိုက်ခဲ့"

ခြေလှမ်းတိုင်းမှာ ရင်ခုန်နေရသူက နေညိုဖြစ်ပါသည်။ ခမ်းမေ့နောက်က အတူလိုက်လာရင်း မေ့သခင်အခန်းနား အရောက်မှာ သူ့ကိုမြင်သည်နှင့် ခက်ထန်တင်းမာသွားမည့် မေ့ရုပ်သွင်လေးကို ကြိုတင်မြင်ယောက်လျက် ပြုံးရယ်လိုက်မိသည်။

"ဒေါက်…ဒေါက်"

"မေ့ရေ…သမီးလေး အိပ်နေပြီလားကွယ်"

"ဘယ်သူလဲ အန်တီလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်၊ အန်တီပါကွယ်၊ သမီးကို စကားလေး ပြောစရာရှိလို့ပါ"

"ဟုတ်ကဲ့…လာပါပြီ အန်တီ"

စားပွဲပေါ်က နာရီလေးကို မေ့ကမန်းကတန်း လှမ်းကြည့်လိုက်ပြီး သူမကိုယ်ပေါ်က ဂါဝန်ဖြူလေးကို သေသပ်အောင် ပြုပြင်ကာ အခန်းတံခါးရှိရာသို့ လျှောက်ခဲ့လိုက်သည်။

ညကြီးမိုးချုပ် မေ့ကို ဘာတွေများ လာပြောဦးမလို့ပါလိမ့် ဟုလည်း တွေးလိုက်မိသည်။ နေညိုမိခင်ကြီးက မေ့သခင်ကို သိပ်ချစ်တာ မေ့သိပါသည်။ မေ့ကလည်း ထိုအန်တီကြီးကို မမုန်းပါ။

မာမီ၏ အချစ်ဆုံးသူငယ်ချင်းဆို၍ ပိုလို့ပင် ခင်မင်မိပါသေးသည်။ နေညိုတစ်ယောက်တည်းကိုသာ မုန်းခြင်းဖြစ်ရာ အန်တီ ဒေါ်တင်တင်နှင့် စကားပြောလျှင် မေ့သခင်မျက်နှာလေးမှာ ပြုံးနေတတ်သည့်အတိုင်း အခန်းတံခါးလေးကို ဖျတ်ခနဲ ဆွဲဖွင့်လိုက်သည်။

"အထဲဝင်ထိုင်ဦးမလား အန်တီ"

"မဝင်တော့ပါဘူးကွယ်၊ ဟောဒီမှာ သားက သမီးနဲ့တွေ့ပြီး စကားပြောချင်တာ သူတစ်ယောက်ထဲဆို သမီးလေးက စိတ်ဆိုးပြီး တံခါးမဖွင့်ပေးမှာစိုးတာနဲ့ အန်တီ့ကို ခွတ်ပူဆာလို့ အမေကိုယ်တိုင် လိုက်ပို့ရတာကွယ်"

"သားရေ…လာလေကွယ်"

"မေ့"





"ဟင်"

"ကဲ…ကဲ တိုင်ပင်စရာရှိတယ်ဆိုတာ လင်မယားနှစ်ယောက် တိုင်ပင်ကြ၊ အန်တီသွားတော့မယ်နော် သမီး"

"ဟုတ်ကဲ့"

ဒေါ်တင်တင်ရှေ့မှာ မကောင်းတတ်၍ ဘာတစ်ခုမှ မပြောဘဲ ငြိမ်နေသော မေ့သခင်မှာ ဒေါ်တင်တင် ပျောက်ကွယ်သွားသည်နှင့် ဘာစကားတစ်ခွန်းမှမဆိုဘဲ နေညိုမျက်နှာကို ခပ်တည်တည်လေး တစ်ချက်စူးစိုက်ကြည့်လိုက်ပြီး သူမအိပ်ခန်းတံခါးကို တအားဆွဲပိတ်ပစ်လိုက်သည်နှင့်…

"မေ့"

"အို…ရှင် ဒါဘာလုပ်တာလဲ၊ မေ့အခန်းထဲက အခုထွက်သွားပါ"

မေ့အကြံကို ကြိုသိထားသည့် နေညိုက အိပ်ခန်းတံခါးကို သူ့အားကြီးနဲ့ ဆွဲထားရုံမက လူတစ်ကိုယ်လုံး မေ့အခန်းထဲ ရောက်လာရာ မေ့သခင်မှာ မိခင်ဖြစ်သူပင် မနေရအောင် ကြံဖန်ပြီး သူမရှိရာ ရောက်လာသူကို မုန်းမုန်းဖြင့် နှင်ထုတ်နေမိပေမယ့် မရပါ။

သူက မေ့ပြောတာကို မကြားသလိုပင် မေ့အခန်းတံခါးလေးကို ပိတ်ပစ်လိုက်ရာ မေ့မှာ ဘာလုပ်ရမှန်းမသိဘဲ ဖြစ်သွားပါသည်။

"ရှင့် … မေ့နားကို မလာနဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com



“မလာရဘူး ဟုတ်လား၊ ဒါဖြင့် မောင်က ဘယ်ကိုသွားရမှာလဲ”

“ရှင့်ဘာသာ သွားချင်တဲ့နေရာကို သွားပေါ့ရှင့်”

နုးညံ့ရှန်းလဲ့နေသော သူ့မျက်ဝန်းအကြည့်တွေကို ရင်မဆိုင်ဒိအောင် ရှောင်လွှဲရင်း မေ့ဆိုလိုက်သည်။

“မောင်သွားချင်တဲ့နေရာက မေ့ဆီကိုပဲ၊ ဒါကြောင့် မေမေ့ကို လိုက်ပို့ခိုင်းတာ မေ့တွေ့တယ်မဟုတ်လား”

“အန်တီ့ကို အားနာလို့ မေ့ငြိမ်နေတာကို ရှင့်စိတ်ထဲ ဘယ်လိုထင်နေလဲဟင်”

“ဘယ်လိုမှမထင်ပါဘူး၊ မေ့ဟာ မောင်ချစ်တဲ့သူလို့ပဲ ထင်ပါတယ်”

“ရှင်…ရှင်”

“မောင်လို့ ခေါ်ပါလား မေ့ရယ်၊ လူကိုတွေ့တိုင်း တရှင်ရှင်နဲ့ စိမ်းကားလွန်းပါတယ်၊ မင်္ဂလာပွဲနေ့ကြရင် အဲဒီလိုကြီးပဲခေါ်နေရင် လူကြားထဲမှာ ရှက်စရာပဲဗျာ”

နေညိုက ခေသခင် အိပ်ခန်းလေးကို လှည့်ပတ်ကြည့်ရင်း ဆိုလိုက်ခြင်းဖြစ်သည်။ အပျိုစင်၏ အိပ်ခန်းထဲကို ပထမဆုံးရောက်ဖူးခြင်းမို့ အဖြူရောင်များ လွှမ်းခြုံထားသည့် အိပ်ခန်းလေးမှာ သူ့သခင်နှယ် အပြိုင်လုနေတာကို မအံ့သြမချီးမွမ်းဘဲ မနေနိုင်ပါ။

“ဒီမှာ…ရှင် မေ့ကို ဘာပြောချင်လဲ၊ ပြောစရာရှိတာ ပြောပြီးရင် မြန်မြန်ပြန်ပါ”





“မေ့ကိုချစ်တယ်”

“အဲဒါဘာဖြစ်လဲ”

မေ့ပုံစံလေးက ခပ်တည်တည်။ ညဝတ်စုံဖြူလေးနှင့် မေ့ကို တစ်ချက်စူးစိုက်ကြည့်လိုက်ပြီး သူဆက်ပြောလိုက်သည်။

“မေ့ရော…မောင့်ကိုမလွမ်းဘူးလားဗျာ၊ တကယ်ပဲ မေ့နှလုံးသားတွေက မောင့်အပေါ်မှာ မာကျောအေးစက်နိုင်ပြီလား”

“ရှင်ကြိုက်သလိုထင်ပေါ့”

“မေ့”

မေ့ မထူးပါ။

“စစ်နုဒီဆိုတဲ့လူကြောင့် မောင့်ကို ဒီလောက်မုန်းနေတာလား၊ မေ့ တကယ်ချစ်တာ အဲဒီကောင်လား”

လုံးဝမျှော်လင့်မထားသော စကားကြောင့် ဒေါသမျက်ဝန်းလေးများဖြင့် နေညိုမျက်နှာကို စူးစိုက်ကြည့်လိုက်သည်။ မေ့အပေါ်မှာ တစ်ခုပြီးတစ်ခု အမှားတွေ လွှန်ကျူးထားသော ကိုယ့်အပြစ်ကိုယ်မမြင်ဘဲ မဆိုင်သည့်လူအကြောင်းတွေ လျှောက်ပြောနေသည်။

“စစ်နုဒီကြောင့်ဆိုရင် ရှင်ဘာလုပ်မလဲ”

“သတ်ပစ်မယ်”

“ဟင်”

“မေ့ကိုပြောတာမဟုတ်ဘူး၊ ဟိုကောင့်ကိုပြောတာ၊ အရင်တုန်းက အဲဒီကောင်ကို ချစ်လို့လည်း ဘာမှမဖြစ်ဘူး၊ အခု မေ့မှာက မောင်တစ်ယောက်လုံး ရှိနေပြီဆိုမှတော့ မောင့်ရင်ခွင်ထဲကနေပြီး



www.burmeseclassic.com

www.burmeseclassic.com



ဗာခြားယောက်ျားတစ်ယောက်ကို သတိရတာမ်းတနေရင် အိမ်ထောင်ရှိ မိန်းမတစ်ယောက်အနေနဲ့ မေ့ ဘယ်လောက်ရဲရောက်မယ်ထင်လဲ''

''အပိုတွေ လာပြောမနေပါနဲ့၊ မေ့ အခန်းထဲက အခုပဲ ထွက်သွားပါ''

''ကောင်းပြီလေ…အပိုတွေမပြောဘူး၊ လိုရင်းပဲပြောမယ်၊ မေ့ကိုချစ်တယ်၊ သိပ်လွမ်းတယ်၊ လုံးဝခွဲမနေနိုင်ဘူး''

''မေ့ကြောင့် မောင်ဘယ်လောက် ခံစားနေရတယ်ဆိုတာ မေ့ သိရဲ့လားဟင်''

''မသိဘူး…မေ့ကိုလာမပြောနဲ့''

''ပြောမယ်…မေ့ကို သိပ်ချစ်တယ်''

''ချစ်တယ်''

''အို''

လွမ်းခဲ့ရသမျှ အတိုးချအလွမ်းတွေက မဆုံးနိုင်တော့ဟု ထင်ရသည်။ အမုန်းစကားလုံးများကို အချစ်လှိုင်းကြမ်းများက အနိုင်ယူသွားသည်။

အချစ်သည် လှပသော ကမ္ဘာမြေတစ်ခုကို ဖြစ်တည်လာစေခဲ့သည်။ ရောင်စုံအချစ်ပန်းခင်းကြီးထဲမှာ မွေးရနံ့ ပျံ့သင်းသွားသည်။ လှပသော မေ့သခင်မျက်နှာလေးအနှံ့ အချစ်အမှတ်တံဆိပ်များ ပြည့်သွားသလို ချစ်သူရင်ခွင်မှာ မေ့တစ်ယောက် စကားဆိုရန် အခွင့်တို့ ပျောက်ဆုံးခဲ့ရသည်။





နောက်ဆုံးတော့ နေညို့ရင်ခွင်ကြီးကို မေ့သခင် လက်သီးဆုပ်ကလေးများဖြင့် ထုရိုက်ဂုဏ်ပြုပါသည်။

''ချစ်လိုက်ရတာ မေ့ရယ်၊ မောင့်ဘိချစ်တယ်နော်''

''ဟင့်အင်း''

တိုးဝှေ့ရှိုက်နမ်းလာသော နေညိုဦးခေါင်းကို တွန်းဖယ်ရင်း မေ့ဦးခေါင်းလေးကို ဘယ်ညာခါယမ်းလိုက်သည်။

''ဒါဖြင့် မဖြစ်ဘူးပေါ့ဟုတ်လား''

''သိဘူး''

''ဒါဖြင့် ချစ်တယ်ပေါ့''

''မုန်းတယ်''

''အဟွန်း…ဟွန်း…ဟွန်း''

''မောင့်ရဲ့ မေ့သခင်လေးရယ်''

မြတ်နိုးကြည်မွေ့စွာ သူရယ်လိုက်တော့ ရှက်ရွံ့ရင်ခုန်စွာ နေညို့ ရင်ခွင်ကျယ်ကြီးထဲမှာ ခေါင်းလေးဝှက်ထားလိုက်မိသူက မေ့ကိုယ်တိုင်ပါ။

အချစ်လူဆိုးကြောင့် မေ့တွင်ရှိနေသော အမုန်းတံတိုင်းကြီး လဲပြိုခဲ့ရပြီးနောက် မေ့သခင်ကိုယ်တိုင် နေညို့ကို ချစ်မိပါပြီ ဝန်ခံချင်ပါသည်။ မချစ်လို့လည်းမရတော့ နေညိုဆိုသည့်လူက မချစ်တတ်သေးသည့် မေ့နှလုံးသားကို ချစ်တတ်လာအောင် သူ့အချစ်များဖြင့် ညှို့ငင်သင်ကြားပေးခဲ့သူဖြစ်သည်။

''မေ့''



www.burmeseclassic.com

www.burmeseclassic.com



''အင်''

''ချစ်တယ်နော်''

''အင်း''

''ပါးစပ်ကပြော''

''ဘယ်သူ့ကိုလဲ''

''မောင့်ကို''

''ကျေးဇူးတင်ပါတယ် မောင့်အသက်ရယ်''

နူညက်သော ပါးပြင်ကို ညင်သာစွာ ငုံ့မွှေးရှိုက်နမ်းလိုက်လျှင် ရှက်အမ်းသော မျက်နှာလေးဖြင့် သူ့ရင်ခွင်ထဲ တိုးဝင်လာသူလေးကို မြတ်နိုးစွာ တင်းတင်းကျပ်ကျပ်လေး ပိုက်ထွေးဂုဏ်ပြုလိုက်ရပါတော့သတည်း။





## အခန်း (၁၉)

ညင်သာသော ကျေးငှက်တွန်ကျူးသံနှင့်အတူ နုထွေးသော နေရောင်ခြည်တို့ ဖြာကျလာသည်နှင့် ကစ်ပြိုင်နက် မေ့၏ မည်းနက်ကော့ညွတ်စွာ စေ့ပိတ်ထားသော မျက်ဝန်းအစုံမှာလည်း ဖျတ်ခနဲ ပွင့်လာသည်။

ထိုအခါ သူမတစ်ကိုယ်လုံးကို တင်းကျပ်စွာ နှောင်ဖွဲ့ခံထားရသည့်အဖြစ်ကို သတိပြုမိသွားရကာ သူမ့်ရင်ခွင်ထဲတွင် နှစ်ခြိုက်စွာ အိပ်ပျော်နေသူ၏ မျက်နှာချောချောကို အသာငုံ့ကြည့်လိုက်ရာ နက်မှောင်သော ဆံပင်များကြားမှ ယောကျ်ားပီသလှသော ခင်ပွန်းသည်၏ မျက်နှာတစ်ပိုင်းတစ်စကိုသာ တွေ့ရလေသည်။

မေ့သခင်နှင့် နေညိုတို့၏ မင်္ဂလာပွဲကို ခမ်းနားကြီးကျယ်စွာ ဘွားတို့စိတ်ကြိုက် ကျင်းပပြီးနောက် ဟန်းနီးမွန်းခရီးအဖြစ်



www.burmeseclassic.com

www.burmeseclassic.com



မြန်မာပြည်အနှံ့ ခရီးထွက်လာခြင်းဖြစ်သည်။

ပျော်လိုက်ကြသည်မှာ ပြောစရာမရှိ။ တစ်ကမ္ဘာလုံးရှိ လူသားအားလုံးပင် မေ့တို့လောက် ပျော်ကြရပါမည်လားဟု ထင်သည့်အထိဖြစ်သည်။ ချစ်မိတော့လည်း အရူးအမူး အသည်းအသန်။ နောက်ထပ်ချစ်စရာတောင် ကျန်ပါတော့မည်လား ထင်ရသည့်အထိ ကဲကြသည်းကြသည့်အဖြစ်ကို ပြန်တွေးမိတော့ မောင့်မျက်နှာကို ရဲရဲပင်မကြည့်ဝံ့။

ကြည်နူးချမ်းမြေ့ ပျော်ရွှင်ခြင်းဆိုသည်ကမူ ဆိုဖွယ်ရာမရှိ။ အထူးသဖြင့် မေ့လှုပ်ရှားမှုတိုင်းကို အရိပ်တကြည့်ကြည့် မြတ်နိုး နှစ်သက်စွာ ချစ်မဝနိုင်ဘဲ ရှိနေသော မောင့်အချစ်များက မေ့သခင် စိတ်ကို အထူးပင် ဆွဲဆောင်မှုပေးနိုင်သော အရာဖြစ်သည်။

တဖွတ်ထိုးစိတ်ကလေး ရှိသည်မှလွဲ၍ မောင့်အပြုအမူ တိုင်းက မေ့အတွက် နူးညံ့သိမ်မွေ့လွန်းလှသည်။ နှစ်ခြိုက်စွာ အိပ်ပျော်နေသော မောင့်ကို မေ စနောက်ချင်လာသည့်အတွက် မောင့်မျက်နှာချောချောကို ဆံပင်အဖျားစလေးများဖြင့် တို့ထိဆော့ ကစားလိုက်သည်။

''အင်း''

''အဟင်း...ဟင်း...ဟင်း''

အသံရှည်တစ်ချက် ညည်းတွားပြီး ဆက်လက်အိပ်ပျော် နေသော နေညိုကိုကြည့်ပြီး မေ့သခင် သဘောကျစွာ ရယ်လိုက် သည်။





''အိပ်ပုတ်ကြီး ထတော့လေ''

နေညိုက မလှုပ်။

ညဉ့်နက်မှ အိပ်ရာဝင်သဖြင့် အိပ်ရေးဝပုံမရ။ အိပ်ရာမှ လျှောဆင်းပြီး ရေချိုးခန်းထဲ ဝင်ခဲ့လိုက်သည်။ ရေနွေးပိုက်ရော၊ ရေအေးပိုက်ရော ရှိသဖြင့် တစ်ခါတည်း ရေချိုးလိုက်သည်။

မှန်တင်ခုံမှာထိုင်ပြီး နှစ်ခြိုက်စွာ အိပ်ပျော်နေသော နေညို မျက်နှာကို တစိမ့်စိမ့်ကြည့်နေမိသည်။ စိတ်တူ၊ အကြိုက်တူနှစ်ယောက် စတွေ့ကြပုံကို တွေးမိတော့ မေ့သခင် နှုတ်ခမ်းအစုံ ပြုံးသွားသည်။

နှစ်ယောက်စလုံး တစ်ယောက်ကိုတစ်ယောက် လူစားထိုး ပြီး လိမ်ညာဟန်ဆောင်မိကြတာခြင်း အတူတူ မေ့သခင်က နေညို ကို ခွင့်မလွှတ်နိုင်အောင် မုန်းပစ်လိုက်သည်အထိ ဒဏ်ပေးမိသည်။

ထိုအချိန်တုန်းကတော့ တစ်ယောက်ကိုတစ်ယောက် မခံချင်စိတ်နှင့် နာကျင်အောင် အရွဲ့တိုက်ချင်ခဲ့တာပဲ သိသည်။ မေ့သခင်ကို သူ့သဘောနှင့်သူ ဖွတ်ခိုးယူသွားတော့ ပိုဆိုးသည်။

အခုတော့ သူ့အချစ်တွေက မေ့သခင်ကို ယုံကြည်မှုတွေ နှင့် ခွန်အားတွေ ပေးအပ်ခဲ့တာ မေ့သခင်ကိုယ်တိုင်လည်း သူ့အပေါ် မှာ ချစ်ခင်မြတ်နိုးအားကိုးတွယ်တာမိပါပြီ။

''မောင်''

''အင်း''

မျက်လုံးမဖွင့်ဘဲ လက်နှစ်ဖက်ဆန့်တန်းလာသော မောင့်ပုံစံကိုကြည့်ပြီး မေ့ပြုံးလျက် မောင့်လက်နှစ်ဖက်ကို ဆွဲယူ



www.burmeseclassic.com

www.burmeseclassic.com



လိုက်တော့ အလိုက်သင့်ပါလာသလိုနှင့် မေ့သခင်ကိုယ်လေးကို ဖျတ်ခနဲ ဆွဲယူလျက် ရင်ချင်းအပ်ပစ်လိုက်၏။

"အမလေး"

"အား…မွှေးလိုက်တာဗျာ"

မေ့သခင်ပါးလေးကို မညှာမတာ နမ်းရင်း ဆိုလိုက်ရာ မောင်လှုလည်ကျပုံကို စိတ်ဆိုးဆိုးဖြင့် လက်သီးဆုပ်ကလေးများနှင့် ထုရိုက်မိ၏။

"မောင် သိပ်ဆိုးတယ်သိလား၊ ဒီမှာ အလှပြင်ထားတာ တွေ ဖျက်ကုန်ပြီ"

"ပျက်ကုန်ရင် ပြန်လျော်ပေးမှာပေါ့ဗျာ၊ ခဏလေးစောင့် ရေချိုးပြီး ပြန်ထွက်လာခဲ့မယ်သိလား"

လက်သီးဆုပ်လေးကို တစ်ချက်ရှိုက်နမ်းပြီး ရေချိုးခန်း ထဲ ဝင်သွားသူကို မျက်စောင်းရွယ်လိုက်မိသည်။ ထို့နောက် အိပ်ရာ ကို သေသပ်အောင် ပြုပြင်ပြီး မှန်တင်ခုံရှေ့မှာ ပြန်အလှပြင်နေသည့် အခိုက်မှာ ဖုန်းမြည်လာသည်။

"ဟဲလို"

"အိပ်ရာက နိုးပြီလားဟေ့"

"ဘွား"

"အေး…အဆင်သင့်ဖြစ်ရင် ဆင်းခဲ့တော့၊ အောက်မှာ အပြင်သွားဖို့ အားလုံးအသင့်ဖြစ်နေပြီ"

"ဟုတ်ကဲ့ပါဘွား၊ အခုပဲ ဆင်းလာခဲ့ပါမယ်"





ဖုန်းချပြီးချိန်မှာ ရေချိုးခန်းထဲက နေညို ထွက်လာသည်။

"ဘွားလား"

"အားလုံးအောက်မှာ အသင့်ဖြစ်နေပြီ ဆင်းခဲ့တော့တဲ့၊ ရော့…ရော့ ဒီမှာအဝတ်အမြန်လဲပါ၊ လူကြီးတွေက လူငယ်တွေကို ပြန်စောင့်နေရတယ်ဆိုကတည်းက အားနာစရာကောင်းရယ်"

"ပြီးပါပြီ မိန်းမရဲ့၊ လာ…လာ သွားကြမယ်"

အခန်းတံခါးကို ကမန်းကတန်းပိတ်ပြီး အောက်ထပ်ကို ဆင်းခဲ့တော့ နေညိုမှာမီ၊ ဘွား၊ ဒေါ်ငြိမ်း၊ မိသေးနှင့် ဒရိုင်ဘာ ဦးစိန်၊ စံသိန်းတို့အားလုံး အပြုံးတစ်ဝေဝေဖြင့် ဆီးကြိုနှုတ်ဆက် ရပ်ထားသောကားတွေပေါ် တက်ကြသည်။

နေညိုတို့ ဟန်းနီးမွန်းခရီးနှင့်အတူ အားလုံးလိုက်ပါလာပြီး မို့ ဘယ်နေရာကိုပဲသွားသွား ပျော်ပျော်ပါးပါးရှိလှသည်။

အထူးသဖြင့် မိသေးနှင့် စံသိန်းတို့နှစ်ယောက်က အပျော် ဆုံးဖြစ်သည်။ နေညိုတို့ထက်ပင် ပိုပျော်နေသလို ထင်ရသည်။ ဘွားစိတ်ကြိုက်ဆိုင်မှာ နံနက်စာစားပြီး တစ်နေကုန် လည်ကြ ပတ်ကြသည်။

ကလော၊ အောင်ပန်း၊ တောင်ကြီး၊ အင်းလေး၊ ပင်းတယ ကုန်ပြီ။ ဒါပြီးရင် ပြန်ကြရ။ နေရာလည်းနှံ့ပြီ၊ ဓါတ်ပုံတွေက ဗီဒီယိုကင်မရာမှတ်တမ်းတွေက အပြည့်။ အစားအသောက်ကြတော့ လည်း ဟိုတယ်စာရော တခြားနာမည်ကြီးဆိုင်ရော၊ နာမည်မကြီး သေးသည့် ဆိုင်ရော ရိုးရာအစားအစာတွေ စုံအောင်စားဖြစ်ကြ

www.burmeseclassic.com



သည်။

"ပျော်ရဲ့လားမေ့"

"မောင်ရော"

"သိပ်ပျော်"

"မေ့လည်းအတူတူပေါ့"

"လှဆိုးမလေး"

နေညိုက မေ့သခင်ပါးလေးကို ခပ်ဖွဖွ ငုံ့နမ်းရှင်းရယ်သည်။

"မောင်နော်…မေ့ကိုများ လှဆိုးမလေးတဲ့၊ မကြိုက်ပါဘူး မောင်က တကယ်လှဆိုးရှင့် သိလား"

"ဟုတ်ပါတယ်ဗျာ…ဟုတ်ပါတယ်၊ မေ့ကို လှဆိုးမလေးလို့ပြောတာကလည်း ချစ်စနိုးနဲ့ ပြောတာပါဗျာ၊ မေ့က မောင့်အရင်မေးတာကို မဖြေဘဲ မောင့်ကို ပြန်မေးလို့လေ"

"အဟင်း…ဟင်း…ဟင်း"

"တွေ့လား…မောင့်ကို လှလည်းပြန်ကြလိုက်ရလို့ မေ့ပျော်နေပြီ"

"ဒါပေါ့"

"မောင်က မေ့ကိုချည်းမေးနေတာကိုးလို့၊ ဒီတော့ မေ့ကလည်း မောင့်ကိုပြန်မေးတာပေါ့"

"ကျေပြီနော်"

"အင်း"





"အဟင်း…ဟင်း…ဟင်း"

"အဟွန်း…ဟွန်း…ဟွန်း"

နှစ်ယောက်အတူ ကြည်နူးပျော်ရွှင်စွာ ရယ်မောနေကြပုံကို ဘွားတို့လူကြီးတွေလည်း စိတ်ချမ်းမြေ့စွာ ပြုံးနေကြပါသည်။

"အင်း…ဒီလိုလေးမှ ဖြစ်ပါ့မလားလို့ စိတ်ပူလိုက်ရတာ တင်တင်ရေ၊ မချစ်မချစ်နဲ့ ချစ်မှချစ်တော့လည်း သူတို့ကို လိုက်မီမယ့်သူတောင် ရှိပါ့မလားထင်ရတယ်"

"ဟုတ်တယ် ဘွား၊ တင်တင်လည်း ဒီသားတစ်ယောက် မွေးထားတာ ဘယ်လိုချွေးမဆိုးနဲ့ ရမှာလည်းလို့ စိုးရိမ်ပူပင်နေရသမျှ အခုမှ ဟင်းချနိုင်တယ်"

"အေး…တို့တာဝန်တော့ ကျေပြီ တင်တင်ရေ၊ သူတို့ဘက်က တာဝန်ကျေဖို့ပဲ လိုတော့တယ်"

"ဘာလဲ ဘွားရဲ့"

"မောင်နေညိုနဲ့ မေ့သခင်ရဲ့ မျိုးဆက်သစ် ရင်သွေးလေးတွေ မွေးထုတ်ပေးဖို့ပေါ့ကွယ်၊ မသေခင် မေ့ရဲ့ရင်သွေးလေးကို မြင်သွားချင်သေးတယ်"

လေးနက်တည်ကြည်သော မျက်နှာထားဖြင့် ဆိုလာသော ဘွားမျက်နှာကို ကြည့်ရင်း ဒေါ်ငြိမ်းရော ဒေါ်တင်တင်ပါ စိတ်မကောင်း ဖြစ်သွားကြသည်။

"ဘာဖြစ်လို့ အားလျော့စကားတွေ ပြောနေရတာလည်း ဘွားရယ်၊ ဘွားကိုယ်တိုင် မေ့ရင်သွေးလေးတွေကို ထိန်းရဦးမှာပါ



www.burmeseclassic.com

www.burmeseclassic.com



ရှင်''

''ဟုတ်ပါတယ် မမရယ်၊ နမိတ်မရှိတာတွေ မပြောစမ်းပါနဲ့၊ ကျွန်မ ရင်တုန်လွန်းလို့ပါ၊ မေ့လေး ကြာသွားရင်လည်း စိတ်ထိခိုက်နေပါဦးမယ်''

''အေးပါ...အေးပါ နောက်မပြောတော့ပါဘူး၊ ပျော်ပျော်ပါးပါးသာ နေကြစမ်းပါ''

ဘွားကိုယ်တိုင် ရယ်ရယ်မောမော ဖြစ်လာမှ အားလုံး ကိုယ်စီပြုံးနိုင်လာကြသည်။ မေ့နှင့် နေညိုကတော့ ထိုအဖြစ်တွေကို မသိ။ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း ကြည်နူးခြင်း ပီတိတွေနှင့် ချစ်မဝနိုင် ဖြစ်နေကြသဖြင့် ဘွားကိုရော ပတ်ဝန်းကျင်ကိုရော မေ့နေကြသည်။

အိမ်ပြန်ရောက်ပြီး သိပ်မကြာခင်မှာ ဘွားတစ်ယောက် နေမကောင်းဖြစ်ပြီး အိပ်ရာထဲလဲပါသည်။ အားလုံး ခြေမကိုင်မိ လက်မကိုင်မိ ပျာယာခတ်ကုန်ကြသည်။ ဒေါ်ငြိမ်းဆို တစ်ယောက်တည်းကြိတ်ပြီး မျက်ရည်တွေ ကျနေသည်။

ဆရာဝန်ကြီးတွေနှင့် ပြသည်။ အထူးကုကြီးတွေနှင့် စစ်ဆေးသည်။ အသက်အား ထိခိုက်နိုင်သည့်အထိ ဘာရောဂါမှ မရှိ။ ခရီးပန်းပြီး ရိုးရိုးဖျားသည်ဆိုမှ အားလုံး သက်ပြင်းကိုယ်စီ ချနိုင်ကြသည်။

''တော်ပါသေးရဲ့ မောင်ရယ်၊ ဘွားသာ တစ်ခုခုဖြစ်ရင် မေ့တော့ ရူးမှာပဲသိလား''





''အခု ဘွား ဘာမှမဖြစ်တော့ဘူးလေ မေ့၊ မေ့သာ ကိုယ့်ကျန်းမာရေး ဂရုစိုက်စမ်းပါဗျာ၊ ဘွား အဖျားမှာ သွားနေပြီး ဘွားအတွက်ချည်း စိတ်ပူနေလို့လားမသိဘူး မေ့မျက်နှာလေးတောင် နည်းနည်းချောင်ကျသွားသလိုပဲ''

''မေ့ ဘာမှမဖြစ်ပါဘူး မောင်ရယ်၊ မေ့ နေကောင်းပါတယ်''

မေ့သခင်က သူ့မမျက်နှာလေးကို လက်ကလေးနှစ်ဖက်ဖြင့် အုပ်ကိုင်ရင်း ဆိုလိုက်ဟန်ကို ချစ်မြတ်နိုးစွာ သူပြုံးနေလိုက်ပါသည်။ ဘွားတစ်ယောက် ထူထူထောင်ထောင်နှင့် ပြန်ကျန်းမာလာတော့ အားလုံးပျော်လိုက်ကြသည်မှာ ပြောစရာမရှိ။

''အခုမှပဲ ဘွားကို တင်တင် စိတ်ချပြီ ဘွားရေ၊ ဒီမှာလည်း ကြာသွားပြီဆိုတော့ တင်တင်လည်း အိမ်ပြန်ဦးမှပဲ''

''ဟိုက ပိုင်ဆိုင်မှုတွေကို ရောင်းပြီး ဒီမှာပဲ ဘွားတို့မိသားစု တစ်ပေါင်းတစ်စည်းထဲ နေကြရအောင်လား တင်တင်ရယ်၊ ဘွားစိတ်ထဲမှာ တင်တင့်ကို ကိုယ့်သမီးလေးလို ဖြစ်နေလို့ တစ်ယောက်တည်း ခွဲမထားချင်ဘူး၊ ဘွားမျက်စိရှေ့မှာပဲ မိသားစုအတူ သိုက်သိုက်ဝန်းဝန်း နေကြရအောင်လား''

ဒေါ်တင်တင် လက်ကလေးကိုကိုင်ပြီး ဘွား ဆိုလာတော့ ဒေါ်တင်တင်လည်း ဘွားလက်ကလေးကို ပြန်လည်ဆုပ်ကိုင်ရင်း စိတ်မကောင်းပါ။

ဘွားပြောတာလည်း မမှားပါ။



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နိုင်လျှင် ဒေါ်တင်တင်ကိုယ်တိုင်လည်း ဘွားပြောသလို နေချင်ပေမယ့် နေညိုအဖေ ခေါင်းချသွားသည့် နေရာလေးကို ကျော်ခိုင်းမသွားရက်ဘဲ ဖြစ်နေသည်။

"နောက်တော့ ဘွားပြောသလို စီစဉ်ကြတာပေါ့နော်၊ အခုတော့ ရုတ်တရက်ကြီး စက်တွေကို အလွယ်တကူ ရောင်းချဖို့ ဆိုတာ မဖြစ်နိုင်သေးတော့ တင်တင် ပြန်ရဦးမှာပေါ့ ဘွားရယ်"

ဒေါ်တင်တင်၏ အပြန်ခရီးမှာ ဒေါ်တင်တင်တစ်ယောက် တည်း မဟုတ်တော့။ မိသေးဇာ ဒရိုင်ဘာစံသိန်းနှင့် လက်ထပ် ပြီး ရောင်နောက်ဆံထုံးပါသွားသည်။

"မမေကို မင်းတို့လင်မယားနှစ်ယောက် သေချာဂရုစိုက် လိုက်နော် စံသိန်း"

"စိတ်ချပါ အစ်ကိုလေးရဲ့"

"မမမေလည်း စိတ်ချပါ၊ အန်တီကို မိသေး ပြုစုမှာပါ"

"အေး...အေး အကြောင်းထူးရှိရင် ဖုန်းဆက် ဟုတ် လား"

ဒေါ်တင်တင် ဘွားကိုကန်တော့ပြီး အားလုံးကိုနှုတ်ဆက် ကာ ပြန်သွားသည့်ခရီးက သူ၏နောက်ဆုံးခရီးဟု မည်သူမျှ မသိ လိုက်ကြ။ ပုသိမ်ရောက်ပြီး သိပ်မကြာလိုက် ဦးနှောက်သွေးကြော ပြတ်ပြီး ရုတ်တရက် ကွယ်လွန်သွားသည့်အတွက် အားလုံး မျက် ရည်မဆည်နိုင်ကြ။

ဆန့်သောလက်' မကွေးမီ။ ကွေးသောလက် မဆန့်မီ။





လူတစ်ယောက် ကမ္ဘာလောကကြီးထဲက ကွယ်ပျောက် ကြွေလွင့် သွားခဲ့သည်။ ထင်ထားသည်က တစ်ယောက်။ ထွက်သွားသူက တစ်ယောက် ဖြစ်နေသည်။

အထူးသဖြင့် ဘွားရင်ထဲမှာ ပို၍ သံဝေဂတွေ ရနေမိ သည်။ အိုကြီးအိုမနှင့်လူက ကိုယ့်ထက်များစွာ ငယ်ရွယ်နုပျိုသူ သမီးအရွယ်၏ နောက်ဆုံးခရီးကို လိုက်ပို့နေရသည်မှာ ဒါ ပထမ ဆုံးအကြိမ် မဟုတ်ပါ။

မေ့သခင်ရဲ့ မာမီနှင့် ဒက်ဒီတုန်းကလည်း ဘွားကိုယ်တိုင် ပဲ သူတို့နောက်ဆုံးခရီးမှာလည်း အူကြွေပြဲမတတ် ခံစားချက် များဖြင့် လိုက်ပို့ခဲ့ရသည့်အဖြစ်ကို ပြန်အမှတ်ရရင်း ဖြေမဆည်နိုင် ဖြစ်နေမိသည်။

မေ့သခင်ကတော့ ခင်ပွန်းဖြစ်သူ နေညိုအနား တစ်ချိန်လုံး မခွာတော့ပါ။ ကိုယ်ချင်းစာနာစိတ်ဖြင့် လိုအပ်ဘာမှန်သမျှ အလိုက် တသိ ဖြည့်ဆည်းပေးနေရှာပါသည်။

"မောင်ရယ်...ညဥ့်နက်နေပြီကွယ်၊ အိပ်ရာဝင်ကြပါစို့ လားဟင်"

အို...နေညို ပါးပြင်မှာ မျက်ရည်တွေနဲ့ပါလား။ မေ့သခင် ရင်မှာ ထိခိုက်နာကျင်သွားပါသည်။

"မေ့"

"မောင်ရယ်"

ကလေးငယ်တစ်ယောက်လို မေ့ရင်ခွင်ထဲ တိုးဝင်ရှိုက်



www.burmeseclassic.com

www.burmeseclassic.com



လာသော မောင့်ကိုယ်ကြီးကို လက်လှမ်းမှီသလောက် တင်းကျပ်စွာ ဖက်ထွေးရင်း မေ့ကိုယ်တိုင်လည်း နေညိုနှင့်အတူ ရောငိုမိသည့်အထိပါ။

နှစ်သိမ့်စရာ စကားလုံးမရှိ။

မမျှော်လင့်သော လောကကြီး၏ အပြောင်းအလွဲတွေကိုသာ ထိတ်လန့်ချောက်ချားနေမိသည်။

"အမလေး"

"မေ့"

အိပ်ရာကအထမှာ မိုက်ခနဲ ပြာဝေသွားပြီးနောက် လဲပြိုမလိုဖြစ်သွားသော မေ့ကို နေညိုက နောက်မှ လျင်မြန်စွာ ဆွဲယူဖမ်းထိန်းလိုက်ခြင်းဖြစ်သည်။

"မေ့…မေ့ ဘာဖြစ်တာလဲဟင်၊ မောင်ခေါ်တာ ကြားရဲ့လားဟင်၊ ကြားရဲ့လား"

ချွေးစေးတို့ပျံ့နေသော မေ့ကိုယ်လေးက နေညိုလက်ထဲမှာ ပျော့ခွေပြီး ပါလာသည်။ မျက်လုံးကို မဖွင့်နိုင်။ အနားမှာ မေ့အမည်ကို တကြော်ကြော်ခေါ်နေသံကို ကြားကြရင်း ခေါင်းလေးညိတ်ပြသည့်ဆိုရုံလေး မေ့အသွင်ကို နေညို တစ်ခါမှ မမြင်ဘူးသဖြင့် စိုးရိမ်စိတ်ဖြင့် ထူပူသွားသည်။

"ဘွား…ဒေါ်ငြိမ်း၊ လာကြပါဦး၊ ဒီမှာ…ဒီမှာ မေ့ဘာဖြစ်မှန်းမသိဘူး"

"ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ"





နေညိုအော်သံကြောင့် ပထမဆုံး အပြေးရောက်လာသူက ဒေါ်ငြိမ်းဖြစ်သည်။

"ကျွန်တော်လည်းမသိဘူး ဒေါ်ငြိမ်း၊ မူးတယ်…မူးတယ်ဆိုပြီး အခုလိုပျော့ခွေသွားတာပဲ"

"ဟင်"

"ဟဲ့…ဖယ်စမ်း…ဖယ်စမ်း မေ့ကို ငါကြည့်စမ်းမယ်၊ မငြိမ်း ဆရာဝန်ကို ဖုန်းဆက်ခေါ်ပေး ဘာလုပ်နေတာလဲ"

"ဟုတ်ကဲ့ မမ၊ ဟုတ်ကဲ့"

ခဲမှန်ဘူးသော စာသူငယ်လို အားလုံးရင်မှာ ကိုယ်စီအတွေးများဖြင့် ပျာပူနေကြသည်မှာ ဖွင့်ပြောစရာမလိုပါ။ နေညိုမိခင် ဒေါ်တင်တင် ဦးနောက်သွေးကြောပြတ်ပြီး ကွယ်လွန်သွားတာကို ဘယ်သူမှ ဖွင့်မပြောဘဲ တစ်ပြိုင်ထဲ ပြေးမြင်လိုက်ကြသည့်အဖြစ်ပါ။

နေညိုကိုယ်တိုင်လည်း မေ့သခင်များ မေမေ့လို ဖြစ်သွားမှာလားဟု မျက်စိမျက်နှာပျက်နေချိန်မှာ ဆရာဝန်ရောက်လာပြီး လိုအပ်တာတွေ စစ်ဆေးပါသည်။

"အားလုံး ဘာမှမစိုးရိမ်ကြပါနဲ့ဗျာ၊ အခုကိစ္စက မင်္ဂလာသတင်းပါ၊ မင်းရတနာမှာ လူသစ်တိုးလာတော့မယ့်အကြောင်း ကြားတာပါ"

"ဘွားမြေးမှာ ရင်သွေးလေးရှိနေပါပြီ ဘွား"

"ကွန်ဂရက်ကျူးလိတ် ကိုနေညို"



www.burmeseclassic.com

www.burmeseclassic.com



"သင့်ခ်ယူး ဒေါက်တာ"

အားလုံးရင်ထဲမှာ ရှိနေသော အပူလုံးကြီး ဝုန်းခနဲ ပြုတ်ကျသွားသည်။ ထင်နေတာက တစ်ခြား ဖြစ်လာတာက တခြားမို့ အားလုံးပျော်သွားကြသည်။

"ဝမ်းသာလိုက်တာ မေ့ရယ်"

"မေ့လည်း ဝမ်းသာပါတယ်မောင်ရယ့်"

"ဘုရားဆန္ဒကို ဖြည့်ဆည်းပေးတဲ့ မြေးလေးကို ဘုရားကလည်း ကျေးဇူးတင်ပါတယ်ကွယ်"

"ဘွားရယ်"

သူမနဖူးပေါ် ညင်သာစွာ ကျလာသော ဘွားအနမ်းကို ကြည်နူးစွာခံယူရင်း အနားမှာရှိနေသော နေညို့လက်ကို တင်းကြပ်နေအောင် မေ့သခင် ဆုပ်ကိုင်ထားလိုက်သည်။

၏ ၊ ၏





# အခန်း (၂၀)

ရင်သွေးဆိုသည့်အသိက မေ့သခင့်ရော်ကို လှုပ်ရှားစေသလို နေညို့ကိုယ်တိုင်ကလည်း ကလေးအဖေ ဖြစ်ရတော့မည်အတွက် ရင်ခုန်နေပါသည်။ ကိုယ်ဝန်နှင့်သာဆိုသည့် မေ့သခင်က ဘာတစ်ခုမှ ပြောင်းလဲတာမရှိ။ မသိရင် အပျိုစင်ဇလေးရှုံးအောင် လှနေသော မေ့အလှအပများကိုကြည့်ရင်း နေညို့ရင်ထဲမှာ စိတ်မချနိုင်ဘဲ ဖြစ်နေသည်။

"ဘာဖြစ်လို့ ဒီလောက်အလှတွေ ပြင်ထားရတာလဲ မေ့ရယ်၊ ကိုယ်ပဲ ကလေးအမေဖြစ်တော့မှဥစ္စာ"

"ကလေးအမေ ဖြစ်တာနဲ့ ဘာဆိုင်လို့လည်း မောင်ရဲ့၊ အခုဟာက သူငယ်ချင်းရဲ့ မင်္ဂလာပွဲကိုသွားမှာ၊ ဒီလောက်တော့ ပြင်ရမှာပေါ့လို့"



www.burmeseclassic.com

www.burmeseclassic.com



နေညိုကို မေ့သခင်က လှည့်မကြည့်။ သူမကိုယ်သူမ မှန်ထဲမှာသာ စိတ်ကြိုက်ခြယ်မှုံး အလှဆင်ယင်နေပါသည်။ ကိုယ့်ကိစ္စတွေနှင့် ကိုယ်ရှုပ်ပြီး မေ့ကိုယ်မေ့ အခုလို စိတ်လိုလက်ရ အလှမပြင်မဆင်မိသည်မှာ ကြာပြီမို့လည်း ပို၍စိတ်ပါလက်ပါ ပြင်ဆင်နေမိ၏။

နို့နှစ်ရောင် တစ်ဆက်တည်း ဂါဝန်ရှည်လက်ပြတ်လေးပေါ်မှာ ပုလဲဖောက်ထားသော ပဝါပါးလေးကို လွှမ်းခြုံထားလိုက်သောအခါ မေ့သခင်၏အလှက ထင်းရှင်းဝင်းပသွားသည်။ စိန်နှင့် ပုလဲရံထားသည့် လက်ဝတ်ရတနာ တစ်စုံစာကို လှလှပပ ကြွကြွလေး ဆင်မြန်းလိုက်သောအခါ နေညိုကိုယ်တိုင် ကိုယ့်မိန်းမကိုယ် ပြန်မိုးချင်စိတ် ပေါက်လာသည်။

"ဒီတစ်ခါပဲနော်…နောက်ကို ဒီလိုအလှတွေ တစ်အားပြင်တာမျိုး မလုပ်ရဘူး"

"အမလေး…မောင်ရယ် မေ့မှာ မောင်တစ်ယောက်လုံး ရှိတာ အားလုံးသိပါတယ်၊ ပြီးတော့ ကလေးအမေကို ဘယ်သူက များ ပြစ်မှားဦးမှာလဲ"

"ပြောနိုင်မလား စိတ်ထဲက ပြစ်မှားချင်မှားနေမှာပေါ့"

"ကြည့်စမ်း…မောင်ပဲ ကြံကြံဖန်ဖန် တွေးတတ်တယ်၊ လာပါ အချိန်နောက်မကျခင် သွားကြမယ်"

နေညို လက်ကလေးကို တွဲချိတ်ပြီး ကျော့ကျော့လေး လိုက်ပါလာသူကို တစ်ချက်ငုံ့နမ်းလိုက်တော့ မေ့က မျက်စောင်း





ဝင့်ပါသည်။

"ဟင်းနော်…ဒီမှာ အချိန်ကုန်ခံပြီး အလှပြင်ထားရတာ သိလား"

"သိပါတယ်ဗျာ…ဒါကြောင့်လည်း ဘာသူမှ မဦးနိုင်အောင် ကိုယ့်မိန်းမကိုယ် ဦးထားရတာ"

"မောင်ကတော့လေ သိပ်ရယ်ရတာပဲသိလား"

နေညိုကို ဤမျှ သဝန်တိုတတ်လိမ့်မည်ဟု မေ့သခင် ထင်မထားပါ။ အခုလို နေညိုက သဝန်တိုနေတော့ မေ့မှာ ရယ်လည်းရယ်ချင် ပျော်လည်းပျော်ရွှင်မိသလို ထင်မိသည်။

"သွားကြတော့မလား မြေးတို့"

"ဟုတ်ကဲ့ ဘွား"

"အေး…အေး ကားကို ဖြည်းဖြည်းမောင်းနော်၊ မေ့လည်း ဖိနပ်အမြင့်ကြီး စီးမသွားနဲ့ဦး"

"ဘွားကလည်း အခုစီးလို့ရသေးတယ်မဟုတ်လားလို့"

"မရဘူး…မရဘူး ချော်ပြုလဲနေမှ ကလေးရော လူကြီးရော ဒုက္ခရောက်မယ် ဘာမှတ်လည်း၊ မောင်နေညိုကလည်း အခုထဲက မေ့ကို ဂရုစိုက်ပါ၊ ဖိနပ်အမြင့်တွေဘာတွေ လုံးဝမစီးခိုင်းနဲ့ ကြားလား"

"ဟုတ်ကဲ့ပါ ဘွား"

"မေ့ ကြားတယ်နော်၊ ဒီဖိနပ်လေးပဲစီး"

ဖိနပ်စင်ပေါ်က မထူမပါး ဖိနပ်လေးကို နေညို ကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



ချပေးလိုက်တာမို့ ဘွားရှေ့မှာ မစီးချင်ဘဲ စီးလိုက်ရပါသည်။

"အဲဒါ မောင့်ကြောင့်သိလား"

ကားပေါ်ရောက်တော့ မေ့က နေညိုကို အပြစ်တင်လိုက်ခြင်းဖြစ်သည်။

"ဘာဖြစ်လို့လဲ ချစ်ရဲ့"

"မေ့ဘာသာ ဖိနပ်တိတ်တိတ် ထည့်ယူလာမလို့ဥစ္စာ"

"အခုလည်း လှပါတယ် မိန်းမရယ်၊ မောင့်မျက်စိထဲမှာ မောင့်မိန်းမ အလှဆုံးသိလား"

"တော်ပါ"

"တော်ပါပြီဗျာ"

အတူး၏ မင်္ဂလာပွဲက ထင်ထားတာထက်ပင် ပို၍စည်ကားနေသည်။ အတူးလို ယောကျ်ားစိတ်တစ်ဝက်ပေါက်နေသူလေးကို အခုလို အိမ်ထောင်သည်ဘဝဖြင့် တွေ့မြင်ရလိမ့်မည် မထင်ခဲ့ပါ။

"မေ့"

"အတူး"

"ဝမ်းသာလိုက်တာ မေ့ရယ်၊ ဟိုဘက်ဝိုင်းမှာ သူငယ်ချင်းတွေရှိတယ်၊ လာ…လာ အတူးလိုက်ပို့မယ်"

သတို့သမီး အတူးကိုယ်တိုင် မေ့တို့ဇနီးမောင်နှံကို သူငယ်ချင်းများရှိရာကို ဦးဆောင်ခေါ်သွားပြီး နေရာချပေးပါသည်။ ထိုဝိုင်းမှာ မေ့လုံးဝမျှော်လင့်မထားသော လူတစ်ယောက်ကို တွေ့လိုက်ရသည်။

ထိုသူက တခြားသူမဟုတ်။

တစ်ခါက မေ့သခင်ထံမှ ချစ်မေတ္တာကို တောင်းခံခဲ့ဘူးသော စစ်နဒီကိုယ်တိုင်ဖြစ်သည်။

"မတွေ့ရတာ ကြာပြီနော် မေ့သခင်"

"ဟုတ်တယ်…စစ်နဒီ၊ ဒါ မေ့အမျိုးသားလေ၊ ကိုနေညို"

"ကျွန်တော် စစ်နဒီပါ ကိုနေညို၊ မင်္ဂလာပွဲတုန်းက တစ်ခါဆုံဘူးပါတယ်"

"ဆောရီးဗျာ…လူတွေများနေတော့ ကျွန်တော် မမှတ်မိလိုက်ဘူး"

အမျိုးသားနှစ်ယောက် လက်ဆွဲနှုတ်ဆက်လိုက်ကြတာ မေ့သခင် ပြုံးကြည့်နေ၏။ တိုက်တိုက်ဆိုင်ဆိုင် စစ်နဒီနှင့် လာဆုံရသည့် ကံကြမ္မာကိုတော့ မေ့လည်း မတတ်နိုင်၊

နေညိုနှုတ်ခမ်းတွေ ပြုံးနေပေမယ့် သူ့အကြည့်တွေက စစ်နဒီထံ မကြာခဏ ရောက်နေတာ မေ့သခင် မြင်လျက်နှင့် မသိဟန်ဆောင်နေလိုက်သည်။ စကားဝိုင်းကို စစ်နဒီက ဦးဆောင်ပြောနေတာမို့ မေ့နှင့် စစ်နဒီ မကြာခဏ မျက်လုံးချင်းဆုံဖြစ်ကြသည်။

ဒါကို နေညို သဘောမတွေ့နိုင်ဘဲ ဖြစ်နေ၏။ တစ်ဆက်တည်းမှာပင် ဒီနေ့မှ အလှတွေ ဖွင့်ပြင်လာသော မေ့ကို အပြစ်






www.burmeseclassic.com

www.burmeseclassic.com



တင်ချင်နေမိသည်။ နောက်ဆုံး ဘယ်လိုမှ ဆည်းမခံနိုင်တော့ဘဲ စောစောနုတ်ဆက်ပြီး ပြန်ခဲ့သည်။

ကားပေါ်ရောက်သည်နှင့် ပြဿနာစပါသည်။

"ဘယ်လိုလည်းကွဲ့...ယောကျ်ားတစ်ယောက်လုံး အနားမှာရှိရဲ့သားနဲ့ တစ်ချိန်လုံး ဟိုကောင်က မေ့ကို ကြည့်ကြည့်နေတာ မမြင်ဘူးထင်နေလား"

မေ့သခင်က နေညိုစကားကို သူနှင့်မဆိုင်သလို အပြင်ဘက်ကို ကြည့်ငေးရင်း လိုက်ပါလာတာကိုပဲ နေညိုစိတ်ထဲမှာ မေ့က သူ့ကို တမင်အရွဲ့တိုက်နေသည်ဟု ထင်ပြီး စိတ်ဆိုးလာသည်။

"အေးပေါ့လေ...တချို့ကလည်း ရည်းစားဟောင်းနဲ့ ပြန်တွေ့ရတော့ အနားမှာရှိနေတဲ့ ယောကျ်ားကိုတောင် စကားမပြောနိုင်၊ မကြည့်နိုင် ဖြစ်နေမှာပေါ့"

"မောင်နော်...မေ့ကို မဟုတ်တာတွေ လျှောက်ပြောမနေနဲ့ သိလား၊ မေ့က မောင်နဲ့ ရန်မဖြစ်ချင်လို့ ငြိမ်နေတာ၊ မေ့ကို ဘယ်လိုမိန်းမစား ထင်နေလဲ"

သူ့ပြဿနာရှာမှာ သိနေတာမို့ မေ့ဘက်က ရှောင်ဖို့ ကြိုးစားသော်လည်း မရတော့။ မေ့လည်း မပြောချင်ဘဲ ပြောလိုက်ရသည်။

"ဒါကြောင့် မေ့ကို ဒီလောက်အလှတွေ မပြင်နဲ့လို့ မောင် မပြောဘူးလား၊ အခုတော့ ဟိုကောင်က မေ့ကိုကြည့်သွားတာ





မေ့ ကျေနပ်နိုင်ပေမယ့် မောင်မကျေနပ်ဘူး"

"သူ့ဘာသာ မျက်စိပါလို့ ကြည့်တာငဲ မေ့က ဘာလုပ်ရမှာလဲ၊ ရှင် ကျွန်မမျက်နှာကိုမကြည့်နဲ့လို့ သွားပြောရမှာလား"

"ပြောသင့်ရင် ပြောရမှာပဲ"

"ဟင်"

နေညိုမျက်နှာကို တစ်ခါမှ မမြင်ဘူးသူတစ်ယောက်လို အံ့ဩစွာ မေ့သခင် ကြည့်လိုက်တော့ မှုန်ကုတ်ပုတ်သိုးနေသည့် သူ့မျက်နှာကို ကြည့်ကာ မေ့သခင် ရယ်ချင်သွားသည့်အတွက် တစ်ဖက်ကို လှည့်ပြီး ပြုံးလိုက်သည်။

ဒါကိုပဲ မြင်ဖြစ်အောင်မြင်သူက နေညိုဖြစ်သည်။

ကြည့်စမ်း...ယောကျ်ားဖြစ်တဲ့သူက မိန်းမနဲ့ပတ်သက်ပြီး ဒီလောက် အခံရခက်နေတာကို ချော့မော့နှစ်သိမ့်မယ် စိတ်မကူးဘဲ သူကပါ အလိုတူအလိုပါ နေညိုကို ကျိတ်ရယ်နေသေးသည်။

အေးပေါ့လေ...သူ့ရည်းစားဟောင်းရှေ့မှာ သူ့အလှအပတွေ အစွမ်းကုန်ထုတ်ပြလိုက်ရလို့ သိပ်ပျော်နေသည်ထင်ပါရဲ့။

"အစထဲက ဒီလောက်အလှပြင်နေတာ ရိုးတော့မရိုးဘူး လို့တော့ ထင်သားပဲ၊ အခုမှပဲ အဖြေကပေါ်တယ်"

"မောင်နော်...မေ့ကို စိတ်ဆိုးဒေါသ မဖြစ်ဖြစ်အောင် လာဆွမနေနဲ့သိလား"

"အမှန်တွေပြောတော့ အခံရခက်မှာပေါ့"

"ကြည့်စမ်း...ပြောလေဆိုးလေ ဖြစ်နေပြီ ဒီလောက်



www.burmeseclassic.com

www.burmeseclassic.com



တောင်ဖြစ်နေရင် မောင့်ကားမစီးတော့ဘူး၊ ရပ်ပေး၊ ကိုယ့်ဘာသာ ကားငှားပြန်မယ်''

''အဟွန်း…ဟွန်း…ဟွန်း''

''အချစ်ယောင်းနဲ့တွေ့ပြီးမှ သတ္တိတွေ သိပ်ရှိနေပါလား ဗျာ၊ ဘယ်တုန်းကများ ခင်ဗျားတစ်ယောက်တည်း သွားဘူးလိုလဲ ပြောစမ်းပါဦး''

''ဘာမှပြောစရာမရှိဘူး၊ နေရင်းထိုင်ရင်း အလကားအူတိုပြီး ရန်လုပ်နေတဲ့လူကို မုန်းလို့သိပြီလား''

''အဲဒါ မေ့ကို ချစ်လို့ဖြစ်ရတာဝဲ''

''မေ့ကိုချစ်တာနဲ့ပဲ လူကိုတွေ့ရာလူနဲ့ ပေးစားစရာလား၊ မေ့မှာ ယောကျ်ားကြီးတစ်ယောက်လုံး ငုတ်တုတ်ရှိနေတာ အားလုံး အသိပဲ၊ ရှင်ပဲမသိတာ''

ဒေါသဖြစ်ဖြစ်နှင့် အငေါ်တူးစကား ဆိုလာသော မေ့သခင်ကို မျက်လုံးပြူးကြီးနှင့် နေညို စိုက်ကြည့်လိုက်သည်။ ရန်စွာဖို့ဝဲ သိသည်။ ကိုယ့်ယောကျ်ားရင်ထဲက ခံစားချက်ကို ဘာတစ်ခုမှ နားမလည်ပဲ့မိန်းမဟု တွေးလိုက်သည်။

နေညိုမို့ ကိုယ့်မိန်းမ ရည်းစားဟောင်းနှင့် အခုလို ရယ်မော စကားပြောနိုင်သေးတာပါ။ မေ့သခင်သာ နေညိုနေရာမှာဆိုရင် နေညိုလိုတောင် သည်းခံနိုင်မည်မထင်။

ကားလေးကို အိမ်ရှေ့မှာ ရပ်လိုက်သည်နှင့် မေ့သခင် တစ်ယောက်ထဲ ကားပေါ်က အရင်ဆောင့်အောင့် ဆင်းသွားတာမို့ နေညိုလည်း သူမနောက်ကို အပြေးလိုက်ခဲ့သည်။

''ဟိတ်…ဖြေးဖြေးသွားလေ၊ ဘာဖြစ်လို့ ဆောင့်အောင့် သွားနေရတာလဲ၊ တော်ကြာ ဗိုက်ထဲက ကလေးတစ်ခုခုဖြစ်ရင် လုံးဝခွင့်မလွှတ်ဘူးနော် သိလား''

ကြည့်စမ်း…သူကများ မေ့သခင်ကို လာပြီး ခပ်တည်တည် ခြိမ်းခြောက်နေသည်။ အမှားလုပ်တဲ့သူက မေ့သခင်မဟုတ်။ နေညိုဆိုသည့်လူ။

''ကဲ…ကဲ လျှောက်တယ်ဘာဖြစ်…''

''ဟာ…ဟိတ်…ဟိတ် မလုပ်နဲ့…''

မေ့သခင်မှာ သူမ အမှားမလုပ်ဘဲ အမှားလုပ်တဲ့သူက လူကိုပြန်ပြီး ခြိမ်းလားခြောက်လား လုပ်ပြနေတာမို့ အခံရခက်ခက် နှင့် တမင်အရွဲ့တိုက် လျှောက်ပြစ်လိုက်တော့ နေညို မျက်လုံးပြူး သွားသည်။

''မေ့နော်…မောင့်ပြောစကားကို နားမထောင်ဘူးလား''

မေ့က အရေးမလုပ်သလို လှည့်မကြည့်ဘဲ ဆောင့်ဆောင့် အောင့်အောင့်ပုံစံဖြင့် တမင်သွားမြဲဖြစ်ရာ နေညို ဘယ်လိုမှ နေလို့ မရတော့ဘဲ မေ့သခင်ကိုယ်လေးကို ဖျတ်ခနဲ ဆွဲယူပွေ့ချီလိုက်သည်။

''ဒီလောက် စကားနားမထောင်တာ ကဲခံ''

''အို…အမေ့''

မေ့သခင်တစ်ကိုယ်လုံး လေထဲ မြောက်တက်သွားသဖြင့် အသည်းထဲမှာ အေးခနဲ ဖြစ်သွားပြီး နေညိုကိုယ်ကြီးကို အတင်း





www.burmeseclassic.com

www.burmeseclassic.com



တကြားလေး လှမ်းဖက်လိုက်မိပြီးမှ ရှက်ထောင်ဖို့ သတိရသွားသည်။

"ရှင်...ဒါဘာလုပ်တာလဲ၊ မေ့ကို အောက်ချပေး"

"စကားမများနဲ့ တိတ်တိတ်နေ"

"ဟင်"

"ရှင်က မေ့ကို အမိန့်တွေ တစ်ခုပြီးတစ်ခု ပေးနေတာလား၊ သွား...သွား ရှင့်ကိုမုန်းတယ်သိလား"

စိတ်ဆိုးဒေါသဖြစ်စွာ နေညိုရင်ဘတ်ကြီးကို လက်သီးဆုတ်လေးများဖြင့် ထုရိုက်ရင်း ဆိုလိုက်သည့်အခါ နေညိုက မေ့ကိုယ်လေးကို အခန်းထဲအရောက် ပွေ့ယူလာရာမှ ညင်သာစွာ ချပေးလိုက်ရင်း...

"အခုတော့ မုန်းနိုင်ပြီပေါ့ဗျာ၊ ဟိုမှာက ချစ်ရမယ့်သူကို တွေ့လာပြီပဲ"

"ဟုတ်တယ်ရှင်...ဟုတ်တယ်၊ စစ်နဒီကိုပဲ မေ့ချစ်တယ်၊ ဘာဖြစ်လဲ"

"ဝန်ခံပြီပေါ့၊ ဟုတ်လား"

ရင်နာသံကြီးဖြင့် နေညို မေးလျှင် မေ့သခင်မှာ ငိုရခက် ရယ်ရခက်နှင့် သူ့မျက်နှာကြီးကိုသာ ခံပြင်းပြင်းကြီး ကြည့်နေမိသည်။ နေညို့အကြည့်ကလည်း ကြေကြေကွဲကွဲ။

မေ့သခင်အပေါ်မှာ နေညို ဘယ်လောက်ချစ်သည်၊ မြတ်နိုးသည်ဆိုတာကို သိရက်နှင့် စစ်နဒီဆိုသည့် လူနှင့်တွေ့မှ တစ်ခွန်းမခံ ကဲကဲဆတ် ရန်ပြန်လုပ်နေပုံက နေညိုရင်ကို အဘယ်မျှ





အခံရခက် နာကျင်စေမည်ဟု မေ့သခင်ဘာ မှ မတွေးသလို၊ မေ့သခင်ကိုယ်တိုင်မှာလည်း နေရင်းထိုင်ရင်း ေကို ကြာ်ဖန်သဝန် ကြောင်ပြီး ရန်လာလုပ်နေသူကို စိတ်ဆိုးဒေါသဖြ ရလွန်း၍ ထုရိုက်ပစ်ချင်နေရသူပါ။

အခုချိန်ထိ သူ့ကို မေ့သခင် ဘယ်လောက်ချစ်တယ်ဆိုတာ မသိသေးဘူးလား။ မေ့အချစ်ကို ဒီလောက် မယုံကြည်နိုင်သူကို မေ့ဘက်က လေကုန်ခံပြီး ဘာတစ်ခုမှ ထပ်ရှင်းပြမနေချင်။ ထင်ချင်သလို ထင်ပလေ့စေဟု သဘောထားပြီး နေရာက ချာခနဲ ကျောခိုင်းပြစ်လိုက်သည့် မေ့အသွင်လှလှလေးကို ကြည့်ပြီး အသည်းနှလုံးတွေ နာကျင်ရသူက နေညို။

ကျောခိုင်းအနေအထားဖြင့် သူ့ကို တစ်ချက်လှည့်မကြည့်သလို ဘာမှလည်း ဖြေရှင်းချက်မပေးဘဲ ထုံပေပေလုပ်နေပုံလေးက တကယ်ပဲ စစ်နဒီဆိုသည့်လူကို မေ့လို့မရနိုင်တာများလားဟု တွေးမိသည်နှင့် အိပ်ခန်းထဲမှ ခြေလှမ်းကျဲကြီးများဖြင့် မပြေးရုံတမယ် လှမ်းထွက်ခဲ့လိုက်ပါသည်။

မျက်လုံးတွေ ပြာနေသည်။ ရင်တွေနာနေသည်။

"မောင်နေညို"

ခေါ်ငြိမ်းခေါ်သံကိုပင် မကြား။

အိမ်ပေါ်က တဒုန်းဒုန်း ပြေးဆင်းသွားပြီး ကားနှင့် ဝေါခနဲ ထွက်သွားသော နေညိုမျက်နှာက ညိုမှောင်နေသ ည်။ ဒီလိုပုံစံမျိုးနှင့် နေညိုကို တစ်ခါမှ မတွေ့ဘူးတာမို့ အံ့သြထူးဆန်း နေစဉ်မှာပင်



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ငြိမ်းနားကို ဘွား ရောက်လာသည်။

"မေ့တို့ ပြန်လာကြပြီလား မငြိမ်း"

"ပြန်လာပြီ မမ၊ စောစောကတော့ မောင်နေညို တစ်ယောက်တည်း ကားနဲ့ပြန်ထွက်သွားတာ ကျွန်မ တွေ့လိုက်တယ်"

"ကိစ္စရှိလို့ နေမှာပေါ့ကွယ်"

"မဟုတ်ဘူးထင်တယ်နော် မမ၊ ကြည့်ရတာ လင်မယားနှစ်ယောက် စိတ်ကောက်နေကြပုံပဲ"

"ကောက်ပလေ့စေ…ကောက်ပလေ့စေ၊ ပြီးရင် ပြန်ဖြောင့်သွားကြတာ သူတို့အလုပ်ပဲ၊ တို့လည်း တို့အလုပ် တို့လုပ်ရဦးမယ်၊ ဒီနေ့ ဆရာတော်ဘုရား ကျောင်းသွားမယ်၊ လှူမယ့်ပစ္စည်းအားလုံး လှလှပပပြင်ထား ကြားလား မငြိမ်း"

"ဟုတ်ကဲ့ပါ မမ"

ဘွားက အေးအေးလူလူပင် ပုတီးတစ်ကုံးနှင့် ဘုရားခန်းထဲ ဝင်သွားတာကိုကြည့်ပြီး သဘောကျစွာ ဒေါ်ငြိမ်း ပြုံးလိုက်သည်။ ဘွားပုံစံက သူ အသက်မကချစ်သော မြေးကိစ္စကို စိတ်မဝင်စားသလိုလို၊ တကယ်ပဲ သံယောဇဉ်ကင်းပြတ်နိုင်သလိုလိုပါလား။

ဘွားရင်ထဲက ခံစားချက်အစစ်အမှန်က ထိုသို့မဟုတ်တာ ဒေါ်ငြိမ်းပဲသိသည်။ အခုဟာက အချစ်လွန်နေသူနှစ်ယောက်အကြောင်း သိထား၍ ဘွားက ဘယ်သူ့ဘက်မှ ဝင်မပါဘဲ ဤမျှ





သွေးအေးပြနေခြင်းဟု သိလိုက်သည့်အတွက် ဒေါ်ငြိမ်းလည်း မေ့သခင်တို့ကိစ္စကို မသိသလို နေလိုက်သည်၊

ဦး ◻ ဦး



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

စားပွဲပေါ်က နာရီလေးကို တကြည့်ကြည့်နှင့် ထိုင်ရမလို ထရမလို ဖြစ်နေမိသူက မေ့သခင်ဖြစ်သည်။ အချိန်တွေသာ တရွေ့ရွေ့ကုန်သွားသည်။ မျှော်နေသူက ပေါ်မလာ။

ကျန်နေရစ်ခဲ့သူရဲ့ ရင်ထဲမှာ နေညိုအတွက် ဘယ်လောက် ပူပင်စိုးရိမ်သောက ရောက်နေလိမ့်မည်ဟု မသိ။ သူ့စိတ် သူ့သဘောအတိုင်း သူပြောချင်ရာပြောပြီး မေ့နားက ထွက်သွား သည်။

မေ့သခင်က စိတ်မကောက်ရဘဲ သူကပြန်ပြီး မေ့သခင်ကို စိတ်ကောက်အနိုင်ယူချင်နေသည်။ မေ့ သူ့ကို ချစ်တာသိရဲ့သားနှင့် သူမို့ ပြောရက်ပြုရက်သည်။

ဒီလောက်ဖြစ်လှတာ အိုးရွဲ့ကို စလောင်းရွဲ့နှင့် ဖုံးချင်လာသည်။ သူကတောင် မေ့ကို ထားသွားနိုင်သေးရင် မေ့ကလည်း





နေညိုဆိုသည့်လူနှင့် အဝေးကြီးကို ထွက်သွားပြစ်လိုက်မည်။

ဒါမှ ကျန်ခဲ့သူရင်ထဲ ဘယ်လောက် ခံစားရမလည်းဆိုတာ သူစာနာနိုင်မည်။ နေ့ခင်းနေ့လယ်တုန်းကတော့ သူဘာသာ ဘယ်သွားသွား၊ ဘာလုပ်လုပ် မေ့သခင် စိတ်မပူပေမယ့် ညမိုးချုပ်လာလေ မေ့သခင်မှာ သူ့အတွက် ရင်ပူရလေ စိုးရိမ်ကဲလေဖြစ်ရသည်။

ဒါကို သူမသိတော့ပြီလားမသိ။

ဘွားတို့ကို မေ့သခင်မှာ ယုတ်တိရှိအောင် လိမ်ညာထားရသည်။ နေညိုသူငယ်ချင်းတစ်ယောက် အရေးပေါ်ကိစ္စတစ်ခုရှိ၍ လှမ်းခေါ်၍ သွားရသည်ဟု ပြောထားသဖြင့် ဘွားက ထပ်မမေးတော့ပါ။ မေ့သာ ကိုယ့်ဘာသာတစ်ယောက်တည်း လူရောစိတ်ပါ ဒုက္ခရောက်နေသည်။

တော်ပါပြီ၊ နောက်ဆို သူနှင့်ဘယ်မှ မသွားတော့ဟု ဆုံးဖြတ်လိုက်သည်။ အခုလိုဖြစ်ရတာ မေ့ကိုအချစ်လွန်ပြီး သဝန်ကြောင်စိတ်နှင့် မနာလိုအူတိုရာက စတာမို့ မေ့ဘက်က ပြေရာပြေကြောင်း ရှင်းမပြမိဘဲ ပြန်အရွဲ့တိုက်မိ၍ ပြဿနာ ဤမျှကြီးမားသွားရခြင်းလားဟု တွေးမိသည်။

အိုလေ…အဲဒီလိုလည်း မဟုတ်ပါဘူး၊ တကယ်ဆို မေ့အချစ်ကို သူသိရမှာပါ။ မေ့သခင်ဆိုတာ ဘယ်လောက် အပြစ်ကင်းတယ်၊ ဖြူစင်ရိုးသားတယ်ဆိုတာ သူ့အပေါ်မှာ ဘယ်လောက် မြတ်နိုးတွယ်တာတယ်ဆိုတာ အခုချိန်ထိ သူမသိသေးတာလို



www.burmeseclassic.com

www.burmeseclassic.com



မေ့ကလည်း အခံရခက် အံ့ဩနာကျင်နေရသည့်အဖြစ်ပါ။

ဒါကြောင့်လည်း အရွဲ့တိုက်ဖြစ်တာလည်း ပါသည်။ မေ့သခင်ဘက်ကစပြီး အလျှော့ပေးမည်ဆိုသော စိတ်ကူးလေး ပျက်ပြယ်သွားကာ ဒေါသစိတ်လေး အစားထိုးဝင်ရောက်လာချိန်မှာ နေညိုကားပြန်လာသံကို ကြားလိုက်ရသည်။

သူ့ကိုစိတ်ပူပြီး သူ့အလာကို စောင့်နေတာမျိုး မတွေ့စေချင်တာမို့ ခုတင်ပေါ်တက်ကာ စောင်ခြုံပြီး တမင်အိပ်ချင်ဟန်ဆောင်နေလိုက်သည်။

သိပ်မကြာလိုက်ပါ။ အခန်းတံခါးဖွင့်သံ ပိတ်သံနှင့်အတူ အခန်းထဲဝင်လာသည့် သူ့ခြေသံကို မေ့ ကြားလိုက်ရသည်။

ဘယ်တွေသွားပြီး ဘာတွေလုပ်လာသည်သိ သူ အရက်သောက်လာလျှင်တော့ ဘာတစ်ခွန်းမှမပြောဘဲ ဘွားအခန်းထဲမှာ သွားအိပ်မည်ဟု တွေးနေသည်။ တရှပ်ရှပ်ခြေသံဖွဖွနှင့်အတူ ရေချိုးခန်းထဲ ဝင်သွားသံ ကြားရသည်။

ညကြီးအချိန်မတော် ရေချိုးနေသည်ဆိုတော့ မဟုတ်တာ တစ်ခုခုလုပ်လာလို့ပဲနေမှာဟု မေ့သခင် တွေးနေဆဲ ရေချိုးခန်းထဲမှ နေညိုထွက်လာသည်။

အရက်သောက်လာမိသဖြင့် အနံ့အသက်ပျောက်အောင် သွားအထပ်ထပ်တိုက်ပြီး ရေချိုးလာခြင်းဖြစ်သည်။ ညဝတ်အင်္ကျီလဲပြီး မေ့သခင်ရှိရာကို လှမ်းကြည့်လိုက်တော့ ပိုးသားဝတ်စုံနုနုဖြင့် ရွှေအဆင်းလို ဝင်းဝါနေသော ချစ်ဇနီးကို တစောင်းလေးလှဲ





လျောင်းနေတာကို တွေ့လိုက်ရသည်။

အချိုးအစား ပြေပြစ်ကျနသော ခန္ဓာကိုယ်နောက်ပိုင်းအလှကို ငေးကြည့်ရင်း နေညိုရင်ထဲမှာ မောသွားသည်။ သိပ်ချစ်လွန်းတော့ သိပ်သဝန်တိုမိသည်။ အထူးသဖြင့် မေ့သခင်၏ ချစ်သူအဖြစ်သိထားသော စစ်နဒီနှင့်ဆိုတော့ ပိုခဲ့သည်။

အမှားအမှန်တွေ တစ်ခုမှ မခွဲခြားနိုင်တော့ဘဲ ရင်နာနာနှင့် စွတ်ပြောမိသည်။ မေ့သခင်ကလည်း သူ့ကို အရွဲ့တိုက်တော့ ပိုဆိုးကုန်သည်။ သေချာပြန်တွေးကြည့်တော့ မေ့ခမျာ အပြစ်မရှိ။ မိန်းကလေးသဘာဝ လှလှပပလေး ပြင်ဆင်သည်။ သိုအလှက ဘယ်သူမှ လိုက်မမီနိုင်အောင် လှရက်လွန်းတော့ ကိုယ့်မိန်းမကို တခြားလူတွေ ဝိုင်းကြည့်ကြမှာ မခံချင်ဖြစ်မိသည်။

ဖြစ်နိုင်လျှင် မေ့ကို ဘယ်သူမှ မမြင်မတွေ့နိုင်သည့်နေရာမှာ သိမ်းထားလိုက်ချင်သည်။ မေ့အလှအပတွေကို နေညိုတစ်ယောက်တည်းပဲ တစိမ့်စိမ့်ကြည့်နေချင်သည်။ အခုတော့ စစ်နဒီဆိုသည့်ကောင်က အားမနာတမ်း ကြည့်သွားသည်။

ဒါကို ခွင့်မလွှတ်နိုင်ဖြစ်ရခြင်းပါ။ အခုတော့ သူ့အမှားသူသိပါပြီ။ နောက်ဆို မေ့စိတ်ဆိုးအောင် မလုပ်တော့ဟု ဆုံးဖြတ်ပြီး လှပသော မေ့သခင် မျက်နှာလေးကို အားဘင့်နမ်းလိုက်သည်နှင့် မေ့က သူ့မအသားကို အထိမခံဘဲ တဖက်ကို သူ့မကိုယ်လေး တိုးရွှေ့လိုက်ရာ မေ့စိတ်ကောက်နေပုံလေးကို မြတ်နိုးစိတ်ဖြင့် ငေးကြည့်ရင်း ချစ်စိတ်တွေ ရင်မှာပြည့်သိပ်လာကာ နူတ်ခမ်းနှင့်



www.burmeseclassic.com

www.burmeseclassic.com



ပြုံးယောင်သန်းသွားသည်။

"မေ"

သူ မေ့နားကိုကပ်ပြီး တိုးတိုးလေး ခေါ်လိုက်သည်။ မေ့က မထူးပါ။

"မေ"

"မောင့်အချစ်"

မေ့က မလှုပ်။ ဝင်းဝါဖြေလျော့သော မေ့လက်ကလေးကို သူအသာငုံ့နမ်းလိုက်သည်။

"ဖယ်ပါ...မေ့အသားကို မထိနဲ့ မေ့အိပ်နေတာ မသိဘူးလား"

"ဟင့်အင်း...မသိဘူး"

အိပ်နေပြီဟုဆိုသော မေ့ကိုယ်တိုင် စကားတွေပြောနေသဖြင့် နေညို ပြုံးလိုက်သည်။

"ချစ်လိုက်ရတာ မေလေးရယ်၊ မောင့်ကို ခွင့်လွှတ်ပါဗျာ၊ စစ်နဒီဆိုတဲ့လူကို တွေ့လိုက်ရတော့ မောင့်ရင်ထဲက ဘယ်လောက်ပူသွားမယ်ဆိုတာ မေ့စဉ်းစားကြည့်ပါ"

"ဘာမှစဉ်းစားကြည့်စရာ မလိုဘူးသိလား၊ သူနဲ့မေ့နဲ့လည်း ဘာမှမဆိုင်ဘူး"

"မဆိုင်ဘူး ဟုတ်လား၊ သူက မေ့ရဲ့အချစ်ဦး၊ ရည်းစားဦးမဟုတ်ဘူးလား"

မှိတ်ထားသော မေ့မျက်ဝန်းပြာကြီးတွေ ဖျတ်ခနဲပွင့်လာ





ပြီး နေညိုမျက်နှာကို ကြည့်လာသည်။

"လူကို ရှင်စိတ်ထင်ရာတွေ လျှောက်ပြောမနေနဲ့သိလား၊ ရှင့်ကိုမုန်းလို့ သူနဲ့အရွဲ့တိုက်ပြီး တွဲပြတာက လွဲရင် စစ်နဒီဆိုတာ မေ့နဲ့ဘာမှမဆိုင်ဘူး သိလား၊ ဆိုင်ခဲ့ရင်လည်း ရှင့်လို အသည်းပုတ်၊ အူပုတ်တဲ့လူကို မယူဘူးသိလား"

"အဲဒါ မေ့ကို သိပ်ချစ်လို့ဆိုတာ မေ့မသိဘူးလား"

"မသိဘူး...မသိဘူး၊ မေ အိပ်ချင်ပြီ၊ မေ့ကို လာမနှောင့်ယှက်ပါနဲ့"

မေ့က သူ့မျက်နှာလေးကို ပန်းနုရောင်ခေါင်းအုံးများထဲ ထိုးနှစ်ကွယ်ဝှက်လိုက်လျှင် နေညိုမှာ မေ့စကားခလေးများအပေါ်မှာ ကြည်နူးဝမ်းသာပီတိဖြင့် ရင်တသိမ့်သိမ့် ဖြစ်နေပါသည်။

"စစ်နဒီက မေ့နဲ့ ဘာမှမဆိုင်ဘူးဆိုတော့ မောင်က မေ့ရဲ့ အချစ်ဦး၊ ရည်းစားဦးပေါ့နော်၊ ဟုတ်လားဟင်ချစ်"

"အခုမှ ဒါတွေမေးပြီး ဘာလုပ်မလို့လဲ"

"သိချင်လို့ပါဗျာ"

"သိချင်ရင် အစထဲက လူကိုအရင်မေးပါလား၊ အခုလို ကလေးတစ်ယောက်အမေဖြစ်မှ လူကိုစစ်လား ဆေးလားနဲ့ ရှင့်ကို မေ့မုန်းတယ်သိလား"

"အဟွန်း...ဟွန်း...ဟွန်း"

"ဒေါသမကြီးပါနဲ့ မာမီကြီးရယ်၊ မေ မောင့်ကို ဘယ်လောက်ချစ်တယ်ဆိုတာ အခု မောင်သိပါပြီ၊ ချစ်ရယ် မောင်



www.burmeseclassic.com

www.burmeseclassic.com



ပြောမှားဆိုမှားတွေကို မောင့်အချစ်ကပဲ ခွင့်လွှတ်ပေးပါဗျာ"

"ဒီတစ်ခါပဲနော်…နောက်တစ်ခါဆို မောင် ထွက်မသွားခင် မေ့က အရင် မောင့်ကိုထားခဲ့မှာသိလား"

"သိပါပြီဗျာ…နောက်မမိုက်တော့ပါဘူး ဟုတ်လား"

"မောင်ရယ်…မေ့ချစ်တာ ဟောဒီက မောင်တစ်ယောက်ထဲပါကွယ်"

"ကျေးဇူးတင်ပါတယ် မောင့်ချစ်ရယ်"

တင်းကြပ်စွာ ထွေးပွေ့လာသော မောင့်ရင်ခွင်ထဲမှာ နိုဝင်နားမိရပါပြီ။ ချစ်သူနှစ်ဦးကြားမှာ အထင်အမြင်လွဲမှားမှုတွေ ကွယ်ပျောက်သွားတော့ ကြည်နူးပျော်ရွှင်စရာတွေ အစားထိုးဝင်ရောက်လာခဲ့သည်။

"မေ"

"အင်"

"မောင့်ကို ချစ်တယ်နော်"

"မောင်ကရော"

"သိပ်ချစ်ရလွန်းလို့…မောင်ချစ်တဲ့ မောင်ဇနီးလေးကို တစ်ခုတောင်းပန်ပါရစေဗျာ"

"ဘာလဲဟင်"

နူးညံ့သိမ်မွေ့စွာ ပြုံးနေသော မောင့်မျက်နှာကို မော့ကြည့်ရင်း သိလိုစွာ မေ့မေးလိုက်သည်။

"တခြားတော့ မဟုတ်ပါဘူးလေ၊ မောင့်ကိုချစ်ရင် အလှ





အပတွေ သိပ်ပြီးမပြင်ပါနဲ့လို့၊ ပြီးတော့ မောင်မပါဘဲ ချစ်တစ်ယောက်ထဲ ဘယ်ကိုမှ မသွားပါနဲ့ ပြောချင်တာပါဗျာ"

"မေ့က ဘာများပြောမှာလဲလို့ မောင်ရယ်၊ နောက်ဆုံးတော့ ဒီဘူတာပဲ ပြန်ဆိုက်တာကိုးလို့"

"အဟင်း…ဟင်း…ဟင်း"

"မရယ်နဲ့…မေ့ကို သိပ်ချစ်တော့ မောင်က စိတ်မချလို့ပြောတာ"

"စိတ်မချဘူး ဟုတ်လား၊ စဉ်းစဉ်းစားစားလည်း ပြောပါ မောင်ရယ်၊ နောက်ဆို သားကိုယ်ဝန်က တဖြည်းဖြည်းနဲ့ ပေါ်လာတော့မှာရှင့်"

"မေ့လို မိန်းမပုံးပုံကို ဘယ်သူမှလည်း စိတ်မဝင်စားပါဘူး၊ မောင်ကလွဲရင်ပေါ့"

ပြောပြီး မေ့ရယ်မိသည်။

သည်းလွန်းကဲလွန်းသော မောင့်အဖြစ်က တကယ်လည်း ရက်ချင်ဖွယ်ဖြစ်သည်။ လှပစွာ ရယ်မောနေသော မေ့မျက်နှာလေးကို စိုက်ကြည့်နေပေမယ့် နေညိုက မရယ်ပါ။

ဘယ်လိုပဲနေနေ၊ ဘယ်အချိန်ပဲကြည့်ကြည့် မေ့သခင်ဆိုသည့် မိန်းမလှလေးမှာ ချစ်မြတ်နိုးဖွယ်ရာတို့ စုဝေးထားသည့်အဖြစ်ကို သူပဲသိသည်။

"မေ့က မောင့်စကားကို နားမထောင်ဘူးပေါ့"

"မေ့ အဲဒီလိုပြောလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် နားထောင်မယ်ပေါ့"

"အင်း"

ပြုံးစိစိနှင့် မေ့က သူ့ကို ခေါင်းညိတ်တော့ နေညို အသည်းယားသွားသည်။ နှုတ်က ထုတ်မပြောပေမယ့် သူ့စကားကို မေ့ နားထောင်မည်မဟုတ်မှန်း သိနေသည်။

"မေ့က လှူလိမ္မာလေးပါ မောင်ရဲ့"

"တကယ်လား…ဒါဖြင့် ဘယ်လောက်အထိ လိမ္မာလည်း စမ်းကြည့်ရအောင်၊ လာခဲ့"

"အို…မောင်"

သူ့ရင်ခွင်ထဲ အလန့်တကြား လဲပြိုလာသော မေ့ကိုယ်လေးကို သိမ်းယူဖမ်းအပွေ့မှာ ကြည်နူးချမ်းမြေ့ခြင်းတွေနှင့် နှစ်ယောက်အတူ ရယ်မောလိုက်သံက တိတ်ဆိတ်နေသော အခန်းလေးမှာ သာယာညွတ်ပျောင်းစွာ စီးမျောပျံ့လွင့်သွားပါတော့သတည်း။

ချစ်သူတိုင်း ပျော်ရွှင်ကြည်နူးနိုင်ကြပါစေ။
ချစ်ခြင်းမေတ္တာအားဖြင့်
မြပုလဲသွယ်



www.burmeseclassic.com